www.burmeseclassic.com

ရှားလော့ဟုမ်း

အထူးစွမ်းဆောင်ခဲ့ရသည့်

# ရာဇဝင်များ

## ဆက်ထွန်းလင်း

(စက်မှုတက္ကသိုလ်)

THE EXPLOITS OF SHERLOCK HOLMES

ADRIAN CONAN DOYLE

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဖောက်ရက်လူသတ်မှု | ၁ |
| ၂။ | အက်ဘတ် ပတ္တမြားကြီးအမှု | ၃၀ |
| ၃။ | အမျိုးသမီးနှစ်ယောက်အမှု | ၅၇ |
| ၄။ | အမည်းရောင် ကောင်းကင်တမန်များ | ၈၁ |
| ၅။ | ဒက်ဖိုဒ်ဒေသမှ ကြောက်မက်ဖွယ်အမှု | ၁၀၇ |
| ၆။ | အနီရောင် မုဆိုးမ | ၁၃၅ |


www.burmeseclassic.com

www.burmeseclassic.com

# မောင်ထွန်းသူ၏ အမှာစာ

**သက်တွန်းလင်း (စက်မှုတက္ကသိုလ်)၏**

**'ရှားလော့ဟုမ်း အထူးစွမ်းဆောင်ခဲ့ရသည့် မှုခင်းများ'**

ဤစာအုပ်တွင် ကမ္ဘာကျော် စုံထောက်ကြီးရှားလော့ဟုမ်း လိုက်ခဲ့သော အမှုပေါင်း(၆)ခု ပါရှိသည်။ ယင်းတို့မှာ —

၁။ ဖောက်ရက် လူသတ်မှု

BURMESE CLASSIC

၂။ အက်ဘတ် ပတ္တမြားကြီးအမှု

၃။ အမျိုးသမီးနှစ်ယောက်အမှု

၄။ အမည်းရောင် ကောင်းကင်တမန်များ

၅။ အက်ဖို့ဒ်ဒေသမှ ကြောက်မက်ဖွယ်အမှု -နှင့်

၆။ အနီရောင်မှဆိုးမ-စသည်တို့ ဖြစ်၏။

ယင်းအမှုများကို လိုက်ခဲ့သော စုံထောက်ကြီးရှားလော့ဟုမ်းသည် မူလစာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း (Sir Arthur Conan Doyle) ဖန်တီးမွေးဖွားခဲ့သော 'ရှားလော့ဟုမ်း'တော့ မဟုတ်ပေ။ သို့သော်လည်း အမှုသွားအမှုလာများကို စစ်ဆေးမေးမြန်းပုံ၊ လေ့လာစူးစမ်းပုံ၊ တွေးခေါ် မြော်မြင်ပုံနှင့် ကောက်ချက်ချပုံများသည် ဆာအာသာကိုနင်ဒွိုင်း၏ 'ရှားလော့ဟုမ်း' အတိုင်းပင် ဖြစ်သည်။

ရှားလော့ဟုမ်း၏ သမိုင်းကြောင်းကို ပြန်ကြည့်သည့်အခါ ဆာအာသာကိုနင်ဒွိုင်း ရေးသားခဲ့သည့် ရှားလော့ဟုမ်းဝတ္ထုများမှာ ငါးတွဲမျှရှိသည်ကို တွေ့ရ၏။ ယင်းငါးတွဲမှာ—

၁။ ရှားလော့ဟုမ်း၏ စွန့်စားခန်းများ
The adventure of Sherlock Holmes

၂။ ရှားလော့ဟုမ်း၏ ကိုယ်တွေ့မှတ်တမ်းများ
The Memoirs of Sherlock Holmes

၃။ ရှားလော့ဟုမ်း ပြန်လာပြီ
The Return of Sherlock Holmes

၄။ နောက်ဆုံး ဦးညွှတ်ခြင်း
His Last Bow

www.burmeseclassic.com

www.burmeseclassic.com

၅။ ရှားလော့ဟုမ်း၏ အမှုတွဲစာအုပ်

The Casebook of Sherlock Holmes

-စသည်တို့ဖြစ်ပေသည်။ ထိုငါးတွဲတွင် ဝတ္ထုတိုပေါင်း ၅၆-ပုဒ်မျှသာ ပါဝင်သည်။ ယင်းတို့အပြင် ဆာအာသာကိုနင်ဒွိုင်းသည် ရှားလော့ဟုမ်း ဝတ္ထုလတ်သုံးပုဒ်မျှ ရေးသားခဲ့ရာ ယင်းတို့မှာ —

၁။ ဘတ်စကာဗီလ်ခွေးကြီး

The Hound of Baskervilles

၂။ လေးပွင့်ဆိုင်

The Sign of Four

၃။ မရဏာတောင်ကြား

The Valley of Fear စသည်တို့ဖြစ်၏။ သို့ဆိုလျှင် ဆာအာသာကိုနင်ဒွိုင်းရေးသားခဲ့သော ရှားလော့ဟုမ်းဝတ္ထုတိုများမှာ ၅၆-ပုဒ်မျှရှိ၍ ဝတ္ထုလတ် ၃-ပုဒ်မျှ ရှိခဲ့သည်ဖြစ်ရာ သူ၏ရှားလော့ဟုမ်းဝတ္ထုများသည် စုစုပေါင်း ၅၉-ပုဒ်မျှ ရှိလေသည်။

သူ မကွယ်လွန်မီက ဆာအာသာကိုနင်ဒွိုင်းသည် သူဖန်တီး အသက်သွင်းခဲ့သော 'ရှားလော့ဟုမ်း'အား နောက်ဆုံးပြဿနာ "The Final Problem" ဝတ္ထုထဲ၌ လူဆိုးဂိုဏ်းခေါင်းဆောင် ပါမောက္ခ မော်ရီယာတီ၏လက်ချက်ဖြင့် သတ်ပစ်ခဲ့လိုက်ရသည်။ ရှားလော့ဟုမ်းဇာတ်လမ်းများကို ဆက်မရေးလိုတော့၍ ဖန်တီးလုပ်ကြံလိုက်ခြင်းဖြစ်၏။ သို့သော်လည်း တစ်ကမ္ဘာလုံးရှိ ရှားလော့ဟုမ်းချစ်သူပရိသတ်များက မရပ်မနား တောင်းဆိုနေကြသဖြင့် သူသတ်လိုက်သော ရှားလော့ဟုမ်းအား အသက်ပြန်သွင်းခဲ့ရပြန်လေသည်။

မည်သို့ပင်ဖြစ်စေ ဆာအာသာကိုနင်ဒွိုင်း ကွယ်လွန်သွားခဲ့ပြီးသည့်နောက်တွင်မူကား ဤကမ္ဘာလောကအတွင်း၌ ရှားလော့ဟုမ်း မရှိတော့သလိုဖြစ်သွားသည်။ ခေတ်အဆက်ဆက် ရှားလော့ဟုမ်း အဟောင်းများကို အကြိမ်ကြိမ် ထပ်မံရိုက်နှိပ်ခြင်းဖြင့်သာ စာဖတ်ပရိသတ်များ (အဟောင်းရော အသစ်ပါ) ကျေနပ်နှစ်သိမ့်ခဲ့ကြရလေသည်။

ထို့နောက် စာဖတ်ပရိသတ်များကြားတွင် ဆာအာသာကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်း ဝတ္ထုမျိုးကို ဖတ်လိုသောဆန္ဒ ပြင်းပြလျက်ရှိသည်ကို ခန့်မှန်း၍ သိထားကြသည်။ ယင်းလိုအပ်ချက်သည် ဖြည့်ဆည်းအပ်သော လိုအပ်ချက်

www.burmeseclassic.com

www.burmeseclassic.com

-ဟုလည်း မြင်လာကြသည်။ ဤသို့ဖြင့် ဆာအာသာကိုနင်ဒွိုင်း၏သား အင်ဒရီယန်ကိုနင်ဒွိုင်း Andrian Conan Doyle နှင့် ဆာအာသာကိုနင်ဒွိုင်း အထုပ္ပတ္တိရေးသူ ဂျွန်ဒစ်ကဆန်ကား John Dickson Carr တို့ နှစ်ဦးပေါင်းကာ ရှားလော့ဟုမ်း ဝတ္ထု၁၂-ပုဒ်မျှ ရေးသားခဲ့ကြသည်။

ယင်းဝတ္ထုဆယ့်နှစ်ပုဒ်ပေါင်းချုပ်အမည်မှာ သည်အိတ်စ်ပလွိုက်စ်အော့(ဖ်)ရှားလော့ဟုမ်း The Exploits of Sherlock Holmes ဖြစ်သည်။ ဤစာအုပ်မှာ ကမ္ဘာ့စာဖတ်ပရိသတ်က နှစ်သက်ထောက်ခံသော စာအုပ်ဖြစ်ပါသည်။ အထူးသဖြင့် ဆာအာသာကိုနင်ဒွိုင်း၏ လေနှင့်ဟန်ကို မီသဖြင့် အဆင့်အတန်းမြင့်သည့် ဝတ္ထုတို၁၂-ပုဒ်-ဟု သတ်မှတ်ကြသည်။ မူလဆာအာသာကိုနင်ဒွိုင်း၏ ဝတ္ထုတို၅၆-ပုဒ်နှင့်ပေါင်းပြီး ရှားလော့ဟုမ်းဝတ္ထုတို ၆၈-ပုဒ်-ဟု သတ်မှတ်ခဲ့ကြသည်အထိ နေရာထားခဲ့ကြလေသည်။

အင်ဒရီယန်ကိုနင်ဒွိုင်းနှင့် ဂျွန်ဒစ်ကဆန်ကားတို့ ရေးသားခဲ့သည့် ဝတ္ထုတိုများ၏ ရေးနည်းရေးဟန်နှင့် လေတို့သည် ဆာအာသာကိုနင်ဒွိုင်း (ဒေါက်တာဝတ်ဆန်)၏ ဟန်နှင့်လေအတိုင်းပင် ဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်းသော ဇာတ်လမ်းဇာတ်ကွက်များ၊ ရှားလော့ဟုမ်း၏ လေ့လာစူးစမ်းမှု၊ ရှားလော့ဟုမ်း၏ အတွေးဆင်ခြင်မှုနှင့် ကောက်ချက်ချမှု၊ ရှားလော့ဟုမ်း၏ အကျင့်စရိုက်စသည်များမှာ ဆာအာသာကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်းဝတ္ထုများနှင့် တူလှပေသည်ဟု ထင်ပါသည်။

ဤနေရာတွင် ဆက်ထွန်းလင်း (စက်မှုတက္ကသိုလ်) ဘာသာပြန်ထားသည့် ဤစာအုပ်ပါဝတ္ထုနှစ်ပုဒ်မှ ကောက်နုတ်ချက်(၂)ခုကို ဥပမာ ပြချင်ပါသည်။ ပထမတစ်ခုမှာ —

"ကျွန်ုပ်သည် သူ့မျက်လုံးများကို ကောင်းစွာ လှမ်းမြင်နေရပြီး သူ့မျက်လုံးများသည် ဝိုင်းစက်တောက်ပြောင်နေပြီး မြွေမျက်စိကဲ့သို့ ငြိမ်သက်နေ၏။ ထို့နောက် သူသည် အသံခပ်စူးစူးဖြင့် ပြောလိုက်၏။

'ကျွန်တော်တို့ စကားနည်းနည်းလောက် ပြောမှဖြစ်မယ်။ မစ္စတာဟုမ်း၊ တကယ့်ကို စကားပြောမှ ဖြစ်တော့မယ်။ ထိုင်လိုက်ရမလား'-ဟု ပြောရာ မစ္စတာဟုမ်းက ခပ်တင်းတင်းလေသံဖြင့် 'ကျွန်ုပ်တို့နှစ်ယောက်စလုံး မတ်တတ်နေကြရင် ပိုကောင်းမယ်ဗျ'-ဟု ပြောလိုက်ရာ ဘွိုက်က သူ့နီစပ်စပ်မျက်နှာကြီးကို လှည့်၍ တစ်ခန်းလုံးကို ဝေ့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

'ကောင်းပါပြီ. . . ကောင်းပါပြီဗျာ၊ ခင်ဗျားကတော့ ဒီမှာ နွေးနွေးထွေးထွေးနဲ့ ဇိမ်ခံကျနေတာပေါ့၊ ဘာမှလဲ လိုလေသေးမရှိဘဲကိုး။ ကျွန်တော်သာဆိုရင် အောက်မှာ တံခါးဖွင့်ပေးတဲ့ ဗိန်းမကြီး ချက်ပြုတ်တဲ့လက်ရာကိုပဲစွဲနေမှာ၊ ဒါနဲ့ဗျာ. . . ခင်ဗျား ဘာဖြစ်လို့ အိမ်ပြောင်းချင်ရတာလဲ။ မစ္စတာရှားလော့ဟုမ်းရယ်'

'ကျုပ်ဒီနေရာကနေပြီ ပြောင်းဖို့ ရည်ရွယ်ချက် မရှိဘူး. . .'

'ဒါပေမယ့်. . . ခင်ဗျားကို ပြောင်းစေချင်တဲ့ လူတွေရှိတယ်။ ကျွန်တော်ကတော့ ပြောပါတယ်။ မစ္စတာဟုမ်းဟာ လူကြီးလူကောင်းတစ်ယောက်ပါလို့။ တခြားလူတွေကလဲ ပြောကြပါတယ်။ ခင်ဗျားဟာ လူကြီးလူကောင်းတစ်ယောက်ပါပဲတဲ့။ ဒါပေမယ့် နှာခေါင်းက သူတစ်ပါးထက် နည်းနည်းပိုရှည်တာ ဖြစ်မှာ-တဲ့၊ ခုတော့ သူက သူနဲ့မဆိုင်တဲ့ ကိစ္စတွေထဲမှာ အမြဲတမ်း ဝင်ပါနေတယ်. . . တဲ့'

'အင်း. . . သိပ်ကို စိတ်ဝင်စားစရာ ကောင်းတာပဲဗျာ၊ဒါနဲ့စကားမစပ် ခင်ဗျားဟာ ဘရိုက်တန်ကနေပြီး ဒီကို ချက်ချင်းသွားရမယ်-လို့ အပူတပြင်း အမိန့်ရလာပုံပဲ'-ဟု ဟုမ်းက ပြောလိုက်ရာ သူ့မျက်နှာပေါ်ရှိ အပြုံးသည် ပျောက်ကွယ်သွားလေ၏။"

"အမျိုးသမီးနှစ်ယောက်အမှု"မှ

ဒုတိယတစ်ခုမှာ. . .

"သူသည် မှန်ဘီလူးကြီးကို ရဲအရာရှိလက်သို့ ပေးပြီး လက်ညိုးဖြင့် ညွှန်ပြလိုက်ကာ. . . 'ခင်ဗျား အဲ့ဒီထုံးရဲ့ အစွန်းလေးတွေကို စစ်ဆေးကြည့်စမ်းပါ။ ဘာများ တွေ့ရသလဲ'-ဟု ဟုမ်းက မေးသည်။

'ဆံပင်နဲ့တော့ တူတာပဲ။ အင်း. . . ဆံပင်တော့မဟုတ်ဘူး-ခင်ဗျ။ အညိုရောင် ချည်စတစ်စပဲ'-ဟု ဟုမ်းက မေးသည်။

'ဟုတ်ပြီ၊ အဲ့ဒါကိုယူပြီး အိတ်ထဲ ထည့်လိုက်ပေတော့၊ ကဲ-ဝတ်ဆန်ရေ. . . ကိုယ့်ကို သစ်ပင်ပေါ်ရောက်အောင် တွန်းတင်ပေးစမ်းပါ'

ထို့နောက် မစ္စတာဟုမ်းသည် သစ်ပင်ကြီးပေါ်သို့ ကုပ်ကပ်တက်သွားလေရာ သစ်ကိုင်းများပေါ် ရောက်ရှိသွားလေ၏။ 'ပင်စည်ကို လောလော လတ်လတ် ကုတ်ခြစ်ထားတဲ့အရာပဲ။ သစ်ပင်ခွကြားမှာလဲ ရွှံ့အစအနတွေ ရှိနေတယ်။ နောက်ပြီးတော့ သစ်ခေါက်မှာလဲ အညိုရောင် ချည်စတစ်စ ကပ်

www.burmeseclassic.com

www.burmeseclassic.com

နေတယ်။ ကဲ. . . ကျုပ် အောက်ကို ပြန်ခုန်ချတော့မယ်'

'ခင်ဗျားတို့နှစ်ယောက်က ကျုပ်ခြေထောက်ကျတဲ့ နေရာတိုင်းသာ အတိအကျ မှတ်ထားပေတော့၊ ကိုင်း. . .' မစ္စတာဟုမ်းသည် ပြောပြောဆိုဆို ခုန်ချလိုက်သည်။ ထို့နောက် သူသည် တစ်ဖက်သို့ ခြေလှမ်းလိုက်၏။

'ကဲ - ဘာတွေ့ရသလဲ'

'အချိုင့်ကလေး နှစ်ခုပေါ့ဗျ'

'ဟုတ်တာပေါ့၊ အဲ့ဒါ. . . ကျုပ်ရဲ့ ဖနောင့်ရာတွေပေါ့၊ ကြည့်ရတာ ကြီးနေသလိုပဲ. . .'

'ဟော. . . အချိုင့်လေးက လေးခုဗျ။ နှစ်ခုမဟုတ်ဘူး။ အားလုံး တစ်ထေရာထဲပဲ'

'သိပ်ပြီး မနက်တဲ့ခြေရာနှစ်ခုကိုတော့ ဖယ်ပေးထားလေ'

'အဲ့ဒီလူက ခန္ဓာကိုယ်ပေါ့ပါးလို့ ဖြစ်မယ်'-ဟု ကျွန်ုပ်က ဝင်ပြော လိုက်၏။

'တော်တယ်. . . ဗိုလ်ဝတ်ဆန်၊ ကဲပါလေ. . . ကျုပ်တို့ ကြည့်သင့်တာ တွေ အားလုံးတော့ ကြည့်ပြီးပြီ'

ထိုအခါ ရဲအရာရှိသည် မစ္စတာဟုမ်းအား လေးနက်သော မျက်လုံး များဖြင့် ကြည့်ပြီး ပြောလိုက်လေ၏။ 'ဆရာရယ်. . . ကျွန်တော်တော့ လုံးဝ ဉာဏ်မမီတော့ဘူး။ ဒါတွေက ဘာကိုဆိုလိုတာလဲ'. . . ."

"အမည်းရောင်ကောင်းကင်တမန်များ"မှ

ဤစာအုပ်သည် ဆက်ထွန်းလင်း (စက်မှုတက္ကသိုလ်)၏ ဘာသာ ပြန် ဒုတိယလက်ရာ ဖြစ်သည်။ ပထမလက်ရာမှာ "ကိုယ်ပွားနှင့် သည်းထိတ် ရင်ဖိုများ" (Six Tales of Edgar Allan Poe) စာအုပ်ဖြစ်သည်။ ထိုစာအုပ်တွင် အဂ္ဂါအယ်လင်ပိုး၏ သည်းထိတ်ရင်ဖို ဝတ္ထု၆-ပုဒ်ပါသည်။ ထိုစဉ်က အမှာစာ ရေးခဲ့သောကျွန်တော်သည် ထိုစာအုပ်ကို ဆက်ထွန်းလင်း(စက်မှုတက္ကသိုလ်) ၏ ပဏာမကြိုးပမ်းမှု-ဟု ဆိုခဲ့သည်။

ယခု ဤစာအုပ် ရှားလော့ဟုမ်း-သည် ဆက်ထွန်းလင်း (စက်မှု တက္ကသိုလ်) ၏ ဒုတိယကြိုးပမ်းမှု ဖြစ်သည်။ ယခုတစ်ကြိမ်တွင် သူ့လက်သည် အလျှင်ကထက် တက်လာသည်-ဟု ဆိုချင်ပါသည်။

မောင်ထွန်းသူ

၂၁-မေလ-၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်

၃၅၁/ ၂၀၀၄ (၄)

မျက်နှာဖုံးခွင့်ပြုချက်

၄၄၇/ ၂၀၀၄ (၅)

ပုံနှိပ်သူ (အဖုံး၊ အတွင်း)

စန္ဒာဝင်းပုံနှိပ်တိုက်၊ ဦးမောင်မောင်လေး (မြဲ-၀၇၀၅၁)

၂၀၉- ၃၆လမ်း၊ ကျောက်တံတားမြို့နယ် (ရန်ကုန်မြို့)

ထုတ်ဝေသူ

ဦးတင့်လွင် (မေသော်ကစာပေ)

၆၀၅၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်ကာလ

စက်တင်ဘာလ၊ ၂၀၀၄-ခုနှစ်၊ ပထမအကြိမ်

တန်ဖိုး ၇၀၀-ကျပ်

အုပ်ရေ ၅၀၀

စာအုပ်ချုပ် စန္ဒာဝင်းအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

# ဖေါက်ရက် လူသတ်မှု

"အင်း. . ဒီကိစ္စကတော့ အထူးအဆန်းဆုံးပဲဗျာ၊ အဲဒီမိသားစုက ခင်ဗျားဆီကိုလာပြီး မတိုင်ပင်ဘူးဆိုတာတော့ ကျွန်တော်ဖြင့် အတော့်ကို အံ့ဩမိတယ်ဗျာ"-ဟု ကျွန်ုပ်က တိုင်းစ်သတင်းစာကို ကြမ်းပေါ်သို့ပစ်ချလိုက်ရင်း ပြောလိုက်၏။ ကျွန်ုပ်၏မိတ်ဆွေကြီး ရှားလော့ဟုမ်းမှာမူ ပြတင်းပေါက်တွင် ရပ်၍ ကြည့်နေရာမှ မျက်နှာကိုလှည့်လိုက်ပြီး ကုလားထိုင်ရှိရာသို့ ပြန်လျှောက်လာကာ ထိုင်ချလိုက်လေ၏။ ထို့နောက် နှုံးချည့်နေသော အမူအရာမျိုးဖြင့်. . .

"ဖေါက်ရက်စ်လူသတ်မှုကို ခင်ဗျားဆိုလိုတာ ထင်တယ်၊ ဒါဆိုရင်တော့ ဒီစာကို ခင်ဗျား စိတ်ဝင်စားမှာပဲ ဝတ်ဆန်. . . ဒီစာက မနက်စာ မစားခင်ကလေးကမှ ရောက်လာတာဗျ"

ဖေါရက်စ်ရှိုး၊ ဆပ်ဆက်စ်နယ်၏နေ့စွဲနှင့် တံဆိပ်ပါရှိသော သံကြိုးတာဖြစ်၏။ စာတွင်. . .

"အက်ဒယ်တန်ကိစ္စနှင့် ပတ်သက်၍ ၁၀း၁၅ နာရီတွင် တွေ့ဆုံလိုပါသည်" "ဗင်းဆင့်"-ဟူ၍ လက်မှတ်ရေးထိုးထား၏။

ထို့နောက် ကျွန်ုပ်သည် တိုင်းသတင်းစာကို ပြန်ကောက်လိုက်ပြီး အဆိုပါ သတင်းပါသည့် သတင်းစာကော်လံကို ခပ်သုတ်သုတ် ပြန်ကြည့်လိုက်၏။ ပြီးနောက်. . .

"ဒီသတင်းထဲမှာ ဗင်းဆင့်ဆိုတဲ့နာမည်နဲ့ တစ်ယောက်မှ မတွေ့ပါလားဗျ"-ဟု ကျွန်ုပ်က ပြောလိုက်ရာ မစ္စတာဟုမ်းက စိတ်မရှည်စွာဖြင့်. . .

ဦးမြမ်းစွမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် . . ဒါက အရေးမပါပါဘူး၊ သံကြိုးရဲ့ စာအရေးအသား အရ ယူဆရရင် ဒီလူဟာ အက်ဒယ်တန်မိသားစု ငှားရမ်းထားတဲ့ ကျောင်း ဟောင်းက ရှေ့နေတစ်ဦးပဲ ဖြစ်ရမယ်၊ ဝတ်ဆန်ရေ . . ကျုပ်မြင်တာကတော့ ကျုပ်တို့မှာ အချိန်သိပ်နည်းနေပြီ၊ ဒီတော့ အရေးမကြီးတာတွေ ဘေးဖယ်ထား ပြီးတော့ အရေးပါတဲ့ အချက်တွေကို ဒီနေ့မနက် သတင်းစာထဲက ဖတ်ပြီးတော့ ကျုပ်ကို ပြန်ပြောပြစမ်းပါဦးဗျာ"-ဟု မစ္စတာဟုမ်းက ပြောလိုက်၏။

ထို့နောက် မစ္စတာဟုမ်းသည် သူ၏ဆေးတံကို ဆေးအပြည့်ဖြည့်ပြီး ကုလားထိုင်နောက်ကျောကိုမှီကာ သူ့ဆေးတံ မီးခိုးများအကြားမှ မျက်နှာကြက် သို့ စိုက်ကြည့်နေလေ၏။ ထိုအခါ ကျွန်ုပ်က စတင်၍ . . .

"စိတ်မကောင်းစရာက ဖေါက်ရက်မှာ ဖြစ်တာ၊ ဖေါက်ရက်-ဆိုတာ က ရှေးကျတဲ့ ဆပ်ဆက်နယ်က စံအိမ်ကြီးတစ်လုံးပဲ၊ အက်ရှဒေါင်း သစ်တော ထဲက ဖေါက်ရက်ရိုးနားမှာရှိတယ်၊ အိမ်ကြီးရဲ့ ထူးခြားတဲ့ နာမည်ကို ရရှိလာတဲ့ ပုံကလဲ အဲဒီမှာ သချိုင်းဟောင်းတစ်ခုရှိတယ်တဲ့ . . ."

"လိုရင်းကိုပဲ ပြောပါဝတ်ဆန်ရယ်"-ဟု မစ္စတာဟုမ်းက ပြောလိုက်ရာ ကျွန်ုပ်လည်း မျက်နှာထားတည်တည်ဖြင့် ဆက်၍ . . .

"အဲဒီစံအိမ်ရဲ့ ပိုင်ရှင်က ဗိုလ်မှူးကြီးမက်သီးယက် အက်ဒယ်တန်တဲ့၊ အဲဒီသူရဲကောင်းကြီးအက်ဒယ်တန်ဟာ အဲဒီခရိုင် အဲဒီဒေသရဲ့ တရားသူကြီးလဲ ဖြစ်တယ်၊ အချမ်းသာ အကြွယ်ဝဆုံး မြေပိုင်ရှင်လဲ ဖြစ်တယ်တဲ့၊ အဲဒီဖေါရက်စ် စံအိမ်ကြီးမှာ နေတဲ့သူတွေကတော့ သူကောင်းကြီးရယ်၊ သူ့တူ ပါစီလောင်တန် ရယ်၊ ဘဏ္ဍာစိုးကြီး ဟော့စတက်ရယ်၊ အစေခံ လေးယောက်ရယ် ရှိကြတယ် တဲ့၊ နောက်ပြီး စံအိမ်အပြင်ဘက်မှာရှိတဲ့ အလုပ်သမားတွေကတော့ ခြံစောင့် ရယ်၊ မြင်းထိန်းရယ်၊ ဟင်းစားကြက်ငှက်မွေးသူတွေပဲ ရှိပါတယ်၊ သူတို့ကခြံဝင်း ရဲ့အစပ်တွေမှာ အိမ်လေးတွေဆောက်ပြီး နေကြတယ်၊ ပြီးခဲ့တဲ့ညတုန်းကတော့ သူကောင်းကြီး အက်ဒယ်တန်နဲ့သူ့တူတို့ဟာ ထုံးစံအတိုင်း ည ၈-နာရီမှာ ညစာ စားကြတယ်၊ စားပြီးတော့ သူကောင်းကြီးဟာ သူ့မြင်းကိုထုတ်ပြီး အပြင်ထွက် သွားလိုက်တာ တစ်နာရီလောက် ကြာတယ်၊ ည ဆယ်နာရီထိုးခါနီးလောက်မှ ပြန်ရောက်လာပြီး စံအိမ်ဧည့်ခန်းထဲမှာ သူ့တူနဲ့အတူတူ ဝိုင်တစ်ခွက်စီ သောက် ကြတယ်၊ အဲဒီအချိန်မှာ သူတို့ တူဝရီးနှစ်ယောက် စကားများနေကြခန့်တူတယ် တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဘဏ္ဍာစိုးကြီး အပြောအရ သူအရက်ယူပြီး ဧည့်ခန်း

www.burmeseclassic.com



ဆဲဝင်သွားတော့ သူကောင်းကြီးရဲ့မျက်နှာဟာ နီမြန်းနေပြီး အမုအရာကလဲ ခပ်ဆတ်ဆတ် ဖြစ်နေပုံရတယ်တဲ့" -ဟု ကျွန်ုပ်က ပြောလိုက်ရာ မစ္စတာဟုမ်းက ကြားဖြတ်ပြီး. . .

"သူ့တူဆိုတာကကော ဘယ်သူတဲ့လဲဗျ၊ သူ့နာမည်က လောင်တန် ဆိုတာ ထင်ပါရဲ့ ဟုတ်လား"

"ဘဏ္ဍာစိုးကြီး အပြောအရတော့ သူ့အခန်းထဲမှာ ရှိနေတုန်းက အဲဒီ တူဖြစ်သူဟာ ပြတင်းပေါက်နားမှာသွားပြီး အပြင်ညရှုခင်းကို ငေးကြည့်နေ တယ်တဲ့၊ ညအိပ်ရာဝင်ချိန်လောက်မှာတော့ တူဝရီးနှစ်ယောက် အပြင်းအထန် စကားများနေတာကို ဘဏ္ဍာစိုးကြီးက ကြားလိုက်မိသေးတယ်တဲ့ဗျ၊ သန်းခေါင် ကျော်ပြီးကာစ အချိန်လောက်မှာ ဧည့်ခန်းမထဲက စူးရှကျယ်လောင်တဲ့ အော်သံ တစ်သံကြားရလို့ တစ်အိမ်သားလုံး လန့်နိုးပြီး ဧည့်ခန်းထဲ ပြေးဆင်းလာကြ တော့ အခန်းထဲမှာ ညဝတ်အင်္ကျီဝတ်ထားတဲ့ သူကောင်းကြီး အက်ဒယ်တန်ဟာ ခေါင်းကွဲကြေပြီး သွေးအိုင်ထဲလဲနေတာ တွေ့လိုက်ကြရတော့ အားလုံးပဲကြောက် လန့်သွားကြတယ်၊ သူကောင်းကြီးဟာ သေလုမြောပါးဖြစ်နေတာ တွေ့ရတယ်၊ သူကောင်းကြီးရဲ့နဘေးမှာလဲ ဝတ်လုံရှည်ကြီးဝတ်ပြီး ရပ်နေတဲ့ သူ့တူ မစ္စတာ ပါစီလောင်တန်ကို တွေ့ရတယ်တဲ့၊ ပြီးတော့ သူ့လက်ထဲမှာလဲ အလယ်ခေတ် တုန်းက ခေါင်းဖြတ်တဲ့နေရာမှာသုံးတဲ့ ပုဆိန်ကြီးတစ်လက်ကို ကိုင်ထားတယ်၊ အဲဒီပုဆိန်မှာလည်း သွေးတွေ ပေစွန်းနေတာကို တွေ့ရတယ်၊ အဲဒီလက်နက် ဟာလဲ မီးဖိုအထက်ပိုင်းက လက်နက်မျိုးစုံ ချိတ်ထားတဲ့နေရာက ဆွဲထုတ်ထား တဲ့ပုံစံမျိုးတွေ့ရတယ်တဲ့၊ မစ္စတာလောင်တန်ကတော့ ကြောက်အားကြီးပြီး သွေးတိတ်စေဖို့အတွက် သူ့ဦးလေးရဲ့ ဦးခေါင်းကိုတောင် ကူညီပြီး မ,မထားနိုင် တော့တဲ့ အခြေအနေမျိုးဖြစ်နေတယ်၊ ဒါပေမယ့် ဘဏ္ဍာစိုးကြီး ဟော့စတက်က 'သူကောင်းကြီး' နားသွားပြီး သူ့ကိုယ်ပေါ်ကို အပေါ်ကနေပြီး ကုန်းကြည့်တော့ သူကောင်းကြီးဟာ မထနိုင်ဘဲနဲ့ သူ့တံတောင်ကိုထောက်ပြီး အားယူထဖို့ကြိုးစား ရင်း ပါးစပ်က တိုးတိုးညင်းညင်းလေး ပြောတယ်တဲ့၊"အဲဒါ. . . လောင်း. . . တန်!. . . အဲဒီလူက. . . လောင်း. . . !"-လို့ ပြောပြီး ဘဏ္ဍာစိုးကြီးရဲ့ လက်ထဲ မှာပဲ အသက်ကုန်သွားပါတယ်၊ ဒေသခံရဲတွေကို အကြောင်းကြားလိုက်တော့ ရဲတွေက တူဝရီးနှစ်ယောက် စကားများကြတာရယ်၊ သေဆုံးခါနီး ဦးကြီးဖြစ်သူ ပြောသွားတဲ့စကားရယ် အားလုံး ပေါင်းစပ် ကောက်ချက်ဆွဲပြီးတော့ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘုဖြစ်သူ ပါစီလောင်တန်ကို သူကောင်းကြီး အက်ဒယ်တန်သတ်မှုနဲ့ ဖမ်းဆီးလိုက်တယ်၊ နောက်ဆက်တွဲသတင်းကတော့ မစ္စတာပါစီလောင်တန်ဟာ သူ့မှာအပြစ်မရှိကြောင်း ငြင်းဆိုရင်းနဲ့ပဲ ဂျူးဝီးကို ပြောင်းရွှေ့ခံရတယ်၊ အဲဒါတွေကတော့ အဓိကကျတဲ့ အချက်တွေပါပဲဗျာ"

ထို့နောက် မစ္စတာဟုမ်းသည် ခေတ္တမျှ တိတ်ဆိတ်စွာဖြင့် ဆေးတံသောက်နေလေ၏။ ပြီးနောက်. . .

"စကားများရတဲ့ အကြောင်းအရင်းကိုကော လောင်တန်က ဘယ်လိုခြေရှင်းချက် ပေးထားသလဲဗျ"

"မစ္စတာလောင်တန်က စကားများရတဲ့ အကြောင်းအရင်းကို သူ့သဘောနဲ့ သူ့ရဲဆီမှာ ထွက်ဆိုထားတာကတော့ ချပ်ဖို့ဒ်က လယ်ယာမြေတွေကို သူကောင်းကြီးက ရောင်းမယ်လုပ်လို့-တဲ့. . . မလိုအပ်ဘဲ ရောင်းတယ်ဆိုပြီး စကားများကြတာပဲဗျ"

"ဒီအပြင်ကော ဘာတွေ ဖြစ်ကြသေးလဲ"

"အင်း. . ကြည့်ရတာကတော့ သူကောင်းကြီးအက်ဒယ်တန်ဟာ ပြီးခဲ့တဲ့ နှစ်နှစ်လောက်အတွင်းမှာတင် တခြားဦးပိုင်လယ်မြေတွေကိုလဲ ရောင်းပစ်သေးတယ်တဲ့၊ ဒီလောက် တရားခံ ထင်ရှားတဲ့အမှုမျိုး တစ်ခါမှ မကြား ဖူးပါဘူးဗျာ" -ဟု ကျွန်ုပ်ကပြောရင်း ဆိုရင်း သတင်းစာကို ထိုင်ခုံပေါ်သို့ ပစ်ချလိုက်၏။ ကျွန်ုပ်၏အဆိုကို မစ္စတာဟုမ်းကလည်း ထောက်ခံလေ၏။

"အင်း. . . တော်တော်ခက်တာပဲ ဝတ်ဆန်ရယ်၊ ဒီအဖြစ်အပျက်မှာ ဖြစ်ပျက်ခဲ့တာတွေကို ပြန်သုံးသပ်ကြည့်ရင် ဒီမစ္စတာဗင်းဆင့်ဆိုတဲ့သူဟာ ဘာဖြစ်လို့များ ကျုပ်တို့ရဲ့အချိန်တွေကို ဖြုန်းချင်ရတာပါလိမ့်ဗျာ၊ ဒါပေမယ့်လေ. . . ကျုပ်တွက်တာ မမှားရင်တော့ အခု လှေခါးပေါ်ကို တက်လာတဲ့ခြေသံဟာ ကျုပ်တို့လူ မစ္စတာဗင်းဆင့်ပဲဖြစ်ရမယ်"

ခေတ္တမျှအကြာတွင် တံခါးခေါက်သံကြားပြီးနောက် မစ္စစ်ဟပ်ဆင်သည် ထိုသူကို ဧည့်ခန်းအတွင်းသို့ ခေါ်ဆောင်လာခဲ့လေ၏။ မစ္စတာဗင်းဆင့်ဆိုသူ၏ရုပ်သွင်မှာ အသက်ကြီးပြီး လူဗလံမျှသာဖြစ်၏။ သူ၏မျက်နှာသည် ရှည်သွယ်ပြီး ဖြူဖပ်ဖြူရော်ဖြစ်ပြီး ညှိုးငယ်နေ၏။ ပါးနှစ်ဖက်တွင် ပါးမွေးမွေးများ ပေါက်ရောက်နေလေ၏။ ထိုသူသည် မျက်စေ့အထေးမှန်သူ တစ်ဦးဖြစ်၏။ သူသည် ကျွန်ုပ်တို့အား သူ့မျက်မှန်မှတစ်ဆင့် စူးစမ်းကြည့်ရှုနေလေ၏။ သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်သည် နှာခေါင်းချိတ် မျက်မှန်အမျိုးအစားဖြစ်ပြီး ထိုမျက်မှန်ကြိုးကို သူ၏ဟောင်းနွမ်းနေသည့် ကုတ်အင်္ကျီရင်ဘတ်ရှိ အစတစ်စတွင် အနက်ရောင် ဖဲကြိုးတစ်ချောင်းဖြင့် ချည်ထားလေ၏။ ထို့နောက် သူသည် စူးရှရှအသံမျိုးဖြင့်. .

"ဒီလိုလုပ်တာတော့ သိပ်ပြီး မသင့်တော်ဘူးထင်တယ်၊ မစ္စတာဟုမ်း ကျွန်တော့်သံကြိုးစာထဲမှာ ဒီကိစ္စကို အထူးတလည် သိုသိုသိပ်သိပ် ရှိဖို့ လိုအပ်တယ်-ဆိုတာ ကြိုတင်ပြောထားပြီးသားပဲဗျာ၊ ကျွန်တော့်အမှုသည်ရဲ့ ကိစ္စတွေက. . ." -ဟု မစ္စတာဗင်းဆင့်က ဆိုလိုက်ရာ၊ မစ္စတာဟုမ်းလည်း သူ့စကားဆုံးမှီ ကြားဖြတ်၍. . .

"ဒီလို မစ္စတာဗင်းဆင့်၊ ဒါက တခြားလူမဟုတ်ပါဘူး၊ ကျုပ်ရဲ့ အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက် ဒေါက်တာဝတ်ဆန်ပါဗျ၊ သူ အခု ဒီမှာရှိနေတာ အင်မတန်မှ တန်ဖိုးရှိတယ်ဆိုတာကိုတော့ ကျုပ်အာမခံပါတယ်" -ဟု ရှင်းပြလိုက်ပြီးနောက် ဧည့်သည်ကို ထိုင်ပါရန် လက်ဖြင့်ညွှန်ပြလိုက်ရာ ကျွန်ုပ်ကသည်း ကုလားထိုင်ကို ရှေ့သို့ဆွဲထုတ်ပေးလိုက်၏။ ထိုအခါ မစ္စတာဗင်းဆင့်သည် ကျွန်ုပ်ဖက်သို့လှည့်၍ ဦးခေါင်းကို ငြိမ့်ပြလိုက်ပြီးနောက် ဦးထုပ်ချွတ်လိုက်ကာ လမ်းလျှောက်တုတ်ကို ကြမ်းပြင်ပေါ်တွင် ထောင်ထားလိုက်ပြီးမှ ကုလားထိုင်ကုရှင်များပေါ်သို့ ထိုင်ချလိုက်၏။ ထို့နောက် သူသည် ကျွန်ုပ်အား တောင်းပန်လေ၏။

"ဒေါက်တာဝတ်ဆန်၊ ကျွန်တော် ခင်ဗျားကို စော်ကားတာ မဟုတ်ပါဘူးနော်၊ တကယ်ပါပဲဗျာ၊ ဒါပေမယ့် ဒီနေ့မနက်ကတော့ အမင်္ဂလာ နံနက်ပါပဲ၊ အထူးသဖြင့်တော့ ဖေါက်ရက်က အက်ဒယ်တန် မိသားစုအပေါ်မှာ စေတနာရှိတဲ့ လူတွေအတွက်ပေါ့လေ"

သူ့စကားကို မစ္စတာဟုမ်းက. . .

"ဟုတ်တာပေါ့ဗျာ၊ ဒါပေမယ့် မနက်စောစောက ဘူတာရုံကို လမ်းလျှောက်တာကတော့ အကြောအချဉ်တွေ အားကောင်း သွားစေတာပေါ့ဗျာ၊ အဲဒီ လမ်းလျှောက်လေ့ကျင့်ခန်းကိုက အိပ်ကောင်းစေတဲ့ ဆေးတစ်မျိုးပေပဲဗျ" -ဟု ပြောလိုက်ရာ ဧည့်သည်သည် ထိုင်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး. .

"တကယ်ပါပဲဗျာ၊ ကျွန်တော်တော့ ဒီကိစ္စကို ခင်ဗျား ဘယ်လိုသိပြီးသိ. . ."-ဟု လှမ်းမေးမည်ပြုရာ မစ္စတာဟုမ်းလည်း စိတ်မရှည်သည့် အမူ



www.burmeseclassic.com

www.burmeseclassic.com



အရာဖြင့်. . .

"တော်စမ်းပါဗျာ၊ ဘူတာရုံကို ယာဉ်တစ်မျိုးထဲနဲ့ သွားတဲ့လူဟာ သူ့ရဲ့ ဘယ်ဘက်ခြေထောက်မှာ မြေစေးတွေ ပေကျံနေစရာ အကြောင်းမရှိဘူး၊ ဒီအတိုင်းပဲ လမ်းလျှောက်တုတ်ရဲ့ထိပ်က သံကွင်းစွပ်မှာလည်း ပေကျံနေစရာ မလိုဘူးဗျ၊ ခင်ဗျားဟာ ကျေးလက်ဒေသ လမ်းကြမ်းတွေကို ဖြတ်လျှောက်လာခဲ့ရမယ်၊ ရာသီဥတုကတော့ ခြောက်သွေ့ပါရဲ့၊ ဒါပေမယ့် ခင်ဗျားလာတဲ့လမ်းမှာ ခပ်တိမ်တိမ် ရေအိုင်ငယ်လေးရှိတယ်လို့ ဆိုရမှာပဲ"

မစ္စတာဗင်းဆင့်လည်း သံသယမကင်းသော အကြည့်မျိုးဖြင့် မစ္စတာဟုမ်းကို သူ့မျက်မှန်ပေါ်မှ ကျော်၍ကြည့်လိုက်ပြီးနောက်. . .

"ခင်ဗျား တွေးတာကတော့ အတိအကျပါပဲဗျာ၊ ဒီနေ့မနက် ကျွန်တော့်မြင်းကလဲ စားကျက်ထဲမှာ မြက်စားနေတယ်၊ နောက် တခြားစီးစရာ မြင်းကလဲ အဲဒီအချိန်ဆို ရွာမှာမရှိဘူးဗျ၊ အဲဒါကြောင့် ခင်ဗျားပြောသလို လမ်းလျှောက်လာရတာပါ။ ဘူတာရုံကိုရောက်မှ နွားနှိုပ်ပို့တဲ့ရထားနဲ့ လန်ဒန်ကိုလိုက်လာပြီးတော့ ကျွန်တော့်အမှုသည် မစ္စတာပါစီလောင်တန်အတွက် အကျိုးဆောင်ပေးပါလို့ အခု ခင်ဗျားတို့ဆီမှာ တောင်းပန်ဖို့ ရောက်လာရတာပါပဲဗျာ" -ဟု မစ္စတာဗင်းဆင့်ကပြောလိုက်ရာ မစ္စတာဟုမ်းကလည်း ကုလားထိုင်နောက်ကျောကို မှီလိုက်ပြီးနောက် သူ့မျက်လုံးများကို မှိတ်ထားလိုက်ပြီး မေးကို လက်ဖြင့်ထောက်ထားလိုက်၏။ ပြီးမှ. . .

"ဒီကိစ္စမှာတော့ ကျုပ်အနေနဲ့ ဆောင်ရွက်ပေးနိုင်တာ မရှိဘူးလို့ပဲ ပြောရတော့မှာပဲ၊ ဒေါက်တာဝတ်ဆန်ကလဲ ဒီအမှုရဲ့ အဓိကကျတဲ့အချက်တွေကို ပြောပြထားလို့ သိရပြီးပါပြီ၊ အဲဒီအချက်တွေမှာလဲ အားရစရာ မရှိသလောက်ပါပဲဗျ၊ ဒီအမှုကို ဘယ်သူကိုင်လဲ. . ."

"ကျွန်တော်သိရသလောက်ကတော့ ဒေသခံရဲ့အဖွဲ့က ဒီပြစ်မှုရဲ့ အရေးကြီးမှုကို ထောက်ချင့်ပြီး စကော့တလန်ယာ့ဒ်ကို အကူအညီတောင်းတော့ ဟိုကစုံထောက်အရာရှိ မစ္စတာလက်စ်ထရိတ်ကို လွှဲပေးတယ်တဲ့၊ ဒီအမှုကို မစ္စတာလက်စ်ထရိတ် ကိုင်တယ်ဆိုလို့ ခင်ဗျား တွန့်သွားမှာလဲ ကျွန်တော်စိုးရိမ်ပါတယ် မစ္စတာဟုမ်းရယ်၊ ကျွန်တော်ကတော့ ဗင်းဆင့်. . . နှင့် ဗင်းဆင့်ဆင်ဒီကိတ်ရဲ့ အကြီးတန်း ရှယ်ယာဝင်တစ်ဦးပါ၊ ကျွန်တော်တို့ဟာ ဖေါ်ဇက်စ်ရှိုင်းဒေသရဲ့ ဥပဒေအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်နေသူတွေပါ၊ အကယ်ယ်တန် ဆွေစင်



www.burmeseclassic.com

www.burmeseclassic.com



နှုံးဆက်တစ်ခုလုံးက သူတို့ရဲ့ စီးပွားရေးလုပ်ငန်း ပိုင်နက်တွေ အားလုံးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဆင်ဒီကိတ်ကို အပ်နှံလုပ်ကိုင် ဆက်ဆံလာခဲ့တာ နှစ်ပေါင်းတစ်ရာကျော်နေပါပြီ"

ထိုအခါ မစ္စတာဟုမ်းသည် ရှေ့သို့ကုန်း၍ သတင်းစာကို လှမ်းယူလိုက်ပြီး ထိုအမှုသတင်းပါသည့် နေရာကို လက်ချောင်းနှင့် ထောက်ပြပြီး သတင်းစာကို ရှေ့နေလက်သို့ ပေးလိုက်၏။ ရှေ့နေဗင်းဆင့်လည်း ထိုသတင်းပါသည့်ကော်လံကို ဖတ်ရှုပြီး စိတ်မကောင်းဖြစ်သည့်အမူအရာမျိုးဖြင့်. . .

"အမှုဖြစ်ပွားပုံကို ရေးသားထားတာကတော့ တိကျပါတယ်၊ဒါပေမယ့် အရေးကြီးတဲ့ အချက်တစ်ချက် ဒီသတင်းထဲမှာ ချန်ထားတယ်၊ အဲဒါက အခင်းဖြစ်တဲ့ အိမ်ရဲ့ အိမ်ရှေ့တံခါးကို သော့ခတ်မထားဘူးဆိုတဲ့ အချက်ပဲဗျ၊ အဲဒီတံခါး သော့ခတ်ပိတ်ဖို့နဲ့ ပတ်သက်ပြီး သူကောင်းကြီးက ဘဏ္ဍာစိုးကြီးကို သူဘာသာသူ ပိတ်မယ်လို့ ပြောလိုက်ပေမယ့် တကယ်တမ်းကျတော့ အဲဒီတံခါးကို သူကောင်းကြီးက ပိတ်မထားခဲ့ဘူးဗျ" -ဟု မစ္စတာဗင်းဆင့်က ပြောလိုက်ရာ မစ္စတာဟုမ်းလည်း တအံ့တဩဖြင့် သူ့မျက်ခုံးများကို ပင့်လိုက်ပြီး. . .

"ဘာ. . . တံခါးပိတ်မထားဘူး ဟုတ်လား. . အင်း. . . ဖြစ်နိုင်တာတစ်ခုကတော့ သူကောင်းကြီးဟာ သူတို့ တုဝရိန်နှစ်ယောက် စကားများပြီးတော့ ဒီကိစ္စကို မေ့သွားဟန်တူတယ်၊ ဒါပေမယ့် ကျုပ်စိတ်ထဲမှာ မရှင်းလင်းတဲ့အချက် တစ်ချက်တော့ ရှိတယ်"

"ဘာများပါလိမ့်ဗျာ. ."

"အသတ်ခံရတဲ့ သူကောင်းကြီးဟာ ညဝတ်အင်္ကျီနဲ့လား"

"မဟုတ်ပါဘူး၊ သူက ဝတ်စုံအပြည့် ဝတ်လျက်နဲ့ပါ၊ မစ္စတာပါစီလောင်တန်ကတော့ ညဝတ်အင်္ကျီနဲ့ပါ"

"ကျုပ် နားလည်လိုက်တာက ညစာစားပြီးတဲ့နောက် သူကောင်းကြီးဟာ သူ့အိမ်ကနေ မြင်းစီးပြီး ထွက်သွားတာ တစ်နာရီလောက် ကြာတယ်နော်၊ သူ အဲဒီလိုမျိုး ညကြီးမင်းကြီးမှာ မြင်းစီးတတ်သလား" -ဟု မစ္စတာဟုမ်းက မေးလိုက်ရာ မစ္စတာဗင်းဆင့်လည်း သူ့ပါးမုန်းမွေးများကို ပွတ်သပ်နေရာမှ ရုတ်တရက် ရပ်သွားပြီး မစ္စတာဟုမ်းကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။ ထို့နောက်. . .

"ခင်ဗျား မေးလို့ ကျွန်တော် ပြောရဦးမယ်၊ သူဟာ အဲဒီလိုမျိုး ထွက်လေ့ထွက်ထတော့ သိပ်မရှိဘူးဗျ၊ ဒါပေမယ့် သူ အပြင်က ပြန်လာတာကတော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းမွန်မွန်ပါပဲ၊ အဲဒီတော့ ကျွန်တော် နားလည်တာက. . . ”

ထိုစဉ် မစ္စတာဟုမ်းသည် သူ၏စကားကို ဖြတ်ပြီး. . .

“ဟုတ်ပါပြီလေ၊ အဲဒီအချက်ကို ထားလိုက်ပါတော့၊ နောက်တစ်ခု သိချင်တာက သူကောင်းကြီးဟာ ပစ္စည်းဥစ္စာကြွယ်ဝတယ်လို့ ဆိုလို့ ရမလား၊ ဒီအမေးကိုတော့ တိတိကျကျ ပြောပါ”

“မက်သီးယာ့စ်အက်ဒယ်တန် ဆိုတာ အင်မတန် ချမ်းသာကြွယ်ဝ တဲ့လူပါ၊ သူက သားအငယ်ပါ၊ လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်လောက်က ၁၈၅၄-ခုနှစ်လောက်မှာ ဩစတြေးလီးယားကို သွားပြီး နေထိုင်ခဲ့တယ်၊ ၁၈၇၀-လောက်မှ ပြန်လာပါတယ်၊ သူနဲ့အတူ ဩစတြေးလီးယားက ရွှေတွင်းတွေမှာ တူးဖော်ရရှိလာတဲ့ ရွှေငွေဥစ္စာပစ္စည်းတွေ ပါလာပါတယ်၊ နောက်တော့ သူ့ အစ်ကိုဆုံးသွားတော့ သူဟာ ဖေါက်ရက်စ် မိသားစုပိုင် ပစ္စည်းအားလုံးကို အမွေ ရလိုက်တယ်၊ သူ့ကိုတော့ ပတ်ဝန်းကျင်က သိပ်ပြီး မလိုလား၊ မနှစ်သက်ကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ လူမှုဆက်ဆံရေးကျတော့ ညံ့ဖျင်းလို့ပါပဲ၊ သူက တရားသူကြီးဆိုတော့ ဆင်းရဲသားတွေက သူ့ကိုကြောက်ကြတယ်၊ သဘောထား တင်းမာခက်ထန်တဲ့ လူကြီးတစ်ယောက်ပါပဲ”

“မစ္စတာ ပါစီလောင်တန်ကကော သူဦးလေးနဲ့ သင့်သင့်မြတ်မြတ် ရှိရဲ့လား” -ဟု မစ္စတာဟုမ်းက မေးလိုက်ရာ ရှေ့နေကြီးသည် အတန်ငယ် တုံ့ဆိုင်းသွားပြီးမှ. . .

“သူတို့နှစ်ယောက်ဟာ သိပ်ပြီးတော့ သင့်မြတ်မှု မရှိကြဘူးခင်ဗျ မစ္စတာပါစီလောင်တန်ဟာ သူကောင်းကြီးရဲ့ ဆုံးသွားတဲ့နှမက မွေးတာပါ၊ သူက ငယ်ငယ်ကတည်းက ဖေါက်ရက်စ်မှာ နေလာခဲ့တာပါ၊ သူ့အမေ ဆုံးသွား တော့ သူ့ရဲ့ပစ္စည်းတွေကို ဆက်လက် ထိန်းသိမ်းထားတော့လဲ သူဟာဒီပိုင် နက် နယ်မြေကြီးကို စီမံ ခန့်ခွဲနေရတာပါပဲ၊ တကယ်တော့ သူဟာ ဒီစံအိမ်ကြီး နဲ့ ဒီမြေ တစ်စိတ်တစ်ဒေသကို အမွေဆက်ခံရတဲ့သူပါ၊ သူတို့ချင်း မသင့်မတင့် ဖြစ်ရတာကလဲ ဒီမြေကိစ္စပါပဲ၊ သူကောင်းကြီးက မြေတချို့တစ်ဝက်ကို ရောင်း ပစ်လို့ သူက မကျေမနပ် ဖြစ်တာကစပြီး ဖြစ်တာပါ၊ အဲဒီ အခင်းဖြစ်တဲ့ ည တုန်းက သူ့ဇနီး အိမ်မှာမရှိတော့ သူ ကံဆိုးရတာပေါ့ဗျာ”

“သူ့ဇနီး . . ဟုတ်လား. . . ”

“ဟုတ်ပါတယ်၊ မစ္စစ်လောင်တန်ဟာ ချောမောလှပြီး ယဉ်ကျေး



www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့တဲ့ အမျိုးကောင်းသမီးတစ်ယောက်ပါ၊ သူက သူ့သူငယ်ချင်းတွေနဲ့ အိမ်ဂရင်းစ်တက်မှာ ညသွားအိပ်နေတာ၊ ဒီကနေ့ မနက်ကျမှ ပြန်ရောက်မှာပါ"

သူသည် စကားကို ခေတ္တဆိုင်းငံ့ပြီးမှ . .

"သနားစရာ ကောင်းလိုက်ပါဘိ မေရီလေးရယ်၊ အိမ်ကို ပြန်လာရင် ဘယ်လိုများနေရှာလဲ မသိဘူး၊ သူကောင်းကြီးက ဆုံးပြီ၊ သူ့ခင်ပွန်းကိုလဲ လူသတ်မှုနဲ့ စွဲဆို ဖမ်းဆီးထားတယ်" -ဟု သူက ဆက်ပြီး ပြောလေ၏။

ထို့နောက် မစ္စတာဟုမ်းက . .

"နောက်ဆုံး မေးခွန်းတစ်ခု မေးချင်တာက ပြီးခဲ့တဲ့ ညတုန်းက ဖြစ်ပျက်ခဲ့တာတွေနဲ့ ပတ်သက်ပြီး ခင်ဗျားရဲ့ အမှုသည်က ဘယ်လိုများ ဖြေရှင်းချက်ပေးထားသေးလဲ"

"သူ့ဖြေရှင်းချက်ကတော့ ရိုးရိုးရှင်းရှင်းပါပဲ၊ သူက ပြောတယ်၊ ညစာစားနေတုန်း သူကောင်းကြီးက ချပ်ဖို့ဒ်က လယ်မြေတွေကို ရောင်းပစ်ဖို့ ရည်ရွယ်တဲ့အကြောင်း သူ့ကို ပြောပြတယ်တဲ့၊ သူကလဲ မလိုအပ်ဘဲ အခုလို ရောင်းပစ်နေရင် ဝိုင်နက် အကျယ်အဝန်းကို ထိခိုက်တယ်ဆိုပြီး မကျေနပ်ကြောင်းပြန်ပြောလိုက်တယ်၊ အဲဒီမှာတင် သူ့ဦးလေးက လက်မခံဘဲ ရင့်ရင့်သီးသီး မြင်းမြင်းထန်ထန် ပြန်ပြောတဲ့ စကားလုံးတွေ ပါလာတော့တာပဲတဲ့၊ နောက်တော့ သူ့ဦးလေးလဲ ဘာမှ မပြောမဆိုတော့ဘဲ မြင်းဇောင်းထဲက သူ့မြင်းကို ထုတ်စီးပြီး အိမ်က ထွက်သွားတော့တာပါပဲ၊ သူကောင်းကြီး အပြင်က ပြန်ရောက်လာတယ်၊ ဝိုင်တစ်ပုလင်း ယူခိုင်းပြီးတဲ့နောက်ပိုင်း စကားက ပိုများလာကြတယ်-တဲ့၊ အဲဒီတော့ မစ္စတာပါစီလောင်တန်လဲ သူ့ဦးလေးကို နှုတ်ဆက်ပြီးတော့ သူ့အခန်းသူ ပြန်သွားခဲ့တယ်တဲ့၊ ဒါပေမယ့် သူ့စိတ်က သိပ်လှုပ်ရှားနေလို့ တော်တော်နဲ့ အိပ်မပျော်ဘူး ဖြစ်နေတယ်တဲ့၊ နှစ်ကြိမ်တိတိ သူ့ဦးလေးရဲ့ အသံကို အောက်ထပ်ခန်းမထဲက ကြားလိုက်ရသလိုဖြစ်လို့ သူ့ ကုတင်ပေါ်မှာတောင် ထထိုင်မိပါသေးတယ်တဲ့" -ဟု မစ္စတာဝင်းဆင့်က ပြောလိုက်ရာ မစ္စတာဟုမ်းက ကြားဖြတ်ပြီး မေးလိုက်၏။

"ဒါဖြင့် သူက ဘာလို့ သွားမကြည့်တာလဲ"

"ကျွန်တော်လဲ သူ့ကို ဒီမေးခွန်း မေးလိုက်မိပါတယ်၊ သူက ပြန်ပြောတော့ သူ့ဦးလေးဟာ ဝိုင်တွေ အလွန်အမင်း သောက်ထားတာမို့ ခန်းမထဲမှာ သူတစ်ယောက်ထဲ မူးပြီး စကားတွေပြောနေတယ် ထင်လို့တဲ့၊ သူပြောတာကို



www.burmeseclassic.com

www.burmeseclassic.com



ဘဏ္ဍာစိုးကြီးကလည်း ထောက်ခံတယ်၊ ဒီလိုအဖြစ်အပျက်မျိုး အရင်တုန်းကလဲ မကြာခဏ ဖြစ်ခဲ့ဖူးလို့ သိပ်အရေးမကြီးဘူး ထင်ပြီး ထ မကြည့်မိတာပါတဲ့"

"အင်း. . ဟုတ်ပြီ. . ဆက်စမ်းပါဦး"

"မြင်းဇောင်းပေါ်က နာရီက ညဆယ့်နှစ်နာရီ ထိုးသံကြားပြီးကာစမှာပဲ သူ မှေးကနဲ အိပ်ပျော်သွားတယ်တဲ့၊ နောက်တော့ တိတ်ဆိတ်နေတဲ့ အိမ်ကြီးထဲက ကြောက်မက်ဖွယ်ရာ အော်သံကြီးကြောင့် သူ ရုတ်တရက် လန့်နိုးလာခဲ့တယ်တဲ့၊ သူလဲ အိပ်ရာက ကမန်းကတန်းထပြီး ညဝတ်အင်္ကျီရှည်ကြီး ဆွဲဝတ်, ဖယောင်းတိုင်ကို ကိုင်ပြီး လှေခါးအတိုင်း ပြေးဆင်းလာခဲ့တယ်တဲ့၊ ဧည့်ခန်းမထဲလဲရောက်ရော မြင်လိုက်ရတဲ့ ကြောက်မက်ဖွယ်ရာမြင်ကွင်းကြောင့် သူ့ခြေလှမ်းတွေ တုံ့ကနဲ ဖြစ်သွားမိတယ်တဲ့. ."

"မီးလင်းဖိုပေါ်မှာ သွေးတွေ ဖိတ်စဉ်ထားတာ မွနေတာပဲတဲ့၊ လက်တွေကို ခေါင်းပေါ်မှာ မြှောက်ထားပြီး သွေးအိုင်ထဲမှာ လဲနေတဲ့သူကောင်းကြီး အက်ဒယ်တန်ကို တွေ့လိုက်ရတယ်တဲ့၊ အဲဒီနောက် မစ္စတာပါစီလောင်တန်လဲ ရှေ့တိုးပြီးတော့ လဲနေတဲ့ သူ့ဦးလေးကို ကျော်ပြီး ကြည့်လိုက်တော့ သူကောင်းကြီးရဲ့ ကိုယ်လုံးဘေးမှာ သွေးတွေ အလိမ်းလိမ်း ပေကျံနေတဲ့ ပုဆိန်ကြီးတစ်လက်ကို တွေ့ရတယ်တဲ့၊ မီးဖိုအပေါ်မှာ စီထားတဲ့လက်နက်တွေထဲက တစ်ခုဆိုတာတော့ သူမှတ်မိတယ်တဲ့၊ အဲဒီအချိန်မှာ ဘဏ္ဍာစိုးကြီး ဟော့စတက်နဲ့ အစေခံအမျိုးသမီးတွေ ခန်းမထဲကို ဝင်လာကြတယ်တဲ့၊ ကျွန်တော့အမှုသည်ရဲ့ ဖြေရှင်းချက်ကတော့ အဲဒါပါပဲ"

"အင်း. . ဖြစ်မှ ဖြစ်ရလေဗျာ" -ဟု မစ္စတာဟုမ်းက ပြောလိုက်၏၊

အချိန်အတော်ကြာသည်အထိ ရှေ့နေကြီးနှင့် ကျွန်ုပ်တို့သည် တိတ်ဆိတ် ငြိမ်သက်စွာ ထိုင်နေကြပြီးလျှင် မစ္စတာဟုမ်းကိုသာ စိုက်၍ ကြည့်နေကြ၏။

သူ့ဦးခေါင်းသည် ကုလားထိုင်နောက်ကျောကို မှီပြီး ခေါင်းကို နောက်လှန်နေကာ မျက်လုံးများကိုလည်း မှိတ်ထားလေ၏။ ခဏကြာမှ သူသည် ထိုင်ရာမှ ထလိုက်၏။ ပြီးမှ သူက ခပ်သွက်သွက်ဖြင့် ပြောလိုက်၏။

"အက်ရှ်ခေါင်းဒေသက လေကောင်းလေသန့် ရှူလိုက်ရရင်တော့ ခင်ဗျား အတွက်တော့ အကျိုးမယုတ်နိုင်ပါဘူးနော်. . ဝတ်ဆန်၊ ဒီမှာ မစ္စတာဝင်းဆင့် ကျွပ်မိတ်ဆွေနဲ့ ကျွပ်နဲ့ကတော့ ခင်ဗျားတို့အတွက် စေလိုရာစေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ”

ဖေါက်ရက်ရှိုး ဘူတာရုံတွင် ရထားပေါ်မှ ကျွန်ုပ်တို့ ဆင်းလာကြသောအခါ နေအတော်စောင်းနေပြီ ဖြစ်၏။ မစ္စတာဗင်းဆင့်သည် ကျွန်ုပ်တို့ဘည်းခိုရန်အတွက် ဂရိုးမန်းတည်းခိုခန်းသို့ သံကြိုးရိုက်ထားပြီး ဖြစ်၏။

ဂရိုးမန်းတည်းခိုခန်းသည် အိုဟောင်းသော ထမင်းဆိုင်ကြီးတစ်ဆိုင်ဖြစ်ပြီး ထိုရွာငယ်ကလေးတွင်ကား တစ်ခုတည်းသော တည်းခိုရိပ်သာ ဖြစ်လေသည်။ သစ်တောများကို ဖြတ်သန်း ကျော်ဖြတ်လာသည့် လေသည် ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် ဝန်းရံလျက်ရှိလေသည်။

ရှေ့နေကြီးသည် ကျွန်ုပ်နှင့် ထပ်တူထပ်မျှ ခံစားနေရသော်လည်း မစ္စတာဟုမ်းကမူ သူ့အတွေးနှင့်သူ နစ်မြုပ်နေပြီး ကျွန်ုပ်တို့၏ စကားဝိုင်းတွင် မပါဝင်ပေ။ တစ်ခုတော့ ပြော၏။ ရုံပိုင်ကြီး၏ အိမ်ထောင်ရေး မသာယာသည့် အကြောင်း ဖြစ်၏။

ကျွန်ုပ်တို့သည် တည်းခိုရိပ်သာမှ မြင်းရထားတစ်စီးငှား၍ သုံးမိုင်ခရီးရှိ စံအိမ်ကြီးရှိရာဒေသသို့ ထွက်လာခဲ့ကြ၏။ ကျွန်ုပ်တို့သွားနေသည့် လမ်းသည် ပစ်ပင်ဖို့ဒ် တောင်ကုန်း၏ သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်နေသည့် တောင်စောင်းများကို ကွေ့ပတ်တက်နေခြင်း ဖြစ်၏။ ထိုတောင်စောင်းများပေါ်မှနေ၍ အက်ရှ်ဒေါင်း မြက်ခင်းများနှင့် မိုးကောင်းကင် ထိစပ်နေသည့် ရှုခင်းကို တွေ့ရလေ၏။

ကျွန်ုပ်တို့ တောင်ကုန်းထိပ်သို့ ရောက်ရှိသည်တွင် အက်ရှ်ဒေါင်း မြက်ခင်းများသည် တဖြည်းဖြည်း ဝေး၍ ဝေး၍သွားပြီး ဆပ်ဆက်စ် မြက်ခင်းများကို စိတ်ဝင်စားဖွယ် တွေ့မြင်ရလေ၏။ မစ္စတာဗင်းဆင့်က ကျွန်ုပ်၏ လက်မောင်းကို တို့၍ ရှေ့သို့ ညွှန်ပြလိုက်၏။ ပြီးနောက် သူက. . .

“ဖေါက်ရက်စ်” -ဟု ပြောလိုက်၏။

မြက်ခင်းထိပ်တွင် မီးခိုးရောင် ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသည့် ကြီးမားသည့် အိမ်ကြီးတစ်ဆောင်ရှိပြီး မြင်းဇောင်းများ ပတ်လည်ဝန်းရံထားလေ၏။ ထိုအိမ်ကြီး၏ လေးဖက်လေးတန်တွင် လယ်ကွက်များကပျံ့နှံ့တည်ရှိနေ၏။ ထိုလယ်ကွက်များသည် တောနက်သည့် တောင်ကြား၊ ချိုင့်ဝှမ်းများ ရောက်မှ အဆုံးသတ်သွားလေ၏။ ထိုချိုင့်ဝှမ်း အလယ်ခေါင်ကျက်ဆီမှ အသံမြည်နေပြီး မီးခိုးတန်းလေးတစ်ခု ထွက်နေသည့် သစ်စက်ကလေးလုံး လည်

www.burmeseclassic.com



ပတ်နေသံကိုလည်း ကြားရလေ၏။

"အဲဒါ အက်ရှိုဒေါင်း သစ်စက်လေ၊ သစ်တောတွေကတော့ စံအိမ်ကြီးရဲ့ ပိုင်နက်အလွန်မှာ ရှိပါတယ်၊ အဲဒီအိမ်ကြီးရဲ့ သုံးဖာလုံ အတွင်းလောက်မှာတော့ အိမ်နားနီးချင်း လုံးဝ မရှိဘူး၊ ဒါပေမယ့်ဗျာ ဖေါက်ရက် စံအိမ်ကြီးကတော့ ကျွန်တော်တို့ကို ကြေကွဲ ဝမ်းနည်းစွာနဲ့ ကြိုဆိုနေမှာပါ မစ္စတာ ဟုမ်းရယ်. . ."

အိမ်ရှေ့လမ်းပေါ်မှ မြင်းရထားလှည်းဘီးသံ ကြားသဖြင့် အသက်ခပ်ကြီးကြီး အစေခံ ယောကျ်ားတစ်ယောက် တံခါးဝတွင် ပေါ်လာ၏။ သူသည် မစ္စတာဟုမ်းကို တွေ့လိုက်ရသည့်အခါ စိတ်သက်သာရာ ရသွားဟန်ဖြင့် အိမ်ရှေ့သို့ ကမန်းကတန်း ထွက်လာပြီးနောက် လှမ်းအော်ပြောလိုက်၏။

"အခုလို လိုက်လာတာ ကျေးဇူးတင်ပါတယ် ဆရာ၊ မစ္စစ်လောင်တန်လဲ. . ." ထိုအခိုက် မစ္စတာဗင်းဆင့်က ကြားဖြတ်ပြီး. . .

"သူ ပြန်လာပြီလား. . သနားစရာကောင်းတဲ့ ကလေးမလေးပဲ၊ ကျွန်တော် ခု ချက်ချင်း သွားတွေ့မယ်"

"တပ်ကြပ်ကြီး ကလဲယားလည်း ဒီမှာ ရောက်နေတယ်ဆရာ၊ ပြီးတော့. . အဲ. . လန်ဒန်ရဲအဖွဲ့က ပုဂ္ဂိုလ်တစ်ယောက်လဲ ရောက်နေတယ်"

"ကောင်းပါပြီ. . ဟော့စတက်" -ဟု မစ္စတာဗင်းဆင့်က ပြန်ပြောလိုက်စဉ် မစ္စတာဟုမ်းက. .

"ခဏကလေးဗျာ. . ခင်ဗျားတို့ သခင်ကြီးရဲ့ အလောင်းကို နေရာရွှေ့လိုက်ပြီလား" -ဟု မေးလိုက်၏။

"မရွှေ့သေးပါဘူး ခင်ဗျာ၊ လက်နက်တွေထားတဲ့ အခန်းထဲမှာပဲ ရှိပါတယ်" -ဟု ပြန်ဖြေလေ၏။ ထိုအခါ မစ္စတာဟုမ်းက ခပ်သွက်သွက်ပင် မေးလိုက်ပြန်၏။

"ခြေရာလက်ရာတွေကော ပျက်ကုန်ပြီလား"

ထိုသူ၏မျက်လုံးများသည် မှောင်မိုက်နေသည့် တံခါးဝဆီသို့ တဖြည်းဖြည်း လှည့်သွားပြီးမှ. . .

"မပျက်ပါဘူးခင်ဗျာ. . ဖြစ်တုန်းကအတိုင်းပါပဲ"

ကျွန်ုပ်တို့၏ ဦးထုပ်များနှင့် လမ်းလျှောက်တုတ်များကို ထားသည့် အဝင်ဝနေရာသည် အတွင်းခန်းသို့ ပေါက်လေ၏။ ထိုအခန်းသည် ကျောက်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဆောက်လုပ်ထားသည့် အခန်းကြီးဖြစ်၏။ အုတ်ကြွပ်မိုးထားကာ ထိပ်ချွန်ပြီး ကော့ညွှန်းမြောင်းသွားသည့် ပြတင်းပေါက်များတွင် အရောင်ရှိသည့်မှန်ချပ်များကို ဖြတ်သန်းလာသော အလင်းတန်းများသည် သစ်သားကြမ်းပြင်ပေါ်သို့ ရောင်စုံ အကွက်အပြောက်များသဖွယ် ကျရောက်နေလေ၏။

အခန်းတွင်းရှိ စာရေးစားပွဲတစ်လုံးတွင် ပုပုညက်ညက် လူတစ်ယောက်သည် စာရေးနေရာမှ ကျွန်ုပ်တို့ ဝင်သွားသောအခါ လှည့်ကြည့်လိုက်ပြီးနောက် ထိုင်ရာမှ ထလိုက်၏။ သူ၏မျက်နှာတွင် မနှစ်မြို့သည့် အမူအရာက အထင်အရှား ပေါ်ပြနေ၏။ ထို့နောက် သူက လှမ်းအော်ပြောလိုက်၏။

"ဘယ်လိုလဲ မစ္စတာဟုမ်းရဲ့၊ ဒီအမှုမှာတော့ ခင်ဗျား ပညာခန်းပြစရာ ဘာမှ မရှိပါဘူး" -ဟု ပြောလိုက်ရာ မစ္စတာဟုမ်းကလည်း အရေးမစိုက်သည့် ဟန်ဖြင့်. . .

"ခင်ဗျားပြောတာတော့ မှန်ပါရဲ့ဗျာ၊ ဒါပေမယ့် ဒီလိုမျိုး အရင်ကလဲ အကြိမ်ကြိမ် ဖြစ်ခဲ့တာတွေ ရှိခဲ့ဖူးတယ်လေဗျာ" -ဟု ပြန်ပြောလိုက်ရာ သူက. .

"ဒါကတော့ ခင်ဗျား ကံကောင်းခဲ့တာကိုးဗျ၊ အော်. . ဒါနဲ့ ဒေါက်တာ ဝတ်ဆန်. . ရဲအရာရှိတစ်ဦးရဲ့ တာဝန်အရ မေးချင်ပါတယ်၊ ဒါက ဘယ်သူပါ လဲ ခင်ဗျာ"

"ဒါက မစ္စတာဗင်းဆင့်ပါ၊ အက်ဒယ်တန်မိသားစုရဲ့ ဥပဒေအကြံပေး ရှေ့နေလိပ်ပါ၊ မစ္စတာဟုမ်း ပါဝင်ဆောင်ရွက်ပေးဖို့ တောင်းခံခဲ့တာလဲ သူပါပဲဗျာ"

"အော်. . သူကခေါ်တယ်ပေါ့၊ ကောင်းပြီလေ၊ ဒီအမှုမှာတော့ မစ္စတာဟုမ်းရဲ့ သဘောတရား အတွေးအခေါ်တွေအတွက် သိပ်နောက်ကျသွားပါပြီ၊ ကျွန်တော်တို့က တရားခံကို ဖမ်းမိထားပြီးပါပြီ၊ ဒါပါပဲဗျာ" -ဟု ရဲအရာရှိက ပြောလိုက်ရာ မစ္စတာဟုမ်းလည်း ခပ်တည်တည် ခပ်တင်းတင်း အမူအရာမျိုးဖြင့်. . .

"နေပါဦး လက်စထရိတ်ရဲ့. . ဟိုး အရင်တုန်းက ခင်ဗျားမှားခဲ့တာတွေ အများကြီးနော်၊ အဲဒါကြောင့် နောင်လဲ မမှားနိုင်တော့ဘူးဆိုတာ မဖြစ်နိုင်ဘူး၊ ဒီအမှုမှာ ခင်ဗျားဟာ တရားခံအစစ်ကို ဖမ်းမိထားပြီဆိုရင် ကျုပ်ကလဲ ယုံကြည်တယ်ဆိုပါတော့၊ ဒါဆိုရင် ခင်ဗျားမှာ ဘာမှ အရှုံးမရှိပါဘူး၊ ဒါပေမယ့်. . ." -ဟု မစ္စတာဟုမ်းက ပြောနေစဉ် လက်စထရိတ်က မကျေမချမ်းဟန်ဖြင့် ကြားဖြတ်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"အို. . ခင်ဗျားပြောရင် အမြဲတမ်း ဒါပေမယ့်ချည်းပဲ၊ ခင်ဗျား တတ်နိုင်တာ တစ်ခုမှ ကျွန်တော် မမြင်မိပါဘူး၊ ဒီမှာ မစ္စတာဟုမ်း ခင်ဗျားဘာသာ ခင်ဗျား အချိန်ဖြုန်းချင်ရင်တော့ ခင်ဗျားသဘောပဲ၊ ကဲ. . ဒေါက်တာ ဝတ်ဆန်ရေ. . မြင်ရတွေ့ရတာတော့ သိပ် အဆင်မချောလှဘူးဗျာ၊ မဟုတ်ပေဘူးလား" -ဟု လက်စထရိတ်က ပြောလေ၏။

ကျွန်ုပ်လည်း အခန်းတစ်ဖက်စွန်းရှိ မီးလင်းဖိုထိ ရောက်အောင် မစ္စတာဟုမ်း၏ နောက်မှ လိုက်ခဲ့လေ၏။ အခင်းဖြစ်သောနေရာသို့ ရောက်သောအခါ မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ခြေလှမ်းများပင် နောက်သို့ ဆုတ်မိလေသည်။

ဝက်သစ်ချသား ကြမ်းပြင်ပေါ်ရှိ ရောမ အညီကွက်ကြီးမှာ မခြောက်တခြောက် သွေးကွက်ကြီးဖြစ်ပြီး မီးဖိုနှင့် မီးလင်းဖို အနီးတဝိုက်ရှိ သစ်သားပြားများပေါ်၌ နီညိုရောင် အကွက်၊ အစက်အပြောက်များကို တွေ့မြင်ရလေ၏။

မစ္စတာဗင်းဆင့်မှာမူ နှုတ်ခမ်းများ ဖြူလျော့သွားပြီး မျက်နှာလွှဲလိုက်လေ၏။ ထို့နောက် သူသည် အနီးရှိ ကုလားထိုင်တစ်လုံးပေါ်သို့ ခွေ၍ ထိုင်ချလိုက်လေ၏။ မစ္စတာဟုမ်းလည်း လျင်မြန်စွာ တားမြစ်လိုက်၏။

"ဝတ်ဆန်. . နောက်ဆုတ်၊ ဒီနေရာမှာတော့ လက်စထရိတ်ရဲ့ ခြေရာတွေ မရှိဘူးလို့ ယူဆရတယ်ဗျ" ထို့နောက် သူသည် ကြောက်မက်ဖွယ် ကောင်းသည့် မြင်ကွင်းရှိရာ ကြမ်းပြင်သို့ ညွှန်ပြလိုက်လေ၏။ မစ္စတာဟုမ်းသည် လက်စထရိတ်အား ခါးသီးသော အပြုံးနှင့် ပြုံးပြလိုက်၏။

"ခြေရာတစ်ခုတော့ ရှိတယ်၊ အဲဒါ မစ္စတာပါစီလောင်တန်ရဲ့ ကွင်းထိုးဖိနပ်ခြေရာပဲဗျ" -ဟု လက်စထရိတ်က ပြောလိုက်၏။

"အော်. . ခင်ဗျားလဲ ပညာ တော်တော် တိုးတက်နေပြီပဲ၊ ဒါနဲ့စကားမစပ် တရားခံရဲ့ အကျီရှည်ကြီးကကော. ."

"ဘာကို ပြောတာလဲဗျ"

"နံရံတွေလေ. . လက်စထရိတ်ရဲ့. . နံရံတွေလေ၊ မစ္စတာလောင်တန်ရဲ့ အကျီရဲ့ ရင်ဘတ်မှာ သွေးတွေစွန်းနေတာ တွေ့ရရင်တော့ ခင်ဗျား အမှု ပြီးပါပြီ"

"ခင်ဗျားက ဒီလိုပြောတာလား၊ သူ့အကျီလက်တွေမှာ သွေးတွေကို ရှိလို့. ."



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါဗျာ၊ သေခါနီးလူတစ်ယောက်ရဲ့ ဦးခေါင်းကို မထောင်းဘာ ဒီလောက်တော့ ပေမှာပေါ့၊ အင်္ကျီလက်တွေ သွေးပေတာက အရေးမကြီးပါဘူး အဲဒီအင်္ကျီရှည်က ဒီမှာလား"

လက်စထရိတ်သည် အိတ်တစ်အိတ်ကို မွှေနှောက်၍ မီးခိုးရောင် သုံးမွှေးအင်္ကျီရှည်ကြီးတစ်ထည်ကို ဆွဲထုတ်လိုက်၏။

"ဒီမှာ"

"အင်း. . လက်မောင်းနဲ့ အင်္ကျီလက်အောက်နားမှာပဲ သွေးတွေရှိ တယ်၊ ရင်ဘတ်မှာတော့ လုံးဝမရှိဘူး၊ ထူးတော့ထူးဆန်းတယ်၊ ဒါပေမယ့် ဆုံး ဖြတ်လို့တော့ မရသေးဘူး၊ ဒါက. . လက်နက်လား"

ထိုအခါ လက်စထရိတ်သည် ထိုအိတ်ထဲမှပင် ကြောက်မက်ဖွယ်ရာ အကောင်းဆုံး အရာတစ်ခုကို ဆွဲထုတ်လိုက်၏။ ထိုအရာမှာ အရိုးတိုသော ပုဆိန်ကြီး တစ်လက်ဖြစ်ပြီး ပုဆိန်တစ်ခုလုံးကို သံမဏိနှင့် ပြုလုပ်ထားလေ၏။ ပုဆိန်၏အသွားမှာ ပြန့်ကား၍ လခြမ်းပုံသဏ္ဌာန်ရှိပြီး ပုဆိန်၏အသွားများကို သူ့အိတ်ဆောင် မှန်ဘီလူးဖြင့် သေချာစွာ စစ်ဆေး ကြည့်ရှုလိုက်ပြီးနောက်. .

"ဒီပုံစံက အတော် ရှေးကျတဲ့ပုံပဲ၊ ဒဏ်ရာက ဘယ်နေရာမှာ ရတာ လဲ" -ဟု မစ္စတာဟုမ်းက မေးလိုက်ရာ လက်စထရိတ်က. .

"သူကောင်းကြီး အက်ဒယ်တန်ရဲ့ ဦးခွံထိပ်ပိုင်းတစ်ခုလုံး ပန်းသီး ပုပ်တစ်လုံးလို ကြေမွသွားတယ်၊ တကယ့်တကယ်တော့ ဒီကိစ္စက အံ့စရာပါပဲ ဗျာ၊ သူကောင်းကြီးဟာ ဒီလောက် ဒဏ်ရာကြီး ရထားတာတောင် ချက်ချင်း မသေသေးဘဲ ခဏတော့ သတိရနေသေးတယ်တဲ့၊ မစ္စတာလောင်တန်အတွက် ကံဆိုးစေမယ့် အံ့ဖွယ်တစ်ရပ်ပေါ့ဗျာ"

"သေဆုံးခါနီးလူက မစ္စတာလောင်တန်ကို စွပ်စွဲသွားတယ်ပေါ့ ဟုတ် လား"

"အင်း. . လောင်တန်ဆိုတဲ့ စကားသံမျိုးတော့ ပြောသွားတာပဲ၊ သေခါနီး လူတစ်ယောက်ရဲ့ အသံမျိုးနဲ့ပါ"

"ဟုတ်တာပေါ့လေ. . ဟင်. . ဒါက ဘယ်သူလဲ၊ ဒီမှာ အမျိုးသမီး. . နောက်တစ်လှမ်း တိုးမလာပါနဲ့ဗျာ၊ တောင်းပန်ပါတယ်၊ ဒီမီးလင်းဖိုနားက မြင်ကွင်းမျိုးဟာ အမျိုးသမီးတစ်ယောက် မကြည့်သင့်တဲ့ မြင်ကွင်းမျိုး မို့လို့ပါ"

မစ္စစ်လောင်တန်မှာ ပါးပါးလျားလျားနှင့် ယဉ်ကျေး သိမ်မွေ့သူတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



မြဲ၏။ ပရိဒေဝမီး တောက်လောင်လျက် အခန်းထဲသို့ ဝင်လာခြင်းဖြစ်၏။ ပြုံးမွေးသည့် မျက်နှာတွင် ညှိုးရွဲသည့် မျက်လုံးများက တောက်ပ ရွှန်းလဲ့နေသည့် သောက ခံစားမှုဖြင့် လက်များကို ရှေ့တွင် ဆုတ်ထား၏။ သူမသည် ငိုယို၍ မစ္စတာဟုမ်းအား ကြည့်လိုက်ရင်း. . .

"သူ့ကို ကယ်ပါဦးရှင်. . သူ့မှာ အပြစ်မရှိပါဘူး၊ ကျွန်မ ကျိန်တွယ်ပြီး ပြောရဲပါတယ်၊ ကျွန်မရဲ့ခင်ပွန်းကို ကယ်ပါဦး မစ္စတာဟုမ်းရှင့်"

သူ့စကားကြောင့် ကျွန်ုပ်တို့အားလုံး စိတ်ထိခိုက်ကြရလေ၏။ လက်စထရိတ်ပင် စိတ်မထိခိုက်ဘဲ မနေနိုင်ဟု ကျွန်ုပ်ထင်မိ၏။ ထိုအခါ မစ္စတာဟုမ်းက နူးညံ့ညင်သာစွာဖြင့်. . .

"ကျုပ်ရဲ့ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ပေးပါ့မယ်၊ လောလောဆယ်မှာတော့ မင်းရဲ့ ခင်ပွန်းသည်နဲ့ ပတ်သက်တဲ့အကြောင်း ပြောပြစမ်းပါဦးကွဲ့"

"သူကတော့ အကြင်နာတတ်ဆုံး လူတစ်ယောက်ပါပဲ"

"ဟုတ်ပြီ၊ ကိုယ်ကာယပိုင်း အနေနဲ့ကကော. . ဥပမာကွယ် သူက သူ့ကောင်းကြီး အက်ဒယ်တန်ထက် ပိုပြီးတော့ကော အရပ်မြင့်သလား"

မစ္စစ်လောင်တန်သည် မစ္စတာဟုမ်းကို တအံ့တဩ ကြည့်လိုက်ပြီးမှ. . .

"ဘုရားရေ. . သူ့အရပ်က မမြင့်ပါဘူးရှင်၊ သူ့ကောင်းကြီးရဲ့ အရပ်က ခြောက်ပေကျော်တာပဲ"

"ကဲ. . ဒီကိစ္စကိုတော့ ခင်ဗျားက ရှင်းပြနိုင်မှာပေါ့ မစ္စတာဗင်းဆင့်၊ သူ့ကောင်းကြီးအက်ဒယ်တန်ဟာ ဘယ်တုန်းကစပြီး သူ့မြေတွေကို ပိုင်းရောင်းခဲ့တာလဲ" -ဟု မေးလိုက်ရာ ရှေ့နေကြီးလည်း ကဗျာကသီပင်. . .

"ပထမဆုံး ရောင်းခဲ့တာတွေက လွန်ခဲ့တဲ့ နှစ်နှစ် လောက်တုန်းကပါ၊ နောက်တစ်ကြိမ် ရောင်းတာကတော့ လွန်ခဲ့တဲ့ ခြောက်လလောက်ကပါ၊ အခု ကျွန်တော်ရှိဖို့ မလိုအပ်ဘူးဆိုရင် မစ္စစ်လောင်တန်ကို ညှော်ခန်းမဘက် ပြန်ခေါ်သွားချင်တယ်ဗျာ" -ဟု မစ္စတာဗင်းဆင့်က ခွင့်တောင်းလိုက်ရာ မစ္စတာဟုမ်းက ခေါင်းငြိမ့်ပြလိုက်၏။ ပြီးမှ. . .

"မစ္စစ်လောင်တန်ကိုတော့ ဆက်ပြီး ဒုက္ခမပေးလိုတော့ပါဘူး ခင်ဗျား ဒါပေမယ့် ဘဏ္ဍာစိုးကြီးနဲ့တော့ စကားနည်းနည်း ပြောချင်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ဘဏ္ဍာစိုးကြီးကို စောင့်ဆိုင်း နေကြစဉ် မစ္စတာဟုမ်းသည် ပြတင်းပေါက်သို့ လျှောက်သွားပြီး လက်နှစ်ဖက်ကို နောက်သို့ ပစ်ကာ ခုက်နှာကို ငုံ့လျက် ရှင်းလင်းနေသော ကွင်းပြင်ကို စိုက်၍ကြည့်နေ၏။ လက်စသိရိတ်ကမှ သူ့စားပွဲသို့ ပြန်လျှောက်လာပြီး သူ့ကလောင်တံအဖျားကို ကိုက်ဝါးကာ မစ္စတာဟုမ်းကို အထူးအဆန်းသဖွယ် ကြည့်ရှုနေလေ၏။ ထိုအချိန် ဘဏ္ဍာစိုး ဝင်လာသဖြင့် မစ္စတာဟုမ်းက စတင်၍ မေးခွန်းမေးလိုက်၏။

"အော်. . မစ္စတာဟော့စတက်၊ ခင်ဗျားဟာ မစ္စတာ လောင်တန်အတွက်ဆိုရင် ဘာမဆို ဆောင်ရွက်ပေးဖို့ အဆင်သင့် ရှိနေမယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်တို့ရဲ့ ရည်ရွယ်ချက်ကလဲ ဒီရည်ရွယ်ချက်ပဲ ရှိပါတယ်" ဘဏ္ဍာစိုးသည် ကြောက်ရွံ့စွာဖြင့် လက်စထရိတ်ကို ကြည့်နေရာမှ မစ္စတာဟုမ်းကို ကြည့်လိုက်၏။ မစ္စတာဟုမ်းက ဆက်ပြောလေ၏။

"ကိုင်း. . ကျုပ်တို့ကို ခင်ဗျား ကူညီနိုင်တယ်လို့ ယုံကြည်ပါတယ်၊ ဥပမာဆိုပါတော့ဗျာ. . မနေ့တုန်းက သူကောင်းကြီးဆီကို စာလေး တစ်စောင်တစ်လေလောက်များ စာတိုက်က မလာဘူးလား"

"ဟုတ်ကဲ့ဆရာ၊ စာတစ်စောင်လာပါတယ် ခင်ဗျာ"

"ကဲ. . ဆက်ပြောပါဦး"

"စာအိတ်မှာ ရိုက်ထားတဲ့ စာတိုက်တံဆိပ်ဟာ ဒီဒေသက တံဆိပ်ပဲ ရိုက်ထားတာ တွေ့ရပါတယ် ခင်ဗျ၊ ပြီးတော့ စာအိတ်ဟာ ရိုးရိုး သာမန် အပေါ်စား စာအိတ်လေးတစ်အိတ်ပါပဲ၊ ဒါပေမယ့် ကျွန်တော် အံ့ဩမိတာက. ." -ဟု သူကပြောရင်း စကားကို ရပ်လိုက်သဖြင့် မစ္စတာဟုမ်းက တိုးတိုးလေး မေးလိုက်၏။

"ဟုတ်ပါတယ်၊ အဲဒီစာလာတော့ သူကောင်းကြီးရဲ့ အမူအရာနဲ့ ပတ်သက်လို့ ခင်ဗျား အံ့ဩစရာဖြစ်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ အဲဒီကိစ္စပါပဲ၊ ကျွန်တော်က စာကို သူ့လက်ထဲ လဲ ပေးလိုက်ရော သူက ချက်ချင်း ဖွင့်ဖေါက်ဖတ်လိုက်တယ်၊ သူ့မျက်လုံး အမူအရာကြည့်ပြီး ကျွန်တော် အခန်းထဲက ထွက်သွားပါတယ်၊ ခဏနေလို့ ပြန်လာတော့ သူကောင်းကြီးဟာ အပြင်ကို ထွက်သွားပါပြီ၊ မီးဖိုထဲမှာတော့ မီးရှို့ထားတဲ့ စာရွက်စာတမ်း အစအနတွေပဲ တွေ့ရပါတယ်" -ဟု ဖြေလိုက်ရာ မစ္စတာဟုမ်းလည်း သူ့လက်များကို ပွတ်သပ်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့ အကူအညီဟာ တန်ဖိုး မဖြတ်နိုင်ပါဘူး၊ မစ္စတာပောဲ့စတက်၊ ကဲ. . သေသေချာချာလေး စဉ်းစားစမ်းပါဦး၊ လွန်ခဲ့တဲ့ ခြောက်လလောက်တုန်းက ခင်ဗျားရဲ့ သခင်ကြီးဟာ မြေတချို့ တစ်ဝက်ကို ရောင်းခဲ့တယ် အဲဒီတုန်းကကော အခုလို စာမျိုး မရခဲ့ဖူးဘူးလား"

"မရခဲ့ဘူး ခင်ဗျ"

"အင်း. . ဟုတ်ပေမှာပဲလေ. . ကျေးဇူးပါပဲ ပောဲ့စတက်. . ဒါပါပဲ"

သူ့အသံကြောင့် ကျွန်ုပ်သည် မစ္စတာဟုမ်းကို လှမ်းကြည့်လိုက်ရာ သူ့မျက်နှာ အမူအရာ ပြောင်းလဲသွားမှုကြောင့် ကျွန်ုပ် အံ့ဩသွားရလေ၏။ ထိုအခါ သူ့မျက်လုံးများသည် တက်ကြွလာမှုကြောင့် အရောင် တဖြတ်ဖြတ် တောက်လာပြီး သူ၏ မျက်နှာသည်လည်း သွေးရောင် လွှမ်းလာလေ၏။ သူက လှမ်းပြောလိုက်၏။

"ထိုင်စမ်းပါဦး ဝတ်ဆန်၊ ဟိုစားပွဲပေါ်မှာ ထိုင်ပါ" -ဟု ပြောပြီး သူသည် အိတ်ထဲမှ မှန်ဘီလူးကို ထုတ်ယူပြီး စစ်ဆေးမှုများကို စတင် ပြုလုပ်တော့၏။ ကျွန်ုပ်လည်း အံ့ဩစွာ ကြည့်ရှုနေလေ၏။ သူသည် သွေးကွက်များ၊ မီးဖို၊ မီးဖိုအထက်ရှိစင်၊ ကြမ်းပြင် အားလုံးကို စနစ်တကျ သေချာစွာ စစ်ဆေးကြည့်ရှုလေတော့၏။

သူသည် လေးဖက်ထောက်၍ စစ်ဆေးကြည့်ရှုနေစဉ် သူ၏ ရှည်လျားချွန်ထက်သော နှာခေါင်းမှာ ပါကေးကြမ်းပြင်နှင့် လေးငါးလက်မခန့်သာ ကွာဝေးပါတော့၏။ သူ့လက်ထဲရှိ မှန်ဘီလူးမှာလည်း ဝင်လုဆဲဆဲ နေရောင်အောက်တွင် တစ်ခါတစ်ရံ လက်ကနဲ၊ လင်းကနဲ ဖြစ်သွားလေ၏။ ပါရှန်ကော်ဇောတစ်ချပ်သည် အခန်း၏အလယ်ဗဟိုတွင် ရှိနေ၏။ မစ္စတာဟုမ်းသည် ထိုကော်ဇောအပေါ်၌ ဖြတ်လျှောက်သွားပြီး ကော်ဇော၏အစွန်းသို့ရောက်ရှိသည်တွင် သူသည် ရုတ်တရက် တုံ့-ကနဲ ဖြစ်သွားသည်ကို တွေ့လိုက်ရ၏။ သူသည် ခပ်အုပ်အုပ် လေသံဖြင့် "ခင်ဗျား ဒါကို လေ့လာသင့်တယ် လက်စထရိတ်ရဲ့. . ဒီမှာ ခြေရာတစ်ခုကို တွေ့ရတယ်" -ဟု မစ္စတာဟုမ်းက ပြောလိုက်ရာ. . .

"ဘာတုန်းဗျ မစ္စတာဟုမ်းရဲ့. . ဒီကော်ဇောပေါ်ကို လူတွေ အများကြီး ဖြတ်သွားပြီးပြီပဲ"

"ဒါပေမယ့် မိုးမရွာတာ ကြာပြီဗျ၊ ဒီနေရာမှာ ထင်နေတဲ့ ဖိနပ်ရာက



www.burmeseclassic.com

www.burmeseclassic.com



သေသည်းနည်းတော့ ရှိနေတယ်၊ ဒီအတွက် အဖြေရှာဖို့ ဒီအခန်းထဲမှာ အဖြေလှုံ့လှုံ့လှယ်လှယ်ကူကူ ရှိမယ်ဆိုတာတော့ ပြောဖို့ မလိုတော့ပါဘူး. . အလို. . ဒါက ဘာများပါလိမ့်"

မစ္စတာဟုမ်းသည် ကော်ဇောပေါ်မှ တစ်စုံတစ်ရာကို ခြစ်၍ ယူလိုက်၏၊ ပြီးနောက် သူ့မှန်ဘီလူးဖြင့် အနီးကပ် စစ်ဆေး ကြည့်ရှုနေလေ၏။ လက်စသရိတ်နှင့် ကျွန်ုပ်လည်း သူ့အနီးသို့ လျှောက်သွားလိုက်ကြ၏။

"ဟင်. . အဲဒါက ဘာလဲ" -ဟု မေးလိုက်မိ၏။ သို့သော် မစ္စတာဟုမ်းသည် စကားပြန်မပြောသေးဘဲ လက်ကို ဆန့်တန်းကာ မှန်ဘီလူးကို လှမ်းပေးလိုက်၏။ လက်စထရိတ်လည်း မှန်ဘီလူးကို လှမ်းယူကာ ကြည့်ရင်း. . .

"ဒါက ဖုန်မှုန့်တွေပါဗျ" -ဟုပြောလိုက်ရာ မစ္စတာဟုမ်းက ခပ်အေးအေးပင် ပြန်ပြောလိုက်၏။

"ဒါတွေကက ထင်းရှူးသား လွှစာမှုန့်တွေပါဗျ၊ ခုတွေ့ရတဲ့ အမှုန့်တွေက မှားစရာမရှိပါဘူး၊ သူ ဘွတ်ဖိနပ်ရာ ထင်နေတဲ့အထဲက ကျုပ် ခြစ်ထုတ်ယူလိုက်တာ ခင်ဗျား တွေ့မှာပေါ့" -ဟု ရှင်းပြလေ၏။ ထိုအခါ ကျွန်ုပ်က လှမ်းပြီး. .

"တကယ်ပါပဲဗျာ၊ ကျွန်တော်ဖြင့် မတွေ့ခဲ့မိပါဘူး မစ္စတာဟုမ်းရယ်" -ဟု ပြောလိုက်၏။ ထိုအခါ မစ္စတာဟုမ်းသည် တောက်ပြောင်နေသည့် မျက်လုံးများဖြင့် ကျွန်ုပ်ကိုကြည့်ရင်း. . .

"လာဗျို့ ဝတ်ဆန်၊ ကျုပ်တို့ မြင်းဇောင်းတွေဘက်ကို သွားကြည့်ရအောင်ဗျာ" -ဟု ပြောလိုက်၏။

ကျွန်ုပ်တို့လည်း ကျောက်တုံးများစီခင်းထားသည့် ခြံဝင်းထဲသို့ ဝင်ခဲ့ကြ၏။ ဝင်းထဲတွင် ရေပန်းမှ ရေတင်နေသည့် မြင်းဇောင်း အလုပ်သမားတစ်ဦးကို တွေ့ရ၏။ မစ္စတာဟုမ်း၏ထူးခြားသော အကျင့်တစ်ခုမှာ အလုပ်သမားနှင့် တွေ့လျှင် ထိုသူအား သက်သောင့်သက်သာဖြစ်စေမည့် အာလာပသလ္လာပ စကား အနည်းငယ်ပြောလေ၏။ စကားအနည်းငယ်မျှ ပြောပြီးချိန်တွင်ကား ထိုသူသည် သူမေးမည့် မေးခွန်းများကို လွယ်လင့်တကူ ရှောရှောရှူရှူ ပြောကြားကြသည်သာ ဖြစ်လေ၏။

ယခုလည်း အခင်းဖြစ်သည့်ညက သူကောင်းကြီးသည် မည်သည့်မြင်းကို ထုတ်ယူ၍ စီးသွားကြောင်း သိရန် ခဲယဉ်းနေပြီ-ဟု ပြောလိုက်ရုံမျှနှင့် ထို



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားဖြစ်သူသည် ချက်ချင်းပင် အဖြေထုတ်ပေးလိုက်၏။

သူကောင်းကြီး စီးသွားတာ ရိန်းဂျားဆိုတဲ့ မြင်းပါခင်ဗျ၊ ဒါက သူ့ကိုထားတဲ့ မြင်းဇောင်းပေါ့. . သူ့ခွာတွေကို ကြည့်ချင်သေးသလား ခင်ဗျာ အို. . ဘာဖြစ်လို့ မကြည့်တော့တာလဲ၊ ဟောဒီမှာလေ ဆရာတို့ ကြိုက်သလောက် ခါးနဲ့ခြစ်ယူပါ၊ ကျောက်ခဲအစအနတော့ တစ်လုံးမှ တွေ့မှာတော့ မဟုတ်ဘူး"

မစ္စတာဟုမ်းသည် မြင်းခွာမှ မြေကြီးအစအနတစ်ခုကို အနီးကပ် စစ်ဆေးပြီးနောက် ထိုမြေကြီးအစကို စာအိတ်တစ်အိတ်နှင့် သေချာစွာ ထည့်ထားလိုက်ပြီးနောက် ရွှေဒင်္ဂါး ငါးမူးပြားတစ်ပြားကို ထုတ်ယူလိုက်ပြီး ထိုအလုပ်သမား၏ လက်ထဲသို့ ထည့်လိုက်ကာ ကျွန်ုပ်တို့လည်း ဝင်းထဲမှ ထွက်လာခဲ့ကြ၏။ ထို့နောက် မစ္စတာဟုမ်းသည် ရုတ်တရက် ပြောလိုက်၏။

"ကိုင်း. . ဝတ်ဆန်ရေ. . ကျုပ်တို့တော့ အိမ်ထဲက ဦးထုပ်နဲ့ လမ်းလျှောက်တုတ်တွေယူပြီး တည်းခိုရိပ်သာကို ပြန်ဖို့ပဲရှိတော့တယ်၊ ကဲ. . လက်စထရိတ်ရေ. . မီးဖိုရှေ့က ကုလားထိုင်ကိုသာ သတိထားပေတော့ဗျို့"-ဟု ပြောလိုက်ရာ လက်စထရိတ်သည် အိမ်ရှေ့တံခါးပေါက်တွင် ပေါ်လာပြီး. .

"ဗျာ. . မီးဖိုရှေ့မှာ ဘာကုလားထိုင်မှ မရှိဘဲ"

"အဲဒါကြောင့် သတိထားလို့ ပြောတာပေါ့ဗျာ၊ ကဲ. . ဝတ်ဆန်ရေ လာဗျို့၊ ဒီညတော့ ဒီမှာ ဘာမှ နောက်ထပ်လေ့လာစရာ မရှိတော့ဘူးဗျ"

ညသည် သာသာယာယာဖြင့် တဖြည်းဖြည်း ကုန်ဆုံးသွားလေ၏၊ ကျွန်ုပ်မှာမူ မစ္စတာဟုမ်း၏လုပ်ပုံကြောင့် စိတ်တိုခြင်း ဖြစ်ရလေ၏။ ကျွန်ုပ်၏ မေးခွန်းများကိုမူ မနက်ဖြန်ကျမှ ပြောမည်-ဟု ဆိုပြီး သူသည် တည်းခိုခန်းပိုင်ရှင်နှင့် စိတ်ဝင်စားဖွယ် မကောင်းသည့် အကြောင်းအရာများကိုသာ ပြောဆိုနေလေသည်။

နောက်တစ်နေ့နံနက် ကျွန်ုပ်အိပ်ရာမှ နိုးလာသောအခါ မစ္စတာဟုမ်းသည် လွန်ခဲ့သည့် နှစ်နာရီလောက်ကတည်းက နံနက်စာစားပြီးနောက် ထွက်သွားခဲ့သည်-ဟု သိရသဖြင့် ကျွန်ုပ်လည်း အံ့ဩမိ၏။ ကျွန်ုပ်တစ်ယောက်တည်း နံနက်စာ စားရလေတော့၏။ စားပြီးခါနီးတွင် မစ္စတာဟုမ်း ပြန်ရောက်လာလေ၏။ သူ့ကို ကြည့်ရသည်မှာ လေကောင်းလေသန့် ကောင်းစွာရသည့် နေရာတွင် လေ့ကျင့်ခန်းလုပ်ခဲ့ရသဖြင့် အားအင်ပြည့်ဖြိုးပြီး ရွှင်လန်းတက်ကြွနေပုံရလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ကျွန်ုပ်က လှမ်းမေးလိုက်၏။

"ခင်ဗျား ဘယ်သွားနေတာလဲ" -ဟု မေးလိုက်ရာ သူသည် ခပ်အုပ်အုပ်ရယ်ရင်း. . .

"အိပ်တန်းစောစောထတဲ့ ငှက်တွေရဲ့ နမူနာကို လိုက်တာပေါ့ဗျ၊ ခင်ဗျားစားသောက်ပြီးရင် ကျုပ်တို့ ဖေါက်ရက်ကို သွားရအောင်၊ အဲဒီမှာ လက်စထရိတ်ကိုလဲ ဝင်ခေါ်သွားအောင်ဗျာ၊ အခုကိစ္စမှာ သူ့ကို တိုက်ရိုက်သုံးလို့ရတဲ့နေရာတွေ ရှိသေးတယ်"

နောက် နာရီဝက်ခန့်အကြာတွင် ကျွန်ုပ်တို့သည် ဖေါက်ရက်စံအိမ်ကြီးသို့ ရောက်ရှိလာကြသည်။ လက်စထရိတ်သည် ကျွန်ုပ်တို့အား တွေ့သော် စိတ်မပါသော ပုံဟန်ဖြင့် နှုတ်ခွန်းဆက်သသော်လည်း မစ္စတာဟုမ်းကိုမူ တအံ့တသြ အမူအရာဖြင့် စိုက်ကြည့်နေလေ၏။ ထို့နောက် သူက. . .

"မြက်တော၊ ခြုံတောတွေထဲမှာ ဘာဖြစ်လို့ လမ်းလျှောက်နေရတာလဲဗျာ၊ ဘာတွေများ အရေးကြီးလာပြန်ပြီလဲဗျ" -ဟု လှမ်းပြောလိုက်ရာ မစ္စတာဟုမ်းသည် သူ့ဖက်သို့ လှည့်ကြည့်ပြီး ခပ်တင်းတင်း အမူအရာဖြင့်. . .

"ကောင်းပြီ. . မလိုက်ချင်လဲ နေပါလေ၊ သူကောင်းကြီး အက်ဒယ်တန်သတ်မှုအတွက် တရားခံအစစ်ကို ဖမ်းတဲ့နေရာမှာ ခင်ဗျား နာမည်ရပါစေတော့ သဘောနဲ့ လာခေါ်တာပဲလေ"

"တကယ် ဟုတ်ရဲ့လားဗျ၊ ဒါနဲ့ သက်သေခံကကော. . "

ထိုအခါ မစ္စတာဟုမ်းသည် သူ့လမ်းလျှောက်တုတ်ကို မြှောက်ပြီး လယ်ကွင်းပြင်များကိုကျော်၍ ဟိုးအဝေးဆီမှ မှိုင်းပြပြ တောအုပ်ချိုင့်ဝှမ်းနေရာသို့ ညွှန်ပြလိုက်လေ၏။

"တရားခံက အဲဒီမှာ" -ဟု မစ္စတာဟုမ်းသည် ခပ်အေးအေး ပြန်ပြောလိုက်၏။

ထိုနေ့က လမ်းလျှောက်ခဲ့ရပုံကိုတော့ ကျွန်ုပ် တစ်သက် မေ့နိုင်တော့မည် မဟုတ်ပေ။ ကျွန်ုပ်သည် မစ္စတာဟုမ်း၏ မြင့်မားသည့် အရပ်အမောင်းနှင့် ကိုယ်လုံးနောက်မှ လိုက်ပါ လျှောက်လာခဲ့၏။ မြက်ခင်းများကို ဖြတ်၍ နောက်ဆုံး မြက်တောကြီးကို ရောက်သည်အထိ လျှောက်လာကြ၏။ လက်စထရိတ်လည်း ကျွန်ုပ်ထက်ပို၍ ဘာတစ်ခုမှ တွေးမိမည် မဟုတ်ပေ။ တစ်မိုင်ကျော်ခန့် လျှောက်လာပြီးသောအခါမှ တောင်ကြားချိုင့်ဝှမ်းအစသို့ ရောက်ရှိကြလေ၏။

www.burmeseclassic.com



ထင်းရှူးတောအတိုင်း ဆင်းသွားကြသည်တွင် သစ်ခွဲစက်တစ်ခု၏အသံကို ကြားရလေ၏။ ထိုအခါ၌ ပတ်ဝန်းကျင်ရှိ လေထုထဲ၌ ထင်းမီးသွေးအနံ့ပါလာသည်ကို ရှုရှိုက် သိရှိရလေ၏။ လေးငါးဆယ်မိနစ်မျှ ကြာလျှင် ကျွန်ုပ်တို့သည် အက်ရှုဒေါင်းသစ်ခွဲစက်များကြားသို့ ရောက်ရှိနေကြောင်း တွေ့ရလေ၏။

ထိုအခါ မစ္စတာဟုမ်းသည် မန်နေဂျာ-ဟု ဆိုင်းဘုတ် တပ်ထားသည့် တဲတစ်လုံးအတွင်းသို့ တွန့်ဆုတ်ခြင်းမရှိဘဲ ဦးဆောင်၍ လမ်းပြသွားပြီးနောက် တံခါးကို ခပ်ဆတ်ဆတ် ခေါက်လိုက်၏။ တစ်ခဏမျှကြာလျှင် တံခါးသည် ဖြုန်းကနဲ ပွင့်သွားလေ၏။ တံခါးဝတွင် လူတစ်ယောက်ပေါ်လာ၏။ ကျွန်ုပ် တစ်သက်တွင် ထိုသူထက် ပို၍ စက်ဆုပ်ဖွယ်ကောင်းသည့်လူမျိုးကို မမြင်ဖူးပါ။

ထိုသူ၏ပုံပန်းသည် ဘီလူးတစ်ကောင်ကဲ့သို့ ဖြစ်နေပြီး သူ၏ကျယ်ပြန့်သည့် ပခုံးများက တံခါးဝကို ပိတ်ဆို့ထားလေ၏။ ကျိုးတိုးကျဲတဲ ဖြစ်နေသည့် အနီရောင် သွားမုတ်ဆိတ်များ ရင်ဘတ်ပေါ်သို့ ကျနေပုံမှာ ခြသေ့်တစ်ကောင်၏ လည်ဆံမွေးနှင့် တူနေလေ၏။ သူက ဟိန်းသံကြီးဖြင့်. . .

"ဘာကိစ္စရှိလို့လဲ" -ဟုမေးလိုက်ရာ မစ္စတာဟုမ်းက ယဉ်ယဉ်ကျေးကျေးဖြင့်. . .

"မစ္စတာသောမတ်ဂရီယာလီနဲ့ တွေ့ချင်လို့ပါခင်ဗျာ"

ထိုအခါ ထိုလူထွားကြီးသည် ခဏကြာ ငြိမ်သက်နေပြီး ဆေးရွက်ကြီးတစ်စကို ကိုက်၍ဝါးလိုက်၏။ သူ့မျက်လုံးများက ကျွန်ုပ်တို့လူစုကို ဒေါသစက်နှေးကွေး လေးကန်စွာ စိုက်ကြည့်နေလေ၏။ ပြီးမှ သူက. . .

"သူ့ကို တွေ့ရင်ကော ဘာကိစ္စရှိလို့လဲ" -ဟု ပြန်မေးလိုက်ရာ မစ္စတာဟုမ်းက ခပ်အေးအေးပင်. . .

"သူ့မိတ်ဆွေတွေကတော့ သူ့ကို လောင်းတွမ်လို့ ခေါ်ကြမယ် ထင်ပါရဲ့၊ ကဲ. . မစ္စတာ သောမတ်ဂရီယာလီ၊ ခင်ဗျားရဲ့မှားယွင်းခဲ့တဲ့ လုပ်ရပ်အတွက် အပြစ်မရှိတဲ့ လူတစ်ယောက် ဒုက္ခရောက်နေရတာ ခင်ဗျားအတွက်လဲ အကျိုးမရှိပါဘူးဗျာ"

ထိုအခါ လူဘီလူးကြီးသည် တစ်ခဏကြာမျှ ကျောက်ရုပ်တစ်ရုပ် ကဲ့သို့ ငြိမ်သက်သွားလေ၏။ ထို့နောက် သူသည် တောရိုင်း တိရစ္ဆာန်တစ်ကောင်ကဲ့သို့ ဟိန်းပြီး မစ္စတာဟုမ်းကို သူ့ကိုယ်လုံးနှင့် ဝင်တိုက်လေ၏။ ကျွန်ုပ်လည်း သူ့ခါးကို ဖမ်းဆွဲထားလိုက်၏။ မစ္စတာဟုမ်းက တွဲလောင်းကျနေသည့် သူ့



www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ရှည်ကို တအား ဆောင့်ဆွဲထားလေ၏။ သို့သော် လက်စထရိတ်က သာ ထိုသူ၏ခေါင်းကို ပစ္စတိုနှင့် တေ့မထားလျှင်မူကား ကျွန်ုပ်တို့အဖို့ အခေတ်ပင် အခက်အခဲ တွေ့နိုင်လေသည်။

သူသည် သူ့နားထင်နှင့် ဒေါ်စက်သော သံမဏိတို့၏ အထိအတွေ့ကြောင့် မရုန်းကန်နိုင်တော့ပေ။ ခဏအကြာတွင် မစ္စတာဟုမ်းသည် ထိုသူ၏ ကြီးမားကြမ်းတမ်းသော လက်ကောက်ဝတ်များကို လက်ထိပ်ခတ်လိုက်လေတော့၏။ သူ့မျက်လုံးများကို ကြည့်ခြင်းအားဖြင့် ဂရိယာလီသည် ကျွန်ုပ်တို့အား ဆပ်မံတိုက်ခိုက်မည့် အရိပ်အယောင်ကို မတွေ့မြင်ရတော့ပေ။ သို့သော် သူသည် နောင်တရသည့် ရယ်မောခြင်းမျိုးဖြင့် ရုတ်တရက် ရယ်မောလိုက်ပြီးသူ၏မုတ်ဆိတ်မွေးများ ထူလပျစ် ပေါက်ရောက်နေသည့်မျက်နှာကို မစ္စတာဟုမ်းဘက်သို့ လှည့်လိုက်၏။

"ကျွန်တော် ခင်ဗျားကိုတော့ ဘယ်သူဘယ်ဝါမှန်း မသိရပါဘူး၊ ဒါပေမယ့် ခုလိုဖမ်းတာ တရားပါတယ်၊ ဒီတော့ ခင်ဗျား ဘယ်လိုလုပ်ပြီး သိတယ်ဆိုတာ ပြောပြရင် ကျွန်တော် ခင်ဗျားမေးတာ အားလုံးဖြေပါ့မယ်" -ဟု ပြောလိုက်၏။ ဤတွင် လက်စထရိတ်သည် ရှေ့သို့တိုးလာပြီး ကြီးကျယ်ခမ်းနားထည်ဝါသော ဗြိတိသျှတရားဥပဒေ၏ တရားမျှတမှုရှိသော အမူအရာမျိုးဖြင့် ဝင်ပြောလေ၏။

"မင်းကို တစ်ခု သတိပေးထားရဦးမယ်. ."

သူ့စကားမဆုံးမီပင် တရားခံက သူ့ကိုလက်ကာပြပြီး ဘေးသို့ ဖယ်စေလိုက်၏။ ထို့နောက် တရားခံမစ္စတာလောင်းတွမ်က. .

"ဟုတ်တယ်၊ ကျုပ် သူ့ကို သတ်လိုက်တယ်၊ မတရားလုပ်တဲ့ အက်ဒ်ဝပ်ဘန်လို လူစားကို ကျုပ်သတ်တယ်၊ အဲဒီတော့ အခုကစပြီး ကျုပ်ဟာ စိတ်လက်ခပ့်ပေါ့ပါးပါးနဲ့ ရင်ဆိုင်ပါတော့မယ်၊ ကဲ. . ရှင်းပြီလား၊ လာ. . အထဲဝင်ထိုင်ကြပါဗျာ"

သူသည် သူ့ရုံးခန်းကလေးထဲသို့ ဦးဆောင်ခေါ်သွားပြီး သူသည် သူ့ကုလားထိုင်တွင်ထိုင်ပြီး ကျွန်ုပ်တို့လည်း သင့်သလို ထိုင်ကြရလေ၏။

"ကျွန်တော့်ကို ခင်ဗျား ဘယ်လိုလုပ်ပြီး တွေ့တာလဲဗျ၊ မစ္စတာ. ." -ဟု သူသည် သတိမမူမိဘဲ မေးပြန်၏။ လက်ထိပ်ခတ်ခံထားရသည့် သူ့လက်များကို မြှောက်၍ ကွမ်းစားဆေးတစ်ဖဲ့ကို ကိုက်ဖဲ့လိုက်၏။ မစ္စတာဟုမ်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း တည်ကြည်သော အမူအရာမျိုးဖြင့် အဖြေပေးလေ၏။

"အပြစ်မဲ့သူ မစ္စတာပါစီလောင်တန်အတွက် ကံကောင်းချင်တော့ ကျုပ်က ခင်ဗျားရဲ့ သဲလွန်စတချို့ကို ရခဲ့တယ်၊ ဒီအမှုကို စပြီး ကြားခါစ,တုန်းကရော၊ အခင်းဖြစ်တဲ့နေရာကို မရောက်ခင်လေးတုန်းကပါ ကျုပ်စိတ်ထဲမှာ မစ္စတာပါစီလောင်တန်မှာ အပြစ်ရှိတယ်လို့ ထင်ခဲ့တယ်၊ ဒါပေမယ့် အခင်းဖြစ်တဲ့နေရာကိုရောက်လို့ ဖြစ်ပျက်ပုံကို မြင်လိုက်ရတော့ ကျုပ်ရဲ့ ထင်မြင်ယူဆချက်တွေဟာ အားလုံး ပြောင်းလွဲသွားခဲ့ပါတယ်၊ တွေ့ရတဲ့ သဲလွန်စတွေက သူ့ချည်းပဲကြည့်ရင် အရေးမပါပေမယ့် ဖြစ်ရပ်တစ်ခုလုံးကို ခြုံပြီး ကြည့်လိုက်ရင်တော့ အရေးပါနေတာတွေ တွေ့လိုက်ရတယ်၊ သူကောင်းကြီး အက်ဒယ်တန်ကို သေစေခဲ့တဲ့ ကြောက်စရာ ရိုက်ချက်ကြောင့် သွေးတွေဟာ မီးဖိုအနားမှာရှိတဲ့ နံရံပေါ်မှာ စဉ်ပြီး ထင်ကျန်စေခဲ့တယ်၊ ဒါဖြင့်ရင် သူ့ကိုသတ်ပါတယ်-လို့ စွပ်စွဲခံရတဲ့ မစ္စတာလောင်တန်ရဲ့ အင်္ကျီအရှေ့ပိုင်းမှာ ဘာကြောင့် သွေးတွေ စဉ်မနေသလဲ၊ ပေမနေသလဲ၊ ဒီနေရာမှာ စဉ်းစားစရာပေါ်လာပြီ"

"နောက်တစ်ချက်က သေတဲ့လူ လဲကျသွားတဲ့ မီးဖိုနားတဝိုက်မှာ ကုလားထိုင် မရှိဘူး၊ ဒါကြောင့် သူကောင်းကြီးဟာ မတ်တတ်ရပ်နေတဲ့ အနေအထားမှာပဲ အသတ်ခံလိုက်ရတာပဲ ဖြစ်ရမယ်၊ ထိုင်နေတုန်း အသတ်ခံရတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပေဘူး၊ ဒီတော့ ခေါင်းခွံကို ကွဲလောက်အောင် ထုရိုက်ဖို့ဆိုရင် အနည်းဆုံး သူကောင်းကြီးနဲ့ အရပ်အမောင်းချင်း တူမှဖြစ်နိုင်မယ်၊ မစ္စစ်လောင်တန်ရဲ့ ပြောပြချက်အရဆိုရင် သူကောင်းကြီးဟာ အရပ်ခြောက်ပေကျော်ရှိတယ်၊ သူမရဲ့ခင်ပွန်း မစ္စတာလောင်တန်က အဲဒီလောက် အရပ်မမြင့်ဘူးဆိုတာ သိရတယ်၊ ဒီတော့ လူသတ်သမားဟာ ဘယ်နည်းနဲ့မှ မစ္စတာလောင်တန် မဖြစ်နိုင်ဘူး၊ ဒါဖြင့် လူသတ်သမားဟာ ဘယ်သူမျိုး ဖြစ်နိုင်မလဲ"

"မေးရင်းမြန်းရင်းနဲ့သိလာရတာကတော့ အဲဒီနေ့မနက်က သူကောင်းကြီးဆီကို စာတစ်စောင်လာတယ်၊ အဲဒီစာကို သူကောင်းကြီးက မီးရှို့ပစ်လိုက်ပါတယ်၊ ညပိုင်းကျတော့ မြေအရောင်းအဝယ်နဲ့ပတ်သက်လို့ တူဝရီးနှစ်ယောက် စကားများကြတယ်။ သူကောင်းကြီး အက်ဒယ်တန်ဟာ ချမ်းသာကြွယ်ဝသူ တစ်ယောက်ပေပဲ၊ ဒါဖြင့်ရင် သူဟာ ဘာဖြစ်လို့ မြေတွေ ပိုင်းရောင်းပစ်နေတာလဲ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ဘာဖြစ်လို့ ရောင်းရ



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ၊ ဒီလူဟာ ရေရေလည်လည် ငွေညှစ်ခံနေရတဲ့သဘောပဲပေါ့"

ဤနေရာတွင် ဂရီယာလီသည် ဒေါသအရှိန် ပြင်းထန်စွာဖြင့်. . .

"ဒါဟာ လိမ်နေတာ၊ သူ မတရားယူခဲ့တာတွေကို ပြန်ပေးရတဲ့ သဘောပဲ၊ ဒါ အမှန်တရားပဲ"-ဟု ဝင်ပြောလေ၏။ ထို့နောက် မစ္စတာဟုမ်းက ဆက်ပြီး ပြောလေ၏။

"အခင်းဖြစ်ပွားခဲ့တဲ့ အခန်းကို စစ်ဆေးကြည့်တော့ ဘွတ်ဖိနပ်ရာ တွေ ခပ်ရေးရေး မြင်ရတယ်၊ အဲဒါကို ဂရုစိုက်ခိုင်းတာပေါ့ လက်စ်ထရိတ်ရဲ့ ရာသီဥတုက ခြောက်သွေ့နေတာ၊ ဒီတော့ ဒီဖိနပ်ရာတွေဟာ ဖြစ်မှုကျူးလွန်ပြီး မှ ဖြစ်လာတာပါ။ လူသတ်သမားရဲ့ ဘွတ်ဖိနပ်က စိုနေတယ်၊ ဘာဖြစ်လို့လဲဆို တော့ သူက သွေးကွက်ထဲကို နင်းခဲ့တာကိုး၊ မှန်ဘီလူးနဲ့ကြည့်တော့ ဘွတ်ဖိနပ် ရာမှာ ကပ်နေတဲ့ အမှုန့်တွေကို တွေ့ရတယ်၊ အနီးကပ်ကြည့်လိုက်တော့ ဒီ အမှုန့်တွေဟာ ထင်းရှူးသားလွှစာမှုန့်တွေ ဖြစ်တယ်၊ တစ်ခါ သူကောင်းကြီး အဲဒီညတုန်း စီးသွားခဲ့တဲ့ ရိန်းဂျားဆိုတဲ့ မြင်းမရဲ့ခွာတွေမှာလဲ အလားတူ လွှစာ မှုန့်တွေကို တွေ့ရတယ်၊ ဒီတော့လဲ အခင်းဖြစ်တဲ့ညက ဖြစ်ပွားခဲ့ပုံတွေကို အ ခေတ်အတန်တော့ ပုံဖော်နိုင်ခဲ့တာပေါ့လေ"

"အဖိုးတန်တဲ့မြေတွေကို ရောင်းမပစ်ဖို့ တူဖြစ်တဲ့သူက ပြင်းပြင်းထန် ထန် ပြောခဲ့တဲ့အတွက် သူကောင်းကြီးဟာ ညစာလည်း စားပြီးရော သူ့မြင်းကို စီးပြီးတော့ အမှောင်ထဲကို ထွက်သွားတော့တာပဲ၊ သူ့ကြည့်ရတာကတော့ သူ ဟာ တစ်စုံတစ်ယောက်ကို သွားတွေ့ပြီး ပြောဆိုတောင်းပန်ဖို့ ရည်ရွယ်ခဲ့ပုံရ တယ်၊ အဲ ညသန်းခေါင်လောက်လဲ ရောက်ရော၊ အဲဒီလူက ရောက်လာပါရော ဗျာ၊ ရောက်လာတဲ့လူဟာ အရပ်အမောင်းကလည်း သူ့ထက်မြင့်တယ်၊ ခွန်အား ဗလကလည်း တစ်ချက်တည်းနဲ့ သူကောင်းကြီးရဲ့ ဦးခေါင်းခွံကို ကွဲသွားလောက် အောင် ရိုက်နိုင်တဲ့ အင်အားကလည်း ကြီးမားတယ်၊ သူစီးလာတဲ့ ဘွတ်ဖိနပ်ရဲ့ အောက်မှာလည်း ထင်းရှူးသားလွှစာမှုန့်တွေ ပါလာတယ်၊ အဲဒီလူနှစ်ယောက် စကားများကြတယ်၊ အပေးအယူ မတည့်ကြဘူး၊ ခြိမ်းခြောက်မှုတွေ ပါလာကြ တယ်၊ လောလောဆယ်မှာ အရပ်မြင့်မြင့် လူက နံရံမှာ ချိတ်ထားတဲ့ ပုဆိန်ကြီး ကို ယူပြီး ခေါင်းကိုထုခွဲပစ်လိုက်တယ်၊ ပြီးတော့ ပြန်ထွက်သွားခဲ့တယ်၊ ဒီစက် လွှစက်ဆိုတာ စံအိမ်ကြီးရဲ့ အောက်ဘက်မှာရှိတဲ့ တောင်ကြားချိုင့်ဝှမ်းထဲမှာ အက်ရှ်ခေါင်းသစ်စက်ရှိနေတယ်-ဆိုတာလဲ သိလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ဒီရခဲ့တဲ့ သဲလွန်စဟာ သူကောင်းကြီးရဲ့ ခပ်စောစောပိုင်း ဘဝမှာ ရှိခဲ့တဲ့ မကျေမချမ်း ဖြစ်ခဲ့တဲ့ အကြောင်းအရာတစ်ခုခုက စ,ခဲ့ရလိမ့်မယ်လို့ သိခဲ့ရတယ်။ တည်းခိုရိပ်သာပိုင်ရှင်နဲ့ စကားစပ်မိရင်း သိရသလောက်ကတော့၊ ဟိုး လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ဩစတြေးလျလူမျိုးတစ်ယောက်ကို အက်ရှ်ဒေါင်းသစ်စက်မှာ မန်နေဂျာ ခန့်လိုက်တယ်၊ အဲဒါ သူကောင်းကြီး အက်ဒယ်တန်ရဲ့ ကိုယ်ပိုင်ထောက်ခံချက်နဲ့ ခန့်လိုက်တာလို့ သိလိုက်ရတယ်၊"

"ဒီနေ့မနက် ခင်ဗျား တဲထဲက ထွက်လာခဲ့တယ်၊ ဒီနေ့ လုပ်စရာရှိတာတွေကို ညွှန်ကြားဖို့ အတွက်လေ၊ အဲဒီအချိန်မှာ ကျုပ်ဟာ သစ်ပုံကြီးနောက်မှာ ရှိနေတယ်၊ ခင်ဗျားကိုလဲ မြင်လိုက်ရော၊ ဒီအမှုဟာ ဒီနေရာမှာတင် လမ်းဆုံးပြီလို့ သိလိုက်ပါတယ်"

မစ္စတာဟုမ်း၏စကားကို အာရုံအပြည့်အဝစိုက်၍ နားထောင်နေသည့် ဩစတြေးလျ လူကြီးမင်းသည် သူ့ကုလားထိုင်နောက်ကျောသို့ မှီလိုက်ပြီး ခါးသီးစွာ ပြုံးလိုက်လေ၏။ ပြီးနောက် သူသည် မခိုးမခန့်လေသံနှင့် ပြန်ပြောလိုက်လေ၏။

"သူတို့က ခင်ဗျားကို အကူအညီတောင်းလိုက်တော့ ကျွန်တော် ကံဆိုးရတာပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော်ဟာ ကတိပျက်တတ်တဲ့ လူစားတော့ မဟုတ်ဘူး၊ ခင်ဗျားတို့ သိဖို့ လိုအပ်တဲ့အချက်ကလေးတွေ နည်းနည်းပါးပါး ရှိသေးတယ်"

"ဇာတ်လမ်းစ,ခဲ့တာကတော့ ၁၈ရာစုနှစ် အစောပိုင်းကာလလောက်က စ,ပါပဲ၊ ကယ်လ်ဂူရီမှာ ရွှေတွေ အကြီးအကျယ် တူးကြတုန်းကပေါ့ဗျာ၊ ကျွန်တော်နဲ့ ကျွန်တော့်ညီဟာ အင်္ဂလိပ်လူမျိုးတစ်ယောက်နဲ့တွဲပြီး အလုပ်လုပ်ခဲ့ကြတယ်၊ သူ့ကိုတော့ "ဘူလီ အက်ဒယ်တန်"-လို့ လူတွေက သိကြတယ်။ လုပ်ငန်းကလည်း အောင်မြင်ပါတယ်၊ အဲဒီကာလတုန်းက ရွှေတွင်းကို သွားတဲ့လမ်းတွေဟာ သိပ်ပြီး ဘေးမကင်းသေးဘူး ခင်ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ချောင်းပြီး လုတဲ့ ယက်တဲ့လူတွေ ရှိတယ်၊ လုပ်ငန်းစ,ပြီးလို့ တစ်ပတ်လောက်အတွင်းမှာပဲ ကျွန်တော့်ညီနဲ့ အက်ဒယ်တန်တို့ဟာ ရွှေကြောကို တွေ့သွားကြတယ်၊ ကယ်လ်ဂူလီက ရွှေသယ်တဲ့ မြင်းရထားကို ခါးပြတိုက်ခံခဲ့ရပြီး အစောင့်နဲ့ ရထားမောင်းတို့ဟာ ပစ်သတ်တာ ခံလိုက်ရပါတယ်"

ဘူလီအက်ဒယ်တန်ရဲ့ လီဆယ်စွပ်စွဲချက်တွေ၊ လိမ်ညာတိသက်သေ



www.burmeseclassic.com

www.burmeseclassic.com



ခတွေကြောင့် ကျွန်တော့်ညီဟာ ဖမ်းဆီးအမှုစစ်တာကို ခံရတယ်၊ အဲဒီအခုံးနီ တုန်းက ဥပဒေဟာ ဆုံးဖြတ်အပြစ်ပေးတာ သိပ်မြန်ဆန်လွန်းပါတယ်၊ ညတွင်း ချင်းပဲ ကျွန်တော့်ညီကို သေဒဏ်ပေးပြီး သစ်ပင်တစ်ပင်မှာ ကြိုးဆွဲချပြီး အဆုံး စီရင်စေလိုက်ပါတယ်၊ အက်ဒယ်တန်ကတော့ ရွှေတွင်းကို သူ တစ်ဦးပိုင် ရရှိ လိုက်ပါတယ်"

"အဲဒီအချိန်တုန်းက ကျွန်တော်ဟာ တောင်တန်းပြာပေါ်မှာ ရှိနေပြီး သစ်ခုတ်တဲ့လုပ်ငန်း လုပ်နေတာပါ၊ ကိစ္စဝိစ္စတွေဖြစ်ပြီး နှစ်နှစ်လောက်ကြာပြီး မှ ဒီအကြောင်းကိုသိရတာပါ။ အဲဒါကလည်း ရွှေတူးသူတစ်ယောက်ကို နှုတ် ပိတ်ခံရတဲ့ သေခါနီး လူတစ်ယောက်က ပြန်ပြောပြသွားလို့ သိရတာပါ"

"အက်ဒယ်တန်ကတော့ ဒုနဲ့ဒေးနဲ့ စုဆောင်းမိပြီး သူ့ဒေသကို ပြန် သွားခဲ့တယ်၊ ကျွန်တော်ကတော့ သူ့နောက်ကိုလိုက်ဖို့ ငွေက မရှိဘူး၊ အဲဒီတော့ အလုပ်တွေကို တစ်ခုပြီးတစ်ခု ပြောင်းလုပ်ပြီး ငွေကို စုရတာပေါ့၊ ကျွန်တော့်ညီ ကို သတ်တဲ့လူကို ရှာဖို့ပေါ့ဗျာ"

"ကျွန်တော် အက်ဒယ်တန်နေအိုးကို ရောက်ဖို့ နှစ်ပေါင်းနှစ်ဆယ် လောက် ကြာခဲ့ရတယ်၊ အဲဒီလို တပင်တပန်း စောင့်ခဲ့ရသမျှတွေဟာ အဲဒီတခဏ် ဖြစ်လိုက်တဲ့ အဖြစ်အပျက်နဲ့ပဲ ကျေလောက်ပါတယ်ဗျ၊ ဖြစ်ပုံက ဒီလိုဗျ"

"ကျွန်တော်နဲ့ သူ စပြီးတွေ့တဲ့ မနက်က "မောနင်း ဘူလီ"-လို့ နှုတ် ဆက်လိုက်တော့ သူ့မျက်နှာဟာ ပတ်တီးတစ်လိပ်ရဲ့ အသွေးအရောင်လို ဖြူ ဖျော့သွားပြီး ဆေးတံကြီးကလဲ သူ့ပါးစပ်ထဲက ထွက်ကျသွားပါတော့တယ်၊ အဲဒီ နောက် သူလဲအသက်ကို မနည်းအားယူပြီး ရှုရင်း "လောင်းတွမ် ဂရိယာလီ"- လို့ လွှတ်ခနဲ ပြန်ပြီးအော်ပါတော့တယ်။ ကျွန်တော်ကတော့ သူဟာ ကျွန်တော့် ကို မမျှော်လင့်ဘဲ မြင်လိုက်ရရင် မေ့မြောသွားလိမ့်မယ်တောင် ထင်ထားတာဗျ"

"အဲဒီနောက်တော့ ကျွန်တော်တို့ စကားပြောကြတယ်ပေါ့ ခင်ဗျာ၊ ကျွန်တော်က သူ့ကို ကျွန်တော့်အတွက် အလုပ်ရှာခိုင်းရတာပေါ့ဗျာ၊ ပြီးတော့မှ သူ့ကို တဖြည်းဖြည်း ပါးပါးလှီးရတာပေါ့ဗျာ၊ သူ့ဆီမှာ ငွေညှစ်တာ မဟုတ်ပါ ဘူး၊ မတရားသဖြင့် သေသွားခဲ့ရတဲ့ ကျွန်တော့်ညီရဲ့ ပစ္စည်းတွေကို ပြန်ရအောင် ယူရတာပါ။ လွန်ခဲ့တဲ့ နှစ်ရက်လောက်တုန်းက ကျွန်တော် သူ့ဆီ စာထပ်ရေး လိုက်ပါတယ်၊ အဲဒီ ညတွင်းချင်းပဲ သူ ကျွန်တော့်ဆီ ဆင်းလာတော့တာပါပဲ၊ သူဟာ ကျွန်တော့်ကိုလဲ ကျိန်ဆဲလိုက်တာဗျာ၊ မပြောပါနဲ့တော့၊ ကျွန်တော်ဟာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဒုက္ခရောက်အောင် လုပ်ပါတယ်တဲ့၊ ကျွန်တော်ကလဲ သူ့ကို အချိန်ပေးလိုက်ပါတယ်၊ အဲဒီနေ့ ညသန်းခေါင်မှာ ကြိုက်တာရွေးပါ-လို့ သတိ ပေးလိုက်ပါတယ်၊ ကျွန်တော်တောင်းတာ ပေးမလား ဒါမှမဟုတ် သူ့အကြောင်းကို အများသိအောင် ဖွင့်ပြောရမလားပေါ့ဗျာ. . . ဒါပဲပေါ့"

"သူကလဲ ကျွန်တော့်ကို သူ့စံအိမ် ဧည့်ခန်းမကြီးထဲမှာ စောင့်နေပါတယ်၊ အရက်ကလဲမူး၊ ဒေါသကလဲ ထွက်ထွက်နဲ့ ကျွန်တော့်ကို မင်းကြိုက်တဲ့နေရာကို သွားတိုင်. . ဂရုမစိုက်ဘူးပေါ့ဗျာ၊ ရဲကိုသွားတိုင်ရင်လဲ ကျွန်တော်လိုသစ်ခွဲသမားတစ်ယောက်ရဲ့ စကားကို ယုံမလား၊ သူ့လို စံအိမ်ကြီးပိုင်ရှင် တရားသူကြီးတစ်ယောက်ရဲ့စကားကို ယုံမလားပေါ့ဗျာ၊ သူဟာ ကျွန်တော့်ကို တစ်ပြားတစ်ချပ်လောက် ပေးရမှာတောင် သူ့မှာ ရှုံးတော့မလို ဖြစ်နေလိုက်တာဗျာ"

"ပြီးတော့ သူက အော်ပြီး ကြိမ်းပါသေးတယ်။ မင်းညီကို ငါလုပ်သလို မင်းကိုလဲ အဲဒီလို ငါလုပ်ပြမယ်တဲ့၊ သူ့ရဲ့ အဲဒီစကားကြောင့် ကျွန်တော့်ခေါင်းထဲက သွေးတွေ ဆူတက်လာပြီး အနီးဆုံးမှာရှိတဲ့ လက်နက်ကို နံရံက ဆွဲထုတ်ယူလိုက်ပြီးတော့ သူ့ခေါင်းကို ရိုက်ခွဲလိုက်ပါတော့တယ်"

"ပြီးတော့ သူ့ကို ငုံ့ကြည့်ပြီး အဲဒါ ငါနဲ့ ဂျင်တို့ရဲ့ ကလဲ့စားပဲ"-လို့ ပြောလိုက်ပါတယ်။ ပြီးတော့ ကျွန်တော်လဲ မှောင်ထဲမှာပဲ အက်ရှ်ခေါင်းကိုပြန်လာခဲ့ပါတယ်။ ကျွန်တော့်ဇာတ်လမ်းကတော့ ဒါပါပဲ၊ ကျွန်တော့် အလုပ်သမားတွေမလာခင် ကျွန်တော်တို့ သွားကြရအောင်လားဗျာ"

လက်စ်ထရိတ်နဲ့ သူ့အကျဉ်းသားတို့သည် တံခါးဝသို့အရောက်တွင် မစ္စတာဟုမ်း၏အသံသည် သူတို့ကို ရပ်တန့်သွားစေလေ၏။

"ခင်ဗျား သူကောင်းကြီးကို သတ်ခဲ့တဲ့ လက်နက်ကိုကော ခင်ဗျားသိရဲ့လား"

"အနီးဆုံးမှာရှိတဲ့ လက်နက်ပဲလေ၊ ပုဆိန်လား၊ တင်းဘုတ်လား တစ်ခုခုပဲ"

"အဲဒါ ခေါင်းဖြတ်သမား ကိုင်တဲ့ ပုဆိန်ပေါ့ဗျာ"

လူထွားကြီးကတော့ ဘာမှ ပြန်မပြောပါ။ သို့သော် လက်စ်ထရိတ်နောက်သို့ သူလိုက်ပါသွားစဉ်တွင် တစ်ခုတည်းသော သူ့အပြုံးသည် ကြမ်းတမ်း၍ မုတ်ဆိတ်မွေးများရှိနေသော သူ့မျက်နှာကို လင်းလက်သွားစေသည်-ဟု ကျွန်ုပ် ထင်မိပါသည်။

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ဦးသည် သစ်တောများကိုဖြတ်၍ မြက်ခင်းများအတိုင်း တက်လာရာ လက်စ်ထရိတ်နှင့် အကျဉ်းသားတို့မှာ ဖေါက်ရက်စံအိမ်ကြီးဘက်တွင် ပျောက်ကွယ်သွားပါတော့သည်။ မစ္စတာရှားလော့ဟုမ်းသည် အတွေးတွင် နစ်မြောသွားဟန်ရှိပြီး အမှုတစ်ခု ပြီးဆုံးသွားသည့် တုံ့ပြန်မှုက သူ့ကို ရိုက်ခတ်နေပုံ ရလေသည်။ ကျွန်ုပ်က သူ့ကို ပြောလိုက်၏။

"ထူးဆန်းလိုက်တာနော်၊ လူတစ်ယောက်ရဲ့အမုန်းနဲ့ ရက်စက်မှုဟာ နှစ်ပေါင်းနှစ်ဆယ် ကြာပြီးတော့တောင်မှ မလျော့ပါးသေးဘူးဆိုတော့ . ."

"ဒီလိုလေ ဝတ်ဆန်ရဲ့ စစ္စလီစကားပုံ တစ်ခုရှိတယ်၊ မနွေးဘဲ အအေးအတိုင်းစားရမယ်ဆိုရင်လဲ ကလဲ့စားဆိုတဲ့အရာဟာ အရသာအရှိဆုံးဟင်းလျာပါပဲ-တဲ့၊ ဟောဟိုမှာ မစ္စစ်လောင်တန် လာနေတယ်၊ ကျေးဇူးတင်စကားတွေ ဘာတွေ ကြားနေရပါဦးမယ်ဗျာ၊ ဒီဖြတ်လမ်းက သွားကြပါစို့၊ ဒါမှ ခုနစ်နာရီ ရထားနဲ့ မြို့ကို ပြန်လို့ မီပေမပေါ့။

*The Adventure of* **FOULKES RAPH**



www.burmeseclassic.com

www.burmeseclassic.com



# အက်ဘက်ပစ္စာမြားကြီးအမှု

ကျွန်ုပ်၏ မှတ်စုမှတ်တမ်းများအရ ၁၈၈၆-ခုနှစ် ဆောင်းရာသီတွင် နိုဝင်ဘာ ၁၀-ရက်နေ့သည် ပထမဆုံး နှင်းများထူထပ်စွာကျသည့်ည ဖြစ်ကြောင်း တွေ့ရလေ၏။ တစ်နေ့လုံး မှောင်၍အေးစက်နေပြီး စူးရှသည့် လေကလည်း ပြတင်းပေါက်တံခါးများကို တိုးဝှေ့တိုက်ခတ်နေ၏။ ညဥ့်နက်သည်နှင့်အမျှ လမ်းမီးများသည် ဘေကာလမ်းအတွင်း လင်းလာပြီးနောက် လူသူကင်းရှင်းနေသည့် ပလက်ဖောင်းများပေါ်တွင် ကျနေသည့် နှင်းခဲများနှင့် မိုးနှင်းပွင့်များကို တွေ့ရလေသည်။

ကျွန်ုပ်နှင့် မစ္စတာဟုမ်းတို့မှာ ဒါ့တ်မိုးမှ ပြန်ရောက်လာသည်မှာ သီတင်းပတ်သုံးပတ်ပင် မပြည့်သေးပေ။ "ဘတ်စကာဗီခွေးကြီး"-ဟူ၍ ကျွန်ုပ်တင်နေရာတွင် ရေးသားခဲ့သော ထူးဆန်းသည့်အမှုကြီး ပြီးဆုံးသွားချိန်လည်း ဖြစ်၏။

မစ္စတာဟုမ်းထံ မေးမြန်းစုံစမ်းသည့်အမှု အမြောက်အမြား ရောက်ရှိနေသော်လည်း မစ္စတာဟုမ်းသည် တစ်မှုမျှ သူ စိတ်မဝင်စားခဲ့ပေ။ သူစိတ်ပါဝင်စားသည့်အမှုမျိုးမှာ တွေးလုံးနှင့်ကောက်ချက်များ တစ်ထပ်တည်းကျနိုင်သည့် ရှုပ်ထွေးနက်နဲသော အမှုမျိုးသာဖြစ်လေ၏။

မီးလင်းဖိုတွင် မီးကရဲနေ၏။ ကျွန်ုပ်သည် ကုလားထိုင်ကို ရှေ့သို့ ထိုင်လိုက်ရင်း ကျွန်ုပ်တို့ဧည့်ခန်း၏ မသပ်မရပ်နှင့် နှစ်လို့ဖွယ်ဖြစ်နေပုံကို စဉ်းစားနေစဉ်တွင် ကျွန်ုပ်သည် အမှန်အတိုင်း ဝန်ခံရပါမူ ဆောင်းညနှင့် မိုးနှင်းကျသံများသည် ကျွန်ုပ်၏စိတ်နှလုံးဝယ် ကျေနပ်တင်းတိမ် ရောင့်ရဲမှုကို ဖြင်

www.burmeseclassic.com



ခေါ် စေလေ၏။

မီးလင်းဖိုနှင့်ဝေးရာ အစွန်းတစ်ဖက်တွင် မစ္စတာဟုမ်းသည် ကုလားထိုင်တွင် ခွေခေါက်၍ ထိုင်နေပြီး ဖျင်းရိလျှော့ရဲစွာဖြင့် အနက်ရောင်အမှတ်အသွန်းစာအုပ်ကြီး၏ စာမျက်နှာများကို လှန်လှော၍ကြည့်ရှုနေလေ၏။

စာအုပ်၏ "ဘီ"-ဟု သတ်မှတ်ထားသည့် နေရာရှိ ဘတ်စကာဗီး-ဟု ခေါင်းစဉ်အောက်တွင် ထည့်သွင်းစရာများကို ထည့်သွင်းလိုက်၏။ သူ၏ မျက်လုံးများသည် စာအုပ်၏စာမျက်နှာတိုင်းရှိ အမည်များ၊ မှတ်ချက်များကို ကြည့်နေပြီး တစ်ခါတစ်ရံတွင် ခပ်အုပ်အုပ် ရယ်မောနေတတ်၏။ ကျွန်ုပ်သည် ဘတ်လက်စ 'လန်ဆက်' ဆေးဂျာနယ်ကို မှောက်၍ ချလိုက်ပြီး ကျွန်ုပ်အတွက် သုံးခြားနေသေးသည့် အမှုတစ်ခု၊ နှစ်ခု၏ ခေါင်းစဉ်ကို ပြောပြီး ကြည့်ပေးရန် တိုက်တွန်းမည်-ဟု စိတ်ကူးလိုက်၏။

ထိုအခိုက် ကျွန်ုပ်သည် လေတိုက်ခတ်သံများကြားမှ တံခါးခေါင်းလောင်းသံ တိုးညင်းစွာ ထွက်ပေါ်လာသည့်အသံကို ကြားလိုက်ရလေ၏။

"ခင်ဗျား ဧည့်သည်ချိန်းထားသေးလားဗျ"-ဟု ကျွန်ုပ်က မေးလိုက်လျှင် သူသည် စာအုပ်ကို ဘေးသို့ချလိုက်ရင်း . . .

"အမှုသည်ပဲ ဖြစ်မှာပေါ့ ဝတ်ဆန်ရယ်၊ နောက်ပြီးတော့လဲ အရေးကြီး ကိစ္စရှိလို့နေမှာပါ။ ဒီလိုညမျိုးမှာ လာတာဆိုတော့ . . ."

သူ့စကားမဆုံးလိုက်မီမှာပင် လှေခါးပေါ်မှ တက်လာသည့် ခြေသံများ ကြားရပြီး အခန်းတံခါးလည်း ပွင့်သွားကာ ဧည့်သည်သည် ဧည့်ခန်းထဲသို့ ဒယီးဒယိုင်ဖြင့် ဝင်လာ၏။ သူသည် ဧည့်ခန်းထဲအဝင်တွင် လောကြီးနေသဖြင့် ခလုတ်ပင် တိုက်မိပါသေး၏။ အခန်းထဲသို့ဝင်လာသူသည် အရပ်ပုပုဝင်တိုတို ဖြစ်ပြီး တစ်ကိုယ်လုံး မိုးရေများ ရွှဲစိုနေသည့် မိုးကာအင်္ကျီကို ဝတ်ဆင်ထား၏။ သိပ် လုံးပုံဦးထုပ်ကို ဆောင်းထားပြီး မေးတွင် သိုးမွေးမာဖလာနှင့်သိုင်း၍ ချည်ထားလေ၏။ အခန်းတံခါးဝတွင် အလင်းရောင်ရစေရန် မစ္စတာဟုမ်းသည် မီးအုပ်ဆောင်းကို အနည်းငယ် စောင်းငဲ့ပေးလိုက်၏။

ဝင်လာသူသည် ခေတ္တမျှ မလှုပ်မယှက်ဖြင့် ကျွန်ုပ်တို့နှစ်ယောက်ကို စိုက်ကြည့်နေလေ၏။ စိုရွှဲလာသည့် သူ့အဝတ်အစားများမှ စီးကျလာသည့် ရေများကြောင့် အောက်ရှိကော်ဇောပေါ်တွင် အမည်းကွက်ကြီးများ ဖြစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် တုတ်ခိုင်သောကိုယ်လုံး၊ ပြည့်ဖောင်းသောမျက်နှာနှင့် မာဖလာ စည်းထားသည့် သူ့ရုပ်သွင်သည် ရုပ်ပြောင်တစ်ရုပ်နှင့် တူနေလေသည်၊ သူ၏မျက်လုံးညိုများထဲတွင် အားကိုးရာမဲ့ခြင်းနှင့် မေးသိုင်းကြိုးကို ဆွဲနေသော သူ၏ တုန်ရီနေသောလက်ချောင်းများကြောင့်သာ သူ့ကို ရယ်စရာ-ဟု သဘောမထားနိုင်ခြင်း ဖြစ်လေ၏။ ထို့နောက် မစ္စတာဟုမ်းက ကြင်နာစွာဖြင့် . . .

"ခင်ဗျားရဲ့ကုတ်အကျႌကို ချွတ်လိုက်ပြီး မီးလှုံပါလား"-ဟု ပြောလိုက်ရာ ထိုသူက . . .

"ခုလို မြန်းစားကြီး ဝင်လာမိတဲ့အတွက် တောင်းပန်ပါတယ်ခင်ဗျာ၊ ဒါပေမယ့် အခြေအနေတွေက . . ."

"ဟာ မြန်မြန်လုပ်ပါ ဝတ်ဆန်ရေ"

ကျွန်ုပ် လျင်မြန်စွာ လှုပ်ရှားလိုက်သော်လည်း နောက်ကျသွားလေပြီ။ ဗိုင်း-ကနဲ လဲကျသံနှင့်အတူ ထိုသူသည် တစ်ချက်သာ ညည်းညူလိုက်နိုင်ပြီး သတိလစ်လျက် ကော်ဇောပေါ် လဲလျောင်းနေလေတော့၏။ ကျွန်ုပ်လည်း ဘေးနံရံ စင်ပေါ်မှ ဘရန်ဒီပုလင်းကို လှမ်းယူ၍ သူ့ပါးစပ်ထဲသို့ အနည်းငယ် လောင်းချလိုက်၏။ မစ္စတာဟုမ်းကလည်း လည်ပင်းရှိ သူ၏မာဖလာကို လျှော့ပေးလိုက်ပြီး ကျွန်ုပ်၏ပခုံးပေါ်မှကျော်၍ သူ့ကိုကြည့်နေလေ၏။

"ဝတ်ဆန်. . သူ့ကို ဘယ်လိုမြင်သလဲဗျ"-ဟု မစ္စတာဟုမ်းက မေးလိုက်သဖြင့် ကျွန်ုပ်က . . .

"သူ့ကြည့်ရတာ သိပ်စိတ်ထိခိုက်ခဲ့ပုံ ရတယ်။ သူ့ပုံကတော့ ကုန်ခြောက်ရောင်းတဲ့ လူတန်းစားထဲကပဲ၊ အသင့်အတင့် နေနိုင်စားနိုင်ပြီး ဂုဏ်သိက္ခာရှိတဲ့ပုံ ပေါ်တယ်။ သူ သတိရလာတော့ သူ့အကြောင်းကို ပိုပြီးသိရမှာပေါ့လေ"

သို့သော် မစ္စတာဟုမ်းသည် စဉ်းစားလိုက်ပြီး . . . "သွားစမ်းပါဗျာ၊ ဒီထက် ပိုပြီး နက်နက်နဲနဲ တွေးရမယ်၊ သူ့ငွေအိမ်တစ်အိမ်က ဘဏ္ဍာစိုးတစ်ယောက်ဟာ နှင်းမုန်တိုင်းထဲမှာ မောကြီးပန်းကြီး ပြေးလာခဲ့ပြီး ကျုပ်တို့အိမ်ခန်းရဲ့ ကော်ဇောပေါ်မှာ သတိလစ်ပြီး လဲကျသွားရတဲ့အထိ ဖြစ်ပုံထောက်တော့ သူတို့ရဲ့မီးခံသေတ္တာ ဖောက်ခံရတဲ့ ကိစ္စထက်တော့ ပိုကြီးကျယ်တဲ့ကိစ္စ ဖြစ်ရမယ်ဗျ"

"ဟာ. . . လုပ်လှချည်လား မစ္စတာဟုမ်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က တစ်ဂီနီကြေးတောင် လောင်းလိုက်ချင်ပါသေးတယ်ဗျ ကုဒ်အကျီအောက်မှာ သီးသန့်ဝတ်စုံတစ်စုံ ဝတ်ထားတာဖြစ်ရမယ်၊ ကဲ. . ကျုပ်မပြောဘူးလား"

"သူဌေးအိမ်တို့ ဘာတို့-ဆိုတာ ခင်ဗျားဘယ်လိုလုပ်ပြီး မှန်းဆလိုက်ဘာလဲ၊ ကျွန်တော်တော့ သဘောမပေါက်ဘူး"

ထိုအခါ မစ္စတာဟုမ်းသည် ညွှသည်၏ ပျော့ကျနေသော လက်နှစ်ဖက်ကို မ,ယူလိုက်ပြီး ပြလေ၏။

"ဒီမှာကြည့်၊ လက်မနှစ်ခုလုံးရဲ့အသားက ညိုနေတယ် ဝတ်ဆန်ရဲ့ အရိပ်ထဲမှာ လုပ်စားတဲ့ အလုပ်တွေထဲကဆိုရင် ဒီလိုအလုပ်မျိုးတစ်ခုထဲပဲ ရှိဘယ်၊ အဲဒါက ဒီလူဟာ ငွေသတ္တုဒင်္ဂါးတွေကို လက်မနဲ့ ပွတ်ရတဲ့အလုပ်ပဲ ပေါ့ဗျာ"

"ငွေကို အရောင်တင်ရတဲ့ အလုပ်ပေါ့ဗျာ"-ဟု ကျွန်ုပ်က စောဒကဘက်လိုက်၏။

"ဒီလိုဆို မစ္စတာဟုမ်းရယ်၊ သားရေကို ပွတ်ရတဲ့လူဆိုရင် ပိုပြီး သဘာဝ မကျဘူးလား"

"ရိုးရိုးငွေသတ္တုပါပဲ . . . ဟုတ်ပါတယ်။ ဒါပေမယ့် ငွေအကောင်းစားကတော့ လက်မနဲ့ပွတ်ရုံနဲ့ ရပါတယ်။ ဒါကြောင့်လဲ ချမ်းသာကြွယ်ဝတဲ့အိမ်လို့ မှန်းဆနိုင်တာပေါ့၊ သူ ရုတ်တရက် ထွက်လာတာကတော့ ညနေခြောက်နာရီလောက်ကတည်းက နှင်းတွေထူထူထပ်ထပ်ကျနေတဲ့ ကြားထဲက သားရေလေးဘစ် ပန်းရှူးဖိနပ်ကြီးနဲ့ ညကြီးမင်းကြီးထွက်လာတာပဲ ဖြစ်ရမယ်။ ဟော. . ဟော. . သတိရလာပြီ. . ခင်ဗျားနေလို့ကောင်းပါရဲ့နော်"

ထိုအခါ သတိလစ်နေသည့် ညွှသည်သည် မျက်လုံးများ ပွင့်လာသဖြင့် မစ္စတာဟုမ်းက ကြင်နာစွာဖြင့် . . .

"ကျုပ်နဲ့ ဒေါက်တာဝတ်ဆန်က ခင်ဗျားကိုတွဲပြီး ဒီကုလားထိုင်ပေါ် တင်ပေးမယ်နော်၊ ခဏလေးနားပြီးတော့မှ ခင်ဗျားရဲ့အခက်အခဲတွေကို ပြောပြပေါ့. . ဟုတ်လား" ထိုအခါ ညွှသည်သည် သူ့ခေါင်းကို လက်နှစ်ဖက်နှင့်ဖြန်း-ကနဲ ရိုက်လိုက်ပြီး . . .

"ဘုရားရေ . . . ခဏနားရမယ်--ဟုတ်လား၊ သူတို့က ကျွန်တော့်နောက်ကို လိုက်လာနေကြပြီဗျ"

www.burmeseclassic.com



"ခင်ဗျားရဲ့နောက်ကို ဘယ်သူတွေက လိုက်နေကြတာလဲ"

"ရဲတွေရယ်၊ ဆာလွန်ရယ်၊ နောက် သူတို့အားလုံးပေါ့ဗျာ၊ အက်ဘတ်ပတ္တမြားကြီး လုခိုးခံရတဲ့အမှုနဲ့ပတ်သက်လို့ပါ"-ဟု သူသည် အော်ဟစ်ညည်းညူပြီး ပြောဆိုလေ၏။ ထိုအခါ မစ္စတာဟုမ်းသည် ရှေ့သို့ကုန်းလိုက်ပြီး သူ၏ ရှည်လျားသွယ်ပျောင်းသည့် လက်ချောင်းများဖြင့် ညှို့သည်ဖြစ်သူ၏ လက်ကောက်ဝတ်ကို ကိုင်လိုက်၏။

မစ္စတာဟုမ်း၌ ဒုက္ခရောက်လာသူတို့၏စိတ်ကို ငြိမ်းချမ်းမှုရစေသည့် ဆွဲငင်ဓါတ်ပါသော အားတစ်မျိုးရှိကြောင်းကို ယခင်အခါများကလည်း ကျွန်ုပ်သတိပြုခဲ့မိ၏။ ယခုလည်း စိတ်ဓါတ်အကြီးအကျယ် တုန်လှုပ်ခြောက်ခြားနေသောဒုက္ခသည်ကို မစ္စတာဟုမ်းက နှစ်သိမ့်ပေးလိုက်သဖြင့် တဖြည်းဖြည်း ငိုးရိမ်သောကများ လျော့ပါးသက်သာလာကြောင်းကို သူ၏ မျက်လုံးများက ဖော်ပြလျက်ရှိ၏။ ခေတ္တမျှ ကြာသောအခါ မစ္စတာဟုမ်းက . . .

"ကဲ. . ခင်ဗျားရဲ့အဖြစ်အပျက်ကို ပြောပြစမ်းပါဦးလေ"-ဟု ပြောလိုက်ရာ ညှို့သည်သည် သူဖြစ်ပျက်ခဲ့သမျှကို စတင်၍ ပြောပြလေ၏။

"ကျွန်တော့်နာမည်က ဘင်ဒရူးကိုးလစ်ပါ၊ ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး ကျွန်တော်ဟာ မန်ချက်စတာစကွဲယားက ဆာလွန်ဒိုဗာတန်တို့ ဇနီးမောင်နှံရဲ့အိမ်မှာ ဘဏ္ဍာစိုးအဖြစ် လုပ်ကိုင်နေခဲ့ပါတယ်"

"ပန်းစိုက်ပညာရှင် ဆာလွန်ဒိုဗာတန်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ လူတွေပြောကြတာကတော့ ဆာလွန်ဟာ သူစိုက်ပျိုးထားတဲ့ အနီရောင်ဖယောင်းပန်းတွေကလွဲလို့ တခြားဘာကိုမှဂရုစိုက်တဲ့ လူ စားမျိုး မဟုတ်ပါဘူး၊ သူ့မိသားစုပိုင်တဲ့ ရတနာတွေကိုလဲ ဂရုမစိုက်ဘူး၊ သူ ပိုင်တဲ့ အက်ဘတ်ပတ္တမြားကြီးထက်လဲ အဲဒီအနီရောင်ဖယောင်းပန်းတွေကို ပိုဂရုစိုက်ပြီး တန်ဖိုးထားတဲ့ လူစားမျိုးပါ။ အဲဒီပတ္တမြားကြီးရဲ့ အကြောင်းကိုတော့ ဆရာသိပြီးပြီ-လို့ ထင်ပါတယ် ခင်ဗျာ"

"အင်း . . . အဲဒီပတ္တမြားကြီး သူ့ဆီမှာ ရှိတာတော့ သိတာပေါ့၊ အဲဒါ ဘာဖြစ်လဲ ပြောပြစမ်းပါဦး"

"အဲဒီပတ္တမြားကြီးဟာ မြင်ရတာနဲ့တောင် ကြောက်စရာကြီးပါ၊ မရာမသွေးစက်ကြီးတစ်စက်ရဲ့အလယ်မှာ မကောင်းဆိုးဝါးမီးတောက်က တောက်လောင်နေတဲ့ ပုံမျိုးပါခင်ဗျာ၊ ကျွန်တော် အဲဒီမှာ အလုပ်လုပ်နေတဲ့နှစ်နှစ်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ တစ်ကြိမ်ပဲ ကျွန်တော် မြင်ဖူးပါတယ်။ ဘာဖြစ်လို့လဲ-ဆိုတော့ ဆာဂွန်းဟာ အဲဒီပစ္စည်းကို သူ့အိပ်ခန်းထဲမှာရှိတဲ့ အာမခံသေတ္တာထဲမှာ ထည့်သိမ်းထားပါ တယ်။ အန္တရာယ်များတဲ့ ပစ္စည်းတစ်ခုလို သဘောထားပြီး သိမ်းထားပါတယ်။ ဒါပေ မယ့် ဒီညတော့ အဲဒီပစ္စည်းကို ဒုတိယအကြိမ် မြင်လိုက်ပါတယ်။ အဲဒါကလဲ ညစာ စားပြီးခါစ အချိန်လောက်မှာပါ။ ဧည့်သည်တွေထဲက တစ်ဦးဖြစ်တဲ့ ကပ္ပတိန် မာစတာမဲန်က အဲဒီပတ္တမြားကြီးကို ပြပါ-လို့ ဆာဂွန်ကို တိုက်တွန်းပူဆာလို့ပါ"

ထိုအခါ မစ္စတာဟုမ်းက ကြားဖြတ်၍ မေးခွန်းတစ်ခွန်း မေးလိုက်၏၊

"အဲဒီမှာရှိတဲ့ ဧည့်သည်တွေက ဘယ်သူတွေလဲ"

"သူတို့တွေကတော့ ကပ္ပတိန်မာစတာမဲန် . . . သူက လေဒီဗိုတာဘန် ရဲ့မောင် တော်ပါတယ်။ ပြီးတော့ လော့ဒ်နဲ့ လေဒီဘရက်မင်စတာရယ်၊ မစ္စစ်ဒန် ဘာရယ်၊ ပါလီမန်အမတ် ဝီလီယမ် ရက်ဖို့ဒ်ရယ်၊ ပြီးတော့ မစ္စစ်မတ်ဆင်းမွန်း လ်မင်း တို့ပါ"

"အင်း . . . တစ်ဆိတ်လောက် . . ဆက်ပြောပါဦး"

"ကပ္ပတိန်က ဖတ္တမြားကြီးကို ပြဖို့အကြံပြုလိုက်တယ်ဆိုရင်ပဲ အမျိုး သမီးတွေက သူတို့လဲ ကြည့်ချင်တယ်ဆိုပြီး တိုက်တွန်းကြတော့တာပါပဲ၊ အဲဒီ အချိန်မှာ ကျွန်တော်က စာကြည့်ခန်းထဲမှာ ကော်ဖီပွဲတွေချနေပါတယ်။ အဲဒီ တော့ ဆာဂွန်ကပြောပါတယ်။ ပန်းစိုက်ခင်းထဲက ဖယောင်းပန်းအနီကို ပြဖို့ ပိုပြီး စိတ်ဝင်စားလှပါတယ်ဗျာ၊ အခုလောလောဆယ် ကျွန်တော့်ဓနီးရဲ့ အကျီမှာ ထိုးထားတဲ့မျိုးဟာ ဟိုပတ္တမြားကြီးထက် ပိုလှတာသေချာပါတယ်။ ခင်ဗျားတို့လဲ တွေ့ရင် သိမှာပါ-လို့ ပြောလိုက်တော့ မစ္စစ်ဒန်ဘာက ပြောလိုက်ပါတယ်။ "ဒါဆိုရင် အဲဒီကိစ္စကို ကျွန်မတို့ကိုယ်တိုင် ဆုံးဖြတ်ပါမယ်"-လို့ ပြောလိုက် ပါတယ်။ ဒါနဲ့ဆာဂွန်လဲ အပေါ်ထပ်ကိုတက်ပြီးတော့ ရတနာသေတ္တာကို ယူခဲ့ လာခဲ့ပါတယ်။ သေတ္တာကို စားပွဲပေါ်တင်ထားပြီး ဖွင့်လိုက်တဲ့အခါကျတော့ ဧည့်သည်တွေအားလုံး စုပြုံဝိုင်းအုံပြီး ကြည့်ကြပါတယ်၊ သခင်မက ကျွန်တော့်ကို ပြောတယ်။ ပန်းစိုက်ခင်းထဲက မီးတွေကို ထွန်းလိုက်ပါတဲ့၊ ဧည့်သည်တွေ ဖယောင်းပန်းအနီကို ကြည့်ဖို့ လာကြလိမ့်မယ်တဲ့၊ ဒါပေမယ့် ဖန်းစိုက်ခင်းထဲမှာ ဖယောင်းပန်းအနီဟာ လုံးဝ မရှိတော့ပါဘူး"

"ခင်ဗျားပြောတာ ကျုပ်နားမရှင်းဘူး" ဟု မစ္စတာဟုမ်းက ပြော လိုက်၏။

www.burmeseclassic.com



"ညွှန်သည်တွေအားလုံး ပန်းစိုက်ခန်းထဲကို သွားကြတယ်။ ကျွန်တော်လဲ မီးအိမ်ကို ခေါင်းပေါ်မှာရွက်ပြီး ပန်းစိုက်ခန်းထဲ ဝင်လိုက်ပါတယ်။ ပြီးတော့ ပန်းခြုံကိုကြည့်လိုက်တဲ့အခါမှာ ကိုယ့်ကိုယ်ကိုတောင် အရူးလို့ထင်မိပါတယ်။ ပန်းခြုံကတော့ ရှိနေပါတယ်။ ဒါပေမယ့်လို့ စောစောကတွေ့ခဲ့ရတဲ့ တစ်ဒါဇင်လောက်ရှိတဲ့ ဖယောင်းပန်းအနီတွေဟာ အခုတော့ တစ်ပွင့်မှ မရှိတော့ဘူးဗျာ"

-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းလည်း ရှည်လျားသော သူ့လက်ကြီးဖြင့် သူ့ဒေးတံကို ပါးစပ်မှဖြုတ်လိုက်ပြီး . . .

"အို . . . ထူးဆန်းလိုက်တာဗျာ . . . အင်း . . ဆက်ပြောပါဦး . . . စိတ်ဝင်စားလာပြီ . . ."

"ကျွန်တော်လည်း စာကြည့်ခန်းထဲ ပြေးပြီးသွားပြောရတော့တာပေါ့၊ ဒါပေမယ့် သခင်မကြီးက ပြောတယ်၊ အဲဒါမဖြစ်နိုင်ဘူးတဲ့။ ညစာမစားခင်လေးတုန်းက သူ့အကျီမှာထိုးဖို့ ပန်းတစ်ပွင့်သွားခူးတုန်းကတောင် သူကိုယ်တိုင် ပန်းပွင့်တွေ တွေ့ခဲ့သေးတယ်တဲ့။ အဲဒီအချိန်မှာ သခင်ကြီးဆာဂျွန်ကလည်း ဧည့်သည်တချို့ ပန်းစိုက်ခင်းထွက်ပေါက်တောင် ရောက်နေပြီဆိုပြီး ပတ္တမြား ထည့်ထားတဲ့သေတ္တာကို အံဆွဲထဲ ကပျာကယာ ထည့်လိုက်တယ်။ ပြီးတော့မှ ဧည့်သည်အချို့နဲ့အတူ ပန်းစိုက်ခန်းကို ပြေးသွားကြပါတယ်။ ဒါပေမယ့် ပန်းတွေဟာ တကယ်ပဲ မရှိတော့ဘူး"-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းက ကြားဖြတ်၍ မေးလိုက်၏။

"နေပါဦး၊ နေပါဦး၊ ပန်းတွေကို နောက်ဆုံးဘယ်အချိန်မှာ မြင်လိုက်ရသလဲ"

"ကျွန်တော် ပန်းတွေကို တွေ့ခဲ့တုန်းက ညနေလေးနာရီမှာ တွေ့ခဲ့တာပါ။ သခင်မကြီးကတော့ ညစာမစားခင်မှာ ပန်းတစ်ပွင့်သွားခူးခဲ့ပါတယ်။ အဲဒီတော့ ညရှစ်နာရီလောက် ရှိပြီပေါ့၊ ဒါပေမယ့် ပန်းတွေကိစ္စက အရေးမကြီးပါဘူး၊ အရေးကြီးတာက ပတ္တမြားကြီးပါ မစ္စတာဟုမ်းရယ်"

"အော်"

ထို့နောက် အမှုသည်သည် ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ပြီး ရှေ့သို့ ကုန်းလိုက်၏။ ပြီးမှ သူသည် တိုးညင်းစွာဖြင့် ဆက်၍ပြောလေ၏။

"စာကြည့်ခန်းထဲမှာ လေးငါးမိနစ်လောက်တော့ လူရှင်းသွားတာပေါ့၊ ဒါပေမယ့် သခင်ကြီးဆာဂျွန်ဟာ သူ့ပန်းတွေပျောက်သွားလို့ စိတ်ပျက် လက်



www.burmeseclassic.com

www.burmeseclassic.com



ပုက်နဲ့ စာကြည့်ခန်းထဲပြန်သွားပြီး အံဆွဲကို ဖွင့်ကြည့်လိုက်တော့ ရတနာ သေတ္တာရော ပတ္တမြားကြီးရောဟာ ဖယောင်းပန်းတွေ ပျောက်ဆုံးသွားသလိုပဲ ပျောက်သွားတော့တာပါပဲခင်ဗျာ"

ခေတ္တခဏမျှ ကျွန်ုပ်တို့အားလုံး တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြ၏။ မီးလင်းဖိုထဲတွင်လည်း မီးကျီးခဲများသည် တဖျစ်ဖျစ် တောက်လောင်သွက်ရှိ၏။ မစ္စတာဟုမ်းသည် တွေးတောစိတ်ကူးနေရာမှ ....

"ဂျူလစ် ... အင်ဒရူးဂျူလစ် ... ခင်ဗျားဟာ ကက်တာတနစ်စိန်ကြီးကို လုယက်မှုဖြစ်ခဲ့သေးတယ် မဟုတ်လား"

ထိုအခါ ညှိုသည်သည် သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်လိုက်ရင်း ....

"ဟုတ်ပါတယ်ခင်ဗျာ ... ဟုတ်ပါတယ်၊ ခုလို ကျွန်တော့အကြောင်းကို သိထားတယ်ဆိုတော့ ဝမ်းသာပါတယ်၊ ဒါပေမယ့် ဘုရားသခင်စီမံတဲ့အတိုင်း လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက ကျွန်တော်ထောင်က လွတ်လာခဲ့ပါတယ်။ အဲဒီကတည်းက ကျွန်တော်ဟာ ကောင်းကောင်းမွန်မွန် နေခဲ့ပါတယ်။ ကပ္ပတိန်ခါစတာမဲန်းကလည်း ကျွန်တော့်အပေါ် သိပ်ကောင်းတဲ့လူပါ။ သူ့ကြောင့်လည်း သူ့ယောက်ဖဆီမှာ ကျွန်တော် အလုပ်ရခဲ့တာပါ။ ကျွန်တော်ကလဲ သူ့မျက်နှာပျက်အောင် တစ်ခါမှ မလုပ်ခဲ့ပါဘူး၊ ကျွန်တော်ရတဲ့လခကိုလဲ ကျေနပ်ပါတယ်။ လခထဲက တဖြည်းဖြည်းစုပြီး ဆေးပြင်းလိပ်ဆိုင် တစ်ဆိုင်ဖွင့်မယ်လို့ မျှော်လင့်ထားတာပါ"

"အင်း ... ဆက်ပြောပါဦး"

"မြင်းဇောင်းက သူငယ်လေးကို ရဲတွေဆီအကြောင်းကြားခိုင်းတဲ့ အချိန်မှာ ကျွန်တော်ဟာ ခန်းမထဲမှာ ရှိနေပါတယ်။ အဲဒီအချိန်မှာ စာကြည့်ခန်းရဲ့တံခါးက တစ်ဝက်လောက်ပွင့်နေလို့ စာကြည့်ခန်းထဲမှာ ဆာဂျွန်နဲ့ ကပ္ပတိန်ခါစတာမဲန်းတို့ ပြောနေသံ ကြားလိုက်ရပါတယ်။ "တော်စမ်းပါ ဂျွန်ရယ်၊ ကိုယ်က ဒုက္ခရောက်ခဲ့တဲ့လူကို အခွင့်အရေး ရပါစေတော့လို့ လုပ်ခဲ့မိတာ၊ ဒါပေမယ့် သူ့ရဲ့အတိတ်က အကြောင်းကိုတော့ ပြောမပြခဲ့မိတာကတော့ ကိုယ့်အပြစ်ပါပဲ၊ သူအားလုံး ပန်းစိုက်ခန်းထဲကို သွားပြီး အာရုံစိုက်နေတဲ့ အချိန်မှာ သူက ဒီအခန်းထဲကို တိတ်တိတ်လေး ဝင်လာပြီးတော့ ... တဲ့။ သူက အဲဒီလို ပြောလိုက်တော့ ကျွန်တော်လဲ သူ့စကားကိုဆက်ပြီး နားမထောင်တော့ဘူး၊ အိမ်မှာပဲလက်တိုလက်



www.burmeseclassic.com

www.burmeseclassic.com



တောင်းနိုင်းတဲ့ အလုပ်သမားလေးရောဂျားကိုပဲ မှာခဲ့တယ်၊ တစ်ယောက်ယောက်ကများ ကျွန်တော့ကိုတွေ့ချင်တယ်ဆိုရင် မစ္စတာ ရှားလော့ဟုမ်းရဲ့ အိမ်ကို လိုက်ခဲ့ပါ-လို့ မှာထားခဲ့တယ်။ နောက်တော့ ကျွန်တော်လဲ နှင်းတောထဲကပဲ ဒီနေရာကို ရောက်အောင် အပြေးလာခဲ့ရတာပါပဲခင်ဗျာ၊ ကျွန်တော် သတင်းကြားရသမျှတော့ ဆရာကြီးဟာ မတရားမှုကို တရားမှုဖြစ်အောင် လုပ်ပေးနိုင်တယ်လို့ ကြားရပါတယ်။ ကျွန်တော့်ဘဝကတော့ ဆရာကြီးကိုပဲ အားကိုးစရာ ရှိပါတော့တယ်ခင်ဗျား"

ထိုအချိန် တံခါးသည် ရုတ်တရက်ပွင့်သွားပြီး အရပ်မြင့်မြင့် ဆံပင်ဖြူဖြူနှင့် လူတစ်ယောက်သည် နားရွက်များကိုပါ ဖုံးအုပ်ထားသည့်ဦးထုပ်ကို ဆောင်းလျက် ကျွန်ုပ်တို့၏ အခန်းထဲသို့ ဝင်လာလေ၏။

"ဟာ. . ဂရက်ဆင်၊ ခင်ဗျားကို မျှော်နေတာနဲ့ အတော်ပဲ"-ဟု မစ္စတာဟုမ်းက ပြောလိုက်ရာ ရဲအရာရှိသည် မပြုံးမရယ်ဘဲ. . .

" မျှော်ရမှာပေါ့ဗျာ. . . မစ္စတာဟုမ်းရဲ့၊ ကဲ. . . ဒီလူက တရားခံ အစစ်ပဲဗျ၊ ကျွန်တော်ခေါ်သွားရမယ်"-ဟု ပြောလိုက်ရာ ဂျိုးလစ်လည်း အလန့်တကြား ကြည့်ရင်း . . .

"ကျွန်တော့မှာ ဘာအပြစ်မှ မရှိပါဘူးခင်ဗျာ၊ ကျွန်တော် အဲဒီပစ္စည်းကို လက်ဖျားနဲ့တောင် မထိရပါဘူး"-ဟု ပြောလိုက်ရာ ရဲအရာရှိက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး သူ့အိတ်ကပ်ထဲမှ သေတ္တာပြားပြားလေးတစ်ခုကို ထုတ်ယူလိုက်ပြီး ဂျိုးလစ်၏ နှာခေါင်းအောက်တွင် လှုပ်ယမ်း၍ ပြလိုက်၏။ ထိုပစ္စည်းကို ဂျိုးလစ်လည်း တအံ့တဩ ကြည့်လိုက်ရင်း . . .

"ဘုရားရေ . . . အဲဒါ ပတ္တမြားထည့်တဲ့သေတ္တာပဲ"

"ဟော. . . တွေ့ပြီလား၊ သူဝန်ခံတယ်၊ ဘယ်မှာတွေ့တာလဲ-လို့ဆက်မေးဦးလေ၊ ခင်ဗျားဝှက်ထားတဲ့ နေရာလေ၊ ခင်ဗျားအိပ်ရာ မွေ့ရာအောက်က တွေ့တာ"-ဟု ရဲအရာရှိကပြောလိုက်ရာ ဂျိုးလစ်၏မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

"ဒါပေမယ့် ကျွန်တော် အဲဒီပစ္စည်းကို ထိတောင်မထိဘူးပါဘူး"-ဟု ဂျိုးလစ်သည် အဆိုပါစကားကိုပင် ထပ်တလဲလဲ ပြောဆိုနေသဖြင့် မစ္စတာဟုမ်းက ကြားဝင်၍ ပြောလိုက်၏။

"နေပါဦး. . . ဂရက်ဆင်၊ ခင်ဗျားတို့ပတ္တမြားကြီးကို ခင်ဗျားတို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရပြီ-လို့ နားလည်ရမှာလား"

"ဟင့်အင်း. . . ပြန်မရဘူး၊ သေတ္တာလေးထဲမှာ ဘာမှမရှိတော့ဘူး ဒါပေမယ့် ပစ္စည်းက ဝေးဝေးတော့ မရောက်သေးပါဘူး၊ ဆာဗွန်ကလဲ ပြန်ရရင် ငွေပေါင်ငါးထောင် ပေးမယ်တဲ့"

"အဲဒီသေတ္တာလေးကို ကြည့်စမ်းပါရစေ . . . ကျေးဇူးပါပဲခင်ဗျာ အလို-စိတ်မကောင်းစရာပဲဗျို့၊ သော့တော့ မပျက်ဘူး၊ ဒါပေမယ့် ပတ္တာတွေပျက်နေတယ်။ အသားရောင်ကတ္တီပါစ . . . ဒါပေမယ့် တကယ်တော့ . . ."

မစ္စတာဟုမ်းသည် မှန်ဘီလူးကိုထုတ်၍ စာကြည့်မီးအိမ်အောက်တွင် ပတ္တမြားသေတ္တာကို အနီးကပ်စစ်ဆေးကြည့်ပြီး ခေတ္တခဏကြာတော့. . .

"စိတ်ဝင်စားစရာတော့ အကောင်းဆုံးပဲ၊ ဒါနဲ့ စကားမစပ် ဂျိုးလစ်ရေ ပတ္တမြားကို ဘယ်မှာဆင်ထားတာလဲ"

"ရွှေကြိုးနဲ့ ရွှေလော့ကက်ထဲမှာ ဆင်ထားတာပါ။ ဒါပေမယ့် မစ္စတာ ဟုမ်းရယ်"

"ကဲ-ဂျိုးလစ်. . စိတ်အေးအေးထားပါ။ ကျုပ် အစွမ်းကုန် ဆောင်ရွက်ပေးပါမယ်။ ကဲ. . ဂရက်ဆန်ရေ ခင်ဗျားကိုလဲ အချိန်ကြာကြာကြီး ဆွဲမထားပါဘူးဗျာ"

ထိုအခိုက် စကော့တလန်ယာ့ဒ်မှ စုံထောက်အရာရှိသည် သနားစရာ ဂျိုးလစ်ကို လက်ထိပ်ခတ်လိုက်ပြီးနောက် ခေါ်ဆောင်ထွက်ခွာသွားသဖြင့် အခန်းတံခါးမကြီးသည် သူတို့နောက်တွင် ပြန်ပိတ်သွားလေတော့၏။ ထိုအခါ မစ္စတာဟုမ်းသည် ခေတ္တမျှ စဉ်းစားတွေးတောရင်း ဆေးတံသောက်နေလေ၏။ သူသည် ကုလားထိုင်ကို မီးဖိုအနီးသို့ ရွှေ့လိုက်ပြီး ဒူးပေါ်တွင် တံတောင်ဆစ်ကို ထောင်ထားကာ မေးစေ့ကို လက်ဖဝါးနှစ်ဖက်ဖြင့် ထောက်ခံထားလေ၏။ ထို့နောက် သူသည် မီးဖိုကို စိုက်ကြည့်နေလေ၏။ မီးဖိုမှ မီးအရောင်ကလည်း တောက်လိုက်မှိန်လိုက် ဖြစ်လျက်ရှိနေ၏။ ထို့နောက် သူသည် ကျွန်ုပ်အား ရုတ်တရက် မေးခွန်းတစ်ခုကို မေးလိုက်၏။

"ဝတ်ဆန်. . . နော်ဖရေးကလာပ်-ဆိုတဲ့ နာမည်ကို ခင်ဗျား ကြားဖူးလား"

"ဒီနာမည်ကို ကျွန်တော်မကြားဖူးဘူး"-ဟု ကျွန်ုပ်က ဝန်ခံလိုက်၏၊

"အဲဒါက လန်ဒန်မှာ လူချမ်းသာတွေ လောင်းကစားလုပ်တဲ့တစ်ခ



www.burmeseclassic.com

www.burmeseclassic.com



ဘည်းသော ကလာပ်ပေါ့ဗျာ၊ အသင်းဝင်တွေစာရင်းကို သီးခြားပုံနှိပ်ထားတယ် လေ၊ ဟိုးအရင်တုန်းက ကျုပ်တောင် ကြည့်ခဲ့ဖူးသေးတယ်"

"အလို ဘုရားရေ ဘာဖြစ်လို့လဲဗျ မစ္စတာဟုမ်းရဲ့"

"ဥစ္စာမနေဆိုတဲ့နေရာကို ရာဇဝတ်မှုက လိုက်တတ်တာ သဘာဝပဲ ဝတ်ဆန်ရဲ့၊ ဒါကတော့ လူ့သမိုင်းတစ်လျှောက်လုံးမှာ လူတွေရဲ့ ယုတ်မာရက်စက်မှု ကို စိုးမိုးခဲ့တဲ့ ပုံသေဥပဒေသပဲဗျ"

"ဒါနဲ့ ဒီကလာပ်ဟာ အက်ဘတ်ပတ္တမြားကြီးနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"-ဟု ကျွန်ုပ်က မေးလိုက်၏။

"အင်း . . ဒါကတော့ လုံးဝမပတ်သက်ဘဲလဲ ရှိချင်ရှိမယ်၊ လုံးဝဥဿုံ ပတ်သက်တာမျိုးလဲ ဖြစ်ချင်ဖြစ်မယ်၊ အော် . . . ဝတ်ဆန်ရေ ဟိုဘက်က အမ်အက္ခရာလို့ ရေးထားတဲ့ လူပုဂ္ဂိုလ်ဆိုင်ရာ အထုပ္ပတ္တိအညွှန်းစာအုပ်ကို စင်ပေါ်က ယူပေးစမ်းပါဗျာ၊ ဒီစာရင်းကိုကြည့်တာ ကျုပ်တို့အတွက် အကျိုးရှိနိုင်တယ်၊ အက္ခရာတစ်လုံးရဲ့အောက်မှာ နာမည်တွေ အများကြီးရှိနေတယ်၊ ဒီအထဲမှာ ကျုပ်တို့ ရှာနေတဲ့လူ ပါတယ်ဗျ၊ မက်ပင်း-တဲ့၊ မာ့တန်အဆိပ်သမား-တဲ့၊ မာစတာမဲန်း-တဲ့၊ ဟော - ကပ္ပတိန်မာစတာမဲန်း-ဆိုပါကလား၊ ၁၂၈၆-ခုနှစ်တွင် မွေးဖွားသည်-တဲ့၊ ဒီးယားဘွန်း အမွေလိမ်လည်မှုတွင် ပါဝင်သည်၊ ပတ်သက်သည်-ဟု သက်သေမခိုင်လုံ၍ ခံရဖူးသည်-တဲ့၊ နေ့ပရေးကလာပ်အတွင်းရေးမှူး ဆိုပါကလား၊ ကဲ-ဝတ်ဆန်ရေ . . . ဒီညတော့ လှုပ်ရှားလိုက်ကြဦးစို့ဗျာ"-ဟု ပြော၏။ မစ္စတာဟုမ်းသည် စာအုပ်ကြီးကို ထိုင်ခုံပေါ်သို့ တင်လိုက်၏။

"သွားကြတာပေါ့ မစ္စတာဟုမ်းရဲ့၊ ဒါပေမယ့် ဘယ်နေရာကို သွားကြမှာလဲဗျ"

"အခြေအနေအရ လိုရင် လိုသလိုပေါ့ဗျာ"

ကျွန်ုပ်တို့လည်း လေများဒလဟော တိုက်ခတ်နေသည့် နှင်းများဖုံးပြီး တိတ်ဆိတ်နေသော လမ်းထဲသို့ ထွက်လာကြ၏။ အဝေးရှိ ဘစ်ဘင်နာရီကြီးမှ ည ၁၀-နာရီထိုးသံကို ကြားရလေ၏။ ကျွန်ုပ်တို့သည် မာဖလာများ ပတ်ထားကြသော်လည်း ချမ်းအေးလွန်းလှသဖြင့် မေရီလီဘွန်းလမ်းအထိ ခပ်သွက်သွက် လမ်းလျှောက်လာကြပြီးမှ မြင်းရထားကို ငှားလိုက်၏။ ကျွန်ုပ်တို့သည် နှင်းများ ဖုံးနေသည့် လမ်းများကို ဖြတ်သန်းသွားစဉ် မစ္စတာဟုမ်းက . . .

"မန်ချက်စတာစကွဲယားကိုဝင်ရင် ဘာအန္တရာယ်မှ မဖြစ်ပါဘူး"-ဟု



www.burmeseclassic.com

www.burmeseclassic.com



ဘစ်ကိုယ်တည်းရေရွတ်လိုက်၏။ ခေတ္တမျှကြာသောအခါ ကျွန်ုပ်တို့သည် အခင်းဖြစ်ပွားခဲ့သည့် အိမ်ကြီးဆီသို့ ရောက်ရှိခဲ့ကြပြီး၊ ရထားပေါ်မှ ဆင်းလိုက်ငြ မစ္စတာဟုမ်းက မြေကြီးကို ညွှန်ပြလိုက်ပြီး . . .

"ညှို့သည်တွေတော့ ပြန်ကုန်ပြီဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီရထားဘီးရာတွေဟာ နှင်းကျရပ်ပြီးမှ ဖြစ်တဲ့ ဘီးရာတွေပဲဗျ"-ဟု ပြောလိုက်၏။ အစေခံအစ်ဦးသည် တံခါးကို လာဖွင့်ပေး၏။ ကျွန်ုပ်တို့၏ကတ်များကို ယူသွား၏၊ ခုက်ချင်းလိုပင် ကျွန်ုပ်တို့အား အိမ်ထဲသို့ ခေါ်ဆောင်သွား၏။ လှပခမ်းနားသည့် စာကြည့်ခန်းထဲတွင် ကျွန်ုပ်တို့အား နေရာချထားပေး၏။ ထိုအခန်းထဲတွင်အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး ဆံပင်ဖြူဖြူနှင့်လူကြီးတစ်ဦးသည် အလွန်အမင်း စိတ်ခာတ်ကျဆင်းနေသည့် အမူအရာမျိုးဖြင့် သူ၏ကုတ်အင်္ကျီအဖျားများကို မီးလင်းဖိုတွင် ခနွေးအောင်ပြုလုပ်နေလေသည်။ ကျွန်ုပ်တို့ စာကြည့်ခန်းထဲ ဝင်သွားချိန်တွင် ဆိုဖာပေါ် လဲလျောင်းနေသည့် အမျိုးသမီးကြီးတစ်ဦးသည် လဲလျောင်းနေရာမှ ဆလိုက်လိုက်ပြီး၊ ကျွန်ုပ်တို့ဘက်သို့ လှည့်ကြည့်လေ၏။ယနေ့ခေတ် ပန်းချီကျော်များသည် လေဒီဗိုတာတန်၏အလှကို ဖော်ပြရာတွင် သူမ၏အလှကို မလျော့ပါးစေသော်လည်း ကျွန်ုပ်စိတ်ထဲတွင်မူ ထိုအချိန်က မြင်တွေ့လိုက်ရသည့် ထိုအမျိုးသမီး၏လှပပြေပြစ်မှုကိုကား ပြည့်စုံစွာ ဖော်ပြနိုင်သော ပန်းချီကားချပ်မျိုး ရှိနိုင်မည်မဟုတ်ပေ။ သူမသည် အဖြူရောင်ဆပ်တွန့်ဂါဝန်ရှည်တွင် ကြက်သွေးရောင်ပန်းတစ်ပွင့်ကြောင့် သူမ၏ခန္ဓာကိုယ် အသားအရောင်ကို ပို၍ နီရဲစေလေသည်။ ဖယောင်းတိုင်များမှ ထွက်ပေါ်နေသည့် ရွှေရောင်မီးတောက်များကြောင့် သူမ၏ ပြာလဲရောင်ရှိသော မျက်လုံးမျက်ဖန်သည် လှပသည့် သူမ၏မျက်နှာပေါ်တွင် တောက်ပနေလေသည်။ ဆီးညိုရောင်ရှိ၍ ထူထဲသော သူမ၏ ဆံပင်များပေါ် ရှိ စိန်များကလည်း လင်းလက်တောက်ပနေ လေ၏။ ထို့နောက် သူ၏ခင်ပွန်းက ကျွန်ုပ်တို့အား စိတ်အားထက်သန်စွာဖြင့် ကြိုဆိုလေ၏။

"တကယ့်ကို ဝမ်းသာလို့မဆုံးပါဘူး မစ္စတာ ရှားလော့ဟုမ်းရယ်၊ ခုလို သမိုးမှာတောင် ကျွန်တော်တို့ရဲ့ကိစ္စအတွက် ခုလို ဂရုတစိုက် လာရောက်တဲ့အတွက် ခင်ဗျားရဲ့ လူမှုဝန်ထမ်းစိတ်ကို အင်မတန် ချီးကျူးလေးစားပါတယ် ခင်ဗျာ"-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းသည် ဦးခေါင်းကို ညွှတ်၍ . . .

"အက်ဘတ်ပတ္တမြားကြီးဟာ နာမည်ကျော်ရတနာတစ်ပါးပဲ ဆိုတွန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . ပတ္တမြားက. . . ဟုတ်တယ်၊ သိပ်ကို နှမြောဖို့ ကောင်းလှပါတယ်ဗျာ၊ ဒါပေမယ့် ပန်းအဖူးတွေတော့ ရှိပါသေးတယ်၊ ခင်ဗျား ရဲ့ပန်းနဲ့ ဆိုင်တဲ့ ဗဟုသုတက အဖြေပေးပါလိမ့်မယ်. . ."

ဆာဗွန်၏စကားမဆုံးမီ သူ့ဇနီးက လက်ချောင်းများကို ဆာဗွန်၏လက် မောင်းပေါ် လှမ်းတင်လိုက်သဖြင့် စကားစပြတ်သွားရလေ၏။ ထို့နောက် သူမ သည် ခပ်စွာစွာလေသံဖြင့် . . .

"ခုပြဿနာက ရဲလက်ထဲရောက်ပြီဆိုမှတော့ မစ္စတာရှားလော့ဟုမ်း လာလဲ ကျွန်မတို့အတွက် ပိုပြီးထူးခြားလာစရာအကြောင်း မရှိတော့ပါဘူး"-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းက . . .

"ကျုပ် ခင်ဗျားတို့ရဲ့အချိန်တွေကို အများကြီးမယူပါဘူး . . လေဒီ ဒိုဗာတန်၊ ပန်းစိုက်ခန်းကို လေးငါးမိနစ်လောက်ကြည့်ရရင် တော်ပါပြီ"

"ဘာအတွက်ကြောင့်များလဲရှင်၊ ပျောက်ဆုံးသွားတဲ့ ပတ္တမြားနဲ့ ကျွန်မ ခင်ပွန်းရဲ့ ပန်းစိုက်ခန်းဟာ ဘယ်လိုများ ဆက်စပ်မှုတွေ ရှိနေလို့ပါလဲ"

"အဲဒါကိုပဲ ဆုံးဖြတ်ချင်လို့ပါခင်ဗျာ"-ဟု မစ္စတာဟုမ်းက ဖြေလိုက်ရာ လေဒီဒိုဗာတန်သည် အေးစက်စွာပြုံးလိုက်ပြီး . . .

"ဒီအတောအတွင်းမှာပဲ ရဲက သူခိုးကို ဖမ်းမိတော့မှာပါ"

"ကျုပ်တော့ မထင်ဘူး"

"ရယ်စရာတော့ အကောင်းသားပဲရှင့်၊ အိမ်ကထွက်ပြေးသွားတဲ့ ဘဏ္ဍာစိုးဟာ ရတနာနဲ့ပတ်သက်တဲ့ ခါးပြတစ်ယောက်ဆိုတာရယ်၊ နောက်ပြီး ထောင်ထွက်တစ်ယောက်လဲ ဖြစ်တယ်၊ သိပ်ရှင်းနေပါတယ်"

"သိပ်ပြီး ရှင်းလွန်းနေတာပေါ့ လေဒီရယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ စိတ် ထဲမှာ တစ်ခုထူးဆန်းနေတယ်လို့များ မထင်မိဘူးလား၊ အခုစွပ်စွဲခံရတဲ့ လူဟာ သူ့နောက်ကြောင်းရာဇဝင်ကို ခင်ဗျားရဲ့မောင်က သိထားပြီးသားဆိုတာကို သူ သိပြီးသား ဖြစ်လျက်နဲ့ ဘာကြောင့်များ ဒီအိမ်က ပတ္တမြားကို ခိုးပြီး၊ ပတ္တမြား ထည့်တဲ့သေတ္တာကို သူ့မွေ့ယာအောက်မှာ သဲလွန်စထားခဲ့ပါလဲ၊ ဒီနေရာဆိုလဲ စကော့တလန်ယာ့ဒ်က သေချာပေါက်ရှာမယ့် နေရာမျိုးပဲ"-ဟု မစ္စတာဟုမ်းက ပြောလိုက်ရာ လေဒီဒိုဗာတန်သည် လက်တစ်ဖက်ကို သူ့ရင်ဘတ်ပေါ်သို့ တင် လိုက်ပြီး . . .

"ကျွန်မဖြင့် ဒီကိစ္စကို အဲဒီလိုမျိုး မတွေးမိခဲ့ပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့လေ၊ ဒါပေမယ့် . . . အလို . . . တယ်လှတဲ့ ပန်းပွင့်လေးပဲ လား၊ ဒီဖယောင်းပန်းအနီဟာ ဒီနေ့လယ်မှ ခင်ဗျားခူးလိုက်တာလား"-ဟု မစ္စတာဟုမ်းက မေးလိုက်ရာ . . .

"ဒီနေ့ညနေမှ ခူးတာပါ၊ ညစာ မစားခင်လေးတင်ကမှ ခူးလိုက်တာ ပါ" ထိုအခါ ဆာဂျွန်သည် မကျေနပ်သံမျိုးဖြင့် . . .

"အနည်းဆုံး နောက်တစ်သုတ်ပွင့်မှပဲ . . ."

"ဟုတ်ပါရဲ့၊ ခင်ဗျားရဲ့ပန်းစိုက်ခန်းကို ကျုပ်စိတ်ဝင်စားပါတယ်"

ကျွန်ုပ်တို့လည်း လူသွားလမ်းအတိုင်း လမ်းပြနောက်မှ လိုက်သွားကြ၏။ ထိုလမ်းမှာ စာကြည့်ခန်းမှထွက်လျှင် ဖန်လုံအိမ်ပန်းစိုက်ခန်းတွင် ဆုံးနေ သလသည်။ ပန်းစိုက်ပညာရှင်နှင့် ကျွန်ုပ်တို့သည် ပန်းစိုက်ခန်းအဝတွင် စောင့်နေ ခဲ့ မစ္စတာဟုမ်းသည် အမှောင်တွင်းသို့ တဖြည်းဖြည်း လျှောက်သွားရင်း သူ့ သက်တွင် ကိုင်ထားသော မီးတွန်းထားသည့် ဖယောင်းတိုင်မီးကလည်း ရှား စောင်းလက်ဝါးပင်နှင့် အခြားအပူပိုင်းဒေသခြုံပင်များ အကြားတွင် ပေါ်လိုက် ပျောက်လိုက် ဖြစ်နေလေ၏။ သူသည် ဖယောင်းတိုင်ကို ဖယောင်းပန်းခြုံအနီးသို့ တပ်၍ သူ့မှန်ဘီလူးဖြင့် အချိန်အတန်ကြာအောင် ကြည့်ရှုစစ်ဆေးလေ၏။ထို အခါ ဆာဂျွန်က ညည်းညည်းညူညူဖြင့် . . .

"ဖျက်ဆီးရေးသမားရဲ့ ခြေရာမိသွားတာပါပဲဗျာ"-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းက . . .

"ခြေမဟုတ်ဘူးဗျို့၊ လက်သည်းညှပ်တဲ့ ကတ်ကြေးကောက်သေးသေး လေးနဲ့ ညှပ်ယူသွားတာဗျ၊ ခြေနဲ့ဖြတ်သလို နိုးတဲ့ပေါ်မှာ လက်စလက်န မကျန် ခဲ့ဘူး၊ ဒီအရွက်ပေါ်က ခြေရာကိုကြည့်ရင် ကတ်ကြေးထိပ်ဟာ ပန်းပွင့်အညာတံ သက်ပိုပြီး ရှည်ထွက်နေတယ်ဆိုတာ တွေ့ရမယ်၊ အင်း . . . ဒီမှာတော့ ဒါ့ထက် ပိုပြီး တွေ့စရာ မရှိတော့ပါဘူး"

ကျွန်ုပ်တို့လည်း နောက်ကြောင်းပြန်လှည့်လာစဉ် လူသွားလမ်းနဘေး ရှိ ပြတင်းပေါက်ငယ်တစ်ပေါက်ရှေ့၌ ရပ်လိုက်ပြီး၊ တံခါးချက်ကို ဖွင့်လိုက်၏။ သူသည် မီးခြစ်ဆံတစ်ဆံကို ထုတ်၍ခြစ်လိုက်ပြီး ပြတင်းပေါက်ခုံကို ကျော်ပြီး ငုံ့ကြည့်လိုက်၏။ ဤတွင် ဆာဂျွန်က . . .

"အဲဒီအောက်မှာ မြင်ရတဲ့ လူသွားလမ်းကျဉ်းလေးဟာ ဈေးခည်တွေ သွားတဲ့လမ်းပါ"-ဟု ပြောလိုက်ရာ ကျွန်ုပ်လည်း မစ္စတာဟုမ်း၏ပခုံးကို ကျော်၍



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။ အောက်ဖက်တွင် ဆီးနှင်းများသည် အိမ်နံရံမှ လမ်းကျဉ်းကလေး အစပ်အထိ ရှည်လျားချောမွေ့စွာဖြင့် စီးကြောင်းတစ်ခု ဖြစ်နေ၏။ ထို့နောက် မစ္စတာဟုမ်းသည် စကားတစ်ခွန်းမှ မပြောတော့ဘဲ လှည့်ထွက်သွားလေ၏၊ သို့သော် သူအံ့ဩသွားပုံရသည်-ဟု ကျွန်ုပ် သတိပြုမိလိုက်လေ၏။

ကျွန်ုပ်တို့ အိမ်ရှေ့သို့ ပြန်ရောက်သောအခါ စာကြည့်ခန်းထဲမှ စောင့်နေသည့် လေဒီဒိုဗာတန်က ကျွန်ုပ်တို့အား "မစ္စတာဟုမ်းရဲ့ ကျော်ကြားမှုက အမှန်တကယ် လုပ်ဆောင်နိုင်တာထက် ပိုလွန်နေတယ်လို့ ကျွန်မတော့ ထင်တယ်၊ ကျွန်မထင်ထားတာက မစ္စတာဟုမ်းပြန်ရောက်လာရင် ပျောက်သွားတဲ့ ဖယောင်းပန်းတွေနဲ့ အက်ဘာက်ပတ္တမြားကြီးပါ ပြန်ရလာလိမ့်မယ်-လို့ မျှော်လင့်ထားတာရှင့်"-ဟု ပြောလိုက်၏။ သူမ၏လှပသည့် မျက်လုံးပြာများတွင် လှောင်ပြောင်လိုသည့်သဘောများ ဖော်ပြနေလေ၏။ သို့သော်လည်း မစ္စတာဟုမ်းသည် ခပ်အေးအေး ပြန်ပြောလိုက်၏။

"အနည်းဆုံး ပတ္တမြားကြီးကိုတော့ ပြန်ပေးနိုင်လိမ့်မယ်-လို့ မျှော်လင့်ပါတယ်"

"ဆိုလှချည်လား မစ္စတာဟုမ်းရဲ့"

"ကျုပ်အပိုမကြွားတတ်ဘူး-ဆိုတာ လူတွေသိပါတယ်။ အခုတော့ ကျုပ်ရော ဒေါက်တာဝတ်ဆန်ပါ နော်ဖရေးကလာပ်ကို သွားစရာရှိနေသေးလို့ပါ။ ခုလို ညကြီးမင်းကြီးမှာလာပြီး အနှောင့်အယှက်ပေးသလို ဖြစ်ရတာကို ဝမ်းနည်းပါတယ်၊ လေဒီဒိုဗာတန်"

ကျွန်ုပ်တို့လည်း မြင်းရထားကို မောင်းနှင်လာပြီး အောက်စဖို့ဒ်လမ်းသို့ ရောက်ရှိသည်တွင် တစ်ချိန်လုံး တိတ်ဆိတ်စွာ ခေါင်းငိုက်စိုက်ချပြီး လိုက်ပါလာသည့် မစ္စတာဟုမ်းသည် ဖြုန်းကနဲမတ်တတ်ရပ်လိုက်ပြီး မြင်းရထား မောင်းသမားကို ပြန်လှည့်ရန် အော်ဟစ်၍ အမိန့်ပေးလိုက်၏။ မြင်းရထားသည်လာခဲ့သည့်လမ်းအတိုင်း ပြန်မောင်းနေစဉ် မစ္စတာဟုမ်းသည် သူ့နဖူးကို လက်ဖဝါးဖြင့် ရိုက်လိုက်ပြီး. .

"ညံ့ပါပေ့ဗျာ၊ ကျုပ်လဲ အတွေးအခေါ် သိပ်ညံ့သေးတာပဲ"

"ဘာဖြစ်လို့တုန်းဗျ"

"ဝတ်ဆန်ရေ . . . နောက်ဆို ကျုပ်ကိုကျုပ် ကျေနပ်နေတဲ့ အမူအရာမျိုး တွေ့ခဲ့ရင် ကျုပ်နားနားကို ကပ်ပြီး ဖယောင်းပန်းတွေ၊ ဖယောင်းပန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



-လို့ သတိပေးလိုက်နော်"

မိနစ်အနည်းငယ်ကြာလတ်သော် ကျွန်ုပ်တို့လည်း ဆာဗွန်ဒိုတာထန်၏ စံအိမ်ဆင်ဝင်ရှေ့သို့ ရောက်ရှိကြကာ မြင်းရထားပေါ်မှ ဆင်းလိုက်ကြ၏၊ မစ္စတာဟုမ်းက တီးတိုးလေသံမျိုးဖြင့်. . .

"အိမ်ထဲကလူတွေကို ခေါ်ဖို့မလိုပါဘူး၊ ဒီနေရာက ဈေးသည်တွေ ဖြတ်သွားဖြတ်လာ လုပ်တဲ့လမ်းရဲ့ဂိတ် ထင်ပါရဲ့"

မစ္စတာဟုမ်းသည် အိမ်နံရံကို ပတ်၍ လမ်းကလေးအတိုင်း လျှင်မြန်စွာ ဦးဆောင်၍လျှောက်သွားရာ ပြတင်းပေါက်အောက်တည့်တည့်သို့ ရောက်သည့်အထိပင်ဖြစ်၏။ ထိုပြတင်းပေါက်မှာ လူသွားလမ်းဘက်တွင်ရှိသောပြတင်းပေါက် ဖြစ်ကြောင်း ကျွန်ုပ်ကောင်းစွာ မှတ်မိပေသည်။

ထို့နောက်တွင် မစ္စတာဟုမ်းသည် ဒူးထောက်လိုက်ပြီး စုဝေးနေသည့်နှင်းများကို သူ့လက်နှစ်ဖက်ဖြင့် သေချာစွာ ယက်၍ ဖယ်ရှားနေလေ၏။ ခေတ္တမျှ ကြာလျှင် သူသည် ကျောဆန့်လိုက်သဖြင့် သူရှင်းလင်းထားသည့်နေရာတွင် မည်းနေသော အကွက်တစ်ကွက်ကို တွေ့ရလေ၏။ ထို့နောက် သူသည် ခပ်အုပ်အုပ် ရယ်လိုက်ပြီး . . .

"ကဲ. . . ဝတ်ဆန်ရေ၊ မီးခြစ်ဆံတစ်ဆံလောက် ခြစ်ပြီးတော့ ဖွန့်စားရတော့မယ်"-ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်လည်း မီးခြစ်ဆံတစ်ချောင်းကို ထုတ်ယူ၍ ခြစ်လိုက်၏။ မည်းနေသောမြေကြီးပေါ်တွင် မစ္စတာဟုမ်းက ဆီးနှင်းများကို ယက်ထားခြင်းကြောင့် အအေးခံထားသည့် နီညိုရောင် ဖယောင်းပန်းအပုံလေးကို တွေ့ရလေသည်။ ကျွန်ုပ်က ရုတ်တရက် . . .

"ဟာ—ဖယောင်းပန်းတွေပါလားဗျ၊ ဒါတွေက ဘာသဘောလဲ"-ဟု မေးလိုက်ရာ မစ္စတာဟုမ်းသည် မတ်တတ်ရပ်လိုက်၏။ သူ၏မျက်နှာသည် အလွန် တင်းမာခက်ထန်နေ၏။

"ယုတ်မာတာပေါ့ ဝတ်ဆန်ရယ်. . . ဒီကိစ္စဟာ ပါးပါးနပ်နပ် တွက်ချက်စီစဉ်ထားတဲ့ ယုတ်မာမှုပေါ့ဗျာ . . "-ဟု ပြောပြီး သူသည် ပန်းပွင့်တစ်ပွင့်ကို ကောက်ယူလိုက်ပြီး ညှိုးနွမ်းနေသော ပွင့်ဖတ်များကို သူ့လက်ဖဝါးပေါ်တွင်ပြီး ငြိမ်သက်စွာ စဉ်းစားနေလေ၏။ ထို့နောက် သူသည် အသေအချာ ရှေ့နောက် စဉ်းစားလိုက်ပြီးမှ . . .

"အင်း . . . အင်ဒရူးဂျိုးလစ်ဟာ ဂရက်ဆင် သူ့ကို မမြင် ဘေကာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းကို ရောက်လာတာဟာ သူ့အတွက် ကံကောင်းတာပါပဲ"-ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က . . .

"အိမ်ထဲက လူတွေကို နှိုးလိုက်ရမလား"-ဟု မေးလိုက်ရာ သူက ခပ်အုပ်အုပ် ရယ်မောလိုက်ပြီး . . .

"ဝတ်ဆန်ကတော့လေ အမြဲတမ်း တက်ကြွနေတာပဲနော်၊ မလိုပါဘူး ကိုယ့်လူရာ . . အခုတော့ ကိုယ့်မြင်းရထားပေါ် မြန်မြန်ပြန်တက်ပြီး စိန့်ဂျိမ်း ဆင်ခြေဖုံးနေရာကို သွားတာက ပိုကောင်းလိမ့်မယ်ဗျ"-ဟု ပြောလိုက်၏။ ကျွန်ုပ်တို့သည် ညဦးပိုင်းတစ်ပိုင်းလုံး အလုပ်ရှုပ်နေခဲ့ကြသောကြောင့် မည်သည့်အချိန်ရှိသွားပြီကိုပင် သတိမပြုမိတော့ပါ။ မြင်းရထားကို ပစ်ကာဒလီလမ်းမှ စိန့်ဂျိမ်းလမ်းထဲသို့ ဝင်လိုက်၏။ ကျွန်ုပ်တို့၏ရထားကို ခမ်းနားပြီး မီးများထွန်းထားသည့် အဆောက်အဦတစ်ခုရှေ့၌ ရပ်လိုက်သောအခါ နန်းတော်အဆောက်အဦ အထက်ရှိ နာရီကြီးမှ နာရီထိုးသံကြောင့် သန်းခေါင်တိုင်နေပြီ ဖြစ်ကြောင်း သိရလေ၏။ ထိုအခိုက် မစ္စတာဟုမ်းသည် လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်ရင်း-

"တခြားကလာပ်တွေ ပိတ်သွားချိန်လောက်မှ နော်ဖရေးကလာပ်က စပြီးသက်ဝင်လှုပ်ရှားတာဗျ"

မစ္စတာဟုမ်းသည် သူ၏နာမည်ကဒ်ပြားပေါ်တွင် စာတစ်ကြောင်း ရေးခြစ်လိုက်ပြီး တံခါးစောင့်ကို ပေးလိုက်ရာ တံခါးစောင့်လည်း ကျွန်ုပ်တို့အား ခန်းမကြီးထဲသို့ ခေါ်ဆောင်သွားလေ၏။ ထို့နောက် ကျွန်ုပ်တို့လည်း သူခေါ်ဆောင်သွားသည့်အတိုင်း အပေါ်ထပ်သို့ ကျောက်ဖြူလှေခါးထစ်များအတိုင်း တက်သွားကြရာ အပေါ်ထပ်တွင် မီးယူ၍ကောင်းမည့်အခန်းများကို တွေ့ရလေ၏။ ထိုအခန်းများထဲတွင် ညနေခင်း ပါတီပွဲတက်ဝတ်စုံများကို ဝတ်ထားသည့် လူစုများသည် ထိုင်နေ၍လည်းကောင်း၊ သတင်းစာဖတ်၍လည်းကောင်း၊ နှင်းဆီသားစားပွဲများပေါ်တွင် ဖဲကစား၍လည်းကောင်း တွေ့ရလေ၏။

လမ်းပြခေါ်လာသူသည် အခန်းတံခါးတစ်ခုကို ခေါက်လိုက်၏။ ချက်ချင်းလိုပင် ကျွန်ုပ်တို့သည် တန်ဖိုးကြီးသော ပရိဘောဂများဖြင့် ပြည့်စုံစွာရှိနေပြီး ဆေးပြင်းလိပ်နံ့များ မွှန်ထူနေသည့် အခန်းငယ်တစ်ခုအတွင်းသို့ ရောက်ရှိကြ၏။ အခန်းထဲတွင် အရပ်မြင့်မြင့်နှင့် စစ်သားပုံပေါက်နေပြီး နှုတ်ခမ်းမွေးတိုတိုထူထဲကာ နီညိုရောင်ဆံပင်ရှိသူ အမျိုးသားတစ်ဦးသည် မီးဖိုရှေ့ရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ငြိမ်ကျကျ ထိုင်နေ၏။ ကျွန်ုပ်တို့ သူ့အခန်းထဲ ဝင်လာ

www.burmeseclassic.com



သည့်ကိုပင် ဂရုမစိုက်၊ မေးဖော်ပင် မရပေ။

သို့သော် မစ္စတာဟုမ်း၏ကာဒ်ပြားကို သူ့လက်ချောင်းများအကြားတွင် လှည့်ကစားရင်း သူ၏မျက်လုံးပြာအစုံသည် ကျွန်ုပ်တို့အား အေးစက်စွာဖြင့် ကြည့်နေလေ၏။ ကျွန်ုပ်သည် ထိုမျက်လုံးများကို မြင်လိုက်ရသောအခါ လေဒီဒို ဗာတန်ကို ပြန်လည်၍ အထူးပင် သတိရမိလေ၏။ ထိုသူကပင် "ခင်ဗျားတို့ လာကြတာကလဲ အချိန်အခါမဟုတ်ကြီး လာကြတာကိုး၊ ညစ္စတောင်အတော် နက်နေပြီဗျ"-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းက သူ့ကို ကြည့်လိုက်ပြီး . . .

"နောက်ကျလွန်းတာတော့ ဟုတ်ပါတယ်၊ နေပါစေ--ကပ္ပတိန်၊ ကျုပ်တို့အတွက် ထိုင်စရာမလိုပါဘူး၊ မတ်တတ်ပဲ ရပ်နေလဲ ရပါတယ်"

"ဒါဖြင့်လဲ ရပ်နေပေါ့ဗျာ၊ ကဲ . . . ဘာလိုချင်တာလဲ"-ဟု မေးလိုက်ရာ မစ္စတာဟုမ်းက အေးအေးဆေးဆေးပင် ပြန်ပြောလိုက်၏။

"အက်ဘတ်ပတ္တမြားကြီးကို လိုချင်တယ်"-ဟု ပြောလိုက်ရာ ကျွန်ုပ်လည်း အတန်ငယ်လှုပ်ရှားလိုက်ပြီး ကျွန်ုပ်၏လမ်းလျှောက်တုတ်ကိုလည်း မိမိရရ ဆုပ်ကိုင်ထားလိုက်၏။ အခြေအနေသည် ခေတ္တမျှ တိတ်ဆိတ်သွားလေ၏။ ထိုအတောအတွင်း မစ္စတာမဲန်းက မစ္စတာဟုမ်းကို သူထိုင်နေသည့် ကုလားထိုင်ပေါ်မှ တစ်ချက်မော့၍ ကြည့်လိုက်၏။ ပြီးနောက် ခေါင်းပြန်မော့လိုက်ပြီး အားရပါးရ ရယ်လိုက်၏။

"ဒီမှာ . . . ဆရာကြီး၊ ကျွန်တော့ကိုတော့ ခွင့်လွှတ်ဗျာ၊ ခင်ဗျား တောင်းတာက များလွန်းနေတယ်၊ နော်ဖရေးကလာပ်ရဲ့ အသင်းဝင်တွေထဲမှာ တိတ်တဆိတ် အိမ်ကထွက်ပြေးတဲ့ အစေခံတွေတစ်ယောက်မှ မလာကြဘူးဗျ ခင်ဗျား ဂျိုးလစ်ကို ရှာချင်ရင် တခြားမှာ သွားရှာရမှာ . . "-ဟု ပြောလိုက်ရာ မစ္စတာဟုမ်း က . . .

"ကျုပ် ဂျိုးလစ်နဲ့ စကားပြောခဲ့ပြီးပြီ" -ဟု ပြောလိုက်ရာ ထိုသူက လှောင်ပြောင်သည့် မျက်နှာထား၊ လေသံမျိုးဖြင့် "အော် . . . ဒီလိုလား၊ ဒါဖြင့် ခင်ဗျားက ဘဏ္ဍာစိုးကြီးရဲ့ကိုယ်စားလှယ်အဖြစ် လာတာပေါ့ . . ဟုတ်လား" -ဟု ပြောလိုက်ရာ မစ္စတာဟုမ်းက ခပ်တင်းတင်းပင် ပြန်ပြောလိုက်၏။

"သူ့ကိုယ်စား မဟုတ်ဘူး၊ တရားဥပဒေရဲ့ ကိုယ်စားလာတာ"

"အလို ! ဘုရားရေ၊ ခင်ဗျားက တယ်လဲ ဟန်ကောင်းတာပဲကိုး၊ ဒီမှာ မစ္စတာဟုမ်း၊ ခင်ဗျား အခုလို တောင်းဆိုနေတဲ့အချိန်မှာ ကျွန်တော့်ဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



သက်သေတစ်ယောက်ယောက် မရှိတာ ကံကောင်းတယ်နော်၊ နို့မို့လို့ကတော့ တရားရုံးမှာ ခင်ဗျားဟာ ဒီပြဿနာကို ရင်ဆိုင်ရလိမ့်မယ်၊ အသရေဖျက်မှုနဲ့ ဂိနိငါးထောင် ပေးနေရမယ် နော်၊ ကဲ . . . တံခါးဖွင့်ထားပါတယ်၊ ပြန်နိုင်ပါပြီ"

ထိုအခါ မစ္စတာဟုမ်းသည် မီးဖိုဆီသို့ လျှောက်သွားပြီး သူ့အိတ်ထဲမှ နာရီကို ထုတ်ကြည့်ကာ မီးဖိုစင်ပေါ်မှ နာရီကြီးနှင့် တိုက်ကြည့်နေ၏။ ပြီးမှ ပြောလိုက်၏။

"အခု . . . သန်းခေါင်ကျော်လို့ ငါးမိနစ်စွန်းသွားပြီ၊ ခင်ဗျားကို ဒီနေ့ မနက် ကိုးနာရီအထိ အချိန်ပေးထားမယ်။ ပတ္တမြားကြီးကို ကျုပ်ဆီလာပြီး အဲဒီ အချိန်အတွင်းမှာ လာပို့ပေးပါ"-ဟု ပြောလိုက်ရာ မစ္စတာမဲန်က . . .

"ဒီမှာဟေ့လူ . . . ခင်ဗျား . . ."-ဟု ပြန်ပြောမည်ပြုရာ မစ္စတာဟုမ်း သည် တည်ငြိမ်အေးဆေးစွာဖြင့် ပြန်ပြောလိုက်၏။ "ခင်ဗျား-ဒါမျိုးတွေ ဆက် လုပ်မနေပါနဲ့တော့ ကပ္ပတိန်မာစတာမဲန်း၊ ဒီလိုလုပ်လို့ မရဘူးလေ၊ ဒါပေမယ့် ခင်ဗျားနားလည်ထားဖို့က ကျုပ်ဟာ ဖြီးဖြန်းတတ်တဲ့ လူစားမျိုးမဟုတ်ဘူး-ဆို တာပဲ၊ ခင်ဗျား နားလည်လက်ခံသွားအောင် ခင်ဗျားရဲ့လုပ်ပုံလုပ်နည်းတွေထဲက လေးငါးချက်လောက် ပြောလိုက်မယ်၊ ခင်ဗျားဟာ ကျူးလစ်ရဲ့အတိတ်အကြောင်း ကို ကောင်းကောင်း သိထားတဲ့ လူတစ်ယောက်ပဲ၊ ဒီတော့ ဒီလူကို အနာဂတ်မှာ ခင်ဗျားဟာ ခင်ဗျားကိုယ်ကျိုးအတွက်အသုံးချပြီး အကျိုးခံစားရဖို့ မျှော်လင့်ချက် နဲ့ သူ့ကို ဆာဗွန်ဒိုဗာတန်ဆီမှာ အလုပ်သွင်းပေးခဲ့တယ်"

"ပြောလိုက်စမ်း . . . ဆက်ပြောစမ်းပါ"

"နောက်တော့ ခင်ဗျားဟာ ငွေလိုလာတယ်၊ ငွေလိုတာမှ အက်ဘတ် ပတ္တမြားကြီးကို ယူရလောက်အောင် ငွေကအတော်များများကို လိုအပ်နေတယ်၊ အတိအကျကတော့၊ ခင်ဗျားရဲ့ဖဲကြွေးစာရင်းကို ကြည့်လိုက်ရင်ကို ခင်ဗျားငွေ ဘယ်လောက်လိုတယ်-ဆိုတာ ပြောလို့ရတယ်၊ နောက်ပြီးတော့ . . . ပြောရမှာ တော့ ဝမ်းနည်းပါတယ်၊ အခုဒီစီမံကိန်းကို ခင်ဗျားအစ်မရဲ့ အကူအညီနဲ့လုပ် တယ်-ဆိုတာပါပဲ၊ ခင်ဗျားတို့ရဲ့ လုပ်ငန်းဟာ အင်မတန်မှ ကောက်ကျစ်ပြီး ရက်စက်လှတဲ့ လုပ်ရပ်ပါပဲဗျာ"

"လေဒီဒိုဗာတန်ဆီကနေပြီးတော့ ခင်ဗျားဟာ ပတ္တမြားရဲ့တဲ့ သေတ္တာရဲ့ အသေးစိတ်အတိုင်းအတွာတွေကို ရခဲ့တယ်။ အဲဒီတော့ ခင်ဗျားဟာ ပုံတူသေတ္တာတစ်ခု ကြိုပြီးလုပ်ထားခဲ့တယ်၊ ခက်တာက ဆာဗွန်ဟာ ဘယ်အချိန်



www.burmeseclassic.com

www.burmeseclassic.com



လောက်မှာ သူ့အာမခံသေတ္တာထဲကနေပြီး ပတ္တမြားကြီးကို ထုတ်ယူခဲ့တယ်-ဆိုတာ သိဖို့တော့လိုတယ်၊ ဖြစ်ချင်တော့ အဲဒီညစာစားပွဲမှာ ခင်ဗျားကလေးဧည့်သည်တစ်ယောက်အဖြစ် ဖိတ်ကြားခံရတယ်။ အဲဒီညစာစားပွဲမှာ ခင်ဗျားကခင်ဗျားယောက်ဖကို အကဲဘတ်ပတ္တမြားကြီးကို ကြည့်ချင်တယ်ပြပါ-လို့ ပူဆာမယ်။ တခြား အမျိုးသမီးဧည့်သည်တွေကလဲ ကြည့်ချင်တော့ ပြဖို့တိုက်တွန်းအားပေးတယ်။ ဒါပေမယ့် ဆာဂျွန်နဲ့ ကျန်တဲ့ဧည့်သည်တွေအားလုံး အဲဒီအခန်းထဲက ထွက်သွားဖို့ကလဲ လိုသေးတယ်၊ ဒီတော့ . . .

"ပန်းစိုက်ခန်းထဲမှာ ပန်းတွေမရှိတော့ဘူး-လို့ ဂျိုးလစ်က လာပြောတဲ့အချိန်မှာ ဆာဂျွန်ဟာ သူ့ပတ္တမြားသေတ္တာကို အနီးဆုံးအံဆွဲထဲထည့်ခဲ့တယ်ပြီးတော့ ဧည့်သည်တွေနဲ့ တစ်ပါတည်း ပြေးသွားကြည့်တယ်၊ အဲဒီအချိန်မှာ ခင်ဗျားကတော့ ပန်းစိုက်ခန်းထဲကနေ အသာကလေးလျှိုထွက်လာပြီး ပတ္တမြားသေတ္တာကို ယူလိုက်တယ်၊ ဒါပဲ၊ တကယ်လို့ ပတ္တမြားကြီးပျောက်သွားတဲ့ကိစ္စလူတွေသိသွားရင်လဲ "ဂျိုးလစ်"-လို့ ထင်အောင်လို့ ခင်ဗျားလုပ်လိုက်တာပါပဲ ဒါပေမယ့် ဒီ ကိစ္စမှာ ခင်ဗျားဟာ အမှားနှစ်ချက်ကို ကျူးလွန်ထားတယ်"

"ပထမအချက်က ခင်ဗျားဟာ ကြိုတင်လုပ်ထားတဲ့ ပုံတူသေတ္တာလေးကို ပတ္တာတွေဖျက်ပြီး ဂျိုးလစ်ရဲ့မွေ့ယာအောက်မှာ သွားထားတဲ့ကိစ္စပဲ အဲဒီသေတ္တာကို နာရီအတော်ကြာကြာကတည်းက ကြိုတင်ပြီး ထားထားခဲ့တယ် နောက်ပြီးတော့ သေတ္တာအတွင်းက လိုင်နင်ခံထားတဲ့ ကတ္တီပါစဟာ ဖြူဖျော့ဖျော့အရောင်ဖြစ်နေ တယ်။ အဲဒီမှာလဲ ပတ္တမြားကြီးနဲ့ ကတ္တီပါ ထိတွေ့ထားတဲ့အရာ လုံးဝမရှိဘူး"

"ခင်ဗျားတို့ရဲ့ ဒုတိယအမှားက ပိုဆိုးပါသေးတယ်၊ ခင်ဗျားအစ်မကပြောတော့ ဖယောင်းပန်းတစ်ပွင့်ကို သူကိုယ်တိုင်ခူးခဲ့တာ ညစာမစားခင်လေးတင်-လို့ ပြောတယ်၊ ဒီတော့ အဲဒီအချိန်ဟာ ညရှစ်နာရီလောက်ရှိမှာပေါ့ ပန်းပွင့်တစ်ဒါဇင်လောက်ကို ခူးပြီး ချက်ချင်း လွှင့်ပစ်ဖျောက်ဖျက်ဖို့ဆိုရင် ဘယ်လိုလုပ်မလဲ၊ အနီးဆုံးမှာရှိတဲ့ ပြတင်းပေါက်ကို သုံးမှာပေါ့၊ လှေသွားစင်္ကြံလေးဘေးမှာ ရှိတဲ့ ပြတင်းပေါက်လေ"

ပန်းတွေက သိပ်ပြီးပေါ့နေလေတော့ အိမ်အပြင်က နှင်းတွေထဲမှာ ချက်ချင်း မြုပ်မသွားနိုင်ဘူး၊ တော်တော်နဲ့လဲ မညှိုးနိုင်ဘူးပေါ့၊ ခုတော့ ပန်းတွေလဲ ညှိုးနေတာတွေ့ရတယ်၊ ဒီတော့ လေဒီဗိုတာတန်ဟာ ပန်းတွေကို ညရှစ်



www.burmeseclassic.com

www.burmeseclassic.com



နာရီမှာ ခုံးတာမဟုတ်ဘဲ ညနေ ခြောက်နာရီလောက်ကတည်းက ခုံးခဲ့ပြီးသား ဖြစ်ရမယ်။ ဒီနေရာမှာတင် သူမဟာ လုပ်ကြံပြောဆိုနေပြီဆိုတာ ထင်ရှားလာတယ်၊ အဲဒီမှာ အဖြေပေါ်တာပဲ"-ဟု ပြောလိုက်ရာ ကပ္ပတိန်မာစတာမဲန်း၏ မျက်နှာပေါ်မှ ဒေါသများလည်း ပြေလျော့သွား၏။ သူ့မျက်နှာသည် ချက်ချင်းပင် ဖြူဖတ်ဖြူရော် ဖြစ်သွားလေ၏။ မစ္စတာဟုမ်း၏စကားအဆုံးတွင် သူသည် အခန်းထောင့်ရှိ စားပွဲတစ်လုံးသို့ လျင်မြန်စွာ လျှောက်သွား၏။သူ့လက်တစ်ဖက်ကို အံဆွဲပေါ်သို့ တင်လိုက်ရင်း မေးလိုက်၏။

"ဒီတော့ ခင်ဗျားက ဘာဆက်လုပ်မလို့လဲ"

"မနက်ကိုးနာရီမထိုးခင် အက်ဘတ်ပတ္တမြားကြီးကို ကျုပ်လက်ထဲ ပြန်ထည့်ပေးရင် ဒီကိစ္စဟာ လူသိရှင်ကြား မဖြစ်စေရဘူးဗျာ၊ ဆာဗွန်ဒိုဗာတန်ကိုလဲ နောက်ထပ်စုံစမ်းတာတွေ အရေးယူတာတွေ ဆက်ပြီးမလုပ်ဖို့ မေတ္တာရပ်ခံပေးမယ်၊ တကယ်တော့ ခုလိုလုပ်တာ လေဒီဗိုဗာတန်ရဲ့နာမည်ကို ကျုပ်က ကာကွယ်ပေးနေတာပါ။ အဲသလိုမှ မဖြစ်ဘူး-ဆိုရင်တော့ ကပ္ပတိန်ရေ. . . ကျုပ်ကတော့ ခင်ဗျားကို အပြည့်အဝအရေးယူရလိမ့်မယ်ဗျ။ ခင်ဗျားတို့မောင်နှမ ပူးပေါင်းပြီး အပြစ်မရှိတဲ့ လူတစ်ယောက်ကို အကြောင်းမဲ့သက်သက် ဓါးစာခံလုပ်ခိုင်းလိုက်တာကတော့ အင်မတန်ကို ပက်စက်ကြတာပဲ"-ဟု ပြောလိုက်ရာ မစ္စတာမဲန်းကလည်း ပြန်ပြီး အော်ပြောလိုက်၏။

"နော်ပရေးကလာပ်မှာ သိက္ခာကျခဲ့တာကရော၊ အကြွေးတွေကရော လည်ပင်းခိုက်နေပြီ၊ ဒီပတ္တမြားကြီးကို ပြန်ပေးရရင်. . . ဒီမှာ မစ္စတာရှားလော့ဟုမ်း၊ ခင်ဗျားနဲ့ ကျွန်တော်တို့ သင့်တင့်တဲ့ အပေးအယူလေး ဘာလေး လုပ်ရင်ကော"-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းလည်း တံခါးပေါက်ဝဘက်သို့ လှည့်လိုက်၏။

"ခင်ဗျားကို မနက်ကိုးနာရီအထိ အချိန်ပေးပြီးပြီလေ၊ လာဗျို့-ဝတ်ဆန်"

ကျွန်ုပ်တို့ စိန့်ဂျိမ်းလမ်းထဲ ပြန်ရောက်လာသောအခါ နှင်းတွေပြန်ပြီး ကျစပြုလာပြန်လေသည်။ ကလာပ်အစောင့်က လေချွန်၍ အငှားရထား တစ်စင်းကို ခေါ်လိုက်၏။ ရထားပေါ်တွင် မစ္စတာဟုမ်းက မှတ်ချက်ချလိုက်သည်. . .

"ကိုယ့်လူတော့ တော်တော်ပင်ပန်းသွားမှာပဲ"-ဟု ပြောလိုက်ရာ ကျွန်ုပ်က ခပ်အေးအေးပင် ပြန်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပင်ပန်းဖို့လေလို့ ခင်ဗျားနဲ့အတူ သွားရလာရရင်ကို ကျွန်တော့်အဖို့ တော့ အမြတ်အားရှိနေတာပါဗျာ"

မြင်းရထားသည် ကျွန်ုပ်တို့အား ဘေကာလမ်းသို့ သယ်ဆောင်သွား ၏။ ကျွန်ုပ်တို့အိမ်ရှေ့ရောက်၍ ရထားတံခါးဖွင့်ပြီး ဆင်းတော့မည့်ဆဲဆဲတွင် ခမရိုလီဘွန်းလမ်းဘက်မှ လာသည့်မြင်းရထားတစ်စီး၏ မီးရောင်ကြောင့် လှမ်း ကြည့်လိုက်မိ၏။ ဘီးလေးဘီးတပ်ထားသည့် အဆိုပါမြင်းရထားသည် ကျွန်ုပ်တို့ အနီး မလှမ်းမကမ်းတွင် ရပ်လိုက်၏။ ချက်ချင်းလိုပင် ဦးခေါင်းတွင် မာဖလာ အုပ်ထားသည့် မိန်းမတစ်ဦး၏ ပုံသဏ္ဌာန်သည် ကျွန်ုပ်တို့ထံ ကမန်းကတန်း ခလျှောက်လာနေသည်ကို တွေ့လိုက်ရ၏။

သူမသည် မျက်နှာကိုအုပ်ထားသော်လည်း အရပ်မြင့်ပုံ အနေအထား သိမ်သိမ်မွေ့မွေ့ရှိပုံ၊ ကိုယ်လုံးကိုယ်ပေါက် အချိုးအစား၊ ခေါင်းမော့ထားပုံတို့မှာ ကျွန်ုပ်တို့ သိကျွမ်း မြင်ဖူးထားသူတစ်ဦးမှန်း သိသာထင်ရှားပေ၏။ သူမနှင့် ကျွန်ုပ်တို့သည် ဆီးနှင်းများဖုံးလွှမ်းနေသည့် ပလက်ဖောင်းပေါ်တွင် ဆုံမိကြရာ သူမက စတင်၍ . . . .

" မစ္စတာဟုမ်း . . ကျွန်မ ရှင်နဲ့စကားပြောချင်တယ်"-ဟု လှမ်းပြော လိုက်၏။ မစ္စတာဟုမ်းလည်း မျက်ခုံးများပင့်လိုက်၏။ ပြီးနောက် အေးဆေး စွာဖြင့် . . .

"ဝတ်ဆန်. . ခင်ဗျားသွားနှင့်ပြီး မီးထွန်းထားဗျာ"

ကျွန်ုပ်သည် ရှားလော့ဟုမ်းနှင့် နှစ်ပေါင်းများစွာ ပေါင်းသင်းခဲ့သည့် ကာလအတွင်း မိန်းမချော၊ မိန်းမလှအတော်များများ တွေ့ဆုံခဲ့ဖူးပါ၏။ သို့ သော် လေဒီဒိုဗာတန်လောက် ချောမောလှပသည့်အမျိုးသမီးမျိုးကို မကြုံတွေ့ ခဲ့ဖူးပါ။

သူမသည် စတင်လှုပ်ရှားကာ ကျွန်ုပ်တို့၏ သာမန်စည့်ခန်းထဲသို့ ဝင် လာလေ၏။ သူမသည် အခန်းထဲသို့ ရောက်လာသောအခါ ခေါင်းကိုအုပ်လာ သော ဇာပဝါကို နောက်သို့လှန်လိုက်၏။ သူမ၏မျက်နှာသည် အပြစ်ကင်းစင် သည့်မျက်နှာနှင့် မျက်တောင်ရှည်ကြီးများ ဝန်းရံထားသည့် မျက်ဝန်းပြာများ သည် ကြည်လင်တောက်ပနေ၏။ ထိုမျက်လုံးများသည် မစ္စတာဟုမ်း၏တင်းမာ သော စိန်ခေါ်မှု၊ မကျေလည်သော အကြည့်တို့ကို ရင်ဆိုင်နေရလေ၏။

"လေဒီ. . ခင်ဗျား ဒီလိုအချိန်မတော်ကြီးမှာ လာလိမ့်မယ်လို့ မမျှော်

www.burmeseclassic.com



လင့်ပါဘူး"-ဟု မစ္စတာဟုမ်းက တင်းမာစွာပြောလိုက်၏။

"ရှင်ဟာ အရာရာတိုင်းကို တတ်သိနားလည်တယ်လို့ ထင်ခဲ့မိတယ်၊ မစ္စတာဟုမ်း၊ ဒါပေမယ့် ရှင်က မိန်းမတွေအကြောင်းတော့ ဘာမှမသိဘူးနော်"

"ခင်ဗျား ဘာကို ဆိုလိုတာလဲ . . ."

"ရှင်ကြွားခဲ့တာကို ရှင်ပြန်ပြီး အမှတ်မရတော့ဘူးလား၊ အက်ဘတ်ပတ္တမြားကြီးပျောက်ဆုံးမှုဟာ ရောမဆုံးရှုံးမှုကြီးပဲ၊ ရှင်ကတိတည်နိုင်ပါ့မလား-ဆိုတာလဲ ကျွန်မစိတ်မအေးနိုင်ဘူး၊ ကဲ. . . ရှင့်ရဲ့ကြိုးပမ်းချက်တွေ မအောင်မြင်ဘူးလို့သာ ဝန်ခံလိုက်စမ်းပါရှင်"

"အဲဒီလိုလုပ်ဖို့ကတော့ စေးမါသေးရဲ့ဗျာ၊ ဒီကိစ္စကို ကျုပ်အောင်မြင်ခဲ့ပြီဗျ"-ဟု မစ္စတာဟုမ်းက ပြောလိုက်ရာ၊ လေဒီဗိုဗာတန်သည် ထိုင်နေရာမှထလိုက်၏။ သူမ၏မျက်လုံးများမှာ အရောင်တလက်လက် ထွက်နေ၏။ သူမက ဒေါသတကြီးနှင့် အော်ပြောလိုက်၏။

"ဒါကတော့ စုတ်ပွဲတဲ့ ပြက်လုံးတစ်ခုပဲ မစ္စတာဟုမ်းရဲ့"

မစ္စတာဟုမ်းသည် အခြားအချိန်များတွင် မိန်းမများကို မယုံကြည်သော်လည်း ဆက်ဆံရာတွင်မူ ယဉ်ကျေးသိမ်မွေ့လေသည်။ သို့သော် ယခုအခါတွင်မူ သူသည် လေဒီဗိုဗာတန်ကို ဆက်ဆံရာတွင် မျက်နှာထားတင်းတင်းနှင့် ဆက်ဆံသည်ကို ပထမဆုံးအကြိမ်အဖြစ် ကျွန်ုပ်တွေ့ရှိရ၏။

"ပျင်းရိငြီးငွေ့စရာ ဟန်ဆောင်မှုတွေလုပ်ဖို့ အချိန်နောက်ကျနေပါပြီ၊ ကျုပ် နော်ပဓေးကလာပ်ကို ရောက်ခဲ့ပြီးပြီ၊ အက်ဘတ်ပတ္တမြားကြီးကို သူဘယ်လို ရသွားတယ်ဆိုတာပါ ရှင်းပြလိုက်တယ်၊ နောက်ပြီးတော့ ဒီဇာတ်လမ်းမှာ ခင်ဗျား ပါဝင် . . ."

"ဘုရားရေ!"

"ပတ်သက်ခဲ့တဲ့ အပိုင်းကိုလဲ ပြောပြလိုက်တယ်၊ ဒါပေမယ့် အဲဒီအခန်းမှာ ခင်ဗျားပါဝင်ရတာကတော့ စိတ်မပါဘဲ လုပ်ရတယ်-လို့ ကျွန်တော်ထင်ပါတယ်"

ခေတ္တမျှတော့ လှပတင့်တယ်သောအမျိုးသမီးကြီးသည် မစ္စတာဟုမ်းကို မီးအိမ်အလင်းတွင် မျက်နှာပေးထားသည်။ နောက်တော့ ခပ်တိုးတိုးညည်းတွားပြီး ဒူးများညွတ်ကျသွား၏။ သူ့လက်နှစ်ဖက်သည် မစ္စတာဟုမ်း၏ ကုတ်အကျီကို ဆုပ်ကိုင်ထားလေ၏။ မစ္စတာဟုမ်းက ခါးကိုညွှတ်၍ အမျိုးသမီးအား



www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်စွာ ထူမ,ပေးလိုက်၏။

"ခင်ဗျားရဲ့ ခင်ပွန်းကိုပဲ ဒူးထောက်လိုက်ပါ လေဒီဒိုဗာတန်၊ ကျွန်ုပ်ကို ဒူးထောက်စရာ မလိုပါဘူး၊ တကယ်တော့ ခင်ဗျားမှာ တာဝန်အများကြီး ရှိနေ တယ်"

"ကျွန်မ သစ္စာဆိုရဲပါတယ်ရှင် . . ."

"ရှူး . . . ဒါတွေအားလုံး ကျွန်ုပ်သိပါတယ်၊ ကျွန်ုပ်ပါးစပ်ကနေပြီး ဘာစ်လုံးမှ မပေါက်ကြားစေရဘူး"-ဟု ပြောလိုက်ရာ လေဒီဒိုဗာတန်က အသက် ကို လု၍ ရှူရှိုက်လိုက်ရင်း မေးလိုက်၏။

"ဒါဖြင့် ဒီကိစ္စ ရှင်သူ့ကို မပြောဘူးပေါ့နော်"

"သူ့ကိုပြောလို့ကော ဘာ အကျိုးရှိမှာလဲ၊ မနက်ကျရင် ဂျိုးလစ်ကို အချုပ်က ပြန်လွှတ်တော့မှာပါ။ အက်ဘတ် ပဏ္ဍမြားပြဿနာလဲ ပြီးဆုံးသွားပြီ"

လေဒီဒိုဗာတန်သည် အထစ်ထစ်အငေါ့ငေါ့ဖြင့် ခပ်တိုးတိုးလေး ပြော လိုက်၏။

"ရှင့်ရဲ့ ကရုဏာအတွက် ဘုရားသခင်က ရှင့်ကို ဆုလာဘ်ချီးမြှင့် ပါစေ၊ ကျွန်မလဲ ကိုယ့်ကိုယ်ကို အစွမ်းကုန်ပြုပြင်ပါ့မယ်၊ ဒါပေမယ့် ကံဆိုးရှာ တဲ့ကျွန်မရဲ့မောင်လေး—သူက ဖဲဝိုင်းမှာ ရှုံးထားတာ. . ဟုတ်ပါတယ်၊ ကပ္ပတိန် မာစတာမဲန်းအတွက်တော့ သိပ်မပူပါနဲ့၊ ဒေဝါလီခံမှုရယ်၊ နော်ဖရေးကလာပ် မှာ နာမည်ပျက်ရတာရယ်၊ အဲဒါတွေကြောင့် အခုထက်ပိုပြီး ဂုဏ်သိက္ခာရှိ အောင် သူနေတတ်သွားပါပြီ။ နာမည်ပျက်တာ အတန်ကြာသွားပြီးတဲ့နောက် ကျတော့လဲ ဆာဗျွန်က သူ့ကို နိုင်ငံခြားစစ်တပ်တစ်တပ်ထဲ ထည့်ပေးမှာပါ။ သူ့လုပ်ရည် ကိုင်ရည်နဲ့ဆိုရင်တော့ အိန္ဒိယနိုင်ငံရဲ့ အနောက်မြောက်နယ်စပ်မှာ သူ ကြီးပွားနိုင်ပါတယ် . . ."

ကျွန်ုပ်တို့သည် ညက တစ်ညလုံး ပင်ပန်းခဲ့ကြသဖြင့် နောက်တစ်နေ့ မနက် ဆယ်နာရီထိုးခါနီးကျမှပင် နိုးတော့၏။ ကျွန်ုပ်ဧည့်ခန်းထဲသို့ ဝင်လိုက် သည်တွင် မစ္စတာဟုမ်းသည် နံနက်စာစားပြီးသွား၍ သူ့အကျႌအနီရောင် အရှည်ကြီးကို ဝတ်ကာ မီးဖိုရှေ့တွင် ထိုင်နေသည်ကို တွေ့ရ၏။ သူ့ခြေဖဝါး များကို မီးဖိုဘက် ဆန့်ထားပြီး နံနက်ပိုင်း အခန်းတွင်းရှိလေကလည်း ဆေးတံမှ မီးခိုးနံ့သာ ထွက်နေ၏။

ကျွန်ုပ်လည်း မစ္စစ်ဟာပ်ဆင်ကို ဘဲလ်တီး၍ ခေါ်လိုက်ပြီး ကော်ဖီတစ်



www.burmeseclassic.com

www.burmeseclassic.com



အိုး ဝက်ပေါင်ခြောက် သို့မဟုတ် ဝက်သားလွှာနှင့် ကြက်ဥတို့ကို မှာလိုက်၏။

"ဝက်ဆန်၊ ခင်ဗျား အချိန်မီရောက်လာတာ ဝမ်းသာတယ်ဗျာ"-ဟု ပြောဆိုနှုတ်ဆက်လိုက်ပြီး ပြုံးရွှင်သောအကြည့်မျိုးဖြင့် တွဲကျနေသော သူ့မျက်ခုံးအောက်မှနေ၍ ကျွန်ုပ်ကိုကြည့်လိုက်၏။ ကျွန်ုပ်ကလည်း အလိုက်သင့်ပင် ပြန်ပြောလိုက်၏။

"အချိန်မရွေး နံနက်စာကျွေးနိုင်တဲ့ မစ္စစ်ဟပ်ဆင်ရဲ့ အရည်အချင်းဟာ သူ့ပါရမီတွေထဲက တစ်ခုပဲဗျ"

"ဟုတ်တာပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်ပြောတာ ခင်ဗျားရဲ့မနက်စာကို ရည်ညွှန်းတာ မဟုတ်ဘူးဗျ၊ ကျုပ်က ဆာဂွန်ဒီဗာတန်ကို မျှော်နေတာဗျ"

"ဒီလိုဆိုလဲ မစ္စတာဟုမ်းရယ်၊ အဲဒီကိစ္စက သိမ်မွေ့တဲ့ကိစ္စဆိုတော့ ကျွန်တော်မရှိရင် ပိုကောင်းမှာပေါ့"-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းက ကျွန်ုပ်အား ကုလားထိုင်ပေါ်တွင် ပြန်၍ထိုင်ခိုင်းလိုက်၏။

"အော် . . . ကိုယ့်လူရယ်၊ ကျုပ်က ခင်ဗျားရှိနေတာကို ပိုပြီးကြိုက်တာပါဗျ၊ နောက်ပြီးတော့လဲ ကျုပ်တို့ဧည့်သည်က ချိန်းထားတာထက် နည်းနည်းစောပြီး လာလိမ့်မယ်ထင်တယ် . . ." ထိုအခိုက်တွင် ကျွန်ုပ်တို့၏ အခန်းတံခါးကို ခေါက်သံကြားလိုက်ရပြီးနောက် မကြာမီပင် အခန်းတွင်းသို့ အရပ်ရှည်ရှည် ကိုင်းကိုင်းနှင့် လူသိထင်ရှားသော ပန်းစိုက်ပါရဂူကြီး ဝင်လာလေ၏။ သူက . . .

"မစ္စတာဟုမ်း . . ကျွန်တော့အတွက် ပြောစရာ သတင်းထူးရှိတယ်-ဆို ပြောစမ်းပါဗျာ၊ ကျွန်တော်ဖြင့် အင်မတန်မှကို စိတ်ဝင်စားလှပါပြီဗျာ'-ဟု ဆာဂွန်က ပြောလိုက်ရာ မစ္စတာဟုမ်းကလည်း အတန်ငယ်ပြုံးပြလိုက်ပြီး . . .

"ဟုတ်ပါတယ် . . . သတင်းထူးပေးစရာ ရှိပါတယ်"-ဟု ပြန်ပြောလိုက်ရာ ဆာဂွန်လည်း ရှေ့သို့တိုးလာ၏။ ပြီးနောက် သူကမေးလိုက်၏။

"ဒါဖြင့် . . . ဖယောင်းပန်းတွေက . . ."

"ဖယောင်းပန်းတွေကိုတော့ မေ့ပစ်လိုက်ကြရင် ကောင်းမယ် ထင်တယ်။ ပန်းခြံမှာလည်း အဖူးတွေအများကြီး ရှိနေသေးတာကို ကျုပ်မြင်ခဲ့ပါတယ်"-ဟု ပြောလိုက်ရာ ဆာဂွန်ကလည်း အလေးအနက် ပြန်ပြောလိုက်၏။

"ဘုရားမလို့ မှန်ပါစေဗျာ၊ နောက်ပြီးတော့ ခင်ဗျားဟာ လူ့ကဖန်တီးပြုလုပ်တဲ့ အလှအပထက် သဘာဝအလှအပကို ပိုပြီးတန်ဖိုးထားတယ်-ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိရမြင်ရလို့ ဝိုပြီး ဝမ်းသာပါတယ် မစ္စတာဟုမ်းရယ်၊ ဒါပေမယ့် အောက်ဘောင် ပတ္တမြားကြီး ပျောက်နေတဲ့ကိစ္စက ရှိနေသေးတယ်၊ ပြန်ရဖို့ရော မျှော်လင့်ချက် ရှိခဲ့လားဗျာ"

"မျှော်လင့်ချက်အပြည့် ရှိပါတယ်၊ ဒီကိစ္စ မဆွေးနွေးခင် ဝိုင်အကြွက်တစ်ခွက်လောက် သောက်ကြရအောင်ဗျာ"-ဟု မစ္စတာဟုမ်းက ပြောလိုက်ရာ ဆာဂျွန် သည် သူ့မျက်ခုံးများကို ပင့်လိုက်ပြီး . . .

"ဒီအချိန်ကြီး . . . ဟုတ်လား၊ မစ္စတာဟုမ်း. . . . တကယ်တော့ ဂျွန်တော်. ."

"လာစမ်းပါဗျာ. . ."

မစ္စတာဟုမ်းသည် နံဘေးစင်ပေါ်မှ ဖန်ခွက်သုံးခွက်ယူ၍ ဝိုင်အရက်များ ဖြည့်လိုက်ပြီး ဆာဂျွန်အား တစ်ခွက်လှမ်းပေးလိုက်၏။

"ဒီနေ့မနက် ချမ်းစိမ့်နေတာပဲဗျ၊ ဒါကြောင့် ဒီဝိုင်ကို သောက်ဖို့တိုက်တွန်းရတာပါ"

ဆာဂျွန်ဒိုဟာတန်သည် အနည်းငယ် နှစ်ခြိုက်လာသဖြင့် ဖန်ခွက်ကိုမ၍ နှုတ်ခမ်းနှင့်ထိလိုက်၏။ သူသည် တစ်ခဏမျှ တိတ်ဆိတ်နေပြီးနောက် ဆာဂျွန်သည် ရုတ်တရက် လန့်ဖြန့်၍အော်လိုက်၏။

ဆာဂျွန်၏မျက်နှာသည် လက်သုတ်ပဝါတစ်ထည်လို ဖြူဖွေးသွား၏။ သူ့နှုတ်ခမ်းမှ လက်ကိုင်ပဝါထဲသို့ ကျလာသည့် ရတနာကြီးထံ သူ့မျက်လုံးများ ရောက်သွား၏၊ သူသည် အသက်ကို လု၍ရှုရင်းပြောလိုက်၏။

"ဟာ. . . အက်ဘတ်ပတ္တမြားကြီးပါလား"

ထိုအခါ မစ္စတာဟုမ်းသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး လက်ခုပ်လက်ဝါးများပင် တီးနေလေ၏။ ပြီးမှ သူက ပြောလိုက်၏။

"ခွင့်လွှတ်ပါဗျာ၊ ဒီကိစ္စကို ကျုပ်မိတ်ဆွေ ဒေါက်တာဝတ်ဆန်က ပြောပြပါလိမ့်မယ်၊ ကျုပ်ကတော့ ဒီလိုဇာတ်လမ်းဆန်ဆန် ဖြစ်ရပ်မျိုးတွေ့ရင် မနေနိုင်ဘူး၊ အဲဒါကလဲ ကျုပ်ကိုယ်ထဲက စားနက်သွေးကြောင့် ဖြစ်မှာပါပဲ"

ဆာဂျွန်ဒိုဟာတန်သည် မင်သက်မိနေပြီး ပတ္တမြားကြီးကို အောက်ခံ ဝိတ်ဖြူခံပြီး ကိုင်ကြည့်လိုက်၊ မျက်စေ့တစ်ဖက် မှိတ်ကြည့်လိုက် လုပ်နေတော့၏။

ထို့နောက် သူသည် ကတုန်ကရီအသံနှင့် ပြောလိုက်၏။

"ဘုရား၊ ဘုရား. . ကိုယ့်မျက်လုံးတောင် ကိုယ်မယုံနိုင်တော့ဘူးဗျာ

www.burmeseclassic.com



နေပါဦး၊ ဒါကို ခင်ဗျား ဘယ်လိုပြန်ရတာလဲဗျ"

"ဒီနေ့မနက်ပဲ ဂျီးလစ်လဲ အချုပ်က လွတ်သွားပြီ၊ ပတ္တမြားလဲ ပိုင်ရှင်အစစ်အမှန်ဆီ ပြန်ရောက်လာပြီ-လို့ ပြောရင်လုံလောက်ပါပြီ၊ ဟောဒီမှာ လော့ကက်နဲ့ကြိုး ပတ္တမြားကို ပိုင်ခွက်ထဲထည့်လို့ရအောင် ကျုပ်ဖြုတ်ထားခဲ့တာ၊ ဒီတော့ ဒီကိစ္စကို ရှေ့မဆက်ပါနဲ့တော့-လို့ မေတ္တာရပ်ခံပါတယ်"

ဆာဂျွန်က လေးလေးစားစား ပြန်ပြောလိုက်၏။ "ခင်ဗျားဆန္ဒအတိုင်း ဖြစ်ရပါစေမယ် မစ္စတာဟုမ်းရယ်၊ ခင်ဗျားကို ကျွန်တော်အားလုံး ယုံကြည်ပါတယ်၊ ဒီကိစ္စ သိရတော့လဲ ကျွန်တော့်အနေနဲ့ ဘာလုပ်ရမှာလဲ"

"အင်း . . . ကျုပ်က လူချမ်းသာတစ်ယောက်တော့ မဟုတ်ပေဘူး၊ ဒီတော့ ခင်ဗျားဆုပေးမယ်-ဆိုတဲ့ ပေါင်ငါးထောင်ကို ကျုပ်ရသင့် မရသင့် ဆိုတာကတော့ ခင်ဗျားသဘောပါပဲ"

"ဟာ အဆပေါင်းများစွာ ပိုပေးထိုက်တာပေါ့ဗျာ၊ ဒါတင်မကသေးဘူး၊ ဖယောင်းပန်းအနီကိုင်းတစ်ကိုင်းလဲ ပို့လိုက်ပါမယ်"-ဟု ပြောရင်း ဆာဂျွန်သည် သူ့ဖိတ်ထဲမှ ချက်စာအုပ် ဆွဲထုတ်လိုက်ပါသည်။ ထိုအခါ မစ္စတာဟုမ်းသည် အနူးအညွတ် ခေါင်းကို ညွတ်လိုက်ပြီး . . .

"ဖယောင်းပန်းကိုင်းကိုတော့ ဝတ်ဆန်ကို တာဝန်ပေးရမယ်၊ ဒါနဲ့ စကားမစပ် ဆာဂျွန်ရယ်၊ ချက်လက်မှတ်ကိုတော့ တစ်စောင်စီ ခွဲရေးပေးပါလားဗျာ၊ တစ်စောင်က ပေါင်နှစ်ထောင့်ငါးရာကို ရှားလော့ဟုမ်းအတွက်၊ နောက်အလားတူ ချက်တစ်စောင်ကိုတော့ အင်ဒရူးဂျီးလစ်အတွက်လို့ပေါ့ဗျာ၊ သူ့ခမျာ ဘာရွှာခိုး မလုပ်ရဲတော့ဘူးဗျာ၊ ဒီငွေရင်းကလေးနဲ့ ဆေးပြင်းလိပ်လုပ်ငန်း လုပ်နိုင်ပါလိမ့်မယ်၊ သူ့ဆန္ဒလဲ ပြည့်ဝသွားတာပေါ့၊ ကျေးဇူးပါပဲ ဆာဂျွန်၊ ဒီနေ့တော့ ဓလေ့ထုံးတမ်းစဉ်လာကို ဖျက်ပြီး၊ မနက်ပိုင်းမှာ ပိုင်သောက်လိုက်တဲ့အတွက် အက်ဘတ် ပတ္တမြားကြီးအမှုဟာ အောင်မြင်စွာပဲ ပြီးဆုံးသွားခဲ့ပါပြီဗျာ"

***The Adventure of*** **THE ABBAS RUBY**



www.burmeseclassic.com

www.burmeseclassic.com



# အမျိုးသမီးနှစ်ယောက်အမှု

ကျွန်ုပ်၏မှတ်တမ်းများအရ ၁၈၈၆-ခုနှစ်၊ စက်တင်ဘာလကုန်ပိုင်း ဖြစ်၏။ ဆာဟင်နရီဘတ်စကာဗိုလ်နှင့်အတူ ဒါတ်မိုးသို့ ထွက်ခွာမသွားမီ. . . ငွေညှစ်သည့်အမှု - ဟု ထိုအချိန်ကတည်းက ခေါ်တွင်ခဲ့သည့် အမှုတစ်မှုကို စိတ်ဝင်စားဖွယ် တွေ့ရှိရ၏။

ထိုအမှုတွင် အင်္ဂလန်နိုင်ငံ၏ ဂုဏ်သိက္ခာအကြီးဆုံး အမည်နာမ တစ်ခု ပါဝင်ပတ်သက်နေလေ၏။ ယနေ့အချိန်အထိပင် မစ္စတာဟုမ်းက သူ့ အမှုများတွင် ပါဝင်ပတ်သက်ခဲ့သည့် လူပုဂ္ဂိုလ်ဆိုင်ရာတို့၏ အမည်ရင်းများကို လျှို့ဝှက်ထားရန် တိုက်တွန်းထားလေ၏။

ကျွန်ုပ်အနေဖြင့်လည်း သူ၏ဆန္ဒနှင့် ကိုက်ညီရန် အစွမ်းကုန် ကြိုးစားခဲ့ပါသည်။ ကျွန်ုပ်တို့အား ယုံကြည်ကိုးစားသဖြင့် လာရောက် ရင်ဖွင့်တိုင်ပင်ကြသောပုဂ္ဂိုလ်တို့၏ အတွင်းရေးလျှို့ဝှက်ချက်များကို လူသိရှင်ကြား ပြုလုပ်လိုက်ပါက အဆိုပါ ပုဂ္ဂိုလ်တို့နှင့် ပတ်သက်ပြီး ဂုဏ်သိက္ခာထိခိုက်စရာ လူအများအံ့ဩစရာ ဖြစ်လာနိုင်ပါသည်။

ကျွန်ုပ်တို့အပေါ်တွင် သူတို့ထားရှိခဲ့သော ယုံကြည်မှုကိုလည်း နက်ရှိုင်း ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် ဘေကာလမ်းရှိ ကျွန်ုပ်တို့၏တိုက်ခန်းသို့ ရောက်လာကာ သူတို့၏ဒုက္ခပြဿနာများကို ရင်ဖွင့်ကြသော ပုဂ္ဂိုလ်အားလုံးအား အဆင့်အတန်းမရွေး၊ ယောကျ်ားမိန်းမ မရွေး ထိုပုဂ္ဂိုလ်တို့၏ဂုဏ်သိက္ခာကို စောင့်ထိန်းရန် ကျွန်ုပ်တို့၏တာဝန်သာ ဖြစ်လေ၏။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com



ကျွန်ုပ်မှတ်မိသလောက်ဆိုလျှင် ဤဇာတ်လမ်းနှင့် ပတ်သက်ခဲ့ရသည့် ထိုနေ့သည်ကား စက်တင်ဘာလကုန်ပိုင်း၏ တစ်ခုသောနံနက်ပိုင်းတွင် ဖြစ်၏။ ထိုနေ့မှာ မှုန်မှိုင်းနေပြီး၊ စိတ်ပျက်ဖွယ် ကောင်းလောက်အောင်ပင် နှင်းများထူထပ်စွာ ကျသောနေ့လည်း ဖြစ်လေသည်။ ကျွန်ုပ်သည် စီတင်ပလေ့စ်မှ လူနာတစ်ဦးအား သွားရောက်ကြည့်ရှုပြီးနောက် နေအိမ်သို့ လမ်းလျှောက်ရင်း ပြန်လာစဉ် လမ်းဂျပိုးလေးတစ်ယောက်သည် ကျွန်ုပ်နောက်မှ ကပ်လျက်လိုက်ပါလာသည်ကို တွေ့ရလေ၏။

သူသည် ကျွန်ုပ်ကို မီလာသည်တွင် သူ့ကို ကျွန်ုပ်မှတ်မိလိုက်၏။ လန်ဒန်မြို့ရှိ လမ်းကြိုလမ်းကြားများမှ ကိစ္စများကို သိလိုသည့်အခါ မစ္စတာဟုမ်းက အခကြေးငွေပေး၍ စေခိုင်းတတ်သော ဂျပိုးကောင်လေးပင် ဖြစ်၏။

"ဟဲလို. . . ဘီလီ" - ဟု ကျွန်ုပ်က သူ့ကို နှုတ်ဆက်လိုက်သောအခါ သူက အမှတ်ရပုံ မရှိချေ။

"မီးခြစ်များ ပါသလား ဆရာ"

သူသည် ထိပ်များ 'ဖွာ'နေသည့် စီးကရက်တစ်လိပ်ကိုပြရင်း တောင်းဆိုလိုက်၏။ ကျွန်ုပ်လည်း သူ့ကို မီးခြစ်ဘူး ကမ်းပေးလိုက်၏။ သူသည် မီးခြစ်ဘူးကို ပြန်ပေးရာတွင် ကျွန်ုပ်မျက်နှာကို ကြည့်၍ တိုးတိုးလေးပြောလိုက်၏။

"ဒေါက်တာရယ်. . . တစ်ဆိတ်လောက်. . . မစ္စတာဟုမ်းကို ပြောလိုက်ပါဗျာ၊ လက်တိုလက်တောင်းခိုင်းတဲ့ ဘွိုက်ကို သတိထားပြီး စောင့်ကြည့်ပါ. . . လို့"

ထို့နောက် သူသည် ခေါင်းကို ဆတ်-ကနဲ ငြိမ့်လိုက်ပြီးနောက် သူ့လမ်းသူ ဆက်ထွက်သွားလေ၏။ ကျွန်ုပ်အနေဖြင့် ဤကဲ့သို့ လူကြုံပါးခံရသည့်အတွက် မကျေမနပ် မဖြစ်ပါ။ ကျွန်ုပ်၏မိတ်ဆွေကြီး မစ္စတာဟုမ်းသည် လွန်ခဲ့သည့်လေးငါးဆယ်ရက်ခန့်ကတည်းက အမှုတစ်ခုကို စဉ်းစားနေပုံရလေ၏၊ သူသည် ခါတိုင်းနှင့်မတူ တစ်မူထူးခြားနေပုံမှာ သူသည် ကျွန်ုပ်အား ထိုအမှုနှင့် စပ်လျဉ်း၍ တစ်စွန်းတစ်စမျှပင် ထုတ်ဖော်ပြောဆိုမှု မပြုခြင်းပင် ဖြစ်၏။ သူက ဤမျှဖုံးကွယ်ထားသော အမှုတစ်ခုအတွက် အရေးပါသည့် အချက်တစ်ချက်ကို ကျွန်ုပ်အနေဖြင့် သယ်ဆောင်လာရသည့်အတွက် ကျွန်ုပ်မှာ အတိုင်းမသိ ကျေနပ်မိ၏။

ကျွန်ုပ် ဧည့်ခန်းထဲသို့ဝင်လိုက်လျှင်ပင် မစ္စတာဟုမ်းသည် မီးဖိုရှေ့၌



www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်တွင်မှီပြီး ခွေလျက်ရှိ၏။ သူ့ကိုယ်ပေါ်တွင် မရမ်းစေ့ရောင် အင်္ကျီရှည်ကြီးကို ဝတ်ထား၏။ သူ့မျက်လုံးများသည် မျက်နှာကြက်ကို ဆေးတံမီးခိုးငွေ့များ အကြားမှ စိုက်ကြည့်နေ၏။

ရှည်လျားသော သူ့လက်တစ်ဖက်က စာတစ်စောင်ကို လက်ချောင်းသိမ်များကြားတွင် ကိုင်ထားရင်း ကုလားထိုင်ဘေးတွင် တွဲလဲကျနေ၏။ ဖောင်းကြွစာလုံးများဖြင့် ပုံနှိပ်ထားသည့် စာအိတ်တစ်အိတ်မှာ ပန်းမန်ဖြင့် အလှဆင်ထားသော သရဖူအငယ်စားလေးတစ်ခုနှင့်အတူ ကြမ်းပေါ်တွင် ကျနေလေ၏။

"အော်. . . ဝတ်ဆန်. . . ခင်ဗျားက ကျုပ်မျှော်လင့်ထားတဲ့ အချိန်ထက် စောပြီး ပြန်လာတာကိုး"-ဟု သူက စိတ်ရှုပ်ထွေးနေသော ပုံစံမျိုးနှင့် ပြောလိုက်၏။

"အဲဒါက ခင်ဗျားအတွက် ခပ်ကောင်းကောင်းပဲဗျ"-ဟု ကျွန်ုပ်ကလည်း သူ့လေသံကို မကြိုက်သဖြင့် ခပ်ဆတ်ဆတ်ပင် ပြန်ပြောလိုက်၏။ကောင်လေး ပါးလိုက်သည့် လူကြုံစကားကိုလည်း သူ့အား ပြောပြလိုက်၏။ ထိုအခါ မစ္စတာဟုမ်းသည် သူ့မျက်ခုံးများကို ပင့်လိုက်၏။

"အဲဒါ အထူးခြားဆုံးပဲဗျ၊ မှတ်မန်းဘွိုက်က ဒီကိစ္စနဲ့ ဘာဆိုင်လို့လဲ'-ဟု သူက မေးလိုက်၏။

"အဲဒါကတော့ အမှုအကြောင်းကို ဘာတစ်ခုမှမသိလို့ ကျွန်တော် ခင်ဗျားအမေးကို မပြောတတ်ဘူးဗျာ"-ဟု ကျွန်ုပ်ကလည်း ပြန်ပြောလိုက်၏။ ထိုအခါ မစ္စတာဟုမ်းသည် ခပ်အုပ်အုပ် ရယ်လိုက်ရင်း ပြောလိုက်၏။

"အမှုအကြောင်းနဲ့ပတ်သက်ပြီး ခင်ဗျားကို မပြောသေးတာက ခင်ဗျားကို မယုံကြည်လို့မဟုတ်ပါဘူးဗျာ၊ ပြဿနာက သိမ်မွေ့လွန်းအားကြီးတော့ ခင်ဗျားရဲ့ အကူအညီကို မတောင်းခင် ကျုပ်နည်းကျုပ်ဟန်နဲ့ နည်းနည်းပါးပါးလောက် လုပ်ကြည့်လိုက်ချင်လို့ပါဗျာ"

"နောက်ထပ် ရှင်းပြဖို့မလိုပါဘူးဗျာ"

"ဟာ. . မဟုတ်တာဘဲ ဝတ်ဆန်ရယ်၊ အခု ကျုပ်ရဲ့အခြေအနေအရ သမ်းဆုံးကို ရောက်နေပြီဗျ၊ ကျုပ်တစ်သက်မှာ အန္တရာယ်အကြီးဆုံး ငွေညစ်မှုကြီးနဲ့ ကြုံနေပြီ၊ ကာရင်းဗိုဒ်မြို့စားကြီး-ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား"

"အော် . . ခင်ဗျားပြောတာက ကွယ်လွန်သွားတဲ့ နိုင်ငံခြားရေးဌာနက လက်ထောက်အတွင်းဝန်ကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"အတိအကျပဲပေါ့ဗျာ"

"ဒါပေမယ့် သူဆုံးသွားတာ သုံးနှစ်လောက်ရှိပြီ မဟုတ်လား"

"ခင်ဗျား ဒီကိစ္စကိုသိရင်တော့ အံ့သြမှာပဲ ဝတ်ဆန်ရေ၊ လွန်ခဲ့တဲ့လေး ငါး-ဆယ်ရက်လောက်က အဲဒီမြို့စားကြီးရဲ့ကတော် မုဆိုးမဆီက အရေးတကြီး စာတစ်စောင်ရလို့ သူတို့နေထိုင်တဲ့ ပိုလန်းပလေ့စ်ကအိမ်ကို လိုက်သွားခဲ့ပါတယ်၊ မြို့စားကတော်ဟာ သာမန်အလှ၊ သာမန်ဉာဏ်ပညာလောက်ရှိတဲ့ မိန်းမမျိုး မဟုတ်ဘူးဗျ၊ ထူးထူးခြားခြား မိန်းမမျိုးပါ၊ ဒါပေမယ့် တစ်ညတာကြောက်ရွံ့ ဒိုးရိမ် ပန်စိတ်ကြောင့် သူရော သမီးပါ သိပ်ပြီး ထိခိုက်သွားခဲ့တာပဲဗျ၊ ပြီးတော့လဲ ဖြစ်တဲ့ပြဿနာက သူတို့အဖြစ်လုံးဝမပါဘူးဗျ"-ဟု သူက ပြောလိုက်ရာ ကျွန်ုပ်က ထိုင်ခုံပေါ်ရှိသတင်းစာတစ်စောင်ကို ကောက်ယူလိုက်ပြီး သူ့စကားကို ဖြတ်ပြောလိုက်၏။

"ခဏလေး . . ၊ ခဏ . . ဒီနေ့ထုတ် တယ်လီဂရပ်ဖ်သတင်းစာထဲမှာ မြို့စားကတော်နဲ့ပတ်သက်ပြီး သတင်းတစ်ပုဒ်ပါတယ်၊ သူ့သမီး လေဒီမေရီ ဂလက်ဒေးလ်က အစိုးရအဖွဲ့ထဲက ဝန်ကြီးတစ်ဦးဖြစ်တဲ့ ဆာဂျိမ်းဖော့ဘက်နဲ့ စေ့စပ်ကြောင်းလမ်းလိုက်ပြီ ဆိုပါလားဗျ"

"သိပ်ဟုတ်တာပေါ့ဗျာ၊ ဒီမှာကြည့် . . ဒါဟာ သေသေချာချာကို ကြံစည်ရည်ရွယ်ထားတဲ့ ထိုးနှက်ချက်ပေပဲဗျ" -ဟု ပြောရင်း မစ္စတာဟုမ်းသည် သူ့အင်္ကျီရှည်ကြီး၏အိတ်ထဲမှ ပင်အပ်နှင့် တွဲထားသည့်စာရွက်နှစ်ရွက်ကို ထုတ်လိုက်ပြီး ကျွန်ုပ်ထံ ပေးလိုက်၏၊ ပြီးတော့မှ မေးလိုက်၏။

"အဲဒါတွေကို ဘယ်လိုသဘောရသလဲ ဝတ်ဆန်"

ကျွန်ုပ်လည်း စာရွက်များကို သေချာစွာ ကြည့်ရှုလိုက်ရင်း ဖြေလိုက်၏။

"တစ်စောင်ကတော့ ဟင်နရီဘော်ဝင်ဂလက်ဒေး-ဆိုတဲ့ လူပျိုတစ်ယောက်နဲ့ ဖရန့်ကိုက်ဖယ်လီတန်-ဆိုတဲ့ အပျိုတစ်ယောက်တို့ ၁၈၄၈-ခုနှစ်ဇွန်လ ၁၂-ရက်နေ့မှာ လက်ထပ်ပြီးစီးကြောင်း ဖော်ပြထားတဲ့ ပြင်သစ်ပြည် ဗဲလင့်မြို့က ထုတ်ပေးထားတဲ့ လက်ထပ်လက်မှတ်မိတ္တူပဲ၊ နောက်တစ်စောင်ကတော့ ဒီလက်ထပ်လက်မှတ်ကိုပဲ ဗဲလင့်မြို့က ဘုရားရှိခိုးကျောင်းရဲ့မှတ်ပုံတင်မှာ စာရင်းသွင်းထားတဲ့ လက်မှတ်ပဲပေါ့၊ အဲဒီ ဟင်နရီဂလက်စ်ဒေး-ဆိုတာ ဘယ်သူတုန်းဗျ"

သူက ၁၈၅၄-ခုနှစ်မှာ သူ့ဦးလေးမြို့စားကြီး ကွယ်လွန်တော့ သူဟာ



www.burmeseclassic.com

www.burmeseclassic.com



ကာရင်းဖို့ဒ်မြို့စားကြီး ဖြစ်သွားခဲ့တယ်။ နောက်ငါးနှစ်ကြာတော့ လေဒီကျွန်းစတားနီး အယ်လင်တန်နဲ့ လက်ထပ်လိုက်တယ်၊ အဲဒီအမျိုးသမီးဟာ အခု ကာရင်းဘန်မြို့စား ကတော်ပေါ့ဗျာ"

"ဒါဆိုရင် မြို့စားကြီးဟာ အရင်က မုဆိုးဖိုပေါ့"-ဟု ပြောလိုက်ရာ မစ္စတာ ဟုမ်းသည် သူ့လက်ဝါးကို သူ့လက်သီးနှင့်ထိုးရင်း ပြောလိုက်၏။

"တကယ်ယုတ်မာရက်စက်မှုကြီးပဲဗျ ဝတ်ဆန်ရဲ၊ ကျုပ်တို့မသိလိုက်ဘူး ကြည့်စမ်း၊ အခု မြို့စားကတော်ကို အသိပေးလာတယ်၊ သူ့ခင်ပွန်းမြို့စားကြီး ငယ်စဉ် ၁၁၀ ဥရောပမှာနေထိုင်ခဲ့တုန်းက လျှို့ဝှက်ပြီး လက်ထပ်ထားခဲ့တဲ့ကိစ္စ၊ နောက်ပြီး တော့ ပြောသေးတယ်။ အဲဒီ ပထမဇနီးဟာ မသေသေးဘူး၊ အသက်ရှင်လျက် ရှိနေ သေးတယ်တဲ့၊ လိုအပ်ရင် လူသိရှင်ကြားဖြစ်အောင်လုပ်ပြီး လက်ရှိမြို့စားကတော်နဲ့ လက်ထပ်မှုဟာ မယားပြိုင်ဖြစ်နေတယ်၊ ရထားတဲ့သမီးကလဲ တရားမဝင်တဲ့ သား သမီးဖြစ်ကြောင်း ကြေညာမယ်တဲ့. . ."

"ဘာဗျ၊ နှစ်ပေါင်း ၃၈-နှစ်လောက် ကြာပြီးမှဗျာ၊ ဒါကတော့ ရက်စက် လွန်းတာပဲ မစ္စတာဟုမ်းရယ်. ."

"ဒါတင်ဘယ်ကမလဲ ဝတ်ဆန်ရဲ၊ တရားဥပဒေရဲ့အမြင်မှာ မသိနားမ လည်ခြင်းဟာ အပြစ်ကင်းမဲ့တာ မဟုတ်ဘူး၊ ကာလကြာခြားချက်ကို အဲဒီပြင်သစ် အမျိုးသမီးပြောထားတဲ့ပုံက သူ့ခင်ပွန်း ရုတ်တရက် ပျောက်သွားပြီးတဲ့နောက်ပိုင်းမှာ သူမဟာ မစ္စတာဟင်နရီဂလက်ဒ်ဒေးနဲ့ ကာရင်းဖို့ဒ်မြို့စားကြီးကို မဆက်စပ်မိဘူး- လို့ ပြောထားတယ်ဗျာ၊ ကျုပ်အနေနဲ့ ဒီကိစ္စမျိုးမှာဟာ အန္တရာယ် ပိုပြီး ကြီးမလာဘူး -ဆိုရင်တော့ ကြားဝင်ပြီး မဆောင်ရွက်ချင်ဘူးဗျာ"

"ပထမဇနီးက လူသိရှင်ကြားဖြစ်အောင် လုပ်မယ်-ဆိုတဲ့ နေရာမှာ "လို အပ်ရင်"-လို့ ခင်ဗျားပြောတယ်နော်၊ ဒီတော့ ဒါဟာ ငွေညှစ်တာပဲ၊ ပြီးတော့ ငွေ ပမာဏကလဲ အတော့ကို ကြီးမားလိမ့်မယ်"-ဟု ကျွန်ုပ်က ပြောလိုက်ရာ မစ္စတာ ဟုမ်းက . . .

"ကျုပ်တို့တော့ ရေနက်ပိုင်းထဲ ရောက်နေပြီဗျို့၊ ဟိုဘက်က ငွေကြေး အနေနဲ့ လုံးဝမတောင်းဘူးဗျ၊ သူတို့ဘက်က နုတ်ပိတ်ခအနေနဲ့ တောင်းတာက နိုင်ငံတော် နဲ့ပတ်သက်နေတဲ့ စာရွက်စာတမ်းအချို့ရဲ့ မိတ္တူကိုတောင်းတာပဲ၊ အဲဒါတွေဟာ အောက်စဖို့ဒ်လမ်းထဲက လျှို့ဘာဏ်ရဲ့ အခန်းကြီးထဲက သိုင်းပိတ် ထားတဲ့ သေတ္တာထဲမှာ အခုထိ ရှိနေတယ်"

www.burmeseclassic.com



"တော်တော် တရားလွန်တာပဲဗျာ"

"တရားလွန်တယ်တော့ မဟုတ်ဘူးပေါ့ဗျာ၊ ကွယ်လွန်သွားတဲ့ မြို့စားကြီးဟာ နိုင်ငံခြားရေးဌာနရဲ့ လက်ထောက်အတွင်းဝန်ဆိုတော့ အရေးကြီးတဲ့ စာရွက်စာတမ်းတွေဆိုရင် မူရင်းကို နိုင်ငံတော်က ထိန်းသိမ်းပြီး မိတ္တူကို သူက သိမ်းဆည်းရတယ်-ဆိုတာကိုလဲ သတိရဦးလေ၊ အဲဒီ စာရွက်စာတမ်းတွေဟာ သာမန်အချိန်မျိုးမှာ အကြောင်းမထူးပေမယ့်၊ နှစ်တွေကြာလို့ အခြေအနေတွေ ပြောင်းလာတဲ့အခါကျတော့ နိုင်ငံခြားအမြင်နဲ့ကြည့်ရင်၊ အထူးသဖြင့် မခင်မင် မရင်းနှီးတဲ့ အစိုးရတစ်ရပ်အနေနဲ့ ကြည့်ရင် အရေးကြီးတဲ့ ပြဿနာတွေ ဖြစ်ပေါ်လာနိုင်တယ်။ ခုတော့ မြို့စားကတော်မှာ ရွေးချယ်စရာနှစ်လမ်းပဲ ရှိတော့တယ် တစ်ချက် က နိုင်ငံနဲ့လူမျိုးအပေါ် သစ္စာစောင့်သိပြီး သူ့ခင်ပွန်းနဲ့ သူတို့သားအမိ နှစ်ယောက်စလုံး သူတို့လူ့အသိုက်အဝန်းထဲမှာ ခေါင်းမဖော်ဝံ့လောက်အောင် အရှက်ကွဲခံမလား၊ နောက်တစ်ချက်က နိုင်ငံအပေါ် သစ္စာဖောက်ပြီး သူတို့ရဲ့ဂုဏ်သိက္ခာကို ထိန်းမလား၊ ဒါပဲ ဝတ်ဆန်ရေ ကျုပ်အနေနဲ့ကလဲ သူတို့ကို ကူညီဖို့-ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးဗျာ"

"ဗဲလင့်မြို့မှာ ချုပ်ခဲ့တဲ့စာချုပ်တွေရဲ့ မူရင်းတွေကိုရော ကြည့်ပြီးပြီလားဗျ"

"မြို့စားကတော်ကတော့ ကြည့်ပြီးပြီ-တဲ့၊ အားလုံးဟာ အစစ်အမှန်ဖြစ်ပုံရတယ်တဲ့၊ သူ့ခင်ပွန်းရဲ့ လက်မှတ်ကိုလဲ သူ သံသယမဖြစ်ဘူးတဲ့"

"အဲဒါတွေဟာ အတုတွေ ဖြစ်နိုင်တာပဲ"

"ဟုတ်နိုင်ပါတယ်လေ၊ ဒါပေမယ့် ဗဲလင့်ကိုလှမ်းပြီး စုံစမ်းလို့သိရတာကတော့ ၁၈၄၈-ခုနှစ်တုန်းက အဲဒီနာမည်နဲ့ အမျိုးသမီးတစ်ယောက် ရှိခဲ့ဖူးတယ်-တဲ့၊ အဲဒီအမျိုးသမီးဟာ အင်္ဂလိပ်လူမျိုးတစ်ယောက်နဲ့ လက်ထပ်ပြီး တခြားကို ပြောင်းသွားတယ်တဲ့"

ဤတွင် ကျွန်ုပ်က စောဒက တက်လိုက်၏။

"ဒါပေမယ့် မစ္စတာဟုမ်းရယ်. . . ခင်ဗျားစဉ်းစားကြည့်၊ ပြင်သစ်သူ တစ်ယောက်ကို လင်ကပစ်သွားတယ်လို့-ဆိုရင်လဲ ငွေပဲ တောင်းရမှာပေါ့၊ အခုတော့ စာရွက်စာတမ်းတွေ တောင်းတယ်-ဆိုတော့ အဲဒါတွေကို သူ ဘယ်လို သုံးမလဲ"

"အဲ . . . ခင်ဗျားအချက် ထိသွားပြီ ဝတ်ဆန်၊ ဒီအထဲမှာ ကျုပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ အဲဒါပဲဗျ၊ အီးဒစ်ဂွန်လန်မာရိန်း-ဆိုတဲ့ မိန်းမတစ်ယောက် အကြောင်း ခင်ဗျားကြားဖူးသလား"

"အဲဒီနာမည်မျိုးကို အမှတ်မရဘူးဗျာ"-ဟု ဖြေလိုက်ရာ သူက ရယ်မောပြီး ဆက်ပြောလေ၏။ "သူက ထူးခြားတဲ့ အမျိုးသမီးတစ်ဦးဗျ၊ သူ့အဖေက ရှုရှား ပင်လယ်နက်ရေတပ်က အငယ်တန်းအရာရှိပေါ့ဗျာ၊ သူ့အမေကတော့ အိုဒက်ဆာမြို့မှာ အရက်နဲ့ထမင်းဆိုင် ဖွင့်ထားတယ်၊ သူ အသက်နှစ်ဆယ်လောက်ရှိတော့ အိမ်ကထွက်ပြေးပြီး ဘူဒါပတ်မြို့မှာ အခြေချလိုက်တယ်၊ ညဘွင်းချင်းပဲ သူဟာ နာမည်ဆိုးနဲ့ ကျော်ကြားလာတယ်၊ သူ့ကြောင့် ယောကျ်ားနှစ်ယောက် ဓါးချင်းယှဉ် ခုတ်တဲ့အခါ နှစ်ယောက်စလုံး သေဆုံးသွားကြလို့ဗျ။ နောက်တော့ သူဟာ အသက်ကြီးကြီး ပရပ်ရှင်းလူမျိုး ဆေးသမားတစ်ယောက်ကို ယူလိုက်တယ်၊ အဲဒီလူက သူ့ ကို ပရပ်ရှားခေါ် သွားပြီး လုပ်ကိုင်စားသောက်နေရာက သုံးလလောက်ကြာတော့ ဆုံးသွားပြန်တယ်တဲ့။ ဆုံးသွားရတဲ့ အကြောင်းကလည်း သစ်ချသီးတွေ အစာသွပ်လုပ်ထားတဲ့ ချိုးနီလေးတွေရဲ့အသားကို အလွန်အကြူး စားလိုက်လို့တဲ့၊ စိတ်ဝင်စားဖို့တော့ ကောင်းသားပါပဲ၊ ဒီသစ်ချသီးတွေက. ."-ဟု ပြောပြီး ခဏရပ်ကာ မစ္စတာဟုမ်းက ဆက်ပြောလေ၏။

"လွန်ခဲ့တဲ့နှစ်လောက်ကဆိုရင် လန်ဒန်၊ ပဲရစ်၊ ဘာလင်မြို့ကြီးတွေမှာ သူမပါရင် ညပွဲမစည်ဘူးလေ၊ ကျုပ်ပြောတာကို ယုံပါ၊ အကယ်၍များ သဘာဝတရားက သူ့လုပ်ငန်းကို သူစိတ်ကြိုက်ရွေးချယ်တဲ့ မိန်းမတစ်ယောက်ကို ဖန်ဆင်းမယ်-ဆိုရင်တော့ အဲဒါ အီးဒစ်ဂွန်လန်မာရိန်းပဲ"

"သူဟာ . . . စပိုင်-လို့ . . . ဆိုလိုတာလား"

"သူဟာ သာမန်စပိုင် မဟုတ်ဘူး၊ ကျုပ်ဟာ သာမန်ရဲစုံထောက်တွေထက် အဆင့်ပိုမြင့်သလို သူကလဲ သာမန်စပိုင်တွေထက် အဆင့်ပိုမြင့်တယ်ဗျ၊ သူ့ကို ကျုပ် မသက်ာ ဖြစ်နေတာကြာပြီ၊ သူဟာ ထိပ်တန်းနိုင်ငံရေး အသိုင်းအဝိုင်းထဲမှာ လှုပ်ရှားနေတယ်၊ နောက် ဒီအမျိုးသမီးဟာ ပါးနပ်တယ်၊ ရည်ရွယ်ချက် ကြီးတယ်၊ ပြီးတော့ ရက်လဲရက်စက်တယ်၊ သူဟာ ဒီလျှို့ဝှက်လက်ထပ်ခဲ့တဲ့ စာချုပ်တွေကို ကိုင်ပြီး ကာရင်းဖို့ဒ်မြို့စားကတော်နဲ့သူ့သမီးကို ဘဝပျက်အောင် ခြိမ်းခြောက်နေတယ်။ သူလိုချင်တာကို ပေးလိုက်ရင်လဲ အင်္ဂလန်နိုင်ငံအတွက် အကြီးအကျယ် ထိခိုက်နိုင်တယ်၊ ဒီလိုအချိန်မျိုးမှာ ကျုပ်ဟာ-ဘာမှ အသုံးမကျဘူး၊ အပြစ်မဲ့တဲ့ မိန်းမတစ်ယောက်ကို မကာကွယ်နိုင်ဘူး၊ သူ့ခမြာ ဒုက္ခကြီးလွန်း



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျုပ်ကိုပဲ အားကိုးရရှာတာဗျာ . . "

"တော်တော် သိက္ခာမဲ့တဲ့ လုပ်ရပ်ပဲဗျာ။ ဒါပေမယ့် ဘီလီပေးတဲ့ သတင်းအရ-ဆိုရင်တော့ လက်တိုလက်တောင်း အလုပ်သမား ဘွိုက်တစ်ယောက်တော့ ဒီကိစ္စမှာ ပါနေပြီ"

"ဟုတ်တယ်ဗျ၊ ကျုပ်လဲ ဒီသတင်းကြောင့် အတော်ခေါင်းရှုပ်သွားတယ်"-ဟု ပြောရင်း မစ္စတာဟုမ်းသည် ပြတင်းပေါက်မှ လှမ်းမြင်နေရသည့် မြင်းရထားများကို အတွေးနှင့် ကြည့်နေလေ၏။

"လက်တိုလက်တောင်းလုပ်တဲ့ ဘွိုက်-ဆိုတဲ့ လူကတော့ ခိုင်းသမျှလုပ်မယ့်လူ မဟုတ်ဘူး၊ ဝတ်ဆန်ရေ . . သူစပြီး အလုပ်လုပ်ကတည်းက ယောက်ျားအစေခံလုပ်ခဲ့တာ၊ သူဟာ လန်ဒန်မှာရှိတဲ့ မြင်းပွဲဒလံတွေထဲမှာ ဒုတိယ အန္တရာယ်အကြီးဆုံးဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင်ပဲဗျ၊ သူက ကျုပ်ကို စေတနာ ရှိနိုင်ပါ့မလားဗျာ၊ ကျုပ်ကြောင့် သူနှစ်နှစ်လောက် ထောင်ကျသွားဖူးတယ်၊ ပြိုင်မြင်းတစ်ကောင်ကို ဆေးခတ်တဲ့အမှုနဲ့ပေါ့၊ သူ့လိုင်းက ငွေညှစ်တဲ့လိုင်းတော့ မဟုတ်ဘူး၊ ဒါပြီးတော့လဲ . . "-ဟု ပြောနေရာမှ မစ္စတာဟုမ်းသည် သူ့စကားကို ရုတ်တရက် ဖြတ်လိုက်ပြီး လမ်းထဲသို့ မျှော်ကြည့်လိုက်သည်။ ပြီးနောက် သူသည် အလန့်တကြား လှမ်းပြောလိုက်၏။

"ဟိုက် . . ဟိုမှာ သူကိုယ်တိုင် လာနေပြီဗျို့၊ ဒီကိုလာတာပဲ ဖြစ်ရမယ်၊ ဝတ်ဆန်ရေ၊ ခင်ဗျား အိပ်ခန်းတံခါးနောက် သွားပြီး ဝင်နေဗျာ၊ ဘွိုက်ဆိုတဲ့လူက သက်သေရှိရင် စကားကောင်းကောင်း ပြောတဲ့လူစား မဟုတ်ဘူး"

ထို့နောက် အောက်ထပ်မှ ခေါင်းလောင်းတီးသံ ကြားရပြီးနောက် ကျွန်ုပ်လည်း အိပ်ခန်းထဲသို့ ဝင်နေလိုက်၏။ လှေခါးပေါ်တွင် လေးလံသော ခြေသံများ ကြားရပြီး တံခါးခေါက်သံနှင့် အထဲသို့ဝင်ရန် မစ္စတာဟုမ်း၏ ဖိတ်ခေါ်သံတို့ကိုပါ ကြားလိုက်ရ၏။ အိပ်ခန်းတံခါးအက်ကြောင်းအတွင်းမှ ကျွန်ုပ်မြင်နေရသည်မှာ ထိုသူသည် ကိုယ်ခန္ဓာတောင့်ခိုင်သော လူတစ်ယောက်၊ အသားနီစပ်စပ်နှင့် သဘောကောင်းပုံရသည့် မျက်နှာထားရှိကာ၊ အဆုပ်လိုက် အဆုပ်လိုက်ပေါက်နေသည့် ပါးမုန်းမွေးများရှိပြီး ကုတ်အင်္ကျီအကွက်နှင့် အညိုရောင် ထိပ်ပြားသက္ကလပ်ဦး ထုပ်တို့ကို ဆောင်းထား၏။ ထို့အပြင် သူသည် လက်အိတ်များကို ဝွပ်ထားကာ လေးလံပုံရသည့် မာလကာကြိမ်တုတ်ကြီးကို ကိုင်ထားလေ၏။ သူ့အပြင်အဆင် ပုံပန်းသဏ္ဍာန်သည် တောသူဌေး မြေပိုင်ရှင်ပုံစံမျိုး ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ညှိခမ်းအဝင် ခြေကျော့မှနေ၍ မစ္စတာဟုမ်းကို စိုက်ကြည့်နေချိန်တွင် ကျွန်ုပ်သည် သူ့မျက်လုံးများကို ကောင်းစွာလှမ်းမြင်နေရ၏။ သူ့မျက်လုံးများသည် ဝိုင်းစက်တောက်ပြောင်နေပြီး ခြွေမျက်စေ့များကဲ့သို့ ငြိမ်သက်နေ၏။ ထို့နောက် သူသည် အသံခပ်ဆူးဆူးဖြင့် ပြောလိုက်၏။

"ကျွန်တော်တို့ စကားနည်းနည်းလောက် ပြောမှဖြစ်မယ် မစ္စတာ ဟုမ်း တကယ့်ကိုပဲ စကားပြောမှ ဖြစ်တော့မယ်၊ ထိုင်လို့ရမလားဗျာ"-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းသည် ခပ်တင်းတင်းလေသံဖြင့်. . . .

"ကျုပ်တို့နှစ်ယောက်စလုံး မတ်တတ်နေကြရင် ပိုပြီးကောင်းမယ်" -ဟု ပြန်ပြောလိုက်ရာ ဘိုက်သည် သူ၏နီစပ်စပ်မျက်နှာကြီးကို လှည့်၍ တစ်ခန်းလုံးကို ဝေ့၍ ကြည့်လိုက်၏။

"ကောင်းပါပြီဗျာ၊ ခင်ဗျားကတော့ ဒီမှာ နွေးနွေးထွေးထွေးနဲ့ သိပ်ကို စိမ်ကျေနေတာပေါ့ဗျာ၊ ဘာတစ်ခုမှ လိုလေသေးမရှိဘူးပဲကိုး၊ ကျွန်တော်သာဆိုရင် တံခါးလာဖွင့်ပေးတဲ့ မိန်းမကြီးရဲ့ ချက်ပြုတ်တဲ့လက်ရာကို စွဲနေမှာပဲ၊ ဒါနဲ့များ ဘာဖြစ်လို့ အိမ်ပြောင်းချင်ရတာလဲ မစ္စတာရှားလော့ဟုမ်းရယ်"

"ကျုပ် ဒီနေရာကနေပြီး လိပ်စာပြောင်းဖို့ ရည်ရွယ်ချက် မရှိဘူး"

"ဒါပေမယ့် ခင်ဗျားကို ပြောင်းပေးချင်တဲ့လူတွေ ရှိတယ်၊ ကျွန်တော်ကတော့ ပြောပါတယ်၊ မစ္စတာဟုမ်းဟာ လူကြီးလူကောင်းတစ်ယောက်ပါ -လို့၊ တခြားလူတွေကလဲ အဲသလိုပဲ ပြောပါတယ်၊ ခင်ဗျားဟာ လူကြီးလူကောင်း တစ်ယောက်ပါပဲတဲ့၊ ဒါပေမယ့် သူ နှာခေါင်းက နည်းနည်း ပိုမရှည်ရင်ပေါ့လေ-တဲ့၊ ခုတော့ သူနဲ့ မဆိုင်တဲ့ကိစ္စတွေထဲမှာ အမြဲတမ်း ဝင်ပါနေတာပဲ-တဲ့"

"သိပ်ကို စိတ်ဝင်စားစရာ ကောင်းတာပဲဗျာ၊ ဒါနဲ့စကားမစပ် ခင်ဗျားဟာ ဘာရိုက်တန်ကနေပြီး ဒီနေရာကို ချက်ချင်းသွားရမယ်-လို့ အပူတပြင်း အမိန့်ရလာပုံပဲ"-ဟု မစ္စတာဟုမ်းက ပြောလိုက်ရာ သူ့မျက်နှာပေါ်ရှိ အပြုံးသည် ပျောက်ကွယ်သွားတော့၏။

"ကျွန်တော် ဘယ်ကလာတယ်-ဆိုတာ ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ"

"တော်စမ်းပါဗျာ၊ ဒီနေ့ပြေးမယ့် တောင်ပိုင်းဖလား မြင်းပွဲအစီအစဉ် ကဒ်က ခင်ဗျားရဲ့အိတ်ထဲက ထိုးထွက်နေတယ်၊ ဒါပေမယ့် ကျုပ်က အပေါင်းအသင်းရွေးတဲ့နေရာမှာ လူကောင်းသူကောင်းမှ ကြိုက်တာဗျ၊ ကဲ-လိုရင်းကိုပြောပြီး ကျုပ်တို့ရဲ့တွေ့ဆုံပွဲကို အဆုံးသတ်လိုက်ပါတော့ဗျာ" -ဟု မစ္စတာဟုမ်းက ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ဘွိုက်၏နှုတ်ခမ်းများသည် ရုတ်တရက် တွန့်သွားပြီးနောက်--

"ကျွန်တော်က ခင်ဗျားထက်တောင် ပိုပြီး အဆုံးသတ်ချင်သေးတယ် ဦးစပ်စုရယ်၊ ခင်ဗျားရဲ့ ပရိယာယ်တွေကို အသုံးပြုမယ်-ဆိုရင်ပေါ့လေ၊ ဒီမှာ. . . ခင်ဗျား မဒမ်ရဲ့ကိစ္စတွေနဲ့ ကင်းကင်းနေပါ၊ ဒီလိုမှ မနေရင်တော့ ခင်ဗျားလူဖြစ်သာရတဲ့အတွက် နောင်တ ရ,ရလိမ့်မယ်။ မစ္စတာရှားလော့ဟုမ်း"-ဟု ပြောပြီး သူ့စကားကို ခပ်တိုးတိုး အဆုံးသတ်လိုက်၏။ မစ္စတာဟုမ်းကလည်း ခပ်အုပ်အုပ် ရယ်လိုက်ပြီး သူ့လက်များကို ပွတ်နေ၏။

"အဲဒါကို အကြိုက်ဆုံးပဲ၊ ဒီတော့ ခင်ဗျားဟာ မဒမ်ဗွန်လမ်မာရိန်းဆီက လာတာပဲ ဖြစ်ရမယ်" ထိုအခါ ဘွိုက်သည် သူ၏မာလကာကြိမ်တုတ်ကို လှုပ်ရှားကစွာ ဆွဲယူရင်း အော်ပြောလိုက်၏။

"ဘုရားရေ . . . ခင်ဗျား ဘယ်လိုလုပ်ပြီး ဒါကိုသိလိုက်တာပါလိမ့်၊ ကျုပ် ခင်ဗျားကို သတိပေးဖို့လာခဲ့တာပဲ၊ ဒါပေမယ့် ခင်ဗျားက တခြားလူတွေရဲ့ နာမည်တွေနဲ့ လွတ်အောင်လုပ်နေပါလား၊ ဒီတော့. . ."-ဟု ပြောပြီး ဘွိုက်သည် ကြိမ်တုတ်ထဲမှ ဓါးကို ဆွဲထုတ်လိုက်၏။

"ဒီတော့ မစ္စတာရှားလော့ဟုမ်းရေ၊ ကျုပ်ကလဲ ကျုပ်စကားတွေ မှန်ကန်ကြောင်း ပြရသေးတာပေါ့"-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းက . . .

"ကျုပ်ယုံကြည်တယ်ဗျာ ဝတ်ဆန်ရေ. . . ထိုက်တန်တဲ့ အာရုံစိုက်မှုတွေ ပြုပြီးပြီ"-ဟု ပြောလိုက်ရာ ကျွန်ုပ်ကလည်း ကျယ်လောင်စွာဖြင့် . . .

"သေချာတာပေါ့ဗျာ"-ဟု ပြန်ပြောလိုက်၏။ ထိုအခါ ဘွိုက်သည် သူ့ခြေလှမ်းများကို ရပ်လိုက်၏။ ထို့နောက် ကျွန်ုပ်သည် အိပ်ခန်းထဲမှ လေးလံလှသည့် ကြေးဝါဖယောင်းတိုင်ခုံကြီးကို ကိုင်၍ထွက်လာသည်တွင် သူသည် ညှိခန်းတံခါးသို့ ခုန်၍ပြန်ထွက်သွားလိုက်၏။ တံခါးခြေကျော်မှနေ၍ သူသည် ကျွန်ုပ်တို့ဘက်သို့ ပြန်လှည့်ပြီး ကြည့်လိုက်သေးသည်။ သူ၏သေးငယ်ပြီး ဒေါသအခိုးများထွက်နေသည့် မျက်လုံးများက နီညိုရောင်မျက်နှာကြီးပေါ်တွင် မီးပွင့်နေပြီး သူ၏ပါးစပ်မှလည်း ကျိန်ဆဲရေရွတ်သွား၏။ ထိုအခါ မစ္စတာဟုမ်းက ခပ်တင်းတင်း ပြောလိုက်၏။

"ရတယ်လေ . . . ထရိန်နာမက်ဂျားကို ခင်ဗျားဘယ်လိုလုပ်ပြီးသတ်ပါလိမ့်-လို့ ကျုပ်စဉ်းစားနေတာ တစ်ကြိမ်မကတော့ဘူး၊ အဲဒီတုန်းက ခင်ဗျား ကိုယ်ပေါ်မှာလဲ သင်ခုန်းဓါးကို မတွေ့ရဘူး၊ ခုတော့ ကျုပ်သိသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘိုက်၏မျက်နှာသည် နီညိုရောင်မှ ဖြူညစ်ညစ်အရောင်သို့ ပြောင်းလဲသွားတော့၏။

"ဘုရားရေ. . . မစ္စတာဟုမ်း၊ တကယ်မထင်ပါနဲ့၊ မိတ်ဟောင်းဆွေဟောင်းတွေမို့ ရယ်စရာပြောတာပါဗျာ"-ဟု ပြောပြီးနောက် သူသည် တံခါးမှထွက်ကာ တံခါးကို ပြန်ပိတ်လိုက်ပြီး လှေခါးအတိုင်း ပြေးဆင်းသွားလေတော့၏။ မစ္စတာဟုမ်းလည်း အူလှိုက်အသည်းလှိုက် ရယ်မောလိုက်တော့၏။

"အင်း. . . ကောင်းပါ့ဗျာ၊ ဒီလူ နောက်တစ်ကြိမ်တော့ ကျုပ်တို့ကိုလာပြီး နှောင့်ယှက်တော့မယ် မဟုတ်ပေဘူး၊ ဒါပေမယ့် ဒီလူလာလိုက်တာ ကျုပ်တို့အတွက်တော့ ကောင်းသွားတယ်"

"ဘယ်လိုနည်းနဲ့ ကောင်းတာတုန်းဗျ"

"ဒါဟာ ကျုပ်တို့အတွက် ပထမဆုံးရောင်ခြည်ပဲပေါ့ ဝတ်ဆန်ရဲ့၊ ကျုပ်ဒီအမှုကို လိုက်မှာ သူတို့ဘာဖြစ်လို့ စိုးရိမ်ကြောက်လန့်နေကြတာလဲ ကဲ. . ကဲ၊ ခင်ဗျားကုတ်အင်္ကျီနဲ့ဦးထုပ်ကို ယူလေဗျာ၊ စိတ်ဆင်းရဲနေရှာတဲ့ မြို့စားကတော်ဆီ အတူတူ သွားကြရအောင်လားဗျာ"

ကျွန်ုပ်တို့ သွားရောက်တွေ့ဆုံသည်မှာ ခေတ္တမျှသာ ကြာသော်လည်း ထိုမျှ ချောမောလှပပြီး သတ္တိရှိသော အမျိုးသမီးတစ်ဦးကို ကျွန်ုပ် တော်တော်နှင့် မေ့နိုင်လိမ့်မည် မဟုတ်ပေ။ သူမသည် သူ၌ အပြစ်တစ်စုံတစ်ရာ မရှိပါလျက် အဆိုးဝါးဆုံးသော ကံကြမ္မာနှင့် ရင်ဆိုင်ကြုံတွေ့နေရလေ၏။ နိုင်ငံကျော်ပုဂ္ဂိုလ်ကြီးတစ်ဦး၏ ဇနီး၊ မုဆိုးမ၊ တစ်နိုင်ငံလုံးက လေးစားရသည့် နာမည်ကောင်းပိုင်ရှင်၊ လူသိများ ထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦးနှင့် လက်ထပ်တော့မည့်ဆဲဆဲ ဖြစ်သော သမီးချောတစ်ဦး၏မိခင်၊ ညတွင်းချင်း ပေါ်ပေါက်၍လာသည့် ကြောက်စရာလျှို့ဝှက်ချက်ကြီး၊ ဤကိစ္စသာ လူသိထင်ရှားဖြစ်သွားလျှင် သူမ၏ ဘဝတစ်ခုလုံး ပျက်ပြားသွားစေနိုင်သည့်ကိစ္စ။

လူ့ခံစားမှု၏ အစွန်းရောက်ပုံများကို မှန်ကန်စေရန် လုံလောက်ပေပြီ။ သို့သော် ကျွန်ုပ်တို့နှစ်ဦးအား ပို့စ်လန်ပဲလေ့တွင် ရှိသော ကာရင်းဖို့ဒ်အိမ်တော်၏ ဧည့်ခန်းတွင်းသို့ ခေါ်ဆောင်သွားချိန်တွင် ကျွန်ုပ်တို့အား မတ်တတ်ရပ်၍ ကြိုဆိုနေသော အမျိုးသမီးသည်ကား ယဉ်ကျေးသိမ်မွေ့၍ လှပခန့်ညားသူ ဖြစ်လေ၏။ သူမ၏အသားအရေနှင့် ခန့်ညားလှပသည့် ဥပမိရုပ်ရှာမှ သူမ၏မျက်ခွံများအောက်ရှိ ညိုနေသောမျက်ကွင်းများထဲတွင် ကြည်လင်တောက်ပ

www.burmeseclassic.com



သော မျက်လုံးများ ရှိနေသည်မှာ သူမနှလုံးသားကို တရိရိထိပါးနေသည့် ဗုဒ္ဓသေဝနာ၏ ဒဏ်ချက်ကိုလည်း ဖော်ပြနေလေ၏။

"ကျွန်မအတွက် သတင်းထူးများပါသလား မစ္စတာဟုမ်း"-ဟု သူမသည် တည်ငြိမ်စွာ မေးလိုက်ရသော်လည်း ရှည်လျားသွယ်ပျောင်းသည့် သူ့လက်တစ်ဖက်က သူ့ရင်ဘတ်ကို ဖိထားကြောင်း တွေ့ရလေ၏။

"အမှန်တရားဟာ ဒီသံသယထက်တော့ ပိုပြီး မဆိုးနိုင်ပါဘူး၊ ဒီတော့ ကျွန်မကို ပွင့်ပွင့်လင်းလင်းသာ ပြောပါရှင်"-ဟု သူမက ပြောလိုက်ရာ မစ္စတာဟုမ်းက ဦးခေါင်းကို ညွတ်လိုက်၏။ ပြီးမှ ဖြည်းညင်းစွာ ပြောလိုက်၏။

"ခုထက်ထိတော့ ဘာသတင်းထူးမှ မရသေးပါဘူးခင်ဗျာ၊ အခုလာတာက မေးစရာလေးတစ်ခု ရှိလို့ပါ၊ ပြီးတော့ တစ်ခုလဲ တောင်းပန်ချင်လို့ပါ"

မြို့စားကတော်သည် ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်ပြီး ယပ်တောင်တစ်ချောင်းကို ယူလိုက်ကာ မစ္စတာဟုမ်း၏မျက်နှာကို သူမ၏တောက်ပသော မျက်လုံးများဖြင့် စိုက်၍ကြည့်နေလေ၏။

"မေးချင်တာတွေက . . ."

"မေးခွန်းကတော့ ခင်ဗျားဟာ ကွယ်လွန်သူမြို့စားကြီးနဲ့ နှစ်ပေါင်း သုံးဆယ်တိတိ ပေါင်းသင်းခဲ့တယ်၊ အဲဒီတော့ မြို့စားကြီးဟာ စာရိတ္တပိုင်းနဲ့ မသက်ဆိုင်တဲ့ သူရဲ့တာဝန်ပိုင်းဆိုင်ရာ လုပ်ငန်းတွေမှာ သူဟာ ဂုဏ်သရေရှိလူကြီးလူကောင်း ပီသရဲ့လား၊ ဒီမေးခွန်းကိုတော့ တိတိကျကျ ဖြေစေချင်ပါတယ်"

"မစ္စတာဟုမ်းရှင့် . . . ကျွန်မတို့ရဲ့ အိမ်ထောင်သက်တမ်းကာလအတွင်းမှာ ကျွန်မတို့ဟာ အချင်းချင်း စကားများတာတွေ စိတ်သဘောချင်း မတိုက်ဆိုင်တာတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မခင်ပွန်းဟာ မတန်မရာ အောက်တန်းကျလှတဲ့ အပြုအမူမျိုး တစ်ကြိမ်တစ်ခါမှ မလုပ်ခဲ့ဖူးပါဘူးရှင်၊ နိုင်ငံရေးနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေမှာလဲ သူလုပ်ရပ်တွေဟာ အပေးအယူတွေနဲ့ ပရိယာယ်လုပ်ခဲ့တာမျိုး မရှိခဲ့ပါဘူး၊ သူဟာ သူ့ရာထူးထက် စာရိတ္တကို ပိုပြီး အမွန်အမြတ်ထားတတ်တဲ့ လူတစ်ယောက်ပါပဲရှင်"

"ဟုတ်ပါပြီခင်ဗျာ၊ နှလုံးသားရေးရာတွေကို ကျွန်တော်သိပ်နားမလည်ပါဘူး၊ ဒါပေမယ့် ချစ်ခြင်းမေတ္တာ-ဆိုတာ လူကို အကန်းဖြစ်သွားစေတတ်တယ်-ဆိုတဲ့ လူတွေထဲမှာတော့ ကျွန်တော် မပါပါဘူး၊ ဘယ်လိုပညာနဲ့ပဲ ကြည့်ကြည့်၊ ဘယ်လိုစိတ်ဓာတ်နဲ့ပဲ ကြည့်ကြည့် အကျိုးသက်ရောက်မှုကတော့ ဆန့်ကျင်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပါပဲ၊ ဘာကြောင့်လဲလို့ဆိုတော့ ဒါဟာ တစ်ဖက်သားရဲ့စာရိတ္တပိုင်းဆိုင်ရာ ကိုယ်ကျင့်သိက္ခာကို မြှင့်တင်ပေးရမှာမို့ပါ။ ကျွန်တော်တို့ဟာ ခုနေအခါမှာသဲ့ အပ်ချက်နဲ့ ရင်ဆိုင်နေရတယ်။ အချိန်က ကျွန်တော်တို့ဘက်မှာ မရှိတော့ဘူး ဒါကြောင့် တလင်မှာ လက်ထပ်ခဲ့တယ်-ဆိုတဲ့ စာချုပ်မူရင်းတွေကို ကျွန်တော် ကြည့်ရပါလိမ့်မယ်"

"ဒါကတော့ မျှော်လင့်ချက် မရှိပါဘူး မစ္စတာဟုမ်း၊ အဲဒီမိန်းမက သူတောင်းတာ မရဘဲနဲ့တော့ အဲဒီစာချုပ်ကို သူ့လက်ထဲကနေပြီး ဘယ်တော့မှ အလွှတ်ခံမှာ မဟုတ်ပါဘူး"

"ဒါဆိုရင် ပရိယာယ်တစ်ခုခုတော့ ဆွင်ရတော့မှာပဲ၊ သူ့ဆီကို ခင်ဗျား က စာရေးလိုက်ပါ။ စာထဲမှာ အဓိကထား ပြောရမှာက အဲဒီစာချုပ်တွေဟာ အစစ်အမှန်ဖြစ်ရင် သူတောင်းတာတွေကို ပေးပါမယ်လို့၊ နောက်ပြီးတော့ စိန်ဂျိမ်းစကွဲယားမှာရှိတဲ့ သူ့ရဲ့အိမ်မှာ ခင်ဗျားကို ဒီည ၁၁-နာရီမှာ လက်ခံတွေ့ ဆုံဖို့ မေတ္တာရပ်ခံလိုက်ပါ၊ ဘယ်နှယ့်သဘောရသလဲ. . . လုပ်မလား"

"သူတောင်းတာကလွဲရင် ဘာမဆိုလုပ်ပါ့မယ်"

"ကောင်းပါပြီဗျာ . . . ပြီးတော့ နောက်ဆုံးတစ်ချက် ရှိသေးတယ်၊ ည ၁၁-နာရီ မိနစ်နှစ်ဆယ်တိတိမှာ ပရိယာယ်တစ်ခုခုဆင်ပြီး သူ့ကို စာကြည့် ခန်းထဲက ထွက်အောင်လုပ်ပါ။ ဒီစာကြည့်ခန်းထဲက အာမခံသေတ္တာထဲမှာ သူက ဒီစာချုပ်တွေကို ထားတာနော်"

"ဒါပေမယ့် သူက အဲဒါတွေကို သူနဲ့တစ်ပါတည်း ယူထားခဲ့ရင်ကော"

"ဒါက အရေးမကြီးပါဘူးလေ"

"အာမခံသေတ္တာဟာ အဲဒီ စာကြည့်ခန်းထဲမှာ ရှိမယ်-လို့ ဘယ်လို ကြောင့် တစ်ထစ်ချ ပြောနိုင်တာလဲ"

"ကျွန်တော့်ဆီမှာ အဲဒီအိမ်ရဲ့ပုံစံ ရှိတယ်၊ မဒမ်ဗွန်လန်မာရိန်းကို အငှားချထားတဲ့ ကုမ္ပဏီကို တစ်ခါက ကျွန်တော် အကျိုးဆောင်ပေးခဲ့တဲ့ကျေးဇူး ကြောင့်ပေါ့ဗျာ။ ဒါတင်မကသေးဘူး ကျွန်တော်ကိုယ်တိုင်တောင် ကြည့်ခဲ့ပြီးပြီ"

"ကြည့်ခဲ့ပြီးပြီ . . ဟုတ်လား"

"မနေ့မနက်တုန်းက ပြူတင်းပေါက်တစ်ပေါက်ကို လျှို့ဝှက်ပြီး ချိုးဖွင့် လိုက်တယ်၊ ကိုယ်စားလှယ်တွေက ချက်ချင်းပဲ ပြူတင်းပေါက်တွေကို ပြန်ပိတ် ပေးတယ်"-ဟု မစ္စတာဟုမ်းက ပြုံးပြီးပြောလိုက်တယ်။ မြို့စားကတော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့ ကုန်းညွတ်လိုက်၏။ သူမ၏လက်တစ်ဖက်မှာ နိမ့်ချည်မြင့်ချည်ဖြင့် ရင်
ပေါ်တွင် ရှိနေ၏။ ပြီးနောက် . . .

"ဒါဖြင့် ရှင်က ဘာလုပ်ဖို့ရည်ရွယ်တာလဲ"-ဟု မေးလိုက်ရာ မစ္စတာ
ဟုမ်းလည်း ထိုင်ရာမှထလိုက်ပြီး . . .

"ဒါကတော့ ကျွန်တော့ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လုပ်ရမှာပါပဲ. . .
မအောင်မြင်ခဲ့ရင်လဲ ဒါကတော့ ရိုးဖြောင့်တဲ့ ရှုံးနိမ့်မှုပါပဲ"

ကျွန်ုပ်တို့လည်း ပြန်ရန် နှုတ်ဆက်သောအခါ မြို့စားကတော်က သူ
လက်ကို မစ္စတာဟုမ်း၏လက်ခမောင်းပေါ် တင်ပြီး မေးလိုက်၏။

"တကယ်လို့ အဲဒီစာချုပ်တွေဟာ မှန်ကန်တယ်-လို့ ရှင်ယုံကြည်ခဲ့
အဲဒါတွေကို ဖယ်ရှားပစ်မလို့လား"-ဟု မေးလိုက်ရာ မစ္စတာဟုမ်းလည်း တာ
သိသော အမူအရာမျိုးဖြင့် မြို့စားကတော်ကို ကြည့်လိုက်၏။ ပြီးမှ အေးအေး
ပြောလိုက်၏။

"ဟင့်အင်း . . . မဖယ်ရှားပါဘူး"

"ရှင်လုပ်တာ မှန်ပါတယ်၊ ကျွန်မအနေနဲ့ကလဲ မဖယ်ရှားပစ်ချင်
ဘူး၊ လူမသိတဲ့အမှား ဖြစ်ပေမယ့် ပြုပြင်ကြရမှာပါပဲ၊ ကျွန်မအနေနဲ့ နစ်နာဆ
နစ်နာပါစေရှင်၊ ကျွန်မသမီးလေးအတွက် စဉ်းစားလိုက်ရင်သာ ကျွန်မ
သတ္တိတွေ ပျောက်ကွယ်ကုန်တော့တာပါပဲရှင်"

"အဲဒီသတ္တိကိုသိလို့လဲ သတိတော့ပေးထားပါရစေ၊ အဆိုးဆုံးအတွ
လဲ မြင်ဆင်ထားပါလို့"

ထိုနေ့တစ်နေ့လုံး မစ္စတာဟုမ်းသည် ဂဏာမငြိမ် ဖြစ်နေလေ၏။ သူ
သည် မီးမပြတ်တမ်းပင် ဆေးတံကို ဖိ၍သောက်နေသဖြင့် ဧည့်ခန်းအတွင်း
လေထုမှာ မခံရပ်နိုင်အောင်ပင် မွန်းကြပ်လာပါသည်။ ထို့နောက် သူသည်လ
ကို နောက်ပစ်ပြီး အခန်းထဲတွင် လူးလာတုံ့ခေါက် လမ်းလျှောက်နေ၏။ မီး
ရှေ့သို့ ရောက်သောအခါ မီးဖိုဆောင်ပေါ်သို့ တံတောင်ဆစ်ကိုတင်၍ ကုလား
ထိုင်တွင် ထိုင်နေသည်။ ကျွန်ုပ်အား ငုံ့ကြည့်၏။ ပြီးနောက် သူက မေးလိုက်၏

"ဥပဒေကို ဖောက်ဖျက်ရဲသလား ဝတ်ဆန်"

"သိပ်ပြီးတော့ လုပ်ရဲတာပေါ့ဗျာ၊ သိက္ခာရှိတဲ့ အကြောင်း နိုင်
လောက်တယ်-ဆိုရင်ပေါ့ဗျာ"

"အေးဗျာ၊ ခင်ဗျားအပေါ်မှာတော့ မတရားရာကျနေပြီ၊ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဟိုမိန်းမရဲ့ ဥပစာအတွင်းမှာ ကျုပ်တို့ကို ဖမ်းမိသွားရင် ခက်မယ်ဗျ"

"ဒီလိုဆိုလဲ ဘာအသုံးကျတော့မှာလဲဗျာ၊ အမှန်တရားကို ဖုံးကွယ်ထားတို့ မရဘူးလေ"

"ဟုတ်တာပေါ့ဗျာ၊ တကယ်လို့ ဒါဟာ အမှန်တရားဆိုရင် အဲဒီမူရင်းစာချုပ်တွေကို ကျုပ်ကြည့်ရလိမ့်မယ်"

"ဒါကလွဲပြီး တခြားနည်းမှ မရှိတော့တာပဲ"

"ကျုပ်လဲ တခြားနည်းလမ်းတော့ဖြင့် မမြင်ဘူး"-ဟု ပြောရင်းဆိုရင်း သူသည် ဆေးတံထဲသို့ ဆေးများကို ထိုးသိပ်ထည့် ထည့်လိုက်၏။

"ဒီမှာ ဝတ်ဆန်၊ အကယ်၍များ ကျုပ်တို့နှစ်ရှည်လများ ထောင်ကျသွားခဲ့ရင်တော့ ကျုပ်က အရှေ့တိုင်းက အဆိပ်ပင်တွေအကြောင်းကို လေ့လာမယ်၊ ခင်ဗျားက လူဝီပါစချားရဲ့ ခွေးရူးပြန် ကာကွယ်ဆေးထိုးတဲ့ သဘောတရားကို ခေတ်မီအောင် လုပ်ပေါ့ဗျာ"-ဟု ပြောလိုက်၏။

ကျွန်ုပ်တို့လည်း မစ္စတာဟုမ်း၏အကြံပြုချက်အရ ညစာကို အမြင်သွက်၍ စားကြ၏။

"ဖရက်တီရဲ့ဆိုင်က နောက်ဆုံးစားပွဲမှာထိုင်ပြီး မွန်ထရာကက် တစ်ပုလင်းနဲ့. . . "ဒါဟာ ကျုပ်တို့အတွက် နောက်ဆုံးသိက္ခာရှိတဲ့ ညစာဆိုရင်လဲ ကောင်းကောင်း ဝိမ်ယူကြတာပေါ့ဗျာ"

××× ××× ×××

ညဆယ့်တစ်နာရီ ထိုးပြီးသည်နှင့် ကျွန်ုပ်တို့၏မြင်းရထားသည် ချားလမ်းထောင့်တွင် ကျွန်ုပ်တို့ကို ချပေးခဲ့၏။ အေးစိမ့်သော ညအချိန် ဖြစ်သဖြင့် နှင်းခဲများလည်း ကျစ,ပြုနေပြီဖြစ်၏။ လမ်းမီးများကလည်း ဝါထိန်ထိန် ဖြစ်နေ၏။ ထိုမီးရောင်သည် လမ်းလျှောက်ပြီး ပတ္တရောင်လှည့်သွားသည့် ရဲသားတစ်ဦး၏ဦးထုပ်ကို ပြောင်လက်စေ၏။ ရဲသားသည် သူ၏ကျားမျက်လုံးမှန်အိမ်ကို လက်ကဆွဲပြီး မှောင်မည်းတိတ်ဆိတ်နေသည့် အိမ်များ၏ဆင်ဝင်များကို ကြည့်ရှုသွားလေ၏။

စိန့်ဂျိမ်းစကွဲယားသို့ဝင်ပြီးနောက် ပလက်ဖောင်းအတိုင်း အနောက်ဖက်သို့ ကွေ့လိုက်ရာ၊ မစ္စတာဟုမ်းသည် ကျွန်ုပ်၏လက်မောင်းကို လက်ဖြင့်တို့



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်ကြီးတစ်အိမ်၏ မျက်နှာစာမှ မီးလင်းနေသော ပြူတင်းပေါက်တစ်ပေါက်ကို ညွှန်ပြလိုက်၏။

"အဲဒါ စည့်ခန်းက မီးရောင်ပဲ၊ ခပ်သုတ်သုတ် လုပ်မှဖြစ်မယ်"-ဟု သူက ခပ်တိုးတိုး ပြောလိုက်၏။ သူသည် လူသူရှင်းလင်းနေသည့် ပလက်ဖောင်းများကို တစ်ချက်မျှ ငုံ့စောင်းကြည့်လိုက်ပြီးနောက် သူသည် အိမ်ကြီး၏တံတိုင်းထိပ်ကို လက်ဖြင့် ခုန်ဆွဲလိုက်ပြီး ကျော်တက်ကာ တံတိုင်းတစ်ဖက်သို့ ခုန်ချလိုက်၏။

ကျွန်ုပ်လည်း သူ့နောက်ပါးမှ ထက်ချပ်မကွာ လိုက်ခဲ့လေ၏။ မှောင်ထဲတွင် မြင်ရသည်မှာ ကျွန်ုပ်တို့သည် မြို့အိမ်တစ်အိမ်၏ ဥယျာဉ်ထဲရှိ မြက်ပင်များနှင့် ပုန်းညက်ပင်များအကြားတွင် ရောက်ရှိနေကြ၏။ ကျွန်ုပ်တို့သည်ကား တရားဥပဒေစက်ဝန်း၏ အပြင်ပသို့ ရောက်ရှိနေကြလေပြီ ဖြစ်၏။

ရည်ရွယ်ချက်ကောင်းမွန်သည်ကို သတိရပြီး ကျွန်ုပ်ကလည်း မစ္စတာဟုမ်း၏နောက်သို့ အိမ်နံဘေးအတိုင်း လိုက်ပါလေ၏။ သူသည် မြင့်မားသော ပြတင်းပေါက်ကြီးသုံးပေါက်၏ အောက်သို့ ရောက်ရှိသည်တွင် ရပ်တန့်လိုက်၏။ ထို့နောက် ကျွန်ုပ်သည် ကျောကုန်းပေး၍ သူသည် ကျွန်ုပ်ကျောပေါ်တက်ပြီး ပြတင်းပေါက်ခုံပေါ်တွင် ရပ်ကာ လက်များက ပြတင်းဂျက်များကို လိုက်စမ်းလေ၏။ ခဏမျှအကြာတွင် ပြတင်းပေါက်သည် အသံတိတ်ပွင့်သွားပြီး သူလည်း အိမ်တွင်းသို့ ဝင်ရောက်ကာ ကျွန်ုပ်ကိုလည်း ဆွဲတင်လိုက်သဖြင့် သူ့ဘေးသို့ ရောက်ရှိသွားလေတော့သည်။ ထို့နောက် မစ္စတာဟုမ်းက ခပ်အုပ်အုပ် ပြောလိုက်၏။

"ကျုပ်တို့ စာကြည့်ခန်းထဲရောက်နေပြီ၊ ပြတင်းခန်းဆီးနောက်မှာ ပုန်းနေ. . ."

အမှောင်ထဲတွင် လုံခြုံနေသော်လည်း ကျွန်ုပ်သည် တစ်စုံတစ်ရာကို အာရုံဖြင့် ခံစားသိရှိနေရ၏။ အခန်းထဲရှိ ရှေးဟောင်းနာရီအိုကြီးထံမှ တစ် . . . တစ် . . တစ် မြည်သံမှတစ်ပါး တိတ်ဆိတ်မှုမှာ ပြင်းထန်လွန်းလှ၏။

ငါးမိနစ်မျှ ကြာပြီးနောက်၊ အိမ်ထဲတစ်နေရာမှ အသံတစ်သံ ပေါ်လာပြီး တိုးတိုးပြောဆိုသံများနှင့် ပြေးသံများက နောက်မှထက်ချပ် လိုက်ပါလာလေ၏။ တံခါးအစွန်းအောက်မှ အလင်းတန်းတစ်ခု လက်-ကနဲ ဖြစ်ပေါ်လာပြီး ပျောက်သွား၏။ ခဏမျှ ရပ်ဆိုင်းနေပြီးနောက် အလင်းရောင်ပြန်ပေါ်လာလေ၏။ တစ်ဖန် သွက်လက်သောခြေသံများကို ကြားရပြီး အလင်းတန်းက



www.burmeseclassic.com

www.burmeseclassic.com



၍ တောက်ပလာလေ၏။ ထို့နောက် တံခါးကို တွန်းဖွင့်လိုက်ပြီး လက်ထဲတွင် နံ့အိမ်တစ်လုံး ကိုင်ဆွဲထားသည့် အမျိုးသမီးတစ်ဦး အခန်းထဲသို့ ဝင်လာခလေ၏။

အချိန်ကာလ အတိတ်ဖြစ်ရပ်များကို ပျောက်ပျက်စေသော်လည်း ကျွန်ုပ်မှာမူ မနေ့က ဖြစ်ပျက်ခဲ့သလိုပင် အီဒစ်ဗွန်လန်မားရိန်းနှင့် ပထမဆုံး တွေ့ရပုံကို သတိရနေမိပါသည်။ မီးအိမ်၏အလင်းရောင်အထက်တွင် ဆင်စွယ်ရောင်မျက်နှာ၊ ညိုရွှဲသည့်မျက်လုံးများ၊ လှပ၍ကြက်သွေးရောင်ရှိသည့် နှုတ်ခမ်းများရှိသည့်မျက်နှာပိုင်ရှင်ကို တွေ့လိုက်ရ၏။ နက်မှောင်နေသည့် ဆံပင်ကို ခေါင်းပေါ်တွင် ခပ်မြင့်မြင့်ထုံးထား၏။ ပတ္တမြားများ စီခြယ်ထားသည့် သိန်းငှက်အတောင်လေးများ စိုက်ထားလေ၏။ ပြောင်နေသည့် လည်ပင်းနှင့်ပခုံးများတွင် အနက်ရောင်ဘော်ကြယ်များ တပ်ထားသည်။ ခန့်ညားသော ဂါဝန်ရှည်ကြီးက အမှောင်ထဲတွင် တောက်ပနေလေ၏။

သူမ ခေတ္တမျှ နားစွင့်သလိုနှင့် ရပ်နေ၏။ ပြီးနောက် သူ့နောက်ရှိ တံခါးကို ပိတ်ပြီး ခန်းမကြီးအတိုင်း လျှောက်သွား၏။ မြင့်မားသွယ်လျသည့် သူ့အရိပ်က သူ့နောက်မှနေပြီး သူ့လက်ထဲမှ မီးအိမ်ကလည်း စာအုပ်တွေ စီထားသည့် နံရံအတိုင်း မှုန်မွှားသည့်အရိပ်ကို ကျစေလေ၏။ ကျွန်ုပ်ကြားနေရသည့်အသံမှာ ခန်းဆီးများ၏ လှုပ်ရှားသံ ဟုတ်မဟုတ်ကို သေချာစွာမသိပါ။ သို့သော် မစ္စတာဟုမ်းသည် အခန်းထဲမှ ရုတ်တရက် လှမ်းအထွက်တွင် သူမသည် ချက်ချင်းပြန်လှည့်ပြီး မီးအိမ်ကို ခေါင်းပေါ်သို့ မြှောက်ပြီးကြည့်လိုက်၏။ အလင်းရောင်တန်းက ကျွန်ုပ်တို့ရှိရာသို့ ကျရောက်လာ၏။ သူသည် ငြိမ်သက်စွာဖြင့် မတ်တတ်ရပ်ပြီး ကျွန်ုပ်တို့အား ကြည့်နေလေ၏။ သူမ၏ ဆင်စွယ်ရောင်မျက်နှာပေါ်တွင် ကြောက်ရွံ့သည့် အရိပ်အယောင် လုံးဝမရှိပေ။

ဒေါသနှင့်အဆိပ်တို့က သူမ၏ညိုရွှဲသော မျက်လုံးများတွင် ပေါ်နေ၏။ ထိုမျက်လုံးများကလည်း ကြီးမားတိတ်ဆိတ်သည့်ခန်းမကို ဖြတ်၍ ကျွန်ုပ်တို့ကို စိုက်ကြည့်နေ၏။ ပြီးမှ သူမသည် မြွေတွန်သံကဲ့သို့ ခပ်တိုးတိုးမေးလိုက်၏။

"ရှင်တို့က ဘယ်သူတွေလဲ၊ ဘာလိုချင်လို့လဲ"-ဟု မေးလိုက်ရာ မစ္စတာဟုမ်းကလည်း ခပ်တိုးတိုးပင် ဖြေလိုက်၏။

"ငါးမိနစ်လောက်ပဲ အချိန်ပေးပါ မဒမ်ဗွန်လန်မားရိန်း"

"အော်. . ရှင်က ကျွန်မနာမည်တောင် သိနေမှကိုး၊ ရှင်တို့ဟာ သူခိုး



www.burmeseclassic.com

www.burmeseclassic.com



တွေမဟုတ်ဘူး-ဆိုရင် ဘာကိုရှာနေတာလဲ၊ အိမ်ထဲက လူတွေကို အော်မခေါ်ခင် ကြားရရင်တော့ ရယ်စရာကြီးဖြစ်နေမှာပဲ"-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းက လက်ဝဲလက်ကို ညွှန်ပြရင်း ပြောလိုက်၏။

"ကျုပ်ရဲ့အလုပ်ကတော့ ဟိုစာရွက်စာတမ်းတွေကို စစ်ဆေးဖို့ပါပဲ-လို့သာ ပြောပါရစေ၊ ကျုပ်ကတော့ လုပ်မယ်ဆိုရင် လုပ်ရမှဗျာ၊ ခင်ဗျား တခြားလူတွေကို အော်မခေါ်နိုင်အောင် ခင်ဗျားကို ပိတ်ပင်ချုပ်နှောင်ထားရမှာမျိုးတွေတော့ မလုပ်ပါရစေနဲ့ဗျာ"-ဟု ပြောလိုက်ရာ သူမသည် လက်များကိုနောက်ပစ်ထား၍ မျက်လုံးများကလည်း အရောင်တလက်လက် ထွက်နေလေ၏။

"ရှင်ဟာ လူဆိုးလူတေတစ်ယောက်ပါလား၊ ကျွန်မနားလည်သွားပြီ ရှင်ဟာ ဂရေစ့်က ငှားရမ်းထားတဲ့ သူခိုးတစ်ယောက်ပဲ"-ဟု ပြောပြောဆိုဆိုနှင့် သူသည် ရှေ့တိုးလာပြီး မှန်အိမ်ကို ရှေ့သို့တိုးမြှောက်လိုက်ကာ မစ္စတာဟုမ်း၏ မျက်နှာကို သေချာစွာကြည့်လိုက်၏။ သူ့မျက်နှာပေါ်တွင် ဒေါသမှ အံ့သြမှုသို့ ပြောင်းသွားသည်ကို တွေ့ရလေ၏။

" အော် . . . မစ္စတာရှားလော့ဟုမ်းပါလား"-ဟု ပြောပြီး သူမသည် သက်ပြင်းချ၍ ပြောလိုက်၏။ မစ္စတာဟုမ်းသည် မျက်နှာကိုလွှဲ၍ ဖယောင်းတိုင်များကို ရွှေရည်စိမ် ကြေးစားပွဲကြီးပေါ်တွင် ထွန်းလိုက်လေ၏။

"မှတ်မိဖို့ အခွင့်အရေးက ခုမှပဲ ရတော့တယ် မဒမ်"

"ထောင်ဒဏ်ငါးနှစ်ကတော့ သေချာတာပေါ့ရှင်"-ဟု သူမ၏ သွားဖြူဖြူများပေါ်အောင် အော်ပြောလိုက်၏။

"ဟုတ်ပါလိမ့်မယ်၊ ဒီကိစ္စမှာတော့ ကျုပ်ဟာ ကျုပ်ငွေနဲ့ တန်သလောက်ရမှ ဖြစ်မယ်၊ စာချုပ်တွေ . . . !"

"ရှင်က ခိုးယူရင် ဘာမဆိုရလိမ့်မယ်လို့ ထင်နေသလား၊ ကျွန်မမှာ မိတ္တူတွေ အများကြီးရှိတယ်၊ ပြီးတော့လဲ အထဲမှာပါတဲ့ အချက်တွေကလဲ မျက်မြင်သက်သေတွေ အများကြီးရှိပြီးသား၊ ရှင့်ကို ကျွန်မက လူတော်လူပါးတစ်ယောက်လို့ ထင်ခဲ့တာ၊ ခုတော့ ရှင်ကသူခိုးပဲ၊ သူခိုးမှ သာမန်သူခိုးလေးပဲ"

"ကြည့်ကြသေးတာပေါ့ဗျာ. . ."

မစ္စတာဟုမ်းက လက်ကို ဆန့်တန်းလိုက်ရာ သူမက စာချုပ်များကို သူ့ထံသို့ လှမ်းပေးလိုက်၏။

"ဝတ်ဆန်ရေ . . . စိတ်ချနေမယ်နော်၊ မဒမ်ဗွန်လမိုးမာရိန်းရေ၊



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းကြိုးကို မထိစေနဲ့နော်"

ဖယောင်းတိုင်များ၏အလင်းအောက်တွင် မစ္စတာဟုမ်းသည် ဘာချင်များကို သေသေချာချာ ဖတ်ရှုနေလေ၏။ ပြီးနောက်မှ သူသည် ကျွန်ုပ်ကို ကြည့်လိုက်ရာ သူ့မျက်နှာပေါ်မှ စိတ်ပျက်ဖွယ်အပြုံးကြောင့် ကျွန်ုပ်မှာမူ စိတ်ဓာတ်ကျသွားမိပါသည်။

"ရေစာကတော့ အင်္ဂလိပ်ပါပဲ ဝတ်ဆန်ရဲ့၊ ဒါပေမယ့် ဒီစက္ကူအမျိုးအစားက လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်လောက်တုန်းက ပြင်သစ်နိုင်ငံသို့ အမြောက်အမြား တင်သွင်းခဲ့ဖူးတယ်၊ ဒီအချက်က အရေးမပါပါဘူး၊ အလို . . . ကျုပ်ထိုးရိမ်တာကတော့ . . ."

ထိုအခိုက်အတန့်တွင် မစ္စတာဟုမ်းသည် သူ့အတွက်ထက် မြို့စားကတော်အတွက် ပို၍စဉ်းစားနေမှန်း သိသာပေ၏။

ထိုအမျိုးသမီးအတွက် မစ္စတာဟုမ်းသည် သူ၏ကိုယ်ပိုင်လွတ်လပ်ခွင့်ကိုလည်း အဆုံးအရှုံး ခံခဲ့လေသည်။ မဒမ်ဗွန်လန်မာရီန်းက လျော်ရယ်ရယ်လိုက်၏။

"အင်းလေ . . . အောင်မြင်မှုတွေက များလွန်းတော့ ခွေးက နားထင် ရောက်သွားတာပေါ့ ဟုတ်လား မစ္စတာဟုမ်း၊ ဒါပေမယ့် ဒီတစ်ချီတော့ မှားပြီ . . . ငွေကုန်ရကျိုး မနပ်တော့ဘူး"

မစ္စတာဟုမ်းသည် စာချုပ်များကို ဖယောင်းတိုင်မီးများဖြင့် ထပ်မံ၍ အနီးကပ် ကြည့်ရှုစစ်ဆေးပြန်၏။ သူ့မျက်နှာသည် ရုတ်တရက်ပြောင်းလဲသွားသည်ကို တွေ့လိုက်ရ၏။ သူ့မျက်နှာပေါ်မှ စိတ်ပျက်သည့်ဟန် အမူအရာများ ပျောက်သွားပြီး အလေးအနက်ပုံစံ ပေါ်လာလေ၏။ ရှည်လျားလှသည့် သူ့နှာခေါင်းသည် စာချုပ်ကို နမ်းမိတော့မတတ် ကြည့်နေ၏။ လူက စာချုပ်ပေါ်တွင် ကုန်း၍ နေလေ၏။

သူ့နံဘေးသို့ ကျွန်ုပ် ရောက်သွားသောအခါ သူသည် စာချုပ်နှစ်ခုစလုံးပေါ်မှ အသေးစိတ်ရေးသားထားပုံကို ညွှန်ပြလိုက်၏။

"ဒါကို ဘယ်လို နားလည်မှာလဲ ဝတ်ဆန်"

"ဖတ်ရတာ လွယ်ကူတဲ့လက်ရေးပါပဲ"

"မင်ကိုကြည့်လေဗျာ . . . မင်ကို"-ဟု သူက စိတ်မရှည်ဟန်ဖြင့် အော်ပြောလိုက်၏။ ကျွန်ုပ်လည်း သူ့ပခုံးပေါ်မှကျော်၍ ကြည့်ပြီးနောက် . . .



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . မင်ကတော့ အနက်ရောင်ပဲ၊ ဒါပေမယ့် ကျွန်တော်တို့အတွက် အထောက်အကူ မရပါဘူး။ ဒါမျိုးတွေ ကျွန်တော့်အဖေဆီက လာတဲ့စာတွေထဲမှာ တစ်ပုံတစ်ပင်ကြီး၊ ခင်ဗျားကြည့်ချင်ရင် ကျွန်တော်ပြပါ့မယ်ဗျာ" -ဟု ပြောလိုက်ရာ မစ္စတာဟုမ်းက ရယ်မောလိုက်ပြီး သူ့လက်များကို ပွတ်နေလိုက်၏။

"ကောင်းလေ့ဗျာ. . ဝတ်ဆန်ရယ်၊ ကဲ . . . တစ်ဆိတ် ဟောဒီလက်ထပ်စာချုပ်ပေါ်က ဘာင်နရီဘော်ဝင် ဂလက်ဒေးစ်-ဆိုတဲ့နာမယ်နဲ့ လက်မှတ်ကို စစ်ကြည့်ပါဦး၊ နောက်ပြီးတော့လဲ ဗဲလင့်မှတ်ပုံတင်က စာမျက်နှာမှာ သူ့နာမည်သွင်းထားပုံကိုလဲ ကြည့်ပါဦးလေ"

"အင်း--ကြည့်ရတာတော့ အားလုံး မှန်ကန်ပုံရပါတယ်၊ လက်မှတ်ကလဲ နှစ်နေရာစလုံးမှာ အတူတူပါပဲ"

"ဟုတ်ပါပြီ . . . ဒါပေမယ့် မင်ကကော"

"အဲဒီမှာတော့ အပြာရောင်လေး နည်းနည်းပါတယ်၊ ဟာ . . သေချာတယ်၊ ဒါက ရိုးရိုးနက်ပြာရောင်မင်ပဲ၊ ပြီးတော့ ဘာရှိသေးလဲ"

စာချုပ်နှစ်ခုစလုံးမှာ ရေးထားတဲ့စာလုံးတိုင်းဟာ မင်နက်နဲ့ရေးထားတာပါ။ ခြွင်းချက်ကတော့ သတိုးသားရဲ့ နာမည်နဲ့လက်မှတ်ပါပဲ၊ အဲဒီအများက မထူးဆန်းပေဘူးလား"

"ထူးဆန်းချင် ထူးဆန်းနေမှာပေါ့၊ ဒါပေမယ့် အကြောင်းမဲ့တော့ မဟုတ်ပါဘူး၊ ဂလက်ဒ်ဒေးက သူ့မင်နဲ့သူ အသုံးပြုတဲ့အကျင့် ပါနေလို့ဖြစ်မှာပါ" -ဟု ပြောလိုက်ရာ မစ္စတာဟုမ်းလည်း စာရေးစားပွဲသို့သွားပြီး ခေတ္တမျှကြာလျှင် ဌက်မွေးမင်တံနှင့် မင်ခွက်ကို ယူ၍ပြန်လာ၏။

"ကဲ . . . ဒါကို အရောင်တူတယ်လို့ ပြောမလား"-ဟု ပြောရင်း ဌက်မွေးအရင်းကို မင်ဗူးထဲစိုက်ပြီး စာချုပ်အစွန်းတွင် အမှတ်တစ်ခုနှစ်ခု ရေးပြစ်ပြီး မေးလိုက်၏။

"မင်ရောင်က အတူတူပဲ"-ဟု ကျွန်ုပ်က အတည်ပြုလိုက်၏

"ဟုတ်ပါတယ်။ ဒီအိုးထဲကမင်က နက်ပြာရောင်နော်"

ထိုအခိုက် နောက်ဘက်တွင် ရပ်နေသည့် မဒမ်ဗွန်လန်မာရီန်သည် ဘဲလ်ကြိုးကိုဆွဲရန် ခြတ်တရက် ထလိုက်၏။ သို့သော် သူဘဲလ်ကြိုးမဆွဲနိုင်မီ မစ္စတာဟုမ်း၏အသံက အခန်းထဲတွင် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ သူ



www.burmeseclassic.com

www.burmeseclassic.com



က ခပ်တင်းတင်းပင် ပြောလိုက်၏။

"ကျုပ်ပြောလိုက်မယ်နော်၊ အဲဒီဘဲလ်ကြိုးကို ခင်ဗျားဆွဲရင်တော့ ခင်ဗျားဘဝ ပျက်ပြီပဲ"

မဒမ်က ကြိုးကိုကိုင်ထားပြီး ရပ်နေလေ၏။ ပြီးမှ လှောင်သလို ပြောလိုက်၏။

"ဒါက ဘာသဘောလဲ . . ဟင်နရီဂလက်ဒ်ဒေးဟာ သူ့လက်ထပ်စာချုပ်ကို ကျွန်မတို့ ဒီစားပွဲမှာ လက်မှတ်ထိုးတယ်-လို့ ပြောချင်တာလား၊ ရှင်ဟာ အရူးပဲ၊ လူတိုင်းက ဒီမင်မျိုးကို သုံးနေကြတာပဲ"

"ယေဘုယျပြောရင်တော့ မှန်ပါတယ်၊ ဒါပေမယ့် ဒီစာချုပ်တွေ ချုပ်ဘာက ၁၈၄၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့-လို့ နေ့စွဲတပ်ထားတာနော်"

"အင်းလေ . . . အဲဒါဘာဖြစ်လဲ"

"ခင်ဗျားတော့ အမှားလေးတစ်ခုကို လုပ်လိုက်မိပြီလို့ ထင်ရတာပဲ မဒမ်၊ မဲနယ်ပါတဲ့ မင်နက် (Blue Black)-ဆိုတာ ၁၈၅၆ ခုနှစ်အထိ မပေါ်သေးဘူးဗျ"

မဒမ်၏လှပသည့်မျက်နှာပေါ်တွင် ကြောက်စရာ အသွင်တစ်ခုက မိုးရောင်၌ ထင်ရှားပေါ်လွင်လာ၏။ သူမက မြွေတွန်သလိုအသံမျိုးဖြင့် ပြောလိုက်၏။

"ရှင်ဟာ လူလိမ်" -ဟု ပြောလိုက်ရာ မစ္စတာဟုမ်းက ပခုံးကို တွန့်ပြလိုက်၏။

"အပျော်တမ်း ဓာတ်ခွဲဆရာတစ်ယောက်တောင်မှ ဒီကိစ္စကိုသက်သေပြနိုင်သေးတယ်"-ဟု ပြောပြီး သူသည် စာရွက်များကို ကောက်ယူပြီး သူ၏မိုးကာအိတ်ထဲသို့ အသေအချာ ထည့်လိုက်၏။

"တကယ်တော့ ဒါတွေဟာ ဖရန့်ကွိုက် ဖယ်လက်တန်ရဲ့ လက်ထပ်စာချုပ် အစစ်အမှန်ပါပဲ၊ ဒါပေမယ့် သတို့သားရဲ့နာမည်မှန်ကို စာချုပ်ပေါ်မှာရေးဖဲလင့်ဘုရားရှိခိုးကျောင်းရဲ့မှတ်ပုံတင်မှာရော ဖျက်ထားပြီးတော့ ဟင်နရီဒေါ်ဝင်ဂလက်ဒ်ဒေး-ဆိုတဲ့ နာမည်ကို အစားထိုးပြီး ထည့်ထားတာပါ။ လိုအပ်နေ အနုကြည့်မှန်နဲ့ စစ်ဆေးကြည့်ရင် ဖျက်ထားတဲ့အရာတွေကို တွေ့ရမယ်၊ မင်ရောင်ကလဲ အဆုံးအဖြတ်ပေးတဲ့ သက်သေခံပါပဲ၊ ဒါပေမယ့် ဒါကလဲ အမှားကလေး-ဆိုပေမယ့် သဘောကြီးတစ်ခုလုံးကို နစ်မြုပ်သွားစေနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်အစွန်တစ်ခု ဖြစ်နေတယ်လေ။ ဒီတော့ မဒမ် .. အကာအကွယ်မဲ့နေတဲ့ အမျိုးသမီးတစ်ယောက်ကို ခုလို ဒုက္ခပေးဖို့ စီမံချက်ချတာကတော့ ဒီထက် သွေးအေးတဲ့ရက်စက်မှုမျိုး မရှိဘူး-လို့သာ ပြောရတော့မှာပဲ . . ."

"ရှင်ကကော မိန်းမတစ်ယောက်ကို စော်ကားရအောင် ဘာကောင်မို့လို့ လဲ"

"သူတစ်ပါးကို ပျက်စီးအောင် ကြံစည်တဲ့နေရာမှာ တကယ်လို့ သူက သူ့ခင်ပွန်းရဲ့ လျှို့ဝှက်စာချုပ်စာတမ်းတွေကို ပေးဖို့ ငြင်းဆန်ခဲ့ရင် ခင်ဗျားက သူ့ရဲ့အခွင့်အရေးနဲ့ အခွင့်ထူးတွေကို ဖျက်ဆီးပြီးသားပဲဗျ" -ဟု မစ္စတာဟုမ်းက ခါးခါးသီးသီး ပြောလိုက်၏။

"အနည်းဆုံးတော့ ရှင် ဒီကိစ္စအတွက် ပေးဆပ်ရမယ်။ ရှင် ဥပဒေကို ချိုးဖောက်ခဲ့တာပဲ"

"မှန်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ဘဲလ်ကိုဆွဲလိုက်ပါ၊ ကျုပ်ဘက်က ချေပဖို့ကတော့ အဆင်သင့်ပဲ၊ ခင်ဗျားကို စာချုပ်စာတမ်းအတုလုပ်မှု၊ ငွေညှစ်ရန်ကြံစည်မှုနဲ့ သူလျှိုလုပ်မှု-စတဲ့အမှုတွေနဲ့ ကိုင်ရမှာပဲ၊ တကယ်တော့ ကျုပ်ဟာ ခင်ဗျားကို သက်ညှာတဲ့အနေနဲ့ ဒီနိုင်ငံကထွက်ခွာသွားဖို့ တစ်ပတ်တိတိ အချိန်ပေးမယ်၊ နောက်ကျရင်တော့ သက်ဆိုင်ရာအာဏာပိုင်တွေကို ခင်ဗျားအကြောင်း ဖွင့်ပြောလိုက်ရုံပဲ"-ဟု မစ္စတာဟုမ်းက ပြောလိုက်ရာ ခေတ္တမျှ တင်းမာသည့် အခြေအနေကို တိတ်ဆိတ်မှုက ကြီးစိုးသွား၏။ ထို့နောက်မှ အီဒစ်ဗွန်လန်မာရိန်းက စကားတစ်လုံးမျှ မဆိုတော့ဘဲ သူမ၏ဖြူဖွေးလှပ၊ ပုံပန်းကျသောလက်မောင်းကို မြှောက်ပြီး ကျွန်ုပ်တို့အား တံခါးပေါက်ကို ညွှန်ပြလိုက်တော့၏။

xxx xxx xxx

နောက်တစ်နေ့ . . . နံနက်ဆယ့်တစ်နာရီထိုးပြီ ဖြစ်သော်လည်း စားပွဲပေါ်မှ နံနက်စာ စားပြီးသားများကို ရှင်းလင်းခြင်း မပြုရသေးပေ။ မစ္စတာဟုမ်းသည် နံနက်စောစော အပြင်သွားရာမှ ပြန်ရောက်လာပြီး အဝတ်အစားများ လဲလှယ်ကာ၊ မီးဖိုရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး သူ့ဆေးတံထဲမှ ဆေးချေးများကို ထိုးကော်ထုတ်နေလေသည်။ ကျွန်ုပ်က စကားမေးလိုက်၏.



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား မြို့စားကတော်ကို တွေ့ပြီးပြီလား"

"တွေ့ပြီးပါပြီ၊ သူ့ကိုလဲ ဒီအမှုနဲ့ဆိုင်တဲ့အချက်အလက်တွေ အားလုံး ပေးလိုက်ပြီ၊ ကြီတင်ကာကွယ်တဲ့အနေနဲ့ သူက သူ့ခင်ပွန်းသည်ရဲ့ လက်မှတ်ထိုးထားတဲ့စာချုပ်တွေကို ကျုပ်ရဲ့ထွက်ဆိုချက်နဲ့အတူ မိသားစုရှေ့နေတွေရဲ့ လက်ထဲမှာ ထားခဲ့တယ်၊ ဒါပေမယ့် အဲဒါတွေ မလိုပါဘူး၊ သူမဟာ အီဒစ်ဒွန်လန်မာရိန်းကို နောက်ထပ်ကြောက်စရာ ဘာမှမရှိတော့ပါဘူး"

"ခင်ဗျားကြောင့်ပေါ့ . . . ဟုတ်လား"

"ဟုတ်ပဗျာ၊ ဟုတ်ပ. . အမှုက ရိုးရိုးလေးပါ။ သူ့ရဲ့ ဆုလာဘ်အဖြစ် လုပ်သွားတာပဲ"

ကျွန်ုပ်က သူ့ကို စူးစူးရှရှ ကြည့်လိုက်၏။ "ခင်ဗျားကြည့်ရတာ နည်းနည်းတော့ ပိန်ကျသွားသလိုပဲ၊ ကျေးလက်ဒေသကို လေးငါးဆယ်ရက်လောက် သွားနေသင့်တယ်ဗျ"

"နောက်တော့ သွားတာပေါ့ဗျာ၊ ခုတော့ မဒမ်က ဒီနိုင်ငံကမ်းခြေက မခွာသေးသမျှ ကျုပ်က ဘယ်ကိုမှ မသွားနိုင်သေးဘူး၊ ဘာကြောင့်လဲလို့ဆိုတော့ သူ့လိပ်စာက ထူးဆန်းနေလို့ဗျ"

"အောင်မာ . . . ခင်ဗျားရဲ့လည်စည်းပေါ်က ပုလဲကြီးက တယ်လှပါလား၊ အရင်တုန်းက မမြင်မိပါလား"-ဟု ကျွန်ုပ်က မေးလိုက်ရာ မစ္စတာဟုမ်းက မီးဖိုအမိုးပေါ်မှ စာနှစ်စောင်ကိုယူ၊ ကျွန်ုပ်ထံ ပစ်ပေးလိုက်၏။ ပြီးမှ ဆက်ပြောလိုက်၏။

"ခင်ဗျားလူနာတွေဆီ သွားကြည့်နေတုန်းက ရောက်လာတာဗျ"

စာတစ်စောင်မှာ ကာရင်းတန် စံအိမ်လိပ်စာနှင့် ဖြစ်ရာ၏။ စာမှာ အောက်ပါအတိုင်း ဖြစ်၏။

"သင်၏စွန့်စားမှု၊ ရဲစွမ်းသတ္တိရှိမှုတို့အတွက် မိန်းမတစ်ဦးက ပေးဆပ်ရမည့်ကြေးမှာ ဆုလာဘ်ထက်ပင် ပိုမိုပါသေးသည်။ ပုလဲမှာ ယုံကြည်မှုနှင့် ပတ်သက်၍ ရှေးခေတ်ကသင်္ကေတ ဖြစ်ပါသည်။ ဤပုလဲကို ကျွန်ုပ်အား သင်ပြန်ပေးခဲ့သည့်ဘဝ သို့မဟုတ် အသက်အတွက် အမှတ်အသားဖြစ်ပါစေ. . . မမေ့ပါ"

နောက်စာတစ်စောင်မှာ လိပ်စာလည်း မပါ၊ လက်မှတ်လည်း မပါရှိပေ၊ စာထဲတွင် ဤသို့ရေးသားထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်လည် တွေ့ဆုံပါဦးမည် မစ္စတာရှားလော့ဟုမ်း၊ မမေ့ပါ"-ဟု ကျွန်ုပ်လည်း ဖတ်ပြီးနောက် မစ္စတာဟုမ်းက ရယ်မောရှ်ပြောလိုက်၏။

"ရှုထောင့်တစ်ခုတည်းကနေပြီး ကြည့်တဲ့ အမျိုးသမီးနှစ်ယောက်နဲ့တော့ ကျုပ်ဖြင့် တွေ့ရဦးတော့မှာပဲ"-ဟု ပြောပြီး မစ္စတာဟုမ်းသည် ကုလားထိုင်ပေါ်သို့ ပစ်လှဲချကာ သူ့လက်စွဲတော်ဆေးတံကို လှမ်းယူလိုက်လေ၏။

## *The Adventure of* THE TWO WOMEN



www.burmeseclassic.com

www.burmeseclassic.com


# စမည်းရောင် ကောင်းကင်တာမန်များ

"နော်ဒစ်စိတ်ဓါတ်ဟာ ရာဇဝတ်မှုတွေကို လေ့လာသူတွေအတွက် အမြင်ကျယ်မှုကို အဟန့်အတား ဖြစ်စေတယ်-လို့ ကျုပ်ထင်တယ် ဝတ်ဆန် နောက်ဆုံးကျတော့ ရှုတ်ချစရာကောင်းလောက်တဲ့ စိတ်မဝင်စားမှုမျိုးပဲရှိမယ်" -ဟု မစ္စတာဟုမ်းက အောက်စဖို့ဒ်လမ်းမှ လူနေကျဲပါးသော ဘေကာလမ်း၏ ပလက်ဖောင်းများဆီသို့ ချိုးအကွေ့တွင် မှတ်ချက်ချ ပြောဆိုလိုက်ခြင်းဖြစ်၏။

ထိုနေ့သည်ကား ၁၉၀၁-ခုနှစ် မေလ၏ ကြည်လင်သော နံနက်ခင်း တစ်ခု ဖြစ်၏။

စစ်ယူနီဖောင်းများကို ဝတ်ဆင်ထားကြကာ ပိန်ကြုံ၍ ကြေးညိုရောင် အသားအရေရှိသည့် အမျိုးသားများသည် တောင်အာဖရိကစစ်မျက်နှာမှ နှင့် ဖြင့် ပြန်ရောက်လာရသည့်အတွက် ပျော်ရွှင်မြူးထူးနေကြသလောက်၊ အနက် ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် အမျိုးသမီးများမှာမူကား နတ်ရွာစံ ကံတော် ကုန်သွားသည့် ဘုရင်မကြီးအတွက် ပူဆွေးသောက ရောက်လျက် ရှိကြလေ၏။

"အမှုတွဲ တစ်ဒါဇင်လောက်မှာ ခင်ဗျားရဲ့ သုံးသပ်ချက်တွေ မှားယွင်း ကြောင်း သက်သေပြဖို့အတွက် ကျွန်တော့အနေနဲ့ နှီးဆော်နိုင်တယ်နော် ဟုမ်း"

ကျွန်ုပ်လည်း ထိုနေ့ နံနက် လမ်းလျှောက်ခြင်းကြောင့် မစ္စတာဟုမ်း၏ ပါးပြင်နှစ်ဖက်တွင် သွေးရောင်လျှမ်းလာသည်ကို ကျေနပ်လျက် ပြန်ပြောလိုက် ခြင်း ဖြစ်၏။ ထိုအခါ သူက မေးလိုက်၏။

" ဥပမာအနေနဲ့ ပြောပါဦးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အော် . . . နာမည်ပျက်ရှိတဲ့ ဒေါက်တာ ဂရင်းမ်ဘီရှိုင်းလော့တ်ရဲ့ အမှုလေ၊ လူတစ်ယောက်ကို သေစေချင်လို့ ယဉ်ပါးနေတဲ့မြွေကို အသုံးပြုတာကို စိတ်ဝင်စားစရာ မရှိဘူးရယ်လို့ ပေါ့ပေါ့ဆဆ ပလပ်ပစ်တာမျိုး မရဘူးလေ"

"ဟုတ်လိုက်လေဗျာ . . . ခင်ဗျားပေးတဲ့ ဥပမာကို ကျုပ်သဘောကျသွားပြီ၊ အမှုပေါင်း ငါးဆယ်လောက်မှာ ကျုပ်တို့ဟာ ဒေါက်တာရှိုင်းလော့တ်ရယ်၊ ဟိုလီပီးတားရယ်နဲ့ တခြားတစ်ယောက်နှစ်ယောက်ကို သတိရတာက သူတို့ဟာ ထုံးစံမဟုတ်တဲ့နည်းတွေကို သုံးစွဲသွားတာပါပဲဗျာ၊ ဥပမာဗျာ အရိုးတစ်ချောင်းကိုကြည့်ရုံနဲ့ အဲဒီအရိုးရဲ့ပိုင်ရှင်သတ္တဝါတစ်ကောင်လုံးကို ပြောနိုင်သိနိုင်သလိုပဲပေါ့၊ တက္ကနည်းကျ တွေးခေါ်သူတစ်ယောက်ဟာ လူမျိုးတစ်မျိုးရဲ့ ချက်ပုံမြုတ်ပုံကို ကြည့်ပြီးတော့ အဲဒီလူမျိုးရာဇဝတ်ကောင်တွေရဲ့ လတ်တလော စရိုက်လက္ခဏာတွေကို သိနိုင်ပြောနိုင်တယ်ဗျ"

"ကျွန်တော်ကတော့ တူတာကို မတွေ့ပါဘူးဗျာ"ဟု ကျွန်ုပ်က ရယ်မောပြီး ပြောလိုက်၏။

"သေသေချာချာ တွေးကြည့်စမ်းပါ ဝတ်ဆန်ရယ်. . . ဟောဟိုမှာ ကြည့်. ." -ဟု သူသည် ချောကလက်ရောင် ဘတ်စ်ကားတစ်စီးကို ညွှန်ပြလိုက်၏။ ဘတ်စကားကြီး၏ ဘရိတ်များမှ အသံမြည်နေ၏။ ကားသည် လမ်းတစ်ဖက်တွင် ရပ်လိုက်၏။

"ခင်ဗျားမှာ ဥပမာ ကောင်းကောင်း ရှိပါတယ်၊ အဲဒါဟာ ပြင်သစ်ဘတ်စ်ကားတစ်စီးပါပဲ၊ ယာဉ်မောင်းတဲ့လူကို ကြည့်လိုက်စမ်းပါ ဝတ်ဆန်၊ ဧတပ်ကမ်းခြေစခန်းက ခွင့်ရက်ရှည်ယူပြီးပြန်လာတဲ့ အရာရှိငယ်တစ်ယောက်နဲ့ စကားများနေလိုက်တာ ဒေါသမီးတွေတောက်လို့၊ အဲဒါဟာ ပြင်သစ်ဆော့ခ်နဲ့ အင်္ဂလိပ်ဟင်းရည်တို့ရဲ့ ကွာခြားချက်ပဲ၊ ဒီလိုမျိုး လူနှစ်ယောက်ဟာ ရှုထောင့်တစ်ခုထဲကနေပြီး ပြစ်မှုတစ်ခုကို ဘယ်လိုလုပ်ပြီး ချဉ်းကပ်နိုင်ပါ့မလဲ"-ဟု ပြောလိုက်ရာ ကျွန်ုပ်က ကြားဖြတ်ပြီး. . . .

"အဲဒါတွေ ထားလိုက်ပါတော့၊ ကုတ်အင်္ကျီအကွက်နဲ့လူဟာ ခွင့်ရက်ရှည် ယူထားတဲ့ အရာရှိငယ်-လို့ ခင်ဗျား ဘာကြောင့် ပြောနိုင်တာလဲ၊ ကျွန်တော်ကတော့ မသိဘူး"

"ဒီလိုလေ. . ဝတ်ဆန်ရဲ့၊ လူတစ်ယောက်ဟာ သူ့ရဲ့ဝေ့စ်ကုတ်အင်္ကျီမှာ ဘာဆိုင်းမီးယားဖဲပြားကို တပ်ထားတယ်-ဆိုရင် နောက်တစ်ချက်က သူဟာ



www.burmeseclassic.com

www.burmeseclassic.com



သက်ရှိစစ်မှုထမ်းဖို့အတွက် အသက်အရွယ် ကြီးလွန်းတယ်-ဆိုရင် နောက်တစ်ခုက ရေတပ်မှာ သုံးတဲ့ဘွတ်ဘိနပ်ကလဲ နည်းနည်းတော့ သစ်လွင်နေသေးတယ်-ဆိုရင် သူ့ကို ပင်စင်ယူပြီးကာမှ တပ်ထဲကို ပြန်ခေါ်ယူထားတယ်-ဆိုတာ သင်ရှားတယ်၊ သူ့ရဲ့လုပ်ပိုင်ခွင့်လေသံက ရိုးရိုးရေတပ်သားထက် မြင့်နေတယ်။ နောက်ပြီး သူ့အသားအရေက ပိုပြီးတော့လဲ မညိုဘူး၊ ပိုပြီးတော့လဲ မကြမ်းဘူး။ ဘတ်စ်ကားမောင်းသူရဲ့ အသားအရေလောက်ပဲ ရှိတယ်၊ ဒါကြောင့် ဒီလူဟာ ရေတပ်က အရာရှိငယ်တစ်ယောက်ဖြစ်ပြီး ကမ်းခြေစခန်း ဒါမှမဟုတ် လေ့ကျင့်ရေးစခန်းမှာ တာဝန်ကျနေတာ ဖြစ်ရမယ်"

"ခွင့်ရက်ရှည်-ဆိုတာကကော"

"သူဟာ အရပ်ဝတ်အရပ်စားတော့ ဝတ်ထားတယ်၊ ဒါပေမဲ့ လက်ရှိရာထူးက မထွက်သေးဘူး၊ ကြည့်လေ. . . သူ့ဆေးတံကို ဆေးဖြည့်နေတယ်၊ ရေတပ်သုံးအိတ်ထဲကယူပြီး ဖြည့်နေတာ၊ အဲဒီအိတ်မျိုးဟာ အပြင်က ဆေးရွက်ရောင်းတဲ့ဆိုင်မျိုးမှာ မရှိဘူး ကဲ. . ကဲ၊ ကျုပ်တို့လဲ ၁၂၁. ဘီကို ရောက်လာပြီ၊ ကျုပ်တို့အိမ်မှာမရှိတုန်း ရောက်နေတဲ့ဧည့်သည်ကိုတော့ မိတန်ကောင်းပါရဲ့ဗျာ. ."-ဟု မစ္စတာဟုမ်းက ပြောလိုက်ရာ ကျွန်ုပ်လည်း အိမ်တံခါးကို လှမ်းကြည့်လိုက်၏။

"တကယ်ပဲ မစ္စတာဟုမ်းရေ၊ ခင်ဗျားစကားက နည်းနည်းတော့ ပိုသွားပြီ"

"ဖြစ်ခဲ့ပါတယ် ဝတ်ဆန်ရယ်၊ ဒီအချိန်မျိုးမှာ အများသုံးတဲ့ မြင်းရထားဘီးတွေက ပြန်ပြီး ဆေးသုတ်တဲ့အချိန်ပဲ၊ ခင်ဗျား သေသေချာချာကြည့်ရင် ဟောဒီအဝင်လမ်းရဲ့အစွန်းကို ရထားဘီးက ခြစ်သွားလို့ သဘော်ဆေးအစိမ်းတွေ ကျန်ခဲ့တာ တွေ့လား၊ လွန်ခဲ့တဲ့ တစ်နာရီလောက်တုန်းက ဒါတွေမရှိပါဘူး၊ နောက်ပြီးတော့ မြင်းရထားကိုလဲ ဒီမှာ အချိန်အတန်ကြာအောင် စောင့်ခိုင်းထားသေးတယ်၊ ရထားမောင်းတဲ့လူကသူ့ဆေးတံကို နှစ်ခါတောင် ဆေးထုတ်ပစ်ရသေးတယ်၊ ဒါပေမဲ့ ပါလာတဲ့ဧည့်သည်ကတော့ရထားကို ပြန်လွှတ်လိုက်ပြီး၊ သူကတော့ ကျုပ်တို့လာအောင် စောင့်လိမ့်မယ်လို့မျှော်လင့်ရတာဘဲဗျ"

ကျွန်ုပ်တို့အိမ်လှေခါးထစ်များကို တက်နေစဉ် မစ္စစ်ဟပ်ဆင်သည် အိမ်ပေါ် အနိမ့်ပိုင်းမှ ပေါ်လာပြီး လှမ်းပြောလေ၏။

" ဧည့်သည်တစ်ယောက် ရောက်နေတာ တစ်နာရီလောက် ရှိပြီ



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဟုမ်း၊ ညွှဲသည်အမျိုးသမီးဟာ ညွှဲခန်းထဲမှာ ထိုင်နေတယ်၊ သူကြည့်ရတာ သိပ်ပြီးပင်ပန်းနေပုံရလို့ ကျွန်မသူ့ကို လက်ဖက်ရည်ကျကျ တစ်ခွက် ဘိုက်ထားလိုက်တယ် "

" ကျေးဇူးပဲ မစ္စစ်ဟပ်ဆင် ခင်ဗျားသိပ်တော်တာပဲ "

-ဟု ပြောပြီး မစ္စတာဟုမ်းသည် ကျွန်ုပ်ကို လှည့်ကြည့်၍ ပြုံးလိုက်၏၊ သို့သော် သူ့မျက်လုံးအိမ်ထဲတွင် လက်ကနဲ တစ်ချက်ဖြစ်သွား၏။ ပြီးမှ အေးအေးဆေးဆေး ပြောလေ၏။

" ပွဲတော့ စနေပြီ ဝတ်ဆန်ရေ "

ညွှဲခန်းထဲသို့ ဝင်လိုက်သည်တွင် ညွှဲသည်အမျိုးသမီးက မတ်တတ်ရပ်၍ ကြိုဆိုလိုက်၏။ ညွှဲသည်မှာ ငွေရောင်ဆံပင်ရှိသူ မိန်းမငယ်တစ်ဦးဖြစ်ပြီး အသက်နှစ်ဆယ်ကျော်ရုံသာ ရှိပေဦးမည်။ သူမသည် နွဲ့နှောင်း ယဉ်ကျေးသော အမူအရာရှိ၏။ သူမ၏အသားအရေမှာ နူးညံ့ပြီး ပြာသောမျက်လုံးကြီးများတွင် ခရမ်းရောင်ဟပ်နေလေ၏။ ရိုးရိုးနှင့် သပ်သပ်ရပ်ရပ် ဝတ်စားထားပြီး သမင်ညိုရောင်ဝတ်စုံနှင့် သမင်ညိုရောင်ဦးထုပ်တွင် ခရမ်းဖျော့ရောင် ငှက်မွေး တစ်ချောင်း ထိုးစိုက်ထား၏။ ကျွန်ုပ်သည် ဤအသေးအဖွဲ့များကို မသိစိတ်ဖြင့် ကြည့်ရှုမှတ်ထားမိလေသည်။ အကြောင်းမှာမူ ကျွန်ုပ်သည် ဆရာဝန်တစ်ဦး အနေဖြင့် သူမ၏မျက်လုံးအောက်မှ အညိုရောင်အရိပ်များနှင့် သူမ၏နှုတ်ခမ်း လှုပ်ရှားမှုကို ချက်ချင်း အာရုံစိုက်လိုက်မိပေ၏။ ထိုအခြင်းအရာတို့မှာ ပေါက်ကွဲလုဆဲဆဲဖြစ်သော အာရုံကြောတင်းကျပ်မှု၏ အတိုင်းအတာကို ပြသသော ကြောင့်ပင် ဖြစ်လေ၏။

မစ္စတာဟုမ်းလည်း အမျိုးသမီးအား တောင်းပန်စကားပြောပြီးနောက် မီးဖိုရှေ့မှကုလားထိုင်တွင် ထိုင်စေပြီး သူကိုယ်တိုင်မူကား သူ့ကုလားထိုင်တွင် ထိုင်ချကာ သူ့မျက်ခွံအောက်မှနေ၍ အမျိုးသမီးကို ကြည့်ရှုအကဲခတ်နေပေ သည်။

ထို့နောက် သူက နွေးထွေးသိမ်မွေ့စွာဖြင့် . . . . .

"မင်းကြည့်ရတာ သိပ်ဒုက္ခရောက်နေပုံရတယ်၊ စိတ်အေးအေးထားပါ မစ္စ် . . . ဒေါက်တာဝတ်ဆန်နဲ့ကျုပ်တို့က မင်းကို ကူညီကြမှာပါ"

"ကျွန်မနာမည်က ဒက်ဖနီဖဲရားပါရှင်"-ဟု အမျိုးသမီးက ပြောလိုက် ၏။ ပြီးမှ သူ့ခန္ဓာကိုယ်ကို ရုတ်တရက် ရှေ့သို့ကိုင်းလိုက်ပြီး မစ္စတာဟုမ်း၏မျက်

www.burmeseclassic.com



နာကို ထူးခြားစွာ ကြည့်လိုက်ပြီးနောက်. . .

"သေမင်းရဲ့သံတော်ဆင့်တွေ-ဆိုတာ အမည်းရောင်တမန်တွေကို ပြောတာလား"-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းလည်း ကျွန်ုပ်အား ပြတ်-ကနဲ လှမ်းကြည့်လိုက်၏။

"ဆေးတံ သောက်တာကိုတော့ မကန့်ကွက်ဘူး-လို့ ယုံကြည်ပါတယ်" -ဟု ပြောရင်း မစ္စတာဟုမ်းသည် သူ့လက်တစ်ဖက်ကို မီးဖိုပေါ်သို့ ဆန့်တန်းလိုက်၏။

"ကဲ-ကလေးမ၊ ကျုပ်တို့အားလုံးဟာ တစ်နေ့နေ့တော့ အမည်းရောင်တမန်တွေကို တွေ့ကြရမှာပါပဲ၊ ဒါပေမယ့် ဒီအကြောင်းလောက်နဲ့တော့လဲ ဘေကာလမ်းလာပြီး လူကြီးနှစ်ယောက်နဲ့ မဆွေးနွေးလောက်သေးပါဘူးလေ၊ ဒီတော့ သူငယ်မရဲ့ဇာတ်လမ်းကို အစကနေပြီး ပြောပြပါလားကွယ်"

"ကျွန်မကိုတော့ ရူးတယ်-လို့ ထင်ကြမှာပဲ"

-ဟု မစ္စဖဲရားက ပြောလိုက်၏။ ဖြူဖပ်ဖြူရော်ဖြစ်နေသည့် သူမ၏ပါးပြင်နှစ်ဖက်တွင် ရှက်သွေးဖြန်းလာလေ၏။

"ဒါပေမယ့် ကျွန်မတစိမ့်စိမ့်တွေးပြီး ကြောက်နေရတဲ့အချက်တွေကို ကြားပြီးရင်တော့ ကျွန်မကိုလျှောင်ကြမှာပါပဲ"

"အို . . . ဒီလိုမဖြစ်စေရပါဘူး၊ စိတ်ချပါ"

ငြိသည်မိန်းကလေးသည် သူ့အတွေ့အကြုံ အဖြစ်အပျက်များကို ပြန်၍ အစီအစဉ်ချနေသည့်ဟန်နှင့် ခေတ္တမျှရပ်နားနေသည်။ ပြီးမှ သူ့ဇာတ်လမ်းကို ထူးထူးခြားခြား ပြောပြလေ၏။

"ကျွန်မဟာ တစ်ဦးတည်းသောသမီးပါ၊ ကျွန်မအဖေကတော့ ဟမ်ရှိုင်းယားနယ်မှာရှိတဲ့ အက်ဘောစတုန်းဒင်းက ဂျိုရှုဝါဖဲရားပါပဲ၊ အဖေ့ရဲ့ညီဝမ်းကွဲကတော့ ရှီစကွန်ဘီအိုးပလေ့က ဆာရောဘတ်နော်ဘာတန်ပါပဲ၊ လွန်ခဲ့တဲ့ လေးငါးဆယ်နှစ်လောက်တုန်းကတော့ ကျွန်မဦးလေးဟာ မစ္စတာဟုမ်းနဲ့ ရင်းနှီးခင်မင်ခဲ့ဖူးပါတယ်၊ အခုလဲ သူရဲ့တိုက်တွန်းမှုနဲ့ ကျွန်မရဲ့ဒုက္ခတွေ အထွတ်အထိပ် ရောက်ရှိမှုမျိုးမှာ မစ္စတာဟုမ်းဆီကို ပြေးလာရတာပါ"

မစ္စတာဟုမ်းသည် တစ်ချိန်လုံး သူ့မျက်လုံးများကို မှိတ်ထားပြီးမှ သူ့ဆေးတံကို ပါးစပ်မှ ချွတ်လိုက်၏။

"ဒီလိုဆိုရင် သူငယ်မက ဒီမြို့ကို မနေ့ညကတည်းက ရောက်နေရဲ့



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့ ချက်ချင်းမလာဘဲ မိုးလင်းအောင် ဘာဖြစ်လို့ စောင့်နေခဲ့တာလဲကွဲ့"-ဟု မစ္စတာဟုမ်းက ပြောလိုက်ရာ မစ္စ်ဖဲရားသည် လန့်ဖျန့်သွားလေ၏။

"မနေ့ညက ဆာရောဘတ်နဲ့ ညစာစားတော့မှ သူက မစ္စတာဟုမ်းဆီကိုသွားဖို့ အကြံပြုတာပါ၊ ဒါပေမယ့် ကျွန်မနားမလည်ပါဘူး မစ္စတာဟုမ်းရယ်၊ ရှင်ဘယ်လိုလုပ်ပြီး သိတာလဲ"

"ဒါကတော့ သူငယ်မရယ်၊ ရိုးရိုးလေးပါပဲ၊ မင်းအကျီရဲ့ညာဘက်လက်ဖျားနဲ့ ညာဘက်တံတောင်ဆစ်တွေမှာ မှိုင်းဆန်တဲ့ဖုံတွေကပ်နေတယ်၊ အဲဒါဟာ ရထားတွဲပြတင်းပေါက်က ဖုံတွေပဲ၊ ဒါပေမယ့် မင်းရဲ့ရှူးဖိနပ်တွေကျတော့ ဟိုတယ်ကောင်းကောင်းရဲ့ စံချိန်မီအောင်ကိုပဲ သန့်ရှင်းတောက်ပြောင်နေတယ်"

ဤတွင် ကျွန်ုပ်က ဝင်ပြောလိုက်၏။

"မစ္စစ်ဖဲရားရဲ့ဇာတ်လမ်းကို ဘာစောဒကမှ မတက်တဲ့ နားထောင်သင့်တယ်-လို့မထင်ဘူးလား မစ္စတာဟုမ်း၊ ဆရာဝန်တစ်ယောက်အနေနဲ့ ပြောရရင်တော့ သူပခုံးပေါ်က ဝန်ထုပ်ဝန်ပိုးတွေကိုမပြီး ရွှေ့လိုက်ဖို့ အချိန်တန်နေပြီဗျ"

ထိုအခါ ညှိုသည်မိန်းကလေးသည် သူ့မျက်လုံးပြာကြီးများဖြင့် ကျေးဇူးတင်သည့် အကြည့်မျိုးဖြင့် လှပစွာ လှမ်းကြည့်လိုက်၏။

"ခုလောက်ရှိမှတော့ ကျုပ်ရဲ့နည်းစနစ်တွေကို ခင်ဗျားသိလောက်ရောပေါ့ ဝတ်ဆန်ရယ်၊ ဒါပေမယ့် မစ္စစ်ဖဲရား . . ကျုပ်ကတော့ အာရုံစိုက်လျက်ပါပဲ၊ ဆက်ပြောပါဦး"

"အဖေ့ရဲ့အစောပိုင်း ဘဝတုန်းကတော့ စွေလီကျွန်းမှာ ကုန်လှန်ခဲ့ရတယ်-ဆိုတာ ကြိုပြောထားရဦးမယ်၊ အဲဒီမှာ စပျစ်ခြံတွေ၊ သံလွင်ခြံတွေကနေပြီး ဝင်ငွေ အကြီးအကျယ် ကောင်းခဲ့ပါတယ်၊ ကျွန်မရဲ့အမေဆုံးသွားတော့ အဖေလဲ အဲဒီခြံတွေကို ငြီးငွေ့လာခဲ့တယ်၊ ဒါနဲ့ ငွေကြေးဥစ္စာတွေလဲ စုမိဆောင်းမိလာတော့ အဖေဟာ သူပိုင်တဲ့ခြံတွေကို ရောင်းချပြီးတော့ အင်္ဂလန်ကိုပြန်လာခဲ့ပါတယ်၊ ပြန်ရောက်ပြီး တစ်နှစ်လောက်အတွင်းမှာတော့ အဖေဟာ ခရိုင်တစ်ခုကနေ တစ်ခုပြောင်းပြီး အဖေ စိတ်ကြိုက်အိမ်ကို ရှာခဲ့ရတယ်။ နောက်ဆုံး ဖေဖော်ဝါရီ ဒေါ်လီမူးအနားမှာရှိတဲ့ အက်ဘောတ်စတိန်းဒင်းမှာနေဖို့ ဆုံးဖြတ်လိုက်တယ်"

"နေစမ်းပါဦး မစ္စ်ဖဲရားရယ်၊ မင်းအဖေရဲ့ လိုအပ်ချက်တွေကို ပြော



www.burmeseclassic.com

www.burmeseclassic.com



မ်းပါဦး"

"အဖေက လူထူးလူဆန်းရှင့်၊ သူလိုချင်တဲ့အချက်က လူဦးရေ မထူ ထပ်ရဘူး၊ ခပ်ကျဲကျဲသာ ဖြစ်ရမယ်၊ အနီးဆုံးဘူတာရုံနဲ့လဲ မလှမ်းမကမ်းဖြစ် မယ်၊ အက်ဘော့စတုန်းဒင်းရောက်တော့ ပျက်စီးစ ပြုနေတဲ့ စံအိမ်ကြီးတစ်ခု ကို တွေ့တော့မှပဲ စိတ်တိုင်းကျ အခြေချနိုင်ပါတော့တယ်၊ အဲဒါက လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းကပါ၊ အဲဒီနေ့ကစပြီး ဒီကနေ့အထိ ကျွန်မတို့ဟာ အမျိုး အမည်မသိရတဲ့ ကြောက်ရွံ့မှုအရိပ်မည်းကြီးအောက်မှာ နေခဲ့ရတော့တာပါ ပဲရှင်"

"ဒါနဲ့နေပါဦး၊ အမျိုးအမည်မသိရဘူးဆိုတော့ ဒီကြောက်စရာကို ဘယ်လိုလုပ်ပြီး သိသလဲ"

"ကျွန်မတို့ဘဝမှာ ထိန်းချုပ်ပြီး နေထိုင်ခဲ့ရတဲ့ အခြေအနေတွေအရ သိရတာပါ။ အဖေဟာ အိမ်နီးနားချင်းတွေနဲ့လဲ လူမှုဆက်ဆံရေးမရှိဘူး၊ အိမ်မှာသုံးဖို့ လိုအပ်တဲ့ပစ္စည်းတွေကိုလဲ အနီးဆုံးရွာက မဝယ်ဘဲ လန်းဒ်ဟာစ် က လာရောင်းတဲ့ကယ်ရီယာကားနဲ့ ဝယ်ရတယ်၊ အိမ်မှာ အတူနေကြတာက တော့ ဂလပ်စကိုကနေပြီး အဖေ့ဆီလာတဲ့ ဘဏ္ဍာစိုးကြီးမက်ကင်နေရယ်၊ သူ့ ဇနီးရယ်၊ နောက်သူ့ခယ်မ,ရယ်ပဲရှိကြပါတယ်၊ သူတို့သုံးယောက်က အိမ်အလုပ် တွေကို မျှပြီး လုပ်ကြပါတယ်"

"အိမ်အပြင်ဘက်မှာ နေတဲ့အလုပ်သမားကော. . ."

"အိမ်အပြင်မှာနေတာ မရှိပါဘူး၊ခြံထဲမှာ ဆိုတာလဲ တောကြီးမျက် မည်းလို ဖြစ်နေတာပါပဲ၊ ပိုးကောင်မွှားကောင်တွေလဲ ရှိတယ်"

"အင်း . . . ဒါကတော့ စိုးရိမ်စရာ မရှိပါဘူး မစ္စစ်ဖဲရား၊ ကျုပ်သာ ခင်ဗျားနေရာမှာ နေရရင်လဲ ဒီလိုပဲဖြစ်မှာပါပဲ၊ ဒါဖြင့် အိမ်ကြီးမှာက မင်းတို့ သားအဖနဲ့ ဒီအစေခံသုံးယောက်ပဲ ရှိတာပေ့ါ ဟုတ်လား"

"အိမ်ထဲမှာတော့ ဟုတ်ပါတယ်၊ ဝင်းထဲမှာတော့ အိမ်တစ်လုံး ရှိပါ သေးတယ်၊ အဲဒီမှာတော့ မစ္စတာဂျိမ်းတွန်စ်တန် နေထိုင်ပါတယ်၊ သူက စစ္စလီ မှာအဖေနေတုန်းက အဖေရဲ့ခြံတွေကို စီမံအုပ်ချုပ်ရတဲ့လူပါ၊ အဖေအင်္ဂလန်ကို ပြန်လာတော့ သူလဲ အတူပါလာတယ်၊ သူက အခုတော့ ပစ္စည်းထိန်းပေ့ါလေ - ဟု ပြောလိုက်ရာ မစ္စတာဟုမ်းလည်း သူ့မျက်ခုံးနှစ်ဖက်ကို ပင့်လိုက်လေ၏၊

"တကယ်ဆိုတော့ တောကြီးမျက်မည်းလို ဖြစ်နေတဲ့ခြံဝင်းကြီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ငှား မြေငှားတွေတော့ မရှိဘူး၊ ပစ္စည်းထိန်းတော့ ရှိတယ်-ဆိုတာ ထူးတော့ ထူးဆန်းတာပဲနော်"

"ဒါက အခေါ်လောက်ပဲရှိပါတယ် မစ္စတာဟုမ်းရယ်၊ မစ္စတာတွန်ဆင် ဘန်ကို ကျွန်မအဖေက ယုံကြည်စိတ်ချတယ်၊ ဒါကြောင့်လဲ စစ္စလီမှာတုန်းက သူ့လုပ်ရည်ကိုင်ရည်ကိုကြည့်ပြီး အက်ဘောစ်တန်ရောက်တော့ သူ့ကို ဒီရာထူး ပေးထားတာပေါ့"

"အော် . . . ဟုတ်တာပေါ့"

"ကျွန်မအဖေဟာ အိမ်ကနေပြီး အပြင်ကို သွားခဲလှပါတယ်၊ တစ်ခါ တစ်လေကျမှ လမ်းလျှောက်ထွက်တတ်တာပါ။ လမ်းလျှောက်တာကလဲ သူ့ပိုင် နက်ကို ကျော်လွန်ပြီး မသွားပါဘူး၊ မေတ္တာတို့ နားလည်မှုတို့ အပြန်အလှန် အကျိုးပြုမှုတို့ ရှိတယ်-ဆိုရင်တော့ အက်ဘောစတန်မှာ နေထိုင်ရတာ တော် သေးတာပေါ့၊ ခုတော့ ဒီလိုမှ မဟုတ်ဘဲ၊ အဖေဟာ ဘုရားမကြိုက်တာကိုတော့ ဘာတစ်ခုမှ မလုပ်ပါဘူး၊ ဒါပေမယ့် သံယောဇဉ်ဆိုတာမျိုး မထားတတ်ဘူး တဖြည်းဖြည်းနဲ့ ပိုဆိုးလာပြီး တစ်နေ့တစ်နေ့ သူ့စာဖတ်ခန်းထဲမှာပဲ ငြိမ်ငြိမ်တွေ နေတတ်တယ်၊ မစ္စတာဟုမ်း စဉ်းစားကြည့်ပါ၊ ကျွန်မလို အသက်အရွယ်နဲ့ သက် တူရွယ်တူသူငယ်ချင်း-ဆိုတာလဲ မရှိဘူး-ဆိုတော့ ကျွန်မဟာ ဘဝရဲ့အကောင်း ဆုံးအချိန်တွေကို ဒီလိုပဲ အထီးကျန် ကုန်ဆုံးခဲ့ရတော့မှာပေါ့၊ ကျွန်မတို့ဘဝဟာ သိပ်ပြီး ငြိမ်းငွေ့စရာ ကောင်းပါတယ်၊ ဒီလိုနဲ့နေလာခဲ့တာ လွန်ခဲ့တဲ့ငါးလလောက် တုန်းက ကိစ္စတစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်၊ ဒီကို အခုလို လာရောက်ရခြင်းရဲ့ ပထမ ဆုံး အဖြစ်အပျက်ပါပဲ"

"ကျွန်မက ပန်းခြံထဲမှာ မနက်စောစော လမ်းလျှောက်ပြီး ပြန်လာ တော့ ခြံဝက သစ်ချပင်ကြီးမှာ တစ်ခုခုကို သံနဲ့ရိုက်ထားတာတွေ့လို့ အနားကပ် ပြီး ကြည့်လိုက်တော့ ခရစ္စမတ်ကဒ်လိုလို ဘာသာရေးစာရွက်လိုလိုနဲ့ စာရွက် တစ်ရွက်ကို တွေ့လိုက်ရပါတယ် . . . . "

"အဲဒီမှာ ညဘက်မိုးကောင်းကင်ပုံနဲ့အတူ အတောင်ပံပါတဲ့ ကောင်း ကင်တမန်ကိုးယောက်ပုံကို တွေ့ရပါတယ်၊ အဲဒီကိုးယောက်မှာ ခြောက်ယောက် ကတစ်တွဲ၊ သုံးယောက်ကတစ်တွဲ တွေ့ရပါတယ်။ ကောင်းကင်တမန်တွေ-ဆို တာလဲ ခါတိုင်းမြင်ဖူးတွေ့ဖူးသလို ဖြူဖွေးတောက်ပပြီး ရောင်ခြည်တွေ ဖြာထွက် နေတာနေတာမျိုး မဟုတ်ဘူး၊ သူတို့ဟာ ဝတ်ရုံကြီးတွေကို ခြုံထားတယ်၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ခြုံထားတဲ့ ဝတ်ရုံတွေရဲ့အရောင်ကလည်း အသုဘအခမ်းအနားမှာ ဝတ်တဲ့ အနက်ရောင်တွေပါ၊ ပုံတွေရဲ့အောက်မှာ ရေးထားတဲ့စာက ခြောက်နှင့်သုံး-လို့ ရေးထားပါတယ်"

မိန်းမပျိုသည် သူ၏စကားကို ခေတ္တရပ်ထားစဉ် ကျွန်ုပ်သည် မစ္စတာဟုမ်းကို လှမ်းကြည့်လိုက်၏။ မစ္စတာဟုမ်း၏မျက်ခုံးများသည် အောက်သို့ ကျနေပြီး သူ၏မျက်လုံးများကိုလည်း မှိတ်ထားလေ၏။ သို့သော် သူ့ဆေးတံမှ ထွက်နေသည့် မီးခိုးအလိပ်ကို ကြည့်ခြင်းအားဖြင့် သူအလွန်စိတ်ပါဝင်စားနေကြောင်း သိနိုင်ပါသည်။ ထို့နောက် မိန်းမပျိုသည် သူ့စကားကို ပြန်ဆက်လေ၏။

"ပထမဆုံး ကျွန်မထင်လိုက်တာက လန်းဟာစ်ကနေပြီး ပစ္စည်းလာပို့တဲ့လူဟာ ဒီပြက္ခဒိန်ကို ကိုယ်တိုင်လက်ရောက်ပေးမသွားဘဲ ခုလိုထားခဲ့တာဟာ ထူးခြားတာပဲ-ဆိုပြီးတော့ အဲဒီစာရွက်ကိုဖြုတ်ပြီး အိမ်ပေါ်ထပ်ကို တက်သွားတော့ လှေခါးအတက်မှာပဲ အဖေနဲ့တွေ့တယ်၊ ဒီတော့ကျွန်မက. . . .

"ဒီဟာကို လမ်းသွယ်ထဲက သစ်ပင်တစ်ပင်မှာ တွေ့ခဲ့ရတယ်ဖေဖေ၊ မက်ကင်နေက ပစ္စည်းလာပို့တဲ့လူကို ပြောထားရင် ကောင်းမယ်ထင်တယ်၊ ပစ္စည်းလာပို့ရင် နောက်ကို ဒီလိုထားမပစ်ခဲ့ပါနဲ့-လို့ ပြောခိုင်းပါ၊ သမီးက ကောင်းကင်တမန်ဆိုရင် အဖြူရောင်မှကြိုက်တာ မဟုတ်ဘူးလားဖေဖေ"-လို့ ကျွန်မပါးစပ်က စကားလုံးတွေ ကုန်အောင်တောင် မပြောရသေးဘူး၊ အဖေဟာ ကျွန်မလက်ထဲက စာရွက်ကို ဖတ်-ကနဲ ဆွဲယူလိုက်ပါတယ်၊ နောက်ပြီးတော့ အဲဒီစာရွက်ကို စိုက်ကြည့်ပြီး လက်တွေတုန်နေပါတယ်၊ မျက်နှာကလဲ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်နေပါတယ်။ ဒီတော့ ကျွန်မကလဲ အဖေ့ကို မေးလိုက်ပါတယ်. . . "ဘာဖြစ်လို့လဲ အဖေ"-လို့ ကျွန်မကအော်မေးရင်း လက်နဲ့လှမ်းဖက်ထားလိုက်ပါတယ်၊ အဲဒီတော့ အဖေက. . . .

"အမည်းရောင် ကောင်းကင်ကတမန်တွေ"-လို့ တိုးတိုးလေး ပြောတယ်၊ နောက်ပြီးတော့ ကြောက်အားလန့်အားနဲ့ ကျွန်မရဲ့လက်ကို တွန်းဖယ်ပြီး သူ့စာဖတ်ခန်းထဲကို ပြေးသွားပါတယ်၊ ပြီးတော့ အခန်းကိုလဲ ဂျက်ချလိုက်ပါတယ်၊ သော့လဲ ခတ်ထားလိုက်ပါတော့တယ်"

"အဲဒီနေ့ကစပြီး အဖေဟာ အိမ်ထဲကအိမ်ပြင်ကို မထွက်တော့ဘူး အချိန် ရှိသမျှ စာဖတ်တယ်၊ စာရေးနေတယ်၊ ဂိမ်းတွန်စ်တန်နဲ့လဲ အချိန်အကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး တိုင်ပင်ဆွေးနွေးနေပါတယ်၊ ထမင်းစားချိန်မှာ တစ်ခါတစ်လေ အဖေနဲ့ဆုံတယ်၊ ကျွန်မဘဝမှာ မစွစ်နော့ဒ်လမ်ဆိုတဲ့ မိတ်ဆွေတစ်ဦးသာ မရှိရင် ကျွန်မဘဝဟာ ရပ်တည်နေနိုင်စရာတောင် မရှိတော့ပါဘူး၊ သူမဟာ ဘိုလီယူးဆရာဝန်ရဲ့ဇနီးဖြစ်ပြီးတော့ စိတ်ထားမြင့်မြတ်လှပါတယ်။ ကျွန်မရဲ့ အထီးကျန်ဘဝကိုလဲ သိနားလည်ထားတော့ တစ်ပတ်ကို နှစ်ကြိမ်သုံးကြိမ်လောက် အဖော်အဖြစ်အငြင်ကို ခံပြီးတော့ ကျွန်မဆီကို လာလည်လေ့ ရှိပါတယ်. . . .

"ဒီလိုနဲ့ နောက်ထပ်ရက်သတ္တပတ် အနည်းငယ်ကြာပြီးတဲ့နောက် မှတ်မှတ်ရရ ဖေဖော်ဝါရီလ ၁၁-ရက်နေ့မှာ မက်ကင်နေ-ဆိုတဲ့ ကျွန်မတို့ရဲ့ ဘဏ္ဍာစိုးဟာ မျက်ဖြေပျက်မျက်နှာပျက်နဲ့ ကျွန်မဆီရောက်လာပါတယ်၊ အချိန်ကတော့ မနက်စာစားပြီးခါစ,လောက်ပဲ ရှိပါဦးမယ်၊ သူကပြောပါတယ်. . . .

"ဒီကိစ္စဟာ လန်းဟာစ်ကယ်ရီယာက လုပ်တာမဟုတ်ဘူးတဲ့၊ ကျွန်မက ဘာဖြစ်တာလဲ-လို့ မက်ကင်နေကို မေးတော့ သူက အိမ်ရှေ့တံခါးကိုသာ သွားကြည့်ပါ-လို့ပြောပြီး သူ့မှတ်ဆိတ်ကိုသူ သပ်ရင်း ပလုံးပထွေးနဲ့ စကားတွေသာ ပြောသွားပါတော့တယ်. . . . .

"ဒါနဲ့ကျွန်မလဲ အိမ်ရှေ့တံခါးကိုသွားကြည့်တော့ အရင်တစ်ခါလို စာရွက်မျိုးပါပဲ၊ တံခါးရွက်မှာ သံနဲ့ရိုက်ထားတာ တွေ့ရပါတယ်၊ အရင်တစ်ခါနဲ့တော့ အတိအကျမတူပါဘူး၊ ဒီတစ်ခါတော့ ကောင်းကင်တမန်တွေဟာ ခြောက်ယောက်ပဲ ပါလာပါတယ်၊ ပြီးတော့ ခြောက်ဆိုတဲ့ဂဏန်းကို စာရွက်အောက်ခြေမှာ ရေးထားတယ်၊ ကျွန်မလဲ အဲဒီစာရွက်ကို ဆုတ်ဖြဲချပြီး ကြည့်နေရင်းနဲ့ စိတ်ထဲက ကြောက်လာမိပါတယ်။ အဲဒီအချိန်မှာပဲ လက်တစ်ဘက်က ကျွန်မလက်ထဲက စာရွက်ကိုဆွဲယူလိုက်ပါတယ်။ လှည့်ကြည့်လိုက်တော့ ကျွန်မရဲ့နောက်မှာရပ်နေတဲ့ မစ္စတာ တွန်စ်တန်ကို တွေ့လိုက်ရပါတယ်။ သူက ခပ်တည်တည်နဲ့ ပြောလိုက်ပါတယ်၊ ဒါက မင်းအတွက် မဟုတ်ဘူး မစ္စစ်ပဲရား၊ ဒီအတွက် ဘုရားသခင်ကို ကျေးဇူးတင်လိုက်ပါ . . . တဲ့" ၁

"ဒါက ဘာအဓိပ္ပာယ်လဲရှင်၊ အဖေမှာ အန္တရာယ်ရှိနေပြီ-ဆိုရင်လဲ ဘာဖြစ်လို့ ရဲကိုအကြောင်းမကြားတာလဲ-လို့ ကျွန်မက အော်ပြီး ပြောလိုက်တယ်။ သူကတော့ ခပ်အေးအေးပဲ ပြန်ပြောပါတယ်၊ ရဲကို အကြောင်းကြားဖို့ မလိုအပ်လို့ပေါ့-တဲ့၊ စိတ်ချ၊ ဒီကိစ္စကို မင်းအဖေနဲ့ ငါက ဖြေရှင်းနိုင်ပါတယ်"-လို့ ပြောပြီး သူဟာ အိမ်ထဲကို ဝင်သွားပါတယ်၊ ဒီစာရွက်ကို သူဟာ အဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



သွားပြီတာပဲ ဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဖေဟာ အရင်ကထက် ပိုပြီး အခန်း အောင်းနေတော့လို့ပါပဲ"

ဤနေရာတွင် မစ္စတာဟုမ်းက ကြားဖြတ်ပြီး မေးလိုက်၏။

"ခဏလေးနော် . . . ပထမဆုံးစာရွက်ကို တွေ့တဲ့ရက်စွဲအတိအကျကို မှတ်မိသလား"

"အဲဒါက ဒီဇင်ဘာ ၂၉-ရက်နေ့ပါ"

"ဒါဖြင့် ဒုတိယစာရွက်က ဖေဖော်ဝါရီ ၁၁-ရက်နော်၊ ကဲ. . . ဆက်ပြောပါဦး"

"နောက်နှစ်ပတ်လောက်ကြာတော့ တစ်ညနေမှာ ကျွန်မအဖေနဲ့ ကျွန်မ ညစာစားဖို့ ထမင်းစားခန်းထဲမှာ ဆုံမိကြပါတယ်။ အဲဒီနေ့ညတုန်းက မိုးတွေလေတွေကလဲ ကျနေပါတယ်၊ ထမင်းစားပြီးသွားတော့ အဖေဟာ စိတ်ရှုပ်ထွေးနေတဲ့ အမူအရာမျိုးနဲ့ ဝိုင်ကိုသောက်နေပါတယ်၊ ပြီးတော့ ကျွန်မကိုကြည့်ပြီး သူဟာ ကြောက်ရွံ့တဲ့မျက်နှာထားမျိုး ပြောင်းသွားတာကို ကျွန်မ မြင်လိုက်ရတော့ ကျွန်မတောင် ကြောက်သွားပါတယ်၊ ကျွန်မရဲ့ရှေ့ဘက် ကပ်လျက်နဲ့ အဖေကျောဘက် ကပ်လျက်မှာ ပြတင်းပေါက်တစ်ပေါက် ရှိတယ်၊ အဲဒီပြူတင်းပေါက်ခန်းဆီးတွေကို အကုန်ချမထားတော့ နေရာလပ်နေပါတယ်၊ ပြတင်းမှန်ထဲကနေ ချောင်းကြည့်နေတာကတော့ ယောကျ်ားတစ်ယောက် မျက်နှာပါပဲ၊ သူမျက်နှာအောက်ပိုင်းကို လက်နဲ့ အုပ်ထားပါတယ်။ ဒါပေမယ့် ပုံပျက်ပန်းပျက် ဖြစ်နေတဲ့ ဦးထုပ်အပိုင်းရဲ့အောက်က မျက်လုံးတစ်စုံဟာ ကြောက်စရာလဲ ကောင်း၊ မုန်းစရာလဲ ကောင်းပါတယ်၊ အဲဒီမျက်လုံးအစုံဟာ ကျွန်မကို စိုက်ကြည့်နေပါတယ်"

"အဖေကလဲ သူ့နောက်ကျောမှာ အန္တရာယ်ရှိနေပြီ-ဆိုတာ သိပုံရပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက ဖယောင်းတိုင်ထွန်းတဲ့ခုံကို ဆွဲယူပြီး ချက်ချင်းပဲ ပြတင်းပေါက်ကို ပစ်ထည့်လိုက်တယ်လေ"

"ပြတင်းပေါက်မှန်တော့ ကွဲသွားတာပေါ့၊ နောက်ပြီး ပြတင်းပေါက်ခန်းဆီးတွေလဲ လင်းနို့တွေ ဝဲပျံနေသလို လှုပ်ရှားနေပါတယ်၊ ကျန်တဲ့ဖယောင်းတိုင်-မီးတွေလဲ ငြိမ်းသွားပါတော့တယ်၊ ကျွန်မလဲ ကြောက်လန့်ပြီး သတိမေ့သလိုဖြစ်သွားတာပဲ ဖြစ်ပါမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မသတိပြန်ရလာတော့ ကျွန်မ အိပ်ရာထဲပြန်ရောက်နေပြီ။ နောက်နေ့ကျတော့ အဖေက ဟိုက်စ္စ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာတစ်ခွန်းမှ မဟာဘူး၊ ပြတင်းပေါက်ကိုလဲ ရွာထဲက လူတစ်ယောက်ကို ခေါ်ပြီး ပြင်ထားလိုက်ပြီးပြီ၊ ကျွန်မရဲ့ဇာတ်လမ်းလဲ ပြီးခါနီးပါပြီ"

"လွန်ခဲ့တဲ့ သီတင်းခြောက်ပတ်နဲ့ သုံးရက်နေ့တုန်းက အဲဒီနေ့က မတ်လ ၂၅-ရက်နေ့ . . ကျွန်မနဲ့ကျွန်မအဖေတို့ မနက်စာစားဖို့ ထိုင်ကြတော့ စားပွဲပေါ်မှာ အဲဒီစာရွက် ရောက်နေတာ တွေ့ရပါတော့တယ်၊ အမည်းရောင် ခကောင်းကင်တမန်တွေက သုံးယောက်တစ်စု၊ ခြောက်ယောက် တစ်စု. . . ဒါ ပေမယ့် ဘာဂဏန်းမှ စာရွက်အောက်မှာ မရေးထားတော့ဘူး" ဤတွင် မစ္စတာဟုမ်းသည် အလွန်လေးနက်စွာဖြင့် မေးလိုက်၏။

"ဒါဖြင့် ခင်ဗျားအဖေကကော . . ."

"အဖေကတော့ မလွဲမရှောင်သာတဲ့ ခရီးတစ်ခုရဲ့ လမ်းဆုံးကို စောင့် နေရတဲ့ပုံစံမျိုးနဲ့ တည်ငြိမ်နေပါပြီ၊ နှစ်ပေါင်းများစွာအတွင်းမှာ ဒါပထမဆုံး အကြိမ်အဖြစ် အဖေဟာ ကျွန်မကို နူးနူးညံ့ညံ့ကြည့်ပြီးတော့ စကားတစ်ခွန်း ပြောလိုက်ပါတယ်၊ ရောက်လာပြီ . . . ကောင်းပါတယ်"-တဲ့။

"ကျွန်မဟာ အဖေ့ရဲ့ဘေးမှာ ဒူးထောက်ပြီး ဒီလျှို့ဝှက်မှုကို အဆုံး သတ်ဖို့ရာအတွက် ရဲကိုခေါ်ဖို့ တောင်းပန်လိုက်ပါတယ်။ ဒါပေမယ့် အဖေက ပြန်ပြောတယ်၊ "အရိပ်အောက်က လွတ်တော့မှာပါ ခလေးရယ်"-တဲ့။ ပြီးတော့ သူဟာ တစ်ခဏမျှ တွေဝေနေပြီးမှ သူ့လက်ကို ကျွန်မခေါင်းပေါ် တင်လိုက် ပါတယ်"

"တကယ်လို့တစ်ယောက်ယောက်က. . . လူစိမ်းတစ်ဦးဦးက. . . မေးလာခဲ့လို့ရှိရင် ပြောလိုက်ပါ။ အဖေဟာ သူ့ကိစ္စတွေကို သူ့သမီးကို အသိ မပေးဘူး-လို့၊ နောက်ပြီးတော့လဲ ပြုလုပ်တဲ့သူရဲ့အမည်ဟာ သေနတ်ဒင်ထဲမှာ ရှိနေတယ်-လို့ ဒါပဲပြောနော်၊ ကျန်တာတွေအားလုံး မေ့ထားလိုက်တော့၊ မကြာ ခင်မှာ သမီးဟာ ပိုပြီးပျော်ရွှင်ရတဲ့ဘဝကို ရောက်တော့မှာပါ-လို့ပြောရင်း အခန်းထဲက ထွက်သွားတော့တာပါပဲ"

"အဲဒီအချိန်ကစပြီး အဖေ့ကိုကျွန်မ မတွေ့ရသလောက်ပါပဲ၊ ဒီတော့ သတ္တိကိုမွေးပြီး ဆာရောဘတ်ဆီကို စာရေးလိုက်ရတယ်။ ကျွန်မ အကြီးအကျယ် ဒုက္ခရောက်နေလို့ တွေ့ချင်တယ်ပေါ့လေ၊ ပြီးတော့မှ အကြောင်းပြုပြီး ခနေ့က လန်ဒန်ကို တက်လာခဲ့ပါတယ်။ ဆာရောဘတ်က ကျွန်မ ပြောစကားနည်းနည်း လေး ကြားရရုံနဲ့ မစ္စတာဟုမ်းဆီ လွှတ်လိုက်တာပါပဲရှင်"-ဟု မိန်းမပျိုက ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ မစ္စတာဟုမ်း၏ မျက်နှာပေါ်တွင် ဤမျှ တည်ကြည်လေးနက်သွား သည်ကို တစ်ကြိမ်တစ်ခါမျှ ကျွန်ုပ်မတွေ့ရဖူးပါ။ သူ့မျက်ခုံးများက မျက်လုံးပေါ်တွင် တန်းနေပြီး သူသည် ခေါင်းကိုခါလိုက်၏။

"အရှည်ကြည့်ပြီး ပြောရမယ်ဆိုရင်တော့ ကျုပ်အနေနဲ့ ပွင့်လင်းနေလိမ့်မယ်။ မင်းဟာ မင်းရဲ့ဘဝသစ်တစ်ခုကို စီစဉ်ရလိမ့်မယ်၊ သက်တူရွယ်တူတွေနဲ့ခင်လွယ်မင်လွယ်တဲ့ လန်ဒန်ဆိုရင် ပိုကောင်းမယ်"

"ဟင့်အင်း . . . ကျွန်မအဖေကကော"-ဟုမေးလိုက်ရာ မစ္စတာဟုမ်းက ထိုင်ရာမှ ထလိုက်ပြီး . . . .

"ဒေါက်တာဝတ်ဆန်နဲ့ ကျုပ်တို့ မင်းနဲ့အတူ ဟမ့်ရှိုင်းယားကို ခုချက်ချင်း လိုက်ခဲ့မယ်၊ ဒီကိစ္စကို ကျုပ်အနေနဲ့ မတားမြစ်နိုင်ရင်တောင်မှ သူ့အတွက် လက်စားတော့ ချေနိုင်ပါရဲ့လေ"-ဟု ပြောလိုက်ရာ ကျွန်ုပ်က ကြောက်လန့်စွာ အော်လိုက်၏။

"ဟုမ်း"

"မဖြစ်ဘူး . . ဝတ်ဆန်၊ မဖြစ်ဘူး . . . ကျုပ်မတတ်နိုင်တာတွေကို မျှော်လင့်ချက်တွေ ပေးနေရင်တော့ ဒီကလေးမအပေါ် ကျုပ်သစ္စာမဲ့ရာ ကျမှာပေါ့၊ လာမယ့်ဘေးကို ပြေးတွေ့လိုက်တာက ပိုကောင်းပါတယ်"-ဟု မစ္စတာဟုမ်းသည် မစ္စဖဲရား၏ ပခုံးများကို နူးညံ့စွာကိုင်၍ ပြောနေခြင်းဖြစ်၏။

"လာမဲ့ဘေး . . . ဟုတ်လား၊ လူတစ်ယောက်ဟာ သချိုင်းမှာ ခြေတစ်ဖက်ချထားပြီးမှ အသက်ရှင်နေသေးသလား"-ဟု ကျွန်ုပ်က ပြောလိုက်ရာ မစ္စတာဟုမ်းသည် ကျွန်ုပ်ကို ထူးဆန်းစွာ ကြည့်နေ၏။ ပြီးမှ ပြောလိုက်၏။

"ဟုတ်တယ်ဝတ်ဆန် . . . ကျုပ်တို့ အချိန်လင့်လို့မဖြစ်ဘူး၊ ကျုပ်မှတ်မိသလောက်တော့ နောက်တစ်နာရီအတွင်းမှာ ဟမ့်ရှိုင်းယားကိုထွက်တဲ့ ရထားတစ်စင်းတော့ရှိတယ်၊ အိတ်ထဲကို လိုအပ်တာလေး နည်းနည်းပါးပါး ထည့်ခဲ့ရင်တော်ပါပြီ"

မစ္စတာဟုမ်းသည် ကျွန်ုပ်၏အိပ်ခန်းထဲသို့ ဝင်လာချိန်တွင် ကျွန်ုပ်မှာ ပစ္စည်းပစ္စယများကို ကမန်းကတန်း ထည့်ရလေ၏။

"ခင်ဗျားရဲ့ခြောက်လုံးပြူးလဲ လိုရမယ်ရ ယူခဲ့ရင် ပိုကောင်းမယ်"

"အန္တရာယ်ရှိနေလို့လား"

"ရှိတာပေါ့ဗျ၊ သေလောက်တဲ့ အန္တရာယ်ပဲ . . ဝတ်ဆန်ရဲ့၊ အလို . .



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ၊ သူငယ်မ ရောက်လာတာ တစ်ရက်တောင် နောက်ကျနေပါလား”

ကျွန်ုပ်တို့သည် မစ္စစ်ဖဲရားနှင့်အတူ စည့်ခန်းထဲမှ ထွက်လာချိန်တွင် မစ္စတာဟုမ်းသည် သားရေဖုံးစက္ကူစာအုပ် အထူစားတစ်အုပ်ကို စာအုပ်စင်ပေါ်မှ လှမ်းယူ၍ မိုးကာအင်္ကျီအိတ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် သံကြိုးစာတစ်စောင်ရေးလိုက်ပြီး အဆိုပါသံကြိုးစာကို ခန်းမထဲအရောက်တွင် မစ္စစ်ဟင်ဆင် လက်သို့ ပေးအပ်လိုက်၏။

"ဒါကို ချက်ချင်းသွားပို့ပါ"-ဟုလည်း ပေးအပ်လိုက်၏။ မြင်းရထားတစ်စီးက ကျွန်ုပ်တို့အား ဝါတာလူးသို့ ပို့ဆောင်ပေးပြီး လန်းဟော့ပ်-အမည်ရှိ လမ်းဘူတာတွင် ရပ်နေသော ဘောန်မောက်ရထားကို မီရုံလေးသာ ရှိပါတော့သည်။ အဆိုပါ ခရီးကား စိတ်ညစ်ဖွယ်ခရီးသာ ဖြစ်ပေ၏။ မစ္စတာဟုမ်းသည် ထောင့်ခုံတွင်မှီ၍ ထိုင်နေပြီး သူသည် နားရွက်ဖုံးပါသည့် ခရီးသွားဦးထုပ်ကို မျက်လုံးများ အုပ်မိအောင် ဆွဲချထားလေ၏။ သူ၏ ရှည်လျားပိန်သွယ်သည့် လက်ချောင်းများက ရထားပြူတင်းပေါက်ခုံကို ခေါက်နေလေ၏။ ကျွန်ုပ်မှာမူ မစ္စစ်ဖဲရားကို ကရုဏာရှိလှသဖြင့် ကြံဖန်၍ အားပေးစကားပြောပြီး လိုက်ပါရလေ၏။ ကျွန်ုပ်မေးမြန်းသော မေးခွန်းများကို မိန်းမပျိုလေးဖြေသော အဖြေများအရ သူမသည် ယဉ်ကျေးသိမ်မွေ့ သော်လည်း အတွေးလွန်နေကြောင်း သိသာပေသည်။

နောက်နှစ်နာရီခန့် ကြာပြီးသည့်တွင် ကျွန်ုပ်တို့၏ရထားသည် ဟမ့်ရှိုင်းယားဘူတာရုံတွင် ရထားဆိုက်လေ၏။ ထိုမှတစ်ဆင့် ဘူတာရုံဂိတ်ဝသို့ ရောက်သည့်တွင် ချစ်စဖွယ်မျက်နှာထားရှိသည့် အမျိုးသမီးတစ်ဦးက ကမန်းကတန်း ရှေ့တိုးလာလေ၏။

"မစ္စတာရှားလော့ဟုမ်း . . . ဘုရားမ,တာပါပဲရှင်၊ ဘိုလီယူးစာတိုက်က နေပြီး ရှင့်ဆီက သံကြိုးစာကို အချိန်မီ လာပို့သွားတယ်။ ဒက်ဖနီလေးရယ် . . ."

"မစ္စစ် နော့ဟမ်! ကျွန်မတော့ ဘာမှနားမလည်တော့ဘူး"-ဟု မစ္စစ်ဖဲရားက ပြောလိုက်ရာ မစ္စတာဟုမ်းကလည်း အားပေးနှစ်သိမ့်လိုက်၏။

"ဒီလိုပါ မစ္စစ်ဖဲရား၊ မစ္စစ်နော့ဟမ်ကို ယုံကြည်အားကိုး အားထားပြုရင် ပိုကောင်းမှာပါ၊ မစ္စစ်နော့ဟမ်က မစ္စစ်ဖဲရားကို စောင့်ရှောက်လိမ့်မယ်-ဆိုတာသိပြီးသားပါ . . . လာဗျို့ . . . ဝတ်ဆန်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် မြင်းရထားတစ်စီးကိုခေါ်၍ စီးနင်းလာကြရာ ခြောက်မိုင်မျှ ခရီးပင်လျှောက်ခဲ့ပြီးနောက်တွင် မြင့်မိပင် ရှာနှင့်ကင်းလွတ်နေသည့် ဖုန်းဆိုးလမ်းတစ်လမ်းအတိုင်း မောင်းနှင်သာခဲ့ကြလေ၏။ လမ်းသည် အတက်အဆင်း အကွေ့အကောက်များ ရှိနေပြီး ဟော်လီပင် ခြုံပုတ်များကလည်း ဟိုတစ်ခုဒီတစ်ခု ရှိနေလေ၏။

မိုင်အနည်းငယ်မျှ သွားပြီးနောက် ကုန်းတန်းရှည်တစ်ခုကို တက်ရာတွင် တောင်အောက်၌ ချောင်းကြီးတစ်ခု၊ ဘိုလီယူးအက်တီကျောင်း မျှော်စင်ကြီးတို့ ရှိကြ၏။ နောက်ထပ် ဆယ်မိနစ်မျှ ဆက်လာမိသောအခါတွင် ဝက်သစ်ချပင်များ တန်းစီစိုက်ပျိုးထားသည့် ရိပ်သာလမ်းတစ်ခုသို့ ရောက်ရှိခဲ့လေ၏။ ထိုအပင်ကြီးများ၏သစ်ကိုင်းများသည် ကျွန်ုပ်တို့၏ခေါင်းပေါ်တွင် ယှက်နေပြီး လမ်းတစ်လျှောက်လုံး အရိပ်ရလျက် ရှိလေ၏။

မစ္စတာဟုမ်းသည် ရှေ့သို့ ညွှန်ပြလိုက်ရင်း မခံချည့်မခံသာ ပြောလိုက်၏။

"ကျုပ်စိုးရိမ်တဲ့အတိုင်းတော့ ဖြစ်နေပြီ၊ ကျုပ်တို့ သိပ်နောက်ကျသွားပြီဗျို့"

ကျွန်ုပ်တို့နှင့် ရှေ့တူရူအတော်လှမ်းလှမ်းတွင် ရဲသားတစ်ဦး စက်ဘီးစီးသွားသည်ကို မြင်ရ၏။ မြင်းရထားမှာ လမ်းအတိုင်း တက်သွားရာ ရှေးခေတ်စံအိမ်ကြီးတစ်အိမ်ကို တောဖြစ်နေသည့် ဥယျာဉ်ကြီး၏အလယ်တွင် တွေ့လိုက်ရ၏။ ထိုအချိန်သည် ညနေစောင်းပြီဖြစ်သဖြင့် ဝင်လုဆဲဆဲ နေရောင်ကြောင့် အနီရောင် ဖြစ်နေလေ၏။

အိမ်နှင့်မလှမ်းမကမ်းတွင် လူတစ်စုသည် ထိပ်ချိုင်ထားသော ဆီဒါထင်းရှူးပင်တစ်ပင်အောက်တွင် စုဝေးနေကြ၏။ မစ္စတာဟုမ်းသည် ရထားကိုရပ်နိုင်းလိုက်ပြီး ကျွန်ုပ်တို့အားလုံး ဆင်းလိုက်ကြလေ၏။ ထိုလူစုတွင် ရဲသားတစ်ဦး၊ အိတ်အနက်တစ်လုံးကို ကိုင်ဆောင်ထားသည့် လူကြီးတစ်ဦး၊ အညိုရောင်ဖျင်ကြမ်း ဘောင်းဘီဝတ်ထားသည့် လူတစ်ဦး. . ထိုသူမှာ မျက်နှာချိုင့်ခွက်နေပြီး ပါးမုန်းမွေးများလည်း ထူပျစ်နေလေ၏။

ကျွန်ုပ်တို့ အနီးသို့ရောက်ရှိသွားသည်တွင် လူစုသည် ကျွန်ုပ်တို့ကို လှည့်ကြည့်လိုက်ရာ သူတို့မျက်လုံးများတွင် ဖြစ်ပေါ်လာသည့် ကြောက်ရွံ့ထိတ်လန့်မှုကို ကျွန်ုပ်စာဖြင့် မဖော်ပြတတ်ပါ။

ထင်းရှူးပင်ကြီး၏ခြေရင်းတွင် လူကြီးတစ်ယောက်၏ အလောင်းရှိနေ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ အလောင်း၏လက်များက ဆန့်တန်းလျက် လက်ချောင်းများက မြက်ပင်များကို ဆုပ်ကိုင်ထားလေ၏။ မုတ်ဆိတ်မွေးများက အထက်သို့ လန်တက်နေသဖြင့် မျက်နှာကို အတော်အတန် ထုံ့ဆိုင်းထားသလို ဖြစ်နေ၏။ လည်ပင်းရိုးကပေါ်နေပြီး သူ့ခေါင်းပတ်လည်ရှိမြေကြီးမှာ နီညိုရောင် အဝိုင်းကြီး ဖြစ်နေလေ၏။ ဆရာဝန်ကလည်း ကမန်းကတန်း ရှေ့သို့တိုးလိုက်၏။ သူသည် ကြောက်ကြောက်လန့်လန့်နှင့် ပြောလိုက်၏။

"တကယ့်ကို တုန်လှုပ်ခြောက်ခြားစရာကြီးပါပဲ ရှားလော့ဟုမ်းရေ . . . ခင်ဗျားဆီက သံကြိုးစာရရချင်း ကျွန်တော့်ဇနီးက ဘူတာရုံကို အမြန်သွားရတယ်၊ သူက မစ္စစ်ဖဲရားကိုတွေ့ဖို့ အချိန်မီရုံလေးပဲပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ . . . ကျေးဇူးပါပဲ၊ ကျုပ်ကိုယ်တိုင်တော့ အချိန်မီမရောက်ခဲ့နိုင်ဘူး"-ဟု ပြောလိုက်ရာ ရဲသားက သံသယဖြင့် မေးမြန်းလိုက်၏။

"ဒါဖြင့် ခင်ဗျားက ကြေကွဲစရာကို မျှော်လင့်ထားတယ်ပေါ့ဟုတ်လား"

"ဟုတ်တယ် ဒါကြောင့်လဲ လိုက်လာရတာပေါ့"

မစ္စတာဟုမ်းက ရဲသားကို ပခုံးပုတ်၍ တစ်ဖက်သို့ခေါ်သွားပြီး စကားလေးငါးခွန်းမျှ ပြောလိုက်၏။ သူတို့ပြန်ရောက်လာသည့်အခါ ရဲသား၏မျက်နှာတွင် သောကများ လျော့ပါးသွားသည်ကို မြင်ရလေ၏။

"ဆရာပြောတဲ့အတိုင်း ဖြစ်ရပါစေမယ်၊ မစ္စတာတွန်စတန်ရဲ့ ထွက်ဆိုချက်ကို ပြန်ထွက်ခိုင်းပါ့မယ်"

ထိုအခါ တွီသားပိတ်ကြမ်း ဘောင်းဘီဝတ်ထားသူက ကျွန်ုပ်တို့ဘက်သို့ မျက်နှာလှည့်ပြီး ပြောလိုက်လေ၏။

"ထွက်ချက်ကို ပြန်ပြောစရာအကြောင်း မရှိပါဘူး၊ ခင်ဗျားက ဥပဒေအတိုင်းပဲ လုပ်တာ မဟုတ်လား၊ ကျွန်တော် ထွက်ချက်ပေးပြီးပြီလေ၊ နောက်ထပ်ဖြည့်စွက်စရာ မရှိပါဘူး၊ မစ္စတာဖဲရားရဲ့ ကိုယ့်ကိုကိုယ် သတ်သေတဲ့ သေကြောင်းကြံစည်မှုကို အထက်လူကြီးဆီ အစီရင်ခံစာတင်ဖို့ပဲ ရှိတာပေါ့"

ဤတွင် မစ္စတာဟုမ်းက ရုတ်တရက် ဖြတ်မေးလိုက်၏။

"ကိုယ့်ကိုကိုယ် သတ်သေတယ် . . . ဟုတ်လား"

"ဟုတ်တယ်လေ၊ တခြား ဘာဖြစ်ရဦးမှာလဲ၊ သူက တမှိုင်မှိုင် ဖြစ်နေတာကြာလှပြီ၊ အိမ်သားတွေအားလုံးက ထောက်ခံတယ်၊ ခုတော့ သူ့လည်ပင်း သူ လှီးလိုက်တာပေါ့"-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းသည် အလောင်းဘေးတွင်



www.burmeseclassic.com

www.burmeseclassic.com



ဒူးထောက်ထိုင်ချလိုက်၏။

"ဒါက လက်နက်ပေါ့လေ . . . ဦးချိုလက်ကိုင် တပ်ထားတဲ့ မြဲမြဲ ဆုပ်ကိုင်ထားလို့ရအောင် လုပ်ထားတဲ့တုတ်ပါ၊ ဒါမျိုးပဲ၊ အသွားက သွင်းလို့ ထုတ်လို့ရတယ်၊ ဒီတာလီပုံစံလို့ ယူဆရပါတယ်"

"ခင်ဗျားက ဘယ်လိုလုပ်ပြီး သိသလဲ"

"ဓါးမှာ မီလန်မြို့က ပန်းပဲဆရာရဲ့ အမှတ်အသားပါတယ်။ အလို၊ ဒါက ဘာလဲ၊ ထူးဆန်းလှချည့်လား"-ဟု ဆိုလိုက်ပြီး မစ္စတာဟုမ်းသည် ထိုင်ရာမှ ထလိုက်၏။ သူသည် မြက်တောထဲမှ ကောက်ရသည့်ပစ္စည်းကို စစ်ဆေးကြည့်ရှုလေ၏။ ထိုပစ္စည်းမှာ ပြောင်းတိုရိုင်ဖယ် သေနတ်တစ်လက် ဖြစ်၏။ သေနတ်မောင်း၏နောက်မှကပ်လျက် ပတ္တာတပ်ထားသဖြင့် သေနတ်ကို နှစ်ပိုင်းဖြစ်အောင် ခေါက်၍ ရလေ၏။

"အဲဒီသေနတ်က သေဆုံးသူရဲ့ ဦးခေါင်းနဘေးမှာရှိနေတာ"-ဟု ရဲအရာရှိက ပြောလိုက်၏။ "အင်း. . . ကြည့်ရတာတော့ သူဟာ ပြဿနာကို မျှော်လင့်ထားလို့၊ ကာကွယ်ဖို့ ဆောင်ထားတာနဲ့တူပါတယ်"-ဟု ရဲအရာရှိက ပြောလိုက်ရာ မစ္စတာဟုမ်းသည် ခေါင်းကို ခါယမ်းလိုက်၏။ ပြီးနောက် . . .

"သေနတ်ထဲမှာ ကျည်ဆံထည့်မထားဘူး၊ ပြောင်းရဲ့နောက်ပိုင်းမှာ အမဲဆီ မရှိဘူး၊ ဒါပေမယ့်၊ ဒါက ဘာပါလိမ့်၊ ဝတ်ဆန်ရေ. . . ခင်ဗျားရဲ့ခဲတံနဲ့လက်ကိုင်ပဝါ ခဏလောက်ပေးစမ်းပါ"-ဟု ပြောလိုက်သည်တွင် မစ္စတာတွန်စတန်က ဝင်၍ ပြောလိုက်လေ၏။

"ဒါက ပြောင်းဆေးတံထည့်ဆေးတဲ့ အပေါက်ပဲ"

"ကျုပ်သိပါတယ်၊ ဒါပေမယ့် သိပ်ထူးဆန်းနေလို့ပါ"

"ဘာများ ထူးဆန်းလို့လဲဗျာ၊ ခဲတံမှာ လက်ကိုင်ပဝါပတ်ပြီး အပေါက်ထဲထည့်၊ လက်ကိုင်ပဝါမှာ ဘာမှမရှိဘူး၊ ဒါတောင် ခင်ဗျားက ထူးဆန်းနေသေးတယ်၊ ခင်ဗျားက ဘာကိုများ မျှော်လင့်ထားလို့လဲ"

"ဖုန်မှုန့်"

"ဖုန်မှုန့်. . . ဟုတ်လား"

"အတိအကျပဲပေါ့ဗျာ၊ ဒီအပေါက်ထဲမှာ တစ်စုံတစ်ခုကို ထိုးထားခဲ့တာပဲ၊ ဒါကြောင့်အပေါက်နံရံတွေက သန့်ရှင်းနေတာ၊ ပုံမှန်အတိုင်းဆိုရင် အဲဒီ အပေါက်တွေမှာ ဖုန်က အမြဲတမ်းရှိတယ်၊ ဒါပေမယ့် ခင်ဗျားဆီက အချက်



www.burmeseclassic.com

www.burmeseclassic.com



အသက်လေး နည်းနည်းပါးပါး ကြားရလို့ ဝမ်းသာတယ်ဗျာ၊ ခင်ဗျားက စ,တွေ့တဲ့လို မဟုတ်လား၊ အဲဒီတော့ ထွက်ချက်တွေကို ဖတ်နေမယ့်အစား ခင်ဗျားပါးစပ်က တိုက်ရိုက်ထွက်တဲ့စကားကို ကြားရတာ ပိုကောင်းပါတယ်၊ အချိန်ကုန်သဲ သက်သာသွားမယ်"

"အင်းလေ. . . ပြောစရာလဲ သိပ်မရှိပါဘူး. . . ပြီးခဲ့တဲ့ တစ်နာရီလောက်က ကျွန်တော်ဟာ လေကောင်းလေသန့် ရှူချင်တာနဲ့ လမ်းလျှောက်နေတုန်း ဒီအပင်ကြီးအောက်မှာ မစ္စတာဖဲရား မတ်တတ်ရပ်နေတာကို တွေ့လိုက်ရပါတယ်။ ကျွန်တော်က သူ့ကို အော်ခေါ်လိုက်တော့ သူက ကျွန်တော့ကို လှည့်ကြည့်တာ တွေ့လိုက်ရပါသေးတယ်၊ ပြီးတော့မှ ပြန်လှည့်သွားပြီး သူ့လက်ကို လည်ပင်းအထိ မြှောက်လိုက်တယ်-လို့ ထင်ရတာပါပဲ၊ အဲ-နောက်တော့ ဒယီးဒယိုင်ဖြစ်ပြီး လဲကျသွားတော့တာပါပဲ၊ ကျွန်တော်လဲ အပေါ်ကို ပြေးတက်သွားတော့ သူဟာ အခု ခင်ဗျားတို့ မြင်ရတဲ့အတိုင်းပါပဲ သူ့လည်ပင်းဟာ ပြတ်နေပြီး၊ သူ့ဘေးကမြက်ခင်းပေါ်မှာလဲ ဓါးကို တွေ့လိုက်ရပါတယ်။ ကျွန်တော်လဲ အခြားဘာမှ မလုပ်တတ်တော့ ဒေါက်တာနော်ဒမ်နဲ့ ရဲကိုပဲ အခေါ်လွှတ်ရတော့တာပေါ့ . . . ဒါပါပဲ"

"ရှင်းပါပေ့ဗျာ၊ ဓစ္စလီမှာနေတုန်းက ခင်ဗျားဟာ မစ္စတာဖဲရားနဲ့ အတူတူ နေတာနော်"

"ဟုတ်ပါတယ်"

"ကဲ . . . လူကြီးမင်းတို့ကို နောက်ထပ် ခေါ်မထားတော့ပါဘူးဗျာ၊ အိမ်ပြန်ချင်ရင်လဲ ပြန်နိုင်ပါပြီ၊ ဝတ်ဆန်နဲ့ ရဲအရာရှိတို့တော့ ဒီမှာနေရစ်ခဲ့ပါဦး"

ဆရာဝန်နှင့် မစ္စတာတွန်စတန်တို့ ပျောက်ကွယ်သွားမှ မစ္စတာဟုမ်းက စတင်၍လှုပ်ရှားတော့၏။ သူသည် ရှေးဦးစွာ အလောင်းပတ်လည်မှ မြက်ပေါ်တွင် ဒူးထောက်၍ အမဲလိုက်ခွေးများ အနံ့ခံသကဲ့သို့ လုပ်နေလေ၏။ တစ်ကြိမ်တွင်မူ သူသည် ကုန်း၍ မြေကြီးကို အနီးကပ်ကြည့်လိုက်ပြီးမှ မတ်တတ်ရပ်လိုက်၏။ ပြီးနောက် သူ့အိတ်ထဲမှ မှန်ဘီလူးကို ထုတ်လိုက်ပြီး ထင်းရှူးပင်၏ ပင်စည်ကို စစ်ဆေးကြည့်ရှုလေ၏။

ရုတ်တရက် သူ့ခန္ဓာကိုယ်သည် တောင့်တင်းသွားပြီးနောက် ရဲအရာရှိနှင့် ကျွန်ုပ်တို့ကို ခေါ်လိုက်သဖြင့် ကျွန်ုပ်တို့လည်း သူ့နဘေးသို့သွားကြ၏၊ သူသည် မှန်ဘီလူးကို ရဲအရာရှိလက်ထဲသို့ ပေးပြီး လက်ညှိုးဖြင့် ညွှန်ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကာ ——

"ခင်ဗျား အဲဒီအထုံးရဲ့အစွန်းအစလေးတွေကို စစ်ဆေးကြည့်စမ်းပါ၊ ဘာများ တွေ့ရသလဲ"-ဟု ဟုမ်းက မေးသည်။

"ဆံပင်နဲ့တော့ တူတာပဲ၊ အင်း . . . ဆံပင် မဟုတ်ဘူးခင်ဗျ၊ အညိုရောင် ချည်စတစ်စပဲ"-ဟု ရဲအရာရှိက ဖြေလိုက်၏။

"ဟုတ်ပြီ၊ အဲဒါကိုယူပြီး အိတ်ထဲထည့်ထားလိုက်ပေတော့၊ ကဲ . . . ဝတ်ဆန်ရေ၊ ကိုယ့်ကို သစ်ပင်ပေါ်ရောက်အောင် တွန်းတင်ပေးစမ်းပါ"

ထို့နောက် မစ္စတာဟုမ်းသည် သစ်ပင်ကြီးပေါ်သို့ ကုတ်ကတ် တက်သွားပြီး သစ်ကိုင်းများပေါ် ရောက်ရှိသွားလေ၏။ "ဟာ . . . ဒါကဘာပါလိမ့်၊ သစ်ပင်ရဲ့ပင်စည်ကို လောလောလတ်လတ် ကုတ်ခြစ်ထားတဲ့အရာပဲ၊ သစ်ပင်ခွကြားမှာလဲ ရွှံ့အစအနတွေ ရှိနေတယ်၊ နောက်ပြီးတော့ သစ်ခေါက်မှာလဲ အညိုရောင် ချည်စတစ်စ ကပ်နေတယ်၊ ကဲ . . . ကျုပ်အောက်ကို ပြန်ခုန်ချတော့မယ်။ ခင်ဗျားတို့နှစ်ယောက်က ကျုပ်ခြေထောက်ချတဲ့နေရာ အတိအကျကိုသာ မှတ်ထားပေတော့၊ ကိုင်း . . ."-ဟု မစ္စတာဟုမ်းသည် ပြောဆိုပြီး ခုန်ချလိုက်၏။ ထို့နောက် သူသည် တစ်ဖက်သို့ ခြေလှမ်းလိုက်၏။

"ကဲ. . . ဘာတွေ့ရသလဲ"

"အချိုင့်လေး နှစ်ခုပေါ့ဗျာ"

"ဟုတ်တာပေါ့၊ အဲဒါ ကျုပ်ရဲ့ဖနောင့်ရာတွေပေါ့၊ ကြည့်ရတာ ကြီးနေသလိုပဲ"

"အချိုင့်က လေးခုပဲဗျ၊ နှစ်ခု မဟုတ်ဘူး၊ အားလုံး တစ်ထေရာထဲပဲ"

"သိပ်ပြီး မနက်တဲ့ခြေရာနှစ်ခုကို ဖယ်ထားလေ"

"အဲဒီလူက ခန္ဓာကိုယ် ပေါ့ပါးလို့ပေါ့"-ဟု ကွန်ုပ်က ဝင်ပြီးထောက်ခံလိုက်လေ၏။

"တော်တယ်ဗျို့. . . ဝတ်ဆန်၊ ကျုပ်တို့ကြည့်သင့်တာတွေ အားလုံးတော့ ကြည့်ပြီးပြီ" ထိုအခါ ရဲအရာရှိသည် မစ္စတာဟုမ်းကို လေးနက်သောမျက်လုံးများဖြင့် ကြည့်ပြီး ပြောလိုက်လေ၏။

"ဆရာရယ်. . . ကျွန်တော်တော့ လုံးဝဉာဏ်မမီတော့ပါဘူး၊ အဲဒါတွေက ဘာကို ဆိုလိုတာလဲခင်ဗျာ"

"အဲဒါ ခင်ဗျားဆာဂျင် လုပ်ကိုင်သွားတဲ့အစင်းကြောင်းတွေ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဖြစ်မယ်၊ ကဲ . . . ဟိုလူတွေဆီ သွားကြစို့."

အိမ်ကြီးထဲသို့ ကျွန်ုပ်တို့ရောက်ရှိသွားကြသည့်အခါ ရဲအရာရှိသည် ကျွန်ုပ်တို့အား အိမ်ထောင်ပရိဘောဂနည်းပါးသည့် အခန်းရှည်တစ်ခန်းထဲသို့ ခေါ်ဆောင်သွားလေ၏။ စားပွဲတစ်လုံးတွင် စာရေးနေသည့် ဒေါက်တာနော်ဟမ်သည် ကျွန်ုပ်တို့ဝင်လာသည်ကို လှမ်းကြည့်လိုက်ပြီး . . .

"ကိုင်း ဘယ်လိုအခြေအနေရှိလဲ . . . မစ္စတာဟုမ်း"-ဟု မေးလိုက်၏။ ထိုအခါ မစ္စတာဟုမ်းက . . .

"ခင်ဗျားက အစီရင်ခံစာ ရေးနေတယ်မှတ်တယ်၊ ဒါပေမယ့် မှားပြီးတော့ ထင်မြင်ချက်မပေးမိအောင်တော့ အထူးဂရုစိုက်ဗျနော်"-ဟု ပြောလိုက်ရာ၊ ဒေါက်တာနော်ဟမ်သည် မစ္စတာဟုမ်းအား တင်းမာသည့် အမူအရာမျိုးဖြင့် ကြည့်လိုက်ပြီး . . .

"ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ၊ ဒါထက်ပိုပြီး ရှင်းအောင်ပြောစမ်းပါ"

"ကောင်းပါပြီလေ . . . ဘက်ကော့စတန်းဒင်းက မစ္စတာဂျိုရှုဝါဖဲရားသေဆုံးရတာကို ခင်ဗျား ဘယ်လိုရှုမြင်သုံးသပ်သလဲ" "အော် . . ဒါလား၊ ဒါက ပြဿနာ မရှိဘူး၊ မျက်မြင်အရရော ဆေးပညာအမြင်အရပါ စစ်ဆေးပြီးပါပြီ၊ ဂျိုရှုဝါဖဲရားက သူ့လည်ပင်းကို လှီးပြီးတော့ သေကြောင်းကြံစည်လိုက်တာ ရှင်းနေတာပဲလေ"-ဟု ဖြေလိုက်ရာ မစ္စတာဟုမ်းက အောက်ပါအတိုင်း ဝေဖန်လိုက်လေ၏။

"အဲဒီ မစ္စတာဖဲရား-ဆိုတဲ့လူကတော့ အတော့်ကို ထူးခြားတဲ့လူပေပဲဗျ၊ လည်ပင်းက သွေးပြန်ကြောကို ဖြတ်ရုံနဲ့ အားမရနိုင်လို့ သူ့လည်ပင်းကိုဆုပ်ဓားနဲ့ လှီးလိုက်တော့တာပါပဲလား၊ မစ္စတာတွန်စတန် ပြောသလိုပေါ့၊ ဟိုဘက်နားရွက်ကနေပြီး ဒီဘက်နားရွက်ထိအောင် လှီးဖြတ်လိုက်တယ်၊ ကျုပ်သာကိုယ့်ကိုယ်ကို သတ်သေမယ်ဆိုရင်တော့ ဒီအမှားမျိုးကို ရှောင်မှာပဲဗျ"

မစ္စတာဟုမ်း၏စကားအဆုံးတွင် ခေတ္တမျှ တိတ်ဆိတ်သွား၏။ ထို့နောက် ဒေါက်တာနော်ဟမ်သည် ရုတ်တရက် မတ်တတ်ရပ်လိုက်၏။ နံရံကိုမှီပြီး လက်ကို ပိုက်ထားသည့် မစ္စတာတွန်စတန်ကလည်း မစ္စတာဟုမ်း၏မျက်နှာကို မော့ကြည့် လိုက်၏။ ထို့နောက် အေးအေးဆေးဆေးပင် ပြောလိုက်လေ၏။

"လူသတ်မှု - ဆိုတာကတော့ အကျည်းတန်တဲ့ စကားလုံးပေပဲဗျ၊ မစ္စတာဟုမ်းရဲ့."



www.burmeseclassic.com

www.burmeseclassic.com



"တကယ့်ကို အကျည်းတန်ပါရဲ့ဗျ၊ ဒါပေမယ့် "မာလာဗီတာ"ဆောင်ခဲ့တော့ အကျည်းမတန်ပါဘူး"

'ခင်ဗျားစကားက ဘာအဓိပ္ပာယ်မရှိ ပြောတာလဲဗျ"

"အော်. . . ကျုပ်က ခင်ဗျားတို့ရဲ့စွလီနဲ့ ပတ်သက်တဲ့ ဗဟုသုတလေးတွေကို အားကိုးပြီး ကျုပ်လွဲချော်နေတဲ့ နေရာတွေမှာများ ခင်ဗျားအနေနဲ့ လိုအပ်တဲ့ အသေးစိတ်ကလေးတွေ ထည့်ပေးမလားလို့ မျှော်လင့်နေတာ၊ ဒါပေမယ့် ခင်ဗျားက ဒီလျှို့ဝှက်အသင်းကြီးရဲ့အမည်ကို အဓိပ္ပာယ်မရှိဘူး-လို့ဆိုလိုက်တော့ နောက်ထပ်ပြီး အချက်အလက်အချို့ကို ဆက်ပြီးလေ့လာလိုက်ရင် ခင်ဗျား စိတ်ဝင်စားသွားမှာပါ"

"သတိထားပြောပါ မစ္စတာဟုမ်း"

"ဒေါက်တာနော်ဟမ်းနှင့် ရဲအရာရှိ ကွန်စတေဘယ်ကစ်ဘယ်တို့အနေနဲ့လဲ ကျုပ်ပြောတဲ့အထဲမှာ ဟာကွက်ကလေးတွေ ရှိကောင်းရှိပါလိမ့်မယ်။ ဒါတွေက နောက်မှထပ်ဖြည့်လဲ ရပါတယ်၊ ကျုပ်ကိုယ်တိုင်ပဲ ပြောပါမယ်။ ဝတ်ဆန်ကတော့ မစ္စစ်ဖဲရား ဒီကိစ္စလာပြောတုန်းက ရှိပါတယ်"

"မစ္စတာဖဲရားဟာ တစ်စုံတစ်ခုသော အန္တရာယ်ကို ရှောင်ပုန်းနေတယ်-ဆိုတာ သိပ်ကိုထင်ရှားပါတယ်၊ သူ့ရဲ့အန္တရာယ်က ဘာအန္တရာယ်လဲဆိုတော့ အသက်အန္တရာယ်ပါပဲ၊ သူဟာ စွလီကျွန်းမှာ နေခဲ့ဖူးပါတယ်၊ အဲဒီကျွန်းမှာကလဲ လျှို့ဝှက်အဖွဲ့အစည်းတွေကလဲ ပေါ်များလှပါတယ်၊ သူက ရဲကို အကြောင်း မကြားဘူးဆိုတော့ ဒီကိစ္စဟာ သူတို့အချင်းချင်း အသင်းအဖွဲ့ကိစ္စနဲ့ပတ်သက်ပြီး ဖြစ်ကြတယ်-လို့ပဲ ယူဆရပါမယ်။ သေချာတာကတော့ အမည်းရောင် ကောင်းကင်တမန်တွေ ပေါ်လာတာက စ,တာပါပဲ၊ အမည်းရောင် ကောင်းကင်တမန်က အားလုံးကိုးယောက်နော်-ဝတ်ဆန်၊ တနဲ့ရေးတော့ ခြောက်နှင့်သုံးတဲ့၊ ဒီဇင်ဘာ ၂၉-ရက်နေ့မှာ ရိုပ်သာလမ်းထဲက သစ်ပင်ကြီးတစ်ပင်မှာ သံနဲ့ရိုက်ထားတယ်၊ ဒုတိယတစ်ကြိမ်ကျတော့ ဖေဖော်ဝါရီလ ၁၁-ရက်နေ့၊ ပထမအကြိမ်နဲ့ ဒုတိယအကြိမ်ဟာ သီတင်းခြောက်ပတ်နဲ့ သုံးရက်တိတိ ကွာတယ်၊ အဲဒီတစ်ခါကျတော့ကောင်းကင်တမန်တွေဟာ ခြောက်ယောက်ပဲ ပါပါတော့တယ်၊ အိမ်ရှေ့တံခါးမှာ သံနဲ့ဖွဲ့ထားတယ်။

"တတိယနဲ့ နောက်ဆုံးအကြိမ်ကတော့ မတ်လ ၂၄-ရက်နေ့ပဲ၊ ဒုတိယအကြိမ်နဲ့ တတိယအကြိမ်ဆိုရင် သီတင်းပတ် ခြောက်ပတ်တိတိပဲ ခြားပါ



www.burmeseclassic.com

www.burmeseclassic.com



ဘာယ်၊ အဲဒီမှာတော့ ကောင်းကင်တမန်ဟာ ကိုးယောက်ဖြစ်နေတယ်၊ ဒါပေမယ့် အဲဒီအထဲမှာတော့ စာတွေ ကိန်းဂဏန်းတွေ လုံးဝမပါတော့ဘူး၊ ပုံဟာ မစ္စတာ ပဲရားရဲ့ ထမင်းစားပွဲပေါ်ကို ရောက်လာပါပြီ"

"မစ္စဖဲရားပြောတာတွေကို နားထောင်နေရင်းနဲ့ ကျုပ်က နေ့စွဲတွေကို စိတ်နဲ့တွက်လိုက်တော့ နောက်ဆုံး တမန်ကိုးယောက်ဟာ ပထမအကြိမ်လို ကာလမျိုးဖြစ်ဖို့အတွက်ဆိုရင် မေလ ၇-ရက်နေ့ ဒီနေ့ပဲဖြစ်ရမယ်-လို့ တွက်လို့ ရတယ်. . . .

"ဒါကြောင့် ဒီကိစ္စအတွက် ကျုပ်တို့သိပ်နောက်ကျသွားပြီလို့ သိလိုက်ရပါတယ်၊ ဒါပေမယ့်လဲ အဖေဖြစ်သူကို မကယ်တင်နိုင်တော့ပေမယ့် အဖေဖြစ်သူ ကိုယ်စား တုံ့ပြန်နိုင်ရမယ်-ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျုပ်တို့ လိုက်လာကြတာပဲ၊ ခုလဲ ဒီပြဿနာကို ဒိပြင်ရှုထောင့်တစ်မျိုးကနေပြီး ကျုပ်တိုက်ခိုက်လိုက်ခဲ့တာပါပဲ"

"သားအဖနှစ်ယောက် ထမင်းစားခန်းထဲမှာ ထမင်းစားနေတုန်း မြင်လိုက်တယ်-ဆိုတဲ့မျက်နှာဟာ လျှို့ဝှက်အဖွဲ့အစည်းတွေရဲ့ လက်စားချေမှုမှာ အသုံးပြုတဲ့ အရက်စက်အကြမ်းကြုတ်ဆုံး ပုံစံပါပဲ၊ အဲဒီလိုလုပ်တာဟာ သက်ဆိုင်သူကို ခြိမ်းခြောက်ရုံတင် မကဘူး၊ အဲဒီလူရဲ့ မိသားစုကိုပါ ကြောက်လန့်အောင် လုပ်တာပါပဲ၊ ဒါပေမယ့် အဲဒီမျက်နှာပိုင်ရှင်ဟာ သူ့မျက်နှာကိုသူ လက်နဲ့အုပ်ထားဖို့တော့ သတိရှိတယ်နော်၊ သူနဲ့မျက်နှာချင်းဆိုင်မှာ ရှိနေတာက မစ္စတာဂျိုရှူဝါဖဲရား မဟုတ်ဘူး။ သူ့သမီးနဲ့ မျက်နှာချင်းဆိုင်နေရတာ၊ အဲဒီတော့ ဒီကိစ္စမှာ သူ့ကိုမစ္စစ်ဖဲရား မှတ်မိသွားမှာစိုးလို့ ဒီလိုမျိုးလုပ်တယ်-လို့ ကျုပ်ထင်တယ်၊ ဒီတော့ သူ့ကို သူတို့သားအဖနှစ်ယောက်စလုံးက သိထားလို့ပဲပေါ့"

"နောက်တစ်ခုက သေမင်းတမန်ပုံတွေကလဲ ပထမတော့ လမ်းထဲက သစ်ပင်၊ နောက်. . အိမ်ရှေ့တံခါး၊ တစ်ခါ. . တံခါးကနေပြီး ထမင်းစားပွဲ ဆိုတော့ ဒီစာရွက်တွေကို ယူလာတဲ့လူဟာ ဒီအိမ်ထဲကို တံခါးမရှိဓားမရှိ ဝင်ထွက် ပိုင်ခွင့်ရှိတဲ့လူပဲ ဖြစ်ရမယ်လေ"

"ပထမဆုံး မစ္စဖဲရားပြောတာ ကြားတုန်းက နည်းနည်းတော့ သံသယ ဖြစ်မိပါရဲ့၊ ဒါပေမယ့် ဝတ်ဆန်ရေး ခင်ဗျားပြောလိုက်တဲ့သချိုင်းမှာ မြေတစ်ဖက် ချထားပြီ-ဆိုတဲ့စကားကို ကြားလိုက်ရတော့မှပဲ ကျုပ်လဲ တပ်အပ်သေချာ သိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတော့တယ်ဗျာ"

မစ္စတာဟုမ်းသည် သူ့မိုးကာအင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ယူနေစဉ် စကားကို ရပ်ထားလိုက်၏။ ကျွန်ုပ်လည်း အခြားသူများကို ကြည့်လိုက်မိ၏။ ဒေါက်တာနော်ဟမ်နှင့် ရဲအရာရှိတို့သည် အလွန်တရာ စိတ်ဝင်တစား ရှိနေပုံမျိုး ပေါ်နေ၏။ မစ္စတာတွန်စ်တန်သည် အရိပ်ကျရာနေရာတွင် ရပ်၍ လက်များက ပိုက်ထားဆဲပင် ဖြစ်၏။ သူ၏အားနည်းသော မျက်လုံးများက မစ္စတာဟုမ်းကိုသာ စိုက်ကြည့်နေလေ၏။

"အဲဒီစာအုပ်ထဲမှာ လျှို့ဝှက်ဖွဲ့စည်းထားတဲ့ အသင်းတွေအကြောင်း ပါတယ်၊ ဒီမှာရေးထားတာကို ဖတ်ပြပါမယ်"

"လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀ခန့်က "မာလာဗီတာ"အမည်ရှိသည့် လျှို့ဝှက်အသင်းကြီးတစ်သင်းတွင် အသင်းများ အချင်းချင်း ဆက်သွယ်ရန် အတွက် ကောင်းကင်တမန်များ၊ စုန်းကဝေများနှင့် ခြသေ့်ပုံများကို အသုံးပြုကြ၏။ အဖွဲ့ဝင်ဖြစ်လိုသူတစ်ဦးသည် စမ်းသပ်စစ်ဆေးခံယူမှုများ အောင်မြင်ပြီးသောအခါ ခြေထောက်တစ်ဖက်ကို သချိုင်းပေါ်တွင်တင်ထားပြီး သစ္စာဆိုရ၏။ အသင်း၏စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်သည့်အတွက် ပေးသည့် အပြစ်ဒဏ်မှာ သေဒဏ်ဖြစ်လျှင် သုံးကြိမ်ခွဲ၍ သတိပေး၏။ ပထမအကြိမ် သတိပေးပြီး သတင်းခြောက်ပတ်နှင့်သုံးရက်ကြာလျှင် ဒုတိယအကြိမ် သတိပေးချက်၊ ၎င်းနောက် သီတင်းခြောက်ပတ်တိတိတွင် တတိယအကြိမ်မြောက် သတိပေးချက် ရောက်လာပြီး နောက်ထပ်သီတင်းခြောက်ပတ်နှင့် သုံးရက်တိတိကြာမှ ပြစ်ဒဏ်စီရင်ရမည်"-တဲ့ဗျ၊ နောက်ထပ်ပြီး ရေးထားတာကတော့ "မာလာဗီတာ" အသင်းရဲ့ စည်းမျဉ်းစည်းကမ်းတွေပါပဲ၊ အဲဒီစည်းမျဉ်းတွေကို ချိုးဖောက်ရင် ပေးမယ့်အပြစ်ဒဏ်တွေလဲ ပါသေးတယ်"

"အခု သေဆုံးသွားတဲ့ မစ္စတာဂျိုရှဝါဖဲရားဟာ ဒီလျှို့ဝှက်အသင်းကြီးရဲ့ အသင်းဝင်တစ်ယောက်-ဆိုတာ သံသယဖြစ်စရာ မလိုပါဘူး၊ သူ့အပြစ်က ဘယ်လိုအပြစ်မျိုးဆိုတာတော့ ကျုပ်တို့ဘယ်တော့မှ သိရတော့မှာ မဟုတ်တော့ဘူး၊ ဒါပေမယ့် မှန်းဆကြည့်လို့တော့ ရပါတယ်၊ မာလာဗီတာအဖွဲ့ရဲ့ စည်းကမ်း အပိုဒ်၁၆-မှာ ဆိုထားတာက . . . **ဤအသင်းကြီး၏ ခေါင်းဆောင်ကြီးကို သိရှိသူအတွက် ပြစ်ဒဏ်မှာ သေဒဏ်ဖြစ်၏**-တဲ့ . . ဒီတော့ကျုပ်စဉ်းစားကြည့်မိတယ် ဝတ်ဆန်ရဲ့၊ မစ္စတာဖဲရားက သူ့သမီးကိုမှာ ကြည့်လေ



www.burmeseclassic.com

www.burmeseclassic.com



အဖြေကိစ္စတွေ တစ်ခုမှ မသိပါဘူး-လို့မှာတယ်၊ နောက်တစ်ခုက ဒီအမှု ကိစ္စတွေကို ပြုလုပ်ဖန်တီးတဲ့သူရဲ့ အမည်ကတော့ သေနတ်ဒင်ထဲမှာ ရှိတယ်-တဲ့ သေနတ်-ဆိုတဲ့နေရာမှာ ဘယ်သေနတ်မျိုးကို ဆိုလိုတာလဲ၊ သေနတ်တိုင်းကို ဆိုလိုတာ မဟုတ်ဘူး၊ အဲဒီသေနတ်ဟာ အဲဒီအသင်းကြီးက အသင်းသားတွေ သိတဲ့ သေနတ်ဖြစ်ရမယ်"

"စီစဉ်ထားတဲ့အတိုင်း တွေ့ဆုံဖို့သွားတော့ မစ္စတာဖဲရားဟာ ဒီသေနတ်ကို ယူသွားတာဟာ သူ့ကိုကာကွယ်ဖို့လက်နက်အဖြစ် ယူသွားတာ မဟုတ်ဘူး၊ ဒီအထဲမှာပါတဲ့ ပစ္စည်းကိုပေးပြီး ငြိမ်းချမ်းရေးလုပ်ဖို့ သွားတာပါပဲ၊ ကြည့်ရတာတော့ စာရွက်လား စာချုပ်လား တစ်ခုခုပေါ့ဗျာ၊ ဒါကြီးကို ဖျောက်ဖျက်ပစ်ရင်လဲ အလကားပဲဗျ၊ သူက ဂိုဏ်းချုပ်ရဲ့နာမည်ကို သိလိုက်ပြီ-ဆိုတော့ သူ့အတွက်က သေဒဏ်ပေါ့၊ သူဟာ သူ့အသက်အတွက် မကြိုးစားလိုတော့ပေမယ့် သူ့သမီးအသက်အတွက်တော့ ကြိုးစားချင်သေးတာပေါ့လေ၊ သေဒဏ်ကို စီရင်ဖို့ ရွေးချယ်ခံရတဲ့လူကလဲ အသင်းသားထဲက ဖြစ်ရမယ်-ဆိုတာတော့ သေချာတယ်"

"သတ်ရမယ့်လူက သစ်ပင်ခွကြားထဲမှာ ပုန်းပြီးစောင့်နေတယ်၊ ကျားသစ်တစ်ကောင်က သိုးငယ်ကို ချောင်းနေသလိုမျိုးပဲပေါ့၊ သားကောင်လဲ သူ့အောက်ရောက်လာပြီး ရပ်လိုက်ရော သူကဓားကိုဆွဲထုတ်ပြီး မြေကြီးပေါ် ခုန်ချလိုက်တယ်၊ ပြီးတော့ မစ္စတာဖဲရားကို နောက်ကနေချုပ်ကိုင်ပြီး လည်ပင်းကို လှီးပစ်လိုက်တော့တာပေါ့၊ နောက်တော့ ဖဲရားရဲ့ကိုယ်ပေါ်မှာ ဟိုစာရွက်ကို ရှာတယ်၊ တဖြည်းဖြည်းနဲ့သေနတ်ဒင်ထဲမှာ တွေ့သွားခဲ့တယ်၊ ဒီတော့ သူ့ရဲ့တာဝန်ဟာ ပြီးဆုံးပြီပေါ့၊ ဒါပေမယ့် သူသတိလစ်သွားတာတစ်ခုက သူ့ဖနောင့်ရာတွေကို မြက်ခင်းပြင်ပေါ်မှာ ချန်ထားခဲ့တယ်၊ ပြီးတော့ သူ့ရဲ့အညိုရောင်တွီသားကုတ်အင်္ကျီဟာ သစ်ပင်ရဲ့သစ်ခေါက်နဲ့ ပွတ်တိုက်ပြီး အပ်ချည်မျှင်နှစ်မျှင် ကျန်နေရစ်ခဲ့တယ်လေ"-ဟု ပြောပြီး မစ္စတာဟုမ်းသည် သူ့စကားကို ရပ်လိုက်၏။ မှောင်လုသောအခန်းထဲတွင် တိတ်ဆိတ်နေ၏။ ထိုနောက် သူ၏ ရှည်လျားပိန်သွယ်သည့်လက်ကို ဆန့်တန်းလိုက်ပြီး မစ္စတာဂျိမ်းတွန်စ်တန်ထံသို့ တိတ်ဆိတ်စွာဖြင့် လက်ညှိုးဖြင့် ညွှန်ပြလိုက်၏။

"မစ္စတာဂျိမ်းရှဝါဖဲရားကို သတ်တဲ့လူသတ်တရားခံဟာ . . . ဟောဟိုမှာ မတ်တတ်ရပ်နေတယ်"-ဟု မစ္စတာဟုမ်းက တည်ငြိမ်စွာ ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မစ္စတာတွန်စတာန်သည် ရှေ့သို့ တိုးလာ၏။ သူ၏မျက်နှာပေါ် တွင် အားနည်းဖျော့တော့သော အပြုံးတစ်ချက် ပေါ်လာပြီး. . . .

"ခင်ဗျားပြောတာ မှားနေပြီ မစ္စတာဟုမ်း၊ ကျွန်တော်ဟာ ဂျိုရှူဝါဖဲရေး ကို သတ်တဲ့လူမဟုတ်ဘူး၊ ဒေသဒါဏ်စီရင်သူပါ"-ဟု သူက ခပ်တင်းတင်းပင် ပြန်ပြောလေ၏။ သူသည် ခေတ္တမျှ ကျွန်ုပ်တို့ရှေ့တွင် မတ်တတ်ရပ်နေ၏။ အားလုံးက စိုးရိမ်ကြောက်လန့်နေစဉ်တွင် သူကတော့ မြင့်မြတ်သည့် တာဝန်တစ်ရပ်ကို သိက္ခာရှိရှိ ထမ်းဆောင်၍ ပြီးသွားသလိုပုံမျိုးဖြင့် နေ၏။ ထို့နောက် ရဲအရာရှိက သူ့ကို လက်ထိပ်ခတ်လိုက်လေတော့၏။ တွန်စ်တာန်က ရုန်းကန်ငြင်းဆန်ဖို့လည်း မကြိုးစားပေ၊ လက်နှစ်ဖက်စလုံးကို ရှေ့တွင်ပူး၍ လက်ထိပ်ခတ်ထား ပြီးနောက် သူသည် သူ့အား ဖမ်းဆီးထားသော တာဝန်ရှိသူများနှင့်ထွက်ခွာရန် ဟန်ပြင်လိုက်၏။ ဤတွင် ရှားလော့ဟုမ်း၏အသံကြောင့် သူတို့အားလုံး ရပ်တန့် သွားကြ၏။

"စာကို ခင်ဗျားဘယ်လို လုပ်ပစ်လိုက်သလဲ"-ဟု မေးလိုက်သောမေးခွန်းကြောင့် ရာဇဝတ်သားသည် မစ္စတာဟုမ်းကို ပြန်ကြည့်လိုက်၏။

"ကျုပ်မေးနေတယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီစာကို ခင်ဗျား မဖျက်ဆီးရသေးရင် အဲဒီစာကိုမဖတ်ဘဲ ကျုပ်ကိုယ်တိုင် ဖျက်ဆီးပစ်တာ အကောင်းဆုံးမို့ လို့ပါ"

ထိုအခါ ဂျိမ်းတွန်စ်တာန်က ပြန်ပြောလိုက်၏။

"စိတ်ချပါ၊ အဲဒီစာကို ကျွန်တော်ဖျက်ဆီးပြီးပါပြီ"မာလာဗီတာ"ဟာ မာလာဗီတာရဲ့ လျှို့ဝှက်ချက်တွေကို ထိန်းသိမ်းပါတယ်၊ ခွဲခွာခါနီးမှာ ပေဘာဒီစကားတစ်ခွန်းကို သတိပေးချက်အနေနဲ့ ယူသွားပါ၊ အဲဒါကတော့ ခင်ဗျားဟာ သိလွန်းတယ်၊ ခင်ဗျားရဲ့ဘဝဟာ ဂုဏ်သိက္ခာရှိပေမယ့် မစ္စတာ ဟုမ်းရေ. . ခင်ဗျားရဲ့အသက်ကတော့ ရှည်ဖို့အလားအလာ မရှိပေတော့ဘူးဗျ" -ဟု ပြောပြီး သူ၏မျက်လုံးများထဲတွင် ဒေါသစက်သည့်အပြုံးကို ဆောင်ရင်း ထွက်သွားလေတော့၏။

နောက်နာရီဝက်အကြာတွင် လပြည့်ဝန်းသည် တဖြည်းဖြည်း မြင့်တက်လာပြီဖြစ်၏။ ကျွန်ုပ်တို့လည်း ဒေါက်တာနော်ဟာမ်နှင့် လမ်းခွဲကြပြီးနောက် အက်ဘော့စတိန်းဒင်းကို ကျောခိုင်းလိုက်ကြ၏။ ထို့နောက် ဘိုလီယုရွာသို့ ခြေဦးလှည့်ခဲ့ကြ၏။ ထိုရွာတွင် ညအိပ်ပြီး နောက်တစ်နေ့နံနက်စွင်မှ မနက်



www.burmeseclassic.com

www.burmeseclassic.com



ရေအားဖြင့် လန်ဒန်သို့ပြန်ရန် ပြင်လေ၏။

ထိုညက လျှောက်ခဲ့ရသည့် ငါးမိုင်ခရီးကိုတော့ ကာလအတန်ကြာ မှတ်မိနေဦးမည် ဖြစ်လေသည်။ တစ်လမ်းလုံးမှာ ထင်းရှူးမြူပင်များ တန်းစီနေပြီး ခေါင်းပေါ်တွင် အကိုင်းချင်းယှက်ကာ သစ်တောလည်းနက်လာပြီး သမင်လေးတွေကလည်း ကျွန်ုပ်တို့ကို ချောင်းမြောင်း ကြည့်ရှုနေလေသည်။ မစ္စတာဟမ်းသည် ခေါင်းငိုက်စိုက် ချထားပြီး ရှာထိပ်တောင်ကုန်းပေါ်မှ ဆင်းသည့်အခါတွင်မှ စကားပြောတော့၏။

"ခင်ဗျားလဲ ကျုပ်အကြောင်းကို သိရောပေါ့ ဝတ်ဆန်ရယ်၊ ဒီညတော့ ဘိုလီယူးမှာရှိတဲ့ ဘုန်းကြီးကျောင်းပျက်တွေကြားမှာ လမ်းလျှောက်ချင်တဲ့ဆန္ဒ ပြင်းပြနေတယ်ဗျာ၊ အဲဒီမှာ နေ့သွားတဲ့ပုဂ္ဂိုလ်တွေဟာ ကိုယ့်ကိုကိုယ်လဲ ငြိမ်းချမ်းအောင် နေတယ်၊ သူတစ်ပါးနဲ့လည်း ငြိမ်းချမ်းအောင်နေတယ်၊ ကျုပ်တို့ခေတ်မှာတော့ဗျာ. . . ဒုစရိုက်မှုတွေ သိပ်များလာတာပါပဲဗျာ၊ သစ္စာရှိမှုတို့ သတ္တိရှိမှုတို့-ဆိုတဲ့ ကောင်းမြတ်တဲ့ အရည်အချင်းတွေကို ယုတ်ညံ့သေးသိမ်တဲ့ကိစ္စတွေမှာ အသုံးပြုနေကြတယ်၊ ဒါပေမယ့် ကျုပ်ကတော့ အသက်ကြီးလာလေ ဆုံးဖြတ်ချက်တွေ ပိုခိုင်မာလာလေပဲဗျ၊ တောင်ကုန်းတွေ သစ်တောတွေဟာ အဆောက်အဦပျက်တွေထက် ပိုပြီး သက်တမ်းရှည်သလို၊ ကျုပ်ရဲ့ ကောင်းမြတ်တဲ့ အရည်အချင်းတွေဟာလဲ ဒုစရိုက်တွေထက် ပိုပြီးတော့ သက်တမ်းရှည်စေရမယ်-လို့. . . "။

***The Adventure of* THE DARK ANGLES**



www.burmeseclassic.com

www.burmeseclassic.com



# ဒက်ဗိုနှံဒေသမှ ကြောက်မက်ဖွယ် အမှု

ဟိုးလ်ဒါးနက်မြို့ စာကြီး၏အမှုမှတစ်ပါး ကျန်အမှုများ အားလုံးတွင် ရှားလော့ဟုမ်းသည် အခြားသော ပညာရှင်ကြီးများနည်းတူပင် ပညာရပ်အဘွက် အသက်ရှင်နေထိုင်သူ ဖြစ်ကြောင်းကို ကျွန်ုပ်ပြောလိုပါသည်။

အမှုသည်တစ်ဦးသည် မည်မျှပင် ရာထူးအာဏာကြီးမားပါစေ၊ သို့တည်းမဟုတ် ချည်းစိမ်ချမ်းသာကြွယ်ဝပါစေ မစ္စတာဟုမ်းသည် သူကိုယ်တိုင် ထိုအမှုသည်အပေါ်တွင် ကရုဏာ၊ စာနာစိတ်များ မထားရှိနိုင်ပါက ထိုအမှုမျိုးကို လုံးဝလက်မခံတတ်ပေ။ သို့သော် မစ္စတာဟုမ်းသည် သာမန်လူတစ်ယောက်၏ အမှု ကိစ္စမျိုးပင်ဖြစ်ပါစေ. . . သူ့အတွေးသူ့စိတ်ကူးတွင် စိတ်ဝင်စားစရာ အချက်အလက်များ ပါရှိနေပါက ကိုယ့်စရိတ် ကိုယ်တင်ပြီး ထိုအမှုမျိုးကို လက်ခံလိုက်သည်သာ ဖြစ်၏။

၁၈၉၅-ခုနှစ်အတွင်းက ဖြစ်ပျက်ခဲ့သည့်အမှုများ၏ အမှတ်အသားများကို ကြည့်ရှုနေစဉ် ထိုကဲ့သို့သော ကရုဏာ၊ စေတနာကို အကြောင်းခံခဲ့သည့် အမှုတစ်မှုကို အသေးစိတ် မှတ်သားထားသည်ကို တွေ့ရှိရလေ၏။ အမှန်ဘကယ်ဆိုရပါမူ ကျွန်ုပ်သည် စာဝါငှက်ငယ်များ၏ ကြောက်စရာကောင်းပုံနှင့် မှက် နှာကြက်ပေါ်မှ မှိုင်းရာများကို ရည်ညွှန်းပါသည်။

အချိန်ကား ၁၈၉၇-ခုနှစ် လည်းပိုင်းဖြစ်၏။ မစ္စတာဟုမ်းလည်း ကာဒီနယ်ဆေး ဘာ ရုတ်တရက် သေဆုံးရခြင်းကို စူးစမ်းထောက်လှမ်း ပြီးစီးစဖြစ်၏။ ထိုအမှု ၌ ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး၏ အထူးမေတ္တာရပ်ခံချက်အရ



www.burmeseclassic.com

www.burmeseclassic.com



ခဆောင်ရွက်ပေးရခြင်းလည်း ဖြစ်လေသည်။ မစ္စတာဟုမ်းသည် ထိုအမှုအတွက် စိတ်ရော ကိုယ်ပါ ပင်ပန်းမှု များလွန်းလှသဖြင့် အမှုပြီးစီးချိန်တွင် သူ၏ကျန်းမာရေးသည် ဘုန်းဘုန်းလဲသွားမည့် အခြေအနေကြောင့် ကျွန်ုပ်သည် မိတ်ဆွေတစ်ဦးအနေဖြင့် သာမက၊ သူ၏ဆေးဘက်ဆိုင်ရာအကြံပေး ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်ပါ စိုးရိမ်မိပါသည်။

ထိုလကုန်ခါနီး မိုးရွာသောညတစ်ညတွင် ကျွန်ုပ်သည် သူ့အား ညစာအိမ်တွင်မစားဘဲ ရော့စ်ကာတင်ဘွင် ညစာစားရန် တိုက်တွန်းခဲ့သဖြင့် သွားရောက် စားသောက်ပြီးနောက်တွင် ကော်ဖီနှင့်ဝိုင်တို့သောက်ရန် ကဖီးရှိုင်ရယ်သို့ သွားရောက်ခဲ့ကြ၏။ ကျွန်ုပ် မျှော်လင့်ထားခဲ့သည့်အတိုင်းပင် အနီရောင်ထိုင်ခုံများနှင့် ခန့်ညားထည်ဝါသည့် တောင်ထန်းပင်သည် မျက်နှာကြက်မှ တွဲလဲကျနေသည့် မီးပန်းဆိုင်းများကြောင့် မစ္စတာဟုမ်းစိတ်မှာ ရွှင်လန်း သွက်လက်လာပြီး ဆိုဖာကိုကျောမှီလျက် ဝိုင်အရက်ခွက်၏ ကလပ်အောက်ခြေကို သူ့လက်ချောင်းများနှင့် တို့ထိ၍ဆော့ကစားနေသဖြင့် ကျွန်ုပ်မှာ စိတ်အကျေနပ်ပြီး ကျေနပ်နေမိလျက် ရှိနေ၏။

သူသည် စားပွဲများနှင့် နံရံကပ်ချောင်များတွင် စုဝေးနေကြသည့် ပုံမှန်မဟုတ်သောလူစုအား ဆူစမ်းလေ့လာမှုပြုနေလေ၏။ သူ့မျက်လုံးများသည် စိတ်ဝင်စားမှုကြောင့် စူးရှ၍လက်နေလေ၏။ ကျွန်ုပ်က တစ်စုံတစ်ခု ပြောမည့်ဆဲဆဲတွင် မစ္စတာဟုမ်းက တံခါးပေါက်ဆီသို့ ရုတ်တရက် ခေါင်းငြိမ့်ပြလိုက်၏။ ပြီးမှ သူက ပြောလိုက်၏။

"လက်စ်ထရိတ်လေ. . . သူက ဒီမှာဘာလုပ်နေတာပါလိမ့်"

ကျွန်ုပ်လည်း ပခုံးပေါ်မှကျော်ပြီး သူ့ကိုကြည့်လိုက်ရာ အရပ်ပိန်ပိန်ရှည်ရှည်နှင့် မြေခွေးမျက်နှာရှိသည့် စကော့တလန်ယာ့ဒ်မှ စုံထောက်တစ်ဦး အခန်းဝတွင် ရပ်နေသည်ကို တွေ့လိုက်ရ၏။ သူ့မျက်လုံးများသည် အခန်းပတ်လည်ကို တဖြည်းဖြည်းချင်း ဝေ့ဝိုက်၍ကြည့်နေလေ၏။ ထိုအခါ ကျွန်ုပ်က. . .

"သူ ခင်ဗျားကို ရှာနေတာ ဖြစ်မယ်ဗျ၊ အရေးတကြီး ကိစ္စတစ်ခုရှိလို့ ဖြစ်မယ်"

"မဖြစ်နိုင်ဘူးဗျ ဝတ်ဆန်ရဲ့၊ စိုနေတဲ့သူ့ဖိနပ်တွေက သူလမ်းလျှောက်လာတယ်ဆိုတာကို ဖော်ပြနေတယ်။ တကယ်လို့ အရေးတကြီးဆိုရင် သူဟာ အငှားယာဉ်နဲ့ လာမှာပေါ့၊ ဒါပေမယ့် သူလာနေပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် စုံထောက်သည် ကျွန်ုပ်တို့ကို မြင်သွားပြီး မစ္စတာဟုမ်းက လက်ပြလိုက်သည်တွင် လူအုပ်ကြားမှ တိုးဝှေ့၍လာပြီး ကုလားထိုင်တစ်လုံးကို ဆွဲယူကာ ကျွန်ုပ်တို့၏စားပွဲတွင် ဝင်ထိုင်လိုက်၏။ ထို့နောက် သူက . . . .

"သွားရင်းလာရင်း ဝင်ပြီး ရှောင်တခင် စစ်ကြည့်တာပါဗျာ၊ ဒါပေမယ့် ဘာဝန်ကတော့ တာဝန်ပဲဗျ၊ မစ္စတာဟုမ်း ဒီလူကုံထံရပ်ကွက်တွေက ထူးခြားတဲ့ ငါးတွေကိုတော့ ပိုက်မှာမိထားပြီတဲ့၊ ဘေကာလမ်းမှာ ခင်ဗျားက ဇိမ်ကျကျလို လျှောင်းနေပြီး သဘောတရားတွေကို စိတ်ကူးနေနိုင်ပေမယ့် ကျွန်တော်တို့လို စကော့တလန်ယာဒ်က ငနဲလေးတွေအဖို့ကတော့ လက်တွေ့ကိုယ်တိုင် ပင်ပန်းခံပြီး လုပ်နေကြရတယ်ဗျ၊ ဒါကိုလဲ ဘယ်ရှင်ဘုရင်၊ ဘယ်ပုပ်ရဟန်းမင်းကြီးကမှ ကျေးဇူးမတင်ပါဘူးဗျာ၊ အဲ . . ဒါပေမယ့် နည်းနည်းလေးများ မှားမယ်တော့ မကြံနဲ့၊ မင်းကြီးရဲ့ရှေ့မှာ တစ်နာရီလောက် အဆူအပူခံရတော့တာပဲ"-ဟု ပြောလိုက်ရာ မစ္စတာဟုမ်းက. . . .

"တော်စမ်းပါဗျာ . . ရော်နယ်အက်ဒဲယား လူသတ်မှုတို့၊ ဘရုစ်မာ တင်တန် ခိုးမှုကြီးတို့ကို ကျုပ်ဖြေရှင်းပေးလိုက်ကတည်းက ခင်ဗျားရဲ့ အထက် လူကြီးတွေက ခင်ဗျားကို လေးစားသဘောကျသွားခဲ့တယ် မဟုတ်လားဗျာ"-ဟု ပြောလိုက်ရာ လက်စ်ထရိတ်က ကမန်းကတန်း ဖြတ်ပြောလိုက်၏။

"ဟုတ်ပါ့. . ဟုတ်ပါ၊ အခု ကျွန်တော် ခင်ဗျားကို ပြောစရာရှိတယ်"

"ဟုတ်လား. . ဆိုစမ်းပါဦး"

"ဟုတ်တယ်ဗျ၊ အရိပ်ကိုကြောက်တဲ့ အမျိုးသမီးတစ်ယောက်ကိစ္စပဲ၊ ဒီကိစ္စက ဒေါက်တာဝတ်ဆန်နဲ့ ပိုပြီးဆိုင်လိမ့်မယ် ထင်တယ်"-ဟု ပြောလိုက်ရာ ကျွန်ုပ်ကလည်း ချက်ချင်းပင် စောဒကတက်လိုက်၏။

"တကယ်လား လက်စ်ထရိတ်ရဲ့၊ ကျွန်တော်ကတော့ မထောက်ခံနိုင်ဘူးဗျ"

"နေပါဦး ဝတ်ဆန်ရဲ့၊ အကျိုးအကြောင်းလေးလဲ နားထောင်ပါဦး"-ဟု မစ္စတာဟုမ်းက ဝင်ပြောလိုက်တော့မှ လက်စ်ထရိတ်က ဆက်ပြောလေ၏။

"ဒီလို မစ္စတာဟုမ်းရဲ့၊ ဒီလူတွေဟာ ရယ်စရာတော့ အကောင်းသား ဗျ၊ ဒီအရင်တုန်းက ခင်ဗျား ကျွန်တော့်ကို ဖေးမကူညီခဲ့တာလဲရှိလို့၊ ပြီးတော့ လဲ ခင်ဗျားက နည်းနည်းပါးပါး အကြံပြုလိုက်ရင် အဲဒီအမျိုးသမီးလဲ သူ့ရဲ့ဆင်းရဲ ဒုက္ခက လွတ်ကင်းမှာမို့လို့ပါဗျာ၊ အခြေအနေက ဒီလိုဗျ. . ဒက်ဖို့ဒ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



အဆင်းပိုင်းမြစ်ကမ်း ဘေးတစ်လျှောက်မှာရှိတဲ့ လန်ဒန်ရဲ့အရှေ့ပိုင်းနေရာမှာ အဆိုးဝါးဆုံး ဆင်းရဲသားရပ်ကွက်တချို့ ရှိနေသေးတယ်ဗျ၊ အဲဒီရပ်ကွက်ထဲမှာ လွန်ခဲ့တဲ့ ရာစုနှစ်ပေါင်း များစွာတုန်းကတည်းက ချမ်းသာကြွယ်ဝတဲ့ကုန်သည်ကြီးတွေရဲ့ အိမ်ကြီးအိမ်ကောင်း တချို့လဲ ရှိနေတယ်၊ အဲဒီအိမ်တွေထဲက အိမ်ကြီးတစ်အိမ်ကို မိသားစုတစ်စုက ပိုင်တယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာကျော်တုန်းကတည်းက အဲဒီအိမ်ကို ဝီလ်ဆင်ဆိုတဲ့ မိသားစုက ပိုင်ခဲ့တယ်။ သူတို့တွေဟာ အရင်တုန်းကတော့ ကြွေထည်တွေ ရောင်းဝယ်ကြတဲ့ ကုန်သည်တွေပါပဲ၊ လွန်ခဲ့တဲ့ မျိုးဆက်တစ်ဆက်ကျတော့မှ ဝီလ်ဆင်တွေဟာ သူတို့ရဲ့ မိရိုးဖလာလုပ်ငန်းကို စွန့်လွှတ်ပြီး အဲဒီအိမ်ကြီးအိမ်ကောင်းမှာပဲ နေနေကြတယ်၊ လောလောဆယ် အဲဒီမှာ နေတဲ့လူတွေကတော့ ဟို့ရေးရှ်ဝီလ်ဆင်ရယ်၊ သူ့ဇနီးရယ်၊ သားတစ်ယောက်နဲ့ သမီးတစ်ယောက်ရယ်. . . ပြီးတော့ ဟို့ရေးရှ်ရဲ့ညီ သီယိုဘိုးလ်ဆိုတဲ့လူရယ်၊ ဒါပဲရှိတယ်။ သီယိုဘိုလ်းကတော့ နိုင်ငံခြားက ပြန်လာပြီးမှ သူတို့နဲ့အတူတူ နေတာပါ"

"လွန်ခဲ့တဲ့သုံးနှစ်လောက်က ဟို့ရေးရှ်ဝီလ်ဆင်ရဲ့ အလောင်းကို မြစ်ထဲက ချိတ်နဲ့ဆွဲထုတ်ယူခဲ့ရတယ်၊ သူဟာ အရက်သောက်မူးတဲ့လူ-ဆိုတာကို လူတွေက သိနေကြတော့ သူဟာ အရက်မူးလွန်ပြီး နှင်းတောထဲမှာ ခြေချော်ပြီး ရေထဲကျသွားပြီး ရေနစ်သွားတယ်-လို့ ယေဘုယျအနေနဲ့ လက်ခံထားခဲ့ကြတယ်၊ နောက်တစ်နှစ်လောက်ကြာတော့ နှလုံးအားနည်းနေတဲ့ သူ့မိန်းမဟာ နှလုံးရောဂါနဲ့ ရုတ်တရက် သေဆုံးသွားခဲ့ပြန်တယ်၊ ဒါကလဲ အမှုမှန်ပဲဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ရဲ အရာရှိရဲ့ထွက်ချက်အတိုင်း ဆရာဝန်က စေ့စေ့စပ်စပ် စစ်ဆေးတဲ့အပြင် သိမ်းမြစ်ဆိပ်ခံဘောတံတားမှာ အမှုထမ်းနေတဲ့ ညစောင့်သမားရဲ့ ထွက်ချက်ကလဲ ဒီအတိုင်းပဲ ထွက်ဆိုအစစ်ခံခဲ့ပါတယ်"

ဤတွင် မစ္စတာဟုမ်းက ကြားဖြတ်၍မေးလိုက်၏။ "ဘာတွေကို အစစ်ခံတာလဲ "

"ဝီလဆင်တို့ရဲ့ အိမ်အိုကြီးထဲက ဆူဆူညံညံအော်သံတွေ စကားပြောသံတွေ ကြားရတယ်တဲ့၊ ဒါပေမယ့် ညဖက်ကျရင် သိမ်းမြစ်ဘက်က နှင်းကျတာ ထူထပ်သိပ်သည်းတော့ လူတွေဟာ မကြာခဏပဲ လမ်းမှားသွားခဲ့ကြတယ်။ လမ်းပျောက်သွားကြတယ်လေ၊ ရဲအရာရှိကလဲ ကြောက်စရာကောင်းတဲ့ အော်သံကို သူကိုယ်တိုင် ကြားခဲ့ရလို့ သွေးခဲမတတ် ဖြစ်သွားခဲ့သေးတယ်တဲ့။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့အရာရှိသာ ကျွန်တော့်လက်အောက်မှာဆိုရင် ဥပဒေအရာရှိတစ်ယောက်နှုတ်က ဒီလိုစကားမျိုးတွေ မထွက်ရဘူးလို့ ပညာပေးလိုက်မှာပဲ"

"အဲဒါ ဘယ်အချိန်လောက်ရှိပြီလဲ"

"ည ဆယ်နာရီတဲ့၊ အဖွားကြီးဆုံးတဲ့အချိန်ပဲ၊ ဒါကလဲ တိုက်ဆိုင်မှုတစ်ရပ်ပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့၊ အဖွားကြီးသေရတာ နှလုံးရောဂါကြောင့်မို့လို့ပါ"

"အင်း . . . ဆက်ပြောဦးဗျ"

လက်စ်ထရိတ်လည်း သူ့မှတ်စုစာအုပ်ကို ခေတ္တမျှ ဖွင့်ကြည့်ပြီးမှ စကားဆက်လိုက်၏။

"ကျွန်တော်က အချက်အလက်တွေ ရှာနေတာပါ၊ လွန်ခဲ့တဲ့ မေလ ၁၃-ရက်နေ့ ညမှာ သမီးဖြစ်သူဟာ အမျိုးသမီးအစေခံတစ်ယောက်နဲ့အတူ 'မော့်မီးအိမ်' ဖျော်ဖြေတင်ဆက်မှုကို သွားကြည့်တယ်၊ အိမ်ပြန်ရောက်တော့ သူ့ အစ်ကို ဖိုင်နီးယပ်ဝီလ်ဆင်ဟာ သူ့ကုလားထိုင်ပေါ်မှာ ထိုင်ရက်သေနေတာကို တွေ့ရပါတယ်။ သူဟာ သူ့အမေဆီက နှလုံးရောဂါနဲ့ အိပ်မပျော်ရောဂါကို အမွေခံထားတယ်၊ ဒီတစ်ခါတော့ အော်သံဟစ်သံတွေဟာ လုံးဝသတင်းထွက် မလာပါဘူး။ ဒါပေမယ့် သေသူရဲ့မျက်နှာအမူအရာကြောင့် ဒေသခံဆရာဝန် တွေကို ခေါ်ပြီး ကူညီစစ်ဆေးခဲ့ကြတယ်၊ ဟုတ်ပါတယ်၊ နှလုံးရောဂါကြောင့် ပါပဲ၊ တစ်ခါတရံမှာ အကြောက်လွန်ပြီး သေရတဲ့ပုံစံမျိုး ဖြစ်တတ်တယ်-လို့ ဆိုကြပါတယ်"

ဤတွင် ကျွန်ုပ်က ဝင်၍ ပြောလိုက်၏။

"အဲဒါတော့ လုံးဝမှန်တယ်ဗျို့"

"ခုတော့ သမီးဖြစ်သူဂျင်းနက်ဟာ လုံးဝ ထိတ်လန့်ကြောက်ရွံ့နေတယ်၊ ရှိပစ္စည်းအားလုံးကို ရောင်းချပြီးတော့ နိုင်ငံခြားမှာ သွားနေဖို့ ရည်ရွယ်တယ်တဲ့။ သူဒီလိုတွေးတာလဲ သဘာဝကျပါတယ်လေ၊ ဝီလ်ဆင်မိသားစုဟာ သေခြင်းအတွက်ပဲ အလုပ်ရှုပ်နေရတာကိုး"

"ဒါဖြင့် သူ့ဦးလေးကကော ဘာတဲ့ . . . သူနာမည်က သီယိုဘိုးဆိုလား"

"ဟုတ်ပါတယ်၊ မနက်ဖြန်မနက်ဆိုရင် အဲဒီလူဟာ ခင်ဗျားဆီ ရောက်လာလိမ့်မယ်။ သူက စကော့တလန်ယာ့ဒ်ကိုလဲ လာသွားသေးတယ်၊ သူလာတာ



www.burmeseclassic.com

www.burmeseclassic.com



က သူ့တူမရဲ့ကြောက်လန့်မှုကို ဖြေသိမ့်ပေးပြီး စိတ်တည်ငြိမ်မှုရအောင် ဖျောင်းဖျ ပြောဆိုပေးဖို့ ရည်ရွယ်ချက်နဲ့ လာတာဗျ၊ ကျွန်တော်တို့အနေနဲ့ကလဲ ဒီကိစ္စထက် အရေးကြီးတဲ့ကိစ္စတွေ ရှိနေသေးတော့ အမျိုးသမီးတစ်ယောက်ကို စိတ်တည်ငြိမ်အောင် ဖျောင်းဖျပေးဖို့ အချိန်မပေးနိုင်ဘူး၊ အဲဒါကြောင့် ခင်ဗျားဆီသွားဖို့ အကြံပေးလိုက်ရတာပဲ"

"ဟုတ်တာပေါ့ . . . တစ်ယောက်ပြီးတစ်ယောက် သေကုန်တော့လဲ ကျန်တဲ့လူကို နောက်ထပ်ပြီး အဆုံးရှုံးမခံနိုင်ဘူးပေါ့လေ"

"ဒီလိုလဲ မဟုတ်သေးဘူး မစ္စတာဟုမ်းရဲ့၊ သီယိုဘိုး ဝီလ်ဆင်ကတော့ သူ့တူမကို တကယ့်ကို သံယောဇဉ်ကြီးတာပဲဗျ၊ သူ့တူမရဲ့ရှေ့ရေးအတွက်ပဲ အမြဲက စဉ်းစားတော့တယ်တဲ့၊ သူကတော့ လူတစ်မျိုးပဲဗျာ၊ ထူးထူးဆန်းဆန်း အလုပ်တွေကို လုပ်တဲ့လူမျိုးတွေ တွေ့ဖူးပါတယ်၊ ဒါပေမယ့် သူ့လောက်တော့ မထူးဆန်းဘူး၊ သူက ကနေရီငှက်လေးတွေကို လေ့ကျင့်ပေးတဲ့အလုပ်လုပ်တယ်"

"ဒါလဲ ခိုင်မာတဲ့ အသက်မွေးဝမ်းကျောင်းအလုပ်မှ မဟုတ်ဘဲ"

"ဟုတ်လား၊ ဒါဆိုရင်တော့ ခင်ဗျားမှာ အိပ်မပျော်တဲ့ရောဂါ မရှိတာ ထင်ရှားတယ် မစ္စတာဟုမ်း၊ ဒီလိုမဟုတ်ရင်တော့ သီယိုဘိုးရဲ့ ကနေရီငှက်တွေဟာ တခြားကနေရီငှက်တွေနဲ့ မတူတာကို ခင်ဗျားသိရမှာပေါ့၊ ကဲ. . မင်္ဂလာ ညပါပဲဗျာ"

လက်စ်ထရိတ် ထွက်သွားပြီးနောက် ကျွန်ုပ်က စ,တင်ပြီး မေးလိုက်၏။

"သူပြောသွားတာက ဘာကိုဆိုလိုတာလဲဗျ"-ဟု ကျွန်ုပ်က မေးလိုက်ရာ မစ္စတာဟုမ်းသည် ခပ်ခြောက်ခြောက် ရယ်မောလိုက်ပြီး. . . .

"ကျုပ်တို့မသိတာ တစ်ခုတလေကို သူသိတယ်ပေါ့ဗျာ၊ အလကားပဲ၊ မနက်ဖြန် အဲဒီလူလာတဲ့အထိသာ စောင့်လိုက်စမ်းပါ၊ ကျုပ်တို့နဲ့ တိုက်ရိုက် မသက်ဆိုင်တဲ့ကိစ္စဆိုရင်တော့ ကျုပ်အနေနဲ့ အချိန်ကုန်မခံပါဘူး"

နံနက်မိုးလင်းသော်လည်း မည်သည့်ဧည့်သည်မျှ မလာရောက်သဖြင့် စိတ်သက်သာရာရသွားခဲ့၏။ သို့သော် နေ့လယ်စာ စားပြီးစ,အချိန်တွင် လူနာလာပင့်သဖြင့် ကျွန်ုပ်လည်း လိုက်သွားခဲ့ပြီး ပြန်ရောက်လာချိန်တွင်ကား ဧည့်ခန်းသို့ဝင်မိလျှင် အပိုကုလားထိုင်၌ မျက်မှန်တပ်ထားသည့် လူလတ်ပိုင်း အရွယ် အမျိုးသားတစ်ဦး ထိုင်နေသည်ကို တွေ့ရလေ၏။ သူသည် မတ်တင်းရပ်လိုက်သောအခါ လွန်စွာပိန်ချုံးလှ၏။ ထိုသူ၏မျက်နှာသည် ခေတ်ပညာ



www.burmeseclassic.com

www.burmeseclassic.com



တတ်ပုံစံမျိုးရှိပြီး တင်းမာလျက်ရှိလေ၏။ အပူပိုင်းဒေသတစ်ခု၏ နေရောင်ခြည်ကြောင့် သူ့မျက်နှာတွင် ဝါညိုရောင်အတွန့်များ ရှိနေသည်ကို တွေ့ရလေ၏၊ မစ္စတာဟုမ်းက ကျွန်ုပ်အား နှုတ်ဆက်လိုက်ပြီး. . . .

"အော်. . ဝတ်ဆန်ရောက်လာတာ အချိန်မီပါပဲ၊ ဒါကတော့ မစ္စတာ သီယိုဘိုလ်ဝီလ်ဆင်လေ၊ မနေ့ညတုန်းက လက်စ်ထရိတ်ပြောခဲ့တဲ့ လူကြီးမင်းပေါ့"

ဧည့်သည်က ကျွန်ုပ်၏လက်ကို နွေးထွေးစွာ ဆုပ်ကိုင်ပြီး ပြောလိုက်၏။ "ခင်ဗျားရဲ့နာမည်ကို ကျွန်တော် ကောင်းကောင်း ကြားဖူးသိဖူးနေပါတယ် ဒေါက်တာဝတ်ဆန်၊ တကယ်ပါပဲ. . . မစ္စတာရှားလော့ဟုမ်း၊ ခင်ဗျားကသာ ခွင့်ပြုမယ်-ဆိုရင် ကျွန်တော် တစ်ခုပြောချင်တယ်၊ မစ္စတာဟုမ်းရဲ့ ပါရမီထူးပုံကို ဒေါက်တာဝတ်ဆန်ကြောင့် ကျွန်တော်သိခဲ့ရပါတယ်၊ ဒေါက်တာဝတ်ဆန်ဟာ ဆေးပညာရှင်တစ်ယောက်-ဆိုတော့ အာရုံကြောနဲ့ပတ်သက်တဲ့ လူနာတွေကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်တတ်လို့ ဒေါက်တာပါ ပါမယ်ဆိုရင် စိတ်ဆင်းရဲနေရတဲ့ ကျွန်တော့တူမလေးအတွက် သိပ်ပြီးအကျိုးရှိမှာပါပဲဗျာ"

မစ္စတာဟုမ်းသည် ကျွန်ုပ်၏မျက်လုံးများကို လှမ်းကြည့်လိုက်၏။ ပြီးမှဆက်ပြော၏။

"ကျုပ်က မစ္စတာဝီလ်ဆင်နဲ့အတူ ဒက်ဖို့ဒ်ကို လိုက်မယ်-လို့ ကတိပေးပြီးပြီ ဝတ်ဆန်ရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းကလေးက မနက်ဖြန်ဆို အိမ်ကထွက်သွားဖို့စိတ်ဆုံးဖြတ်ထားတာတဲ့ဗျ၊ ဒါပေမယ့် ထပ်တော့ပြောလိုက်ရဦးမယ် မစ္စတာဝီလ်ဆင်ရေ၊ ကျုပ်တို့လိုက်တဲ့အတွက် ဘာအကျိုးထူးမလဲ-ဆိုတာတော့ ကျုပ်မတွေးတတ်အောင်ပါပဲဗျာ"

"ခင်ဗျားကိုက ရိုးလွန်းတာပါ မစ္စတာဟုမ်းရယ်၊ ရဲဆီ ကျွန်တော်သွားပြီး မေတ္တာရပ်ခံခြင်းရဲ့ရည်ရွယ်ချက်က သူတို့ဟာ ကျွန်တော်ရဲ့တူမလေး ဂျင်းနက်ကို အားပေးနှစ်သိမ့်ပြီးတော့ ပြီးခဲ့တဲ့သုံးနှစ်အတွင်းမှာ အနိဋ္ဌာရုံတွေ ဖြစ်ခဲ့ပေမယ့် ဂျင်းနက်အနေနဲ့ အိမ်ကထွက်သွားစရာအကြောင်း မရှိတဲ့အကြောင်း -စသည်ဖြင့် ပြောပေးမယ်-လို့ ထင်ထားတာဗျာ။ အဲဒီက ရဲအရာရှိက ခင်ဗျားဆီ သွားပါ-လို့ ပြောရော ကျွန်တော်လဲ ချက်ချင်းလက်ခံလိုက်ရတာပါပဲဗျာ"

ထိုအခါ မစ္စတာဟုမ်းလည်း မတ်တတ်ရပ်လိုက်ပြီး ခြောက်ခြားသံ့ဖြင့် ပြောလိုက်၏။

www.burmeseclassic.com



"လက်စ်ထရိတ်ရဲ့ကျေးဇူးကိုတော့ သတိရနေမှာပဲ၊ ဝတ်ဆန်ရေ. . . မစ္စတ်ဟာပ်ဆင်ကို ပြောလိုက်ပါ၊ ရထားတစ်စီးလောက် ခေါ်ပေးပါ-လို့ ဒက်ဖို့ဒ် သွားရင်း လမ်းမှာ မစ္စတာဝီလ်ဆင်က အချက်အလက်အချို့ကို ရှင်းပြနိုင်တာပေ့ါ"

အချိန်ကား နွေရာသီဖြစ်ပြီး လန်ဒန်တွင် နေရထိုင်ရသည်မှာ အဆိုးဆုံးအချိန် ဖြစ်၏။ ကျွန်ုပ်တို့ ဘလက်မရိုင်းယား တံတားပေါ် မှဖြတ်လာစဉ် မြစ်ထဲမှ နှင်းငွေ့များတက်နေသည်မှာ တောနက်ကြီးတစ်ခုအတွင်းရှိ စိမ့်အိုင်မှ အဆိပ်ငွေ့များ တက်လာသည်နှင့် တူနေပေသည်။ လန်ဒန်မြို့၏ အနောက်ဖျားမှ လမ်းများသည် ပို၍ကျယ်၏။ ကြီးကျယ်သော စီးပွားရေးလုပ်ငန်းများ ရှိနေပြီး မြင်းခွာသံများလည်း ဆူညံနေ၏။ မြစ်ကွေ့အတိုင်း လိုက်သွားလျှင် တစ်ခေတ် တစ်ခါတုန်းက ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် အင်ပါယာ၏ မနေအင်အားတို့ စုဝေးရာနေရာကို တွေ့ရလေ၏။ မစ္စတာဟုမ်းကို ကြည့်လိုက်ရာ သူသည် စိတ်ဝင်စားမှု မရှိသည်ကို တွေ့ရ၏။ ထို့ကြောင့် သီယိုဘိုးလ်အား ကျွန်ုပ် ကိုယ်တိုင်ပင် စကားစမြည် ပြောရလေ၏။ ကျွန်ုပ်က စကားစလိုက်၏။

"ခင်ဗျားဟာ ကနေဒီငှက်တွေနဲ့ပတ်သက်လာရင် ပါရဂူတစ်ယောက်-လို့ ကျွန်တော်နားလည်ထားပါတယ်"

ထိုအခါ မျက်မှန်နောက်ဘက်ရှိ မစ္စတာသီယိုဘိုးလ်ဝီလ်ဆင်၏ မျက်လုံး များသည် စိတ်ဝင်စားမှုကြောင့် အရောင်တောက်လာ၏။

"လေ့လာဆဲပဲ ရှိပါသေးတယ် ဒေါက်တာရယ်၊ ဒါပေမယ့် ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး သုတေသနလုပ်နေတာတော့ နှစ်ပေါင်းသုံးဆယ်ကျော်ပါပြီ၊ ဖရင်ဂျီလာကနေဒီငှက်တွေကို လေ့လာရတာ မွေးမြူရတာ လေ့ကျင့်ပေးရတာဟာ လူတစ်ယောက်အဖို့တော့ တစ်သက်လုံးလုပ်ရတာပါဗျာ။ ဒီဘာသာရပ်မှာက မသိနားမလည်တာကို ဂုဏ်ယူလို့မရပေဘူး၊ ဗြိတိသျှငှက်အသင်းကြီးမှာ မာကွေးရားနဲ့ ကနေဒီကျွန်းငှက်တွေ မျိုးစပ်တဲ့အကြောင်း စာတမ်းကို ကျွန်တော်ဖတ်တုန်းကများ နောက်ဆက်တွဲမေးခွန်းတွေကြောင့် ကျွန်တော်ဖြင့် လန့်သွားတာပါပဲဗျာ"

"ရဲအရာရှိ လက်စ်ထရိတ်ရဲ့အပြောကတော့ ဒီတေးဆိုငှက်တွေကို ခင်ဗျားလေ့ကျင့်ပေးတဲ့နေရာမှာ ထူးခြားတဲ့ ဝိသေသစရိုက်လက္ခဏာတွေ ရှိတယ်-လို့ ဆိုပါလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"တေးဆိုငှက်တွေပဲပေါ့ ဆရာရယ်၊ မြေလူးငှက်တွေ-ဆိုတာလဲ တေးဆိုငှက်တွေပဲပေါ့ ဆရာရယ်၊ ဒါပေမယ့် ဖရင်ဂျီလာငှက်ကတော့ သဘာဝကိုကြားသိလက်ခံတဲ့နေရာမှာ တခြားငှက်တွေထက် ထူးခြားတဲ့နားရှိတယ်၊ အသံကိုအတုခိုးနိုင်တဲ့ စွမ်းအားရှိတယ်။ အဲဒါကို လူသားတွေအကျိုးအတွက် လေ့ကျင့်ပေးလို့လဲ ရတယ်။ ဒါပေမယ့် ရဲအရာရှိပြောတာ မှန်ပါတယ်၊ ကျွန်တော်က ငှက်တွေကို အထူးအရည်အသွေးရှိအောင် လေ့ကျင့်ပေးတာပါ။ ညဘက်မှာ သဘာဝမဟုတ်ဘဲ ဖန်တီးထားတဲ့အလင်းရောင်နဲ့ သီချင်းဆိုအောင် လေ့ကျင့်ပေးထားတယ်လေ"

"ခင်ဗျားဟာက တကယ့်ကို ထူးဆန်းတဲ့လုပ်ငန်းနဲ့ ဝါသနာတစ်မျိုးပဲဗျာ၊ ကျွန်တော့်အနေနဲ့ကတော့ အဲဒါကို ကရုဏာလုပ်ငန်းတစ်ခု-လို့ ထင်တယ်လေ၊ အိပ်မပျော်တဲ့ရောဂါ ရှိတဲ့သူတွေအတွက် ကျွန်တော့်ငှက်တွေကို အထူး လေ့ကျင့်ပေးထားတာပါ။ တစ်နိုင်ငံလုံးကနေပြီး မှာကြားတဲ့သူတွေ ရှိပါတယ်။ ရှည်လျားတဲ့ညတာကို ငှက်ကလေးတွေရဲ့ သာယာနာပျော်ဖွယ်ကောင်းတဲ့တေးသံနဲ့ ကုန်လွန်စေပါတယ်။ အလင်းတွေလဲ မှိန်သွားရော တေးဆိုတာလဲ ပြီးသွားရောပေါ့ဗျာ"

"ဒီလိုဆိုတော့ လက်စ်ထရိတ်ပြောတာ မှန်တာပေါ့၊ ခင်ဗျားအလုပ်ကတော့ တကယ့်ကို ပြိုင်စံရှားလုပ်ငန်းပါပဲဗျာ"

ကျွန်ုပ်တို့စကားပြောနေစဉ် မစ္စတာဟုမ်းသည် သီယိုဘိုးလ်၏လေးလံလှသော လမ်းလျှောက်တုတ်ကိုကိုင်ကြည့်ပြီး အလေးအနက် စစ်ဆေးကြည့်ရှုနေလေ၏။ ပြီးမှ ပြောလိုက်၏။

"ခင်ဗျားဟာ လွန်ခဲ့တဲ့သုံးနှစ်လောက်ကမှ အင်္ဂလန်ကို ပြန်လာတာဖြစ်ရမယ်"

"ဟုတ်ပါတယ်"

"ကျူးဘားက ပြန်လာတာလို့ ကျုပ်ယူဆတယ်"-ဟု ပြောလိုက်ရာ သီယိုဘိုးလ်ဝီလ်ဆင်လည်း ရုတ်တရက် လန့်ဖျန့်သွား၏။ သူသည် မစ္စတာဟုမ်းကို ဖြတ်-ကနဲ ကြည့်လိုက်၏။ ပြီးမှ ဖြေလိုက်၏။ "ဟုတ်ပါတယ်ခင်ဗျာ၊ အဲဒါကိစ္စကို ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ"

"ခင်ဗျားရဲ့လမ်းလျှောက်တုတ်ဟာ ကျူးဘားကျွန်းက အဲဒီတနီဆိုတဲ့ သစ်နက်တစ်မျိုးကနေပြီး ခုတ်ယူထားတာပဲ၊ မမှားနိုင်ပါဘူး၊ သူ့ရဲ့အစိမ်းရောင်



www.burmeseclassic.com

www.burmeseclassic.com



သန်းတဲ့အရောင်နဲ့ ထူးခြားတဲ့ပြောင်လက်မှု ရှိနေတာကြောင့်ပဲ"

ထိုအခါ သီယိုဘိုးလ်က "ဒီတုတ်မျိုးကို လန်ဒန်မှာဝယ်ရင်လဲ ရတာပဲ၊ ကျွန်တော်ဟာ အာဖရိကကပြန်လာတယ်-ဆိုပါတော့" ထိုအခါ မစ္စတာဟုမ်းသည် တုတ်ကို ရထားပြတင်းသို့ယူသွားပြီး စောင်းငဲ့လိုက်ကာ လမ်းလျှောက်ဘုတ်လက်ကိုင်ပေါ်သို့ နေအလင်းရောင်ကို ကျစေလေ၏။

"မဟုတ်ဘူးလေဗျ၊ ဒီတုတ်ဟာ ခင်ဗျားရဲ့လက်ထဲရောက်တာ နှစ်အတော်ကြာပါပြီ၊ ဒီမှာကြည့်ပါလား. . . လက်ကိုင်ရဲ့ လက်ဝဲဖက်က ပေါ်လစ်ပေါ်မှာ ပွန်းထားတဲ့အရာတစ်ခု ရှိနေတယ်၊ ဘယ်သန်သူတစ်ယောက်ရဲ့ လက်ထဲမှာ ဝတ်ထားတဲ့လက်စွပ်နဲ့ တုတ်လက်ကိုင်ပွတ်တိုက်ရတဲ့ သဘောပဲပေါ့။ အက်ဘနီ-ဆိုတာဟာ အလွန့်ကိုမာတဲ့ သစ်တမျိုးပေါ့ဗျ၊ ပွန်းဘို့-ဆိုတာ နှစ်ပေါင်းအတော်ကြာမှ ဖြစ်မယ့်ဟာမျိုး၊ ပြီးတော့လဲ ပွန်းလောက်အောင် ပွတ်တိုက်ရတဲ့ သတ္တုကလဲ ရွှေထက်လေးတဲ့ သတ္တုမဖြစ်မယ်၊ ခင်ဗျားက ဘယ်သန်ပဲ မစ္စတာဝိလ်ဆင် ပြီးတော့လဲ လက်ဝဲဘက် လက်ခလယ်မှာ ငွေလက်စွပ်ကို ဝတ်ထားသေးတယ်လေ"

"အို. . . ဘုရားသခင်၊ ဒီလိုဆိုတော့လဲ လွယ်လိုက်တာပဲဗျာ၊ ပထမတော့ ခင်ဗျားတစ်ခုခုကို လုပ်လိုက်တယ်-လို့ ထင်နေတာ၊ အမှန်တော့ ကျွန်တော်ဟာ ကျူးဘားမှာ သကြားလုပ်ငန်း လုပ်ပါတယ်၊ ကျွန်တော့်တုတ်ဟောင်းကိုပဲ ပြန်ကိုင်လာတာပါဗျာ၊ ကဲ---အိမ်လဲ ရောက်ပါပြီ၊ ကျွန်တော့်တူမလေးရဲ့ စိတ်ပြောင်းလာအောင် အခုကျွန်တော်အပေါ်မှာ ချက်ချင်းသိနိုင်သလို ဖျောင်းဖျပေးနိုင်ရင်တော့ ခင်ဗျားဟာ ကျွန်တော်ရဲ့ကျေးဇူးရှင်ပါပဲဗျာ . . **မစ္စတာ** ဟုမ်းရယ်"

ကျွန်ုပ်တို့လည်း ရထားပေါ်မှဆင်းလိုက်သည်နှင့် တစ်ပြိုင်နက် ဖရိုဖရဲနှင့် အိမ်ပုတ်ကလေးများသာရှိသည့် လမ်းကျဉ်းထဲတွင် ရောက်နေကြောင်း သိရလေ၏။ မြစ်ကမ်းတစ်ခုဘေးသို့ ရောက်နေကြောင်းလည်း သိရ၏။ တင်ဖက်တွင် အုတ်နံရံအမြင့်ကြီးတစ်ခု ရှိ၏။ အလယ်တွင် သံတံခါးတစ်ခု ဖွင့်ဟထားး၏။ သီယိုဘိုးလ်က ဦးဆောင်ပြီး ကျွန်ုပ်တို့လည်း သူနောက်မှလိုက်သွားကြစဉ် သူက. . .

"ဒီအိမ်ကြီးဟာ ခေတ်ကောင်းကိုတော့ မိခဲ့ပါတယ်၊ဆောက်တာကလဲ ဗိတာဘုရင်ကြီး တာစကေးကုတ်မှာလာပြီး နေတဲ့နှစ်မှာ ဆောက်ထားတာပ၊



www.burmeseclassic.com

www.burmeseclassic.com



ဲတာဘုရင်ကြီးရဲ့ ပျက်စီးယိုယွင်းနေတဲ့ပန်းခြံကို အိမ်ရဲ့အပေါ် ထပ်မှာရှိတဲ့ ပြတင်းပေါက်တွေက မြင်ရပါလိမ့်မယ်"

ကျွန်ုပ်မှာ ပတ်ဝန်းကျင်ကို သိပ်စိတ်မဝင်စားလှပေ။ သို့သော် စိတ်ထဲမှာတော့ စိတ်ဓာတ်ကျသလိုလိုမျိုး ဖြစ်မိကြောင်း ဝန်ခံရပေမည်။ အိမ်ကြီးမှာ ဘစ်ချိန်တစ်ခါတုန်းက အင်မတန် ကြီးကျယ်ခမ်းနားခဲ့ပြားသော်လည်း ယနေ့ အမြင်တွင်မူ ပြိုတစ်ဝက် ပျက်တစ်ဝက်-ဆိုသလို ဖြစ်နေလေ၏။ ခြံဝင်းထဲ၌ ခြုံနွယ်ပိတ်ပေါင်းများ ထူထပ်နေပြီး လေကလည်း အောက်သိုးသိုး နံထွက်နေ၏။ သီယိုဘိုးလ်က ကျွန်ုပ်တို့အား ခန်းမငယ်တစ်ခုကို ဖြတ်၍ ကျကျနန ခင်းကျင်းထားသည့် ဧည့်ခန်းတစ်ခုထဲသို့ ခေါ်ဆောင်သွားလေ၏။ ထိုအခန်းထဲတွင် ဆံပင်ဆီးရောင်ရှိ၍ မျက်နှာတွင် တင်းတိတ်များပေါက်နေသော အမျိုးသမီးတစ်ဦးသည် စာရေးစားပွဲ တစ်ခုပေါ်မှ စာရွက်များကို ရွေးနေ၏။ ကျွန်ုပ်တို့ အခန်းထဲဝင်သွားသောအခါ သူမသည် ထိုင်ရာမှထလိုက်၏။ သီယိုဘိုးလ်က မိတ်ဆက်စကား ပြောလိုက်၏။"ဒါက မစ္စတာရှားလော့ဟုမ်းနဲ့ ဒေါက်တာဝတ်ဆန်တို့ပါ၊ ဒါကတော့ ကျွန်တော့်ရဲ့ တစ်ဦးတည်းသော တူမလေး ဂျင်းနက်ပါ၊ သူ့ကို စိတ်နောက်ကိုယ်ပါ မလုပ်အောင် လူကြီးမင်းတို့က တားဆီးကာကွယ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ထိုအခါ အမျိုးသမီးသည် ကျွန်ုပ်တို့အား ရဲတင်းစွာကြည့်လိုက်ပြီး သူ၏မျက်နှာတွင် ကြွက်သားများ တစ်ချက်လှုပ်ရှားသွား၏။ နှုတ်ခမ်းများ တုန်နေပုံကို ကြည့်ခြင်းအားဖြင့် ပြင်းထန်သော အာရုံကြောတင်းမာမှုကို ခံစားနေရကြောင်း သိသာလေ၏။ ထို့နောက် မိန်းကလေးက. . . "မနက်ဖြန်သွားရတော့မှာပဲ ဦးလေးရယ်၊ ဒီကလူကြီးမင်းတွေက ပြောလို့လဲ ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို ပြင်မှာမှမဟုတ်ဘဲ၊ ဒီမှာနေရတာ စိတ်ဆင်းရဲပြီး ကြောက်နေရတာပဲ၊ အဆိုးဆုံးကတော့ အမြဲတမ်းကြောက်နေရဘာကိုပါပဲ"

"ဘာကိုကြောက်တာလဲ"-ဟု မစ္စတာဟုမ်းက မေးလိုက်ရာ အမျိုးသမီးသည် သူမျက်လုံးများကို လက်ဖဝါးနှင့် ပွတ်လိုက်ပြီး ပြောလိုက်၏။

"ကျွန်မ . . . ကျွန်မ ပြောမပြတတ်ပါဘူးရှင်၊ ကျွန်မ သိတာကတော့ အရိပ်တွေနဲ့ ဆူဆူညံညံအသံတွေကို ကြောက်တာပဲ သိတယ်"-ဟု ပြောလိုက်ရာ မစ္စတာဝီလ်ဆင်က ဝင်ရောက်ပြီး အလေးအနက် ပြောလိုက်၏။

"ဂျင်းနက်ရယ်. . . မင်းမှာ ငွေကြေးရော ပစ္စည်းတွေရော အမွေ

www.burmeseclassic.com



ပြီးပြီ ဒီအရိပ်တွေကြောင့် မင်းအဖေရဲ့အိမ်ကို စွန့်ခွာသွားတော့မှာလား၊ သေသေချာချာ စဉ်းစားပါဦးကွယ်"

ထိုအခါ မစ္စတာဟုမ်းက ချိုသာနူးညံ့စွာဖြင့်. . . .

"ကျုပ်တို့က ကလေးမရဲ့အကျိုးကို ဆောင်ဖို့၊ နောက်ပြီး မင်းရဲ့ ခြောက်စိတ်တွေကို ပျောက်သွားအောင်လုပ်ဖို့ ရောက်လာတာပါ၊ ဘဝဆိုတာဟာ ဒီလိုပါပဲကွယ်၊ တစ်ခါတလေတော့လဲ ဘာမဟုတ်တဲ့အကြောင်းကြောင့် ကိုယ့်ရဲ့အကောင်းဆုံး အကျိုးစီးပွားတွေကို ထိခိုက်ခံကြရတတ်တာပဲလေ"

"ရှင်က မိန်းမသားတစ်ယောက်ရဲ့အကြားအမြင်စွမ်းအားကို ပြက်ရယ် ပြုမှာလား"

"အဲဒီလိုမျိုး လုံးဝမဟုတ်ပါဘူးကွဲ့၊ ဒါတွေဟာ ဘုရားသခင်ရဲ့ ဆိုင်းဘုတ်တွေပါ၊ သေသေချာချာ သိနားလည်ပြီးရင်တော့ သွားချင်လဲသွားပါ။ ဒီမှာနေချင်လဲ ဆက်နေပါ၊ သင့်တော်သလိုလုပ်ပေါ့။ ဒါပေမယ့် ကျုပ် ဒီမှာရှိနေတုန်းတော့ မင်းလဲ စိတ်အပြောင်းအလဲ ဖြစ်သွားအောင် ကျုပ်ကို တစ်အိမ်လုံးလိုက်ပြပေးပါလား"

ထိုအခါ သီယိုဘိုးလ်ဝီလ်ဆင်က ပျော်မြူးစွာ အော်ဟစ်လိုက်၏။

"သိပ်ကောင်းတဲ့ အကြံပေးချက်ပဲ၊ လာပါ ဂျင်းနက်ရယ်၊ မကြာခင်မှာ အဲဒီအရိပ်တွေ ဆူဆူညံညံအသံတွေ ပျောက်သွားမှာပါ"

မြေညီထပ်ရှိ အခန်းများကို ကျွန်ုပ်တို့လူစုသည် တစ်ခန်းဝင်တစ်ခန်းထွက်နှင့် ကြည့်ရှုကြလေ၏။ ထို့နောက် နောက်ဆုံးအခန်းတစ်ခန်းကို ကြည့်ပြီး လှေခါးရင်း၌ နားကြသောအခါ မစ္စဝီလ်ဆင်က. . . .

"ရှင်တို့ကို အိပ်ခန်းတွေ လိုက်ပြမယ်"

"ဒီလောက် ရှေးကျလှတဲ့အိမ်ကြီးမှာ မြေအောက်ခန်းတွေကော မရှိဘူးလား"

"တစ်ခန်းတော့ရှိပါတယ် မစ္စတာဟုမ်း၊ ဒါပေမယ့် အဲဒီအခန်းမှာက သစ်သားတွေ ဦးလေးရဲ့ငှက်သိုက်အဟောင်းတွေပဲ ထားတာပါ။ ဒီဘက်ကနေ လာပါရှင်"

မြေအောက်ခန်းသည် ကျောက်နှင့်ဆောက်လုပ်ထားပြီး မှုန်မှိုင်းနေသော အခန်းဖြစ်၏။ သစ်သားပုံတစ်ပုံက နံရံကိုမှီထား၏။ ဗိုက်ပူသော ပုံသဏ္ဌာန်ရှိသည့် ဒတ်ချ်မီးဖို—ရင်းမှ ထွက်ပေါ်နေသည့် ပိုက်များသည်



www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်တစ်ဖက်တွင် ပြည့်နေလေ၏။

ထိုမှ လှေခါးထစ်အနည်းငယ်ကို တက်လိုက်လျှင် ဥယျာဉ်ထဲသို့ရောက်နိုင်၏။ လမ်းခင်းကျောက်တုံးများပေါ်သို့ အလင်းရောင်မှိန်မှိန် ကျရောက်နေ၏၊ ထိုအခါ မစ္စတာဟုမ်းသည် လေကို ရှူးစိုက်စွာ အနံ့ခံကြည့်နေပြီး ကျွန်ုပ်ကိုယ်တိုင်ကား အနားရှိမြစ်အတွင်းမှ မှိုနံ့ကဲ့သို့သော အောက်သိုးသိုး အနံ့တစ်မျိုးကိုသာ ပို၍သိရှိနေရလေ၏။ ထိုနောက် မစ္စတာဟုမ်းက မှတ်ချက်ချလိုက်၏၊

“သိမ်းမြစ်နဘေးက အိမ်တွေအများစုလိုပါပဲ၊ ခင်ဗျားတို့လဲ ကြွက်ဒဏ်ကို အတော်ခံရမှာပဲ”

“ခံရတာပေါ့ရှင်၊ ဒါပေမယ့် ဦးလေးပြန်ရောက်လာကတည်းက ကြွက်တွေကို သူရှင်းပစ်လိုက်တယ်”

“ဟုတ်ပါရဲ့၊ တော်တော်အလုပ်ရှုပ်တဲ့ အကောင်တွေပါလား”

သီယိုဘိုးလ်ကြည့်ရာသို့ လိုက်ကြည့်လိုက်သောအခါ အစာကို ချိုး၍သွားနေသည့် ပရွက်ဆိတ်အတန်းကြီးတစ်ခုကို တွေ့ရလေ၏။ ထိုအခါ မစ္စတာဟုမ်းက ရုတ်တရက် ပြောလိုက်၏။

“ကျွန်ုပ်တို့က သူတို့ရဲ့စာရင်း တော်သေးတာပေါ့ ဝတ်ဆန်ရယ်၊ ကိုယ့်ပမာဏရဲ့ သုံးဆလောက်ကြီးတဲ့ အစားအစာကို ဒရွတ်ဆွဲပြီး သယ်ရပိုးရတဲ့ ဘဝမျိုး မဟုတ်သေးလို့ စိတ်ရှည်မှုအတွက်တော့ သင်ခန်းစာပါပဲဗျာ”

မစ္စတာဝီလ်ဆင်၏ ပါးလွှာသောနှုတ်ခမ်းများသည် တင်းကြပ်သွား၏။

“အလကားပါဗျာ၊ အစေခံတွေက စားကြွင်းစားကျန်တွေကို အမှိုက်ပုံးထဲ မထည့်ဘဲ မီးဖိုထဲကိုပစ်လို့ အခုလို ပရွတ်ဆိတ်ရှိနေတာပေါ့”

“ခင်ဗျားက အဖုံးကို သော့ခတ်ထားတယ် မဟုတ်လား”

“ဟုတ်ပါတယ်၊ ဖွင့်ကြည့်ချင်ရင် သော့ယူပေးမယ်လေ၊ မကြည့်ဘူးလား၊ ဒါဆိုရင်လဲ အိပ်ခန်းတွေကို လိုက်ပြပေးမယ်”

အပေါ်ဆုံးထပ်ခန်းရောက်သည်တွင် မစ္စတာဟုမ်းက “ခင်ဗျားအစ်ကိုသေသွားတဲ့အခန်းကို ကြည့်ရရင်ကောင်းမယ်ဗျာ”-ဟု ပြောလိုက်ရာ မစ္စစ်ဝီလ်ဆင်က တံခါးကိုဖွင့်ရင်း ပြောလိုက်၏။

“ဒီမှာပါရှင့်”

အခန်းသည် ကြီးမားကျယ်ဝန်းပြီး ဝိမ်ကျကျ နေထိုင်နိုင်အောင် ပြင်ဆင်ထားရှိ၏။ အတွင်းကျကျ ပြတင်းနှစ်ပေါက်သည် [illegible]ရောင်ကို

www.burmeseclassic.com



ရစေ၏။ မီးဖိုပိုက်မှ ငှက်လှော်အိမ်နှစ်ခုသည် တွဲလဲကျနေသည်။ ထိုနောက် မစ္စတာဟုမ်းက "ဟို ဘေးတံခါးပေါက်က ဘယ်ကိုရောက်သလဲ"-ဟု မေးလိုက်ရာ မစ္စစ်ဝီလ်ဆင်က. . .

"အဲဒီတံခါးက ကျွန်မအခန်းနဲ့ ဆက်နေပါတယ်။ ဟိုတုန်းကတော့ ကျွန်မအမေက သုံးပါတယ်"

လေးငါးဆယ်မိနစ်ခန့် အချိန်ကြာအောင် မစ္စတာဟုမ်းသည် ပတ်ချာလှည့်၍ ကြည့်ရှုနေလေ၏။

"ခင်ဗျားအစ်ကိုက ညဖက်မှာ တံမဖတ်ရရင် မနေနိုင်ဘူး ထင်တယ်" -ဟု မေးလိုက်ရာ သူမသည် မျက်နှာကို အောက်သို့ချလိုက်ပြီး. . .

"ဟုတ်ပါတယ်၊ သူက အိပ်မပျော်တဲ့ရောဂါ ရှိလို့ပါ၊ ဒါပေမယ့် ဘယ်လို လုပ်ပြီး . . . "

"အော် . . . ကုလားထိုင်ရဲ့ညာဘက်က ကော်ဇောပုံပေါ်မှာ ဖယောင်းစတွေ ထူပျစ်နေတာပဲ၊ အလို. . ဒါက ဘာပါလိမ့် "

မစ္စတာဟုမ်းသည် ပြတင်းပေါက်နားတွင်ရပ်လိုက်ပြီး နံရံ၏အထက်ပိုင်းသို့ စိုက်ကြည့်နေ၏။ ထို့နောက် ပြတင်းခုံကိုတက်၍ လက်ကိုဆန့်တန်းလိုက်ကာ နံရံမှ အင်္ဂတေပလာစတာကို ဟိုတို့ ဒီတို့ တို့ကြည့်နေ၏။ ပြီးနောက် သူလက်ချောင်းထိပ်ဖျားများကို နမ်းကြည့်၏။ သူပြန်ဆင်းလာချိန်တွင် စိတ်ရှုပ်သည့်အသွင်ဖြင့် မျက်မှောင်ကုတ်ထားပြီး အခန်းကိုလှည့်ပတ်၍ ကြည့်ရှုနေပြန်လေ၏။ သို့သော် သူ့မျက်လုံးများမှာ မျက်နှာကြက်ကိုသာ စိုက်ကြည့်နေလေ၏။ ထို့နောက်. .

မစ္စတာဟုမ်းက ခပ်တိုးတိုး ပြောလိုက်၏။ "အထူးဆန်းဆုံးပဲဗျာ"
မစ္စစ်ဝီလ်ဆင်က ခပ်ဆိုင်းဆိုင်း မေးလိုက်၏။

"ဘာဖြစ်လို့ပါလဲ မစ္စတာဟုမ်းရယ်"

"အော်. . ဒီလိုပါ၊ ဟောဒီနံရံပလာစတာတွေပေါ်က အစင်းကြောင်းတွေကို စိတ်ဝင်စားလို့ပါ"

ဤတွင် သီယိုဘိုးဝီလ်ဆင်က ဝင်ပြီးတောင်းပန်သလို ရှင်းပြလေ၏။

"အဲဒါတွေကတော့ ပိုးဟပ်တွေက ဖုန်တွေကို အိမ်အနံ့ ရွှေ့ခက်ဆွဲနေလို့ ဖြစ်မှာပါ၊ ငါပြောထားတယ်နော်. . . ဂျင်းနက်၊ အစေခံတွေ ်တာကို ကြီးကြပ်ဦးနော်၊ အခု ဘာများဖြစ်လို့လဲ မစ္စတာဟုမ်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဟုမ်းသည် ဘေးတံခါးပေါက်သို့ လျှောက်သွားပြီး အထဲ ကြည့်၍တံခါးကို ပိတ်ကာ ပြတင်းပေါက်သို့ လျှောက်သွားလေ၏။ ပြီးမှ သူက ပြောလိုက်၏။

"ကျုပ်လာတာ အချည်းနှီးဖြစ်နေပြီ၊ နှင်းကလဲကျနေတော့ ကျုပ်တို့ သွားမှ ဖြစ်မယ်၊ ဒါတွေက ခင်ဗျားရဲ့နာမည်ကျော် ကနေရီငှက်တွေပေါ့-ဟုတ် လား"-ဟု မစ္စတာဟုမ်းသည် မီးဖိုအထက်မှ ငှက်လှောင်အိမ်များကို ညွှန်ပြရင်း ပြောလိုက်၏။

"ဒါက နမူနာလောက်ပဲ ရှိပါတယ်၊ ဒီဘက်ကို လာပါ"

မစ္စတာဝီလ်ဆင်သည် ကျွန်ုပ်တို့အား လူသွားလမ်းအတိုင်း ခေါ်သွား ပြီး တံခါးတစ်ချပ်ကို ဖွင့်လိုက်၏။

"ဟိုမှာ ကြည့်လေ"-ဟု သူက ညွှန်ပြလိုက်၏။ ဤအခန်းကား မစ္စတာ ဝီလ်ဆင်အိပ်ခန်းမှန်း သိသာထင်ရှား၏။ အခြားအိပ်ခန်းများနှင့် မတူပေ။ ကြမ်း ပြင်မှ မျက်နှာကြက်အပြင် ငှက်လှောင်အိမ် များစွာ ကပ်ထားပြီး လှောင်အိမ်ထဲ မှ ရွှေရောင်တေးဆိုငှက်များက ၎င်းတို့၏သာယာသော အသံကလေးများဖြင့် လေထဲတွင် ပြည့်လျှမ်းစေ၏။

"သူတို့အတွက်တော့ နေရဲ့အလင်းရောင်ပဲ ဖြစ်ဖြစ်၊ မီးအိမ်အလင်း ရောင်ပဲဖြစ်ဖြစ် အတူတူပါပဲ၊ လာ. . လာ၊ ကယ်ရီ. . . ကယ်ရီ"

ဝီလ်ဆင်က လွယ်ကူသည့်အသံအချို့ကို လေချွန်ပြလိုက်ရာ ကနေရီ ငှက်က ချစ်စရာတေးအဖြစ် သီဆိုလေ၏။

"ဟ -- ခင်ဗျားဟာက မိုးစွေငှက်ပဲ"-ဟု ကျွန်ုပ်က အော်လိုက်ရာ ဝီလ်ဆင်က

"အတိအကျပေါ့ဗျာ၊ ကျွန်တော်ပြောခဲ့တဲ့အတိုင်းပေါ့။ ဖရင်ဂျီလာကို သေသေချာချာ လေ့ကျင့်ပေးရင် အတုခိုးတဲ့နေရာမှာ အင်မတန် တော်ပါတယ် ဗျ"

"ကျွန်တော့်မှတော့ အဲဒီသီချင်းကို မမှတ်မိဘူးဗျာ၊ ဝန်ခံပါတယ်"

ငှက်တစ်ကောင်က တိုးညှင်းသောလေချွန်သံအဖြစ် သီချင်းကိုအဆုံး သတ်လိုက်သဖြင့် ကျွန်ုပ်က ပြောလိုက်ခြင်းဖြစ်၏။ မစ္စတာဝီလ်ဆင်က ငှက် လှောင်အိမ်ပေါ်သို့ မျက်နှာသုတ်ပဝါတစ်ထည်ကို ပစ်တင်လိုက်၏။ ဆက်လက် ပြီး မစ္စတာဝီလ်ဆင်က ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက အပူပိုင်းဒေသ ညဥ့်ငှက်တစ်ကောင်ရဲ့ တေးပဲဗျ၊ ကျွန်တော်ကလဲ ကျွန်တော်ငှက်တွေကို နေ့ဘက်မှာ နေ့သီချင်းပဲ ဆိုစေပြီး ညဘက်ကျမှ ညဥ့်သီချင်းကို ဆိုခိုင်းတာပါ။ ဒီတော့ ပက်ပါရိုနီကို အမှောင်ထဲမှာ ထားပြီးတော့ ပြစ်ဒဏ်ပေးရမယ်"

ထိုအခါ မစ္စတာဟုမ်းက. . . .

"ခင်ဗျားဟာ အလုံပိတ်မီးဖိုထက် ပွင့်နေတဲ့မီးဖိုကို ပိုကြိုက်တာ အံ့ဩစရာပါပဲ၊ အခန်းထဲမှာ ရှိတဲ့လေတော့ တော်တော်ပူမယ်နော်"

"ဒီကိစ္စကို ကျွန်တော်ဖြင့် သတိတောင် မထားမိပါဘူးဗျ၊ အလို . . . နှင်းတွေက သိပ်ကျလာပါလား၊ မစ္စတာဟုမ်းတို့ သွားရမယ့်ခရီးကတော့ အတော် ဆိုးဝါးနေမလားပဲဗျို့"

"ဒီလိုအခြေမျိုးဆိုရင် ကျုပ်တို့လဲ သွားမှတော်မယ်ဗျို့"-ဟု ပြောဆိုပြီးနောက် ကျွန်ုပ်တို့လည်း လှေခါးမှဆင်းလာခဲ့ပြီး ခန်းမကြီးထဲတွင် ခေတ္တရပ်နားနေချိန်၌ သီယိုဘိုးဝီလ်ဆင်က ကျွန်ုပ်တို့၏ ဦးထုပ်များကို ယူလာပေးလေ၏။ မစ္စတာဟုမ်းလည်း အမျိုးသမီးဘက်သို့ လှည့်လိုက်၏။ ပြီးမှ အေးဆေးစွာ ပြောပြလိုက်သည်။

"စောစောက ပြောခဲ့တဲ့မိန်းမတစ်ဦးရဲ့ အကြားအမြင်ဆိုတာနဲ့ ပတ်သက်ပြီး ထပ်သတိပေးပါရစေ မစ္စက်ဝီလ်ဆင်၊ တစ်ခါတစ်ရံမှာ အမှန်တရားကို မြင်ရဖို့ထက် ခံစားရဖို့က ပိုပြီးလွယ်ကူသက်သာပါတယ်လေ၊ ကောင်းသောညပါ"

နှုတ်ဆက်ပြီးသည်နှင့် ကျွန်ုပ်တို့သည် ဥယျာဉ်လမ်းအတိုင်း လိုက်လာပြီး ကျွန်ုပ်တို့၏အငှားယာဉ်ရထား ရပ်ထားသည့်နေရာသို့ ရောက်လာကြ၏။ ထို့နောက် ကျွန်ုပ်တို့သည် ရထားလုံးပေါ်တွင်လိုက်ပါလျက် မီးအလင်းရောင်လေးများ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသော အရက်ဆိုင်များစွာကို ကျော်လွန်ကာ ပျင်းရိစွာပင် လိုက်ပါလာကြလေ၏။ ကျွန်ုပ်စ,တင်ပြီး. . .

"အင်း. . . နဂိုထဲကမှ အားနည်းနေရတဲ့အထဲ ခင်ဗျားရဲ့ ခွန်အားတွေကို မလိုအပ်ဘဲနဲ့ ခုလိုကုန်ရတာတော့ အချည်းနှီး ဖြစ်တာပါပဲဗျ"-ဟု ကျွန်ုပ်ကပြောလိုက်ရာ မစ္စတာဟုမ်းသည် သူအတွေးနှင့်သူ ရှိနေပြီးမှ ပြောလိုက်၏။

"ဒါပေါ့ ဝတ်ဆန်ရယ်၊ ခု ဒီဝီလ်ဆင်မိသားစုကိစ္စဟာ ကျုပ်တို့တာဝန်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဗျ၊ ဒါပေမယ့် အဲဒါမှားနေတယ်၊ မှားနေတယ်၊ အားလုံး မှားနေတယ်"

"ကျွန်တော်တော့ ဒီကိစ္စမှာ ဘာတစ်ခုမှ အမှား မတွေ့မိပါလားဘူး"

"ကျုပ်လဲ ရှာတာ မတွေ့ဘူးဗျ၊ ဒါပေမယ့် ကျုပ်ခေါင်းထဲမှာတော့ ဒီကိစ္စဟာ အန္တရာယ်ရှိနေတယ်ဆိုတာတော့ အသံမြည်နေတယ်၊ ဘယ်နှယ်ဗျာ. . . မီးဖိုတဲ့---ဝတ်ဆန်၊ မီးဖိုတဲ့ မြေအောက်ခန်းက ပိုက်ဟာ တခြားအိပ်ခန်းတွေထဲက မီးဖိုတွေနဲ့ ဆက်နေတယ်-ဆိုတာ ခင်ဗျားသိတယ်နော်"

"အိပ်ခန်းတစ်ခန်းထဲမှာပါ"

"မဟုတ်ဘူးဗျ၊ ကပ်လျက်ကအခန်း၊ သူ့အမေသေတဲ့ အခန်းထဲမှာကော၊ ဒီပုံစံပဲဗျ"

"ကျွန်တော်မြင်တာကတော့ ရှေးခေတ်အပူပေးစနစ်ကြီးပဲ မြင်မိတယ်ဗျာ"

"ဒါဖြင့် မျက်နှာကြက်ပေါ်က အစင်းရာတွေကကော"

"ဟို ဖုန်မှုန့်တွေကြောင့် အကွင်းအကွင်းဖြစ်နေတာကို ပြောတာလား"

"မီးခိုးမှိုင်းတွေ အကွင်းလိုက်ဖြစ်နေတာကို ပြောတာဗျ"

"မှိုင်းတွေ! ခင်ဗျားမှားနေပြီ မစ္စတာဟုမ်းရဲ့"

"ကျုပ်က အဲဒါတွေကို လက်နဲ့လဲ ထိကြည့်ပြီးပြီ၊ အနံ့လဲ ခံကြည့်ပြီးပြီ အဲဒါတွေဟာ သစ်သားမှိုင်းအစက်အပြောက်တွေနဲ့ အစင်းကြောင်းတွေဗျ"

"ဒါလဲ သူ့ဟာနဲ့သူတော့ အကြောင်းပြချက် ရှိမှာပေါ့"

တစ်ခဏကြာမျှ ကျွန်ုပ်တို့သည် တိတ်ဆိတ်စွာပင် ထိုင်ပြီး လိုက်ပါလာကြ၏။ မြင်းရထားကလည်း လန်ဒန်မြို့တော်၏အစပ်သို့ ရောက်ရှိပြီ ဖြစ်သဖြင့် ကျွန်ုပ်သည် ရထားပြတင်းပေါက်မှ ခေါင်းပြူ၍ ကြည့်လိုက်၏။ ကျွန်ုပ်လည်း တစ်ဝက်ခန့်ချထားသည့် ပြတင်းမှန်ကို လက်ဖြင့် အမှတ်တမဲ့ တီးခေါက်နေမိ၏။ ကျွန်ုပ်သည် နှင်းစက်များဖြင့် စိုစွတ်နေသည့်ရထားပြတင်းမှန်ကို ကြည့်ရင်း အတွေးလွန်နေစဉ် မစ္စတာဟုမ်း၏အော်သံကြောင့် သတိပြန်ဝင်လာလေသည်။ သူသည် ကျွန်ုပ်၏ပခုံးကိုကျော်၍ စိုက်ကြည့်နေ၏။

"မှန်"-ဟု သူက ခပ်တိုးတိုး ရေရွတ်လိုက်၏။ နှင်းကျထားသည့် မှန်ပေါ်တွင် ကျွန်ုပ်၏လက်ချောင်းများ ချခဲ့သည့်နေရာ၌ ရှုပ်ထွေးသော အစက်အပြောက်နှင့် အစင်းကြောင်းများကို တွေ့ရလေ၏။ ထိုအခါ မစ္စတာဟုမ်းသည် သူ့နှဖူးကို သူ့လက်ဝါးဖြင့် ရိုက်လိုက်ပြီး ရထားတံခါးကို ဖွင့်ကာ ရထားမောင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့အား တစ်စုံတစ်ရာကို ညွှန်ကြားလိုက်၏။ မြင်းရထားလည်း နောက်ကြောင်း ပြန်လှည့်ပြီး မောင်းလေတော့၏။ ရထားမောင်းသူကလည်း သူ့မြင်းကို ကြာပွတ်သံ ပေးကာ ကျွန်ုပ်တို့လည်း အမှောင်ထုထဲတွင် ရထားပေါ်၌ ထိုင်၍လိုက်ပါလာခဲ့ကြလေ၏။

"အော်. . . ဝတ်ဆန်. . . ဝတ်ဆန်၊ မမြင်တဲ့လူဟာ အကန်းပဲ-ဆိုတဲ့ စကားဟာ သိပ်မှန်တာပဲဗျာ၊ အချက်အလက်တွေ အားလုံးဟာ ကျုပ်ရှေ့မှာပဲ ရှိနေတာကို မမှိန္ဒာန်ကျကျ မလုပ်နိုင်ဘူး"

"ဘာအချက်အလက်တွေလဲဗျ"

"အချက်(၉)ချက်ရှိတယ်၊ အဲဒီမှာ လေးချက်ထဲနဲ့ လုံလောက်နေပြီ၊ ကျွန်ဘားက လူတစ်ယောက်ဟာ ကနေရီငှက်တွေကို ထူးထူးခြားခြား လေ့ကျင့်ပေးနေတယ်၊ ဒါပေမယ့် အပူပိုင်းဒေသ ညဉ့်ငှက်တွေရဲ့အသံကို နားလည်တယ်၊ သူ့ရဲ့အိပ်ခန်းထဲမှာ မီးဖိုတစ်ခု ထားတယ်၊ အဲဒီမှာ အနိဋ္ဌာရုံတွေ ရှိနေတယ်. . . ဝတ်ဆန်. . . ဟော့. . . ရထားသမား၊ ရပ်စမ်းဟော့. . . ရပ်လိုက်ပါ"

ကျွန်ုပ်တို့လည်း လူသွားလူလာများသည့် ဖြတ်လမ်းနှစ်ခု၏ လမ်းဆုံကို ဖြတ်နေရ၏။ လမ်းဘေးတွင် လမ်းမီး၏အလင်းရောင်အောက်ဝယ် အပေါင်ဆိုင် တစ်ဆိုင်မှ သင်္ကေတဖြစ်သော ရွှေရောင်စာလုံးများကို မြင်ရလေ၏။ မစ္စတာ ဟုမ်းသည် မြင်းရထားပေါ်မှ ခုန်ဆင်း၍ ထွက်သွားလေ၏။ လေးငါးမိနစ်ခန့် ကြာသော် သူ ပြန်ရောက်လာပြီး၊ ခရီးဆက်သွားရန် ပြင်ဆင်လေ၏။ သူသည် ခပ်အုပ်အုပ် ရယ်မောရင်း ပြောလိုက်၏။

"ကျုပ်တို့ ခုထိ မြို့ထဲမှာပဲ ရှိနေသေးတာ ကံကောင်းတယ်ဗျို့၊ ဘာဖြင့်လို့လဲဆိုတော့ လန်ဒန်အရှေ့ဖျားမှာရှိတဲ့ အပေါင်ဆိုင်တွေဟာ ဂေါက်ကလပ်တွေ ဖြစ်မသွားနိုင်ဘူး-လို့ ကျုပ်က ထင်နေတာဗျ"

"အို. . . ဘုရားသခင်"-ဟု ကျွန်ုပ်ကပြောပြီး၊ ပြန်တိတ်နေလိုက်၏၊ ထိုအခိုက် ကျွန်ုပ်၏စိတ်ထဲတွင် တစ်စုံတစ်ရာကို ကြောက်ရွံ့သည့်စိတ် အခြေအနေ တစ်မျိုး ဖြစ်ပေါ်လာလေ၏။ မစ္စတာဟုမ်းသည် နာရီကို ကြည့်လိုက်ပြီး. . .

"ကျုပ်တို့သွားရမှာ သိပ်စောလွန်းနေသေးတယ်ဗျ၊ ပထမဆုံးတွေ့တဲ့ စားသောက်ဆိုင်တစ်ဆိုင်ဆိုင် ဝင်ပြီး၊ ဆင်းဒဝစ်ချ်နဲ့ ဝီစကီတစ်ခွက်လောက်တော့ စားသောက်လိုက်မှ ဖြစ်မယ်ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



စိန့်နီကိုးလပ်ဘုရားကျောင်းကြီးရှိ နာရီကြီးမှ ဆယ်နာရီထိုးခံချိန်တွင် ကျွန်ုပ်တို့လည်း အောက်သိုးသိုးအနံ့တစ်မျိုး နံစော်နေသည့် ဥယျာဉ်ထဲသို့ ပြန်လည် ရောက်ရှိလာခဲ့ကြလေ၏။ တစ်အိမ်လုံး မည်းမှောင်နေပြီး၊ အပေါ်ထပ်ရှိ အခန်းတစ်ခန်း၏ ပြတင်းပေါက်တစ်ခုမှသာ ခပ်မှိန်မှိန်အလင်းရောင်လေး ထွက်ပေါ်နေ၏။

"အဲဒီအခန်းဟာ မစ္စက်ဝီလ်ဆင်ရဲ့အခန်းပဲဗျ၊ ဒီကျောက်စရစ်ခဲလေး တစ်ဆုပ်လောက်နဲ့တော့ တစ်အိမ်လုံး မနိုးလောက်ပေဘူးဗျာ၊ သူမတစ်ယောက်တည်းသာ နိုးနိုင်ကောင်းပါရဲ့"

ခေတ္တကြာလျှင် ထိုပြတင်းပေါက်သည် ပွင့်လာပြီး၊ တုန်ရီသော အသံတစ်သံ ထွက်ပေါ်လာလေ၏။

"ဘယ်သူလဲ ဟင်"

ထိုအခါ မစ္စတာဟုမ်းကလည်း ခပ်တိုးတိုး ပြန်ပြောလေ၏။ "ကျွန်ုပ် ရှားလော့ဟုမ်းပါ၊ ခုချက်ချင်း မင်းနဲ့စကားပြောချင်တယ်၊ ဘေးတံခါးပေါက်များ ရှိသလား"

"ရှင်တို့ရဲ့ ဘယ်ဘက်မှာ ဘေးတံခါးတစ်ခုရှိတယ်၊ ဘာများဖြစ်လို့လဲ"

"မင်း ခုချက်ချင်း ဆင်းလာပါ၊ မင်းဆင်းလာတာကိုလဲ မင်းဦးလေး မသိစေနဲ့နော်"

ကျွန်ုပ်တို့လည်း မှောင်ထဲတွင် စမ်း၍သွားကြရာ ဘေးတံခါးသို့ရောက်ရှိကြလျှင် တံခါးကို ဖွင့်ပေးနေသော မစ္စစ်ဝီလ်ဆင်ကို တွေ့ရ၏။ သူသည် ညဝတ်အင်္ကျီရှည်ကြီးကို ဝတ်ထားပြီး ဆံပင်များက ပခုံးထက်တွင် ဖြာ၍ကျနေလေ၏။ သူမသည် ကြောက်လန့်နေသည့် မျက်လုံးများဖြင့် ကျွန်ုပ်တို့ကို ကြည့်နေလေ၏။

"ဘာများဖြစ်လို့လဲ မစ္စတာဟုမ်း"-ဟု မိန်းကလေးက မေးလိုက်ရာ မစ္စတာဟုမ်းက ခပ်အေးအေးပင် ပြောလိုက်၏။

"ကျုပ်ညွှန်ကြားတဲ့အတိုင်း လိုက်နာပြီး လုပ်မယ်ဆိုရင် အားလုံး အဆင်ပြေသွားမယ်၊ မင်း ဦးလေးကော ဘယ်မှာလဲ"

"သူကတော့ သူ့အခန်းထဲမှာ ရှိပါတယ်"

"ကောင်းပြီလေ၊ ဟောဒီက ဒေါက်တာဝတ်ဆန်နဲ့ ကျုပ်တို့ဟာ မင်းရဲ့ အခန်းထဲမှာ ဝင်နေမယ်၊ မင်းကတော့ သေသွားတဲ့ မင်းအစ်ကိုရဲ့အခန်းထဲကို

www.burmeseclassic.com



ပြောင်းနေပါ၊ မင်းရဲ့အသက်ကို မင်း တန်ဖိုးထားမယ်ဆိုရင် အဲဒီ အခန်းထဲက မထွက်ပါနဲ့"

"ကျွန်မ ကြောက်လှပါပြီရှင်"-ဟု သူမက ကတုန်ကယင်ဖြင့် ပြန်ပြောလေ၏။

"စိတ်ချပါ၊ ကျုပ်တို့က မင်းကို စောင့်ရှောက်မှာပါ၊ မပူပါနဲ့တော့ အော်-ဒါနဲ့ မင်းမသွားခင် မေးခွန်းလေးနှစ်ခွန်းလောက် မေးချင်သေးတယ် ဒီည မင်း ဦးလေးနဲ့ မင်း တွေ့ကြသေးလား"

"ဟုတ်ကဲ့၊ တွေ့ပါသေးတယ်၊ သူက "ပက်ပါရိုနီ"ကို ယူလာပြီး၊ ကျွန်မ အိပ်ခန်းထဲက ငှက်လှောင်အိမ်လေးထဲမှာ တခြားငှက်တွေနဲ့အတူ လာထည့်ထားပါတယ်၊ နောက်ပြီးတော့ သူက ပြောသေးတယ်၊ ဒီညဟာ ကျွန်မအတွက် ဒီအိမ်ကြီးမှာ နောက်ဆုံးညဖြစ်တဲ့အတွက် သူက ကျွန်မကို အစွမ်းကုန် ဖျော်ဖြေပေးတာပါတဲ့"

"ဟာ. . . တယ်ဟုတ်ပါလား၊ မင်းရဲ့နောက်ဆုံးညတဲ့ . . . ဟုတ်လားကဲ-နောက်မေးခွန်းတစ်ခွန်းကို ဖြေစမ်းပါဦး. . . မစ္စက်ဝီလ်ဆင်၊ မင်းလဲ မင်းအဖေနဲ့ မင်းအစ်ကိုတို့လိုပဲ ရောဂါမျိုးကို ခံစားရသလား"

"နှလုံးအားနည်းတဲ့ ရောဂါလား. . ကျွန်မဝန်ခံရရင်တော့ ဟုတ်ပါတယ်"

"ကောင်းပါပြီ. . . ကဲ. . . မင်းနဲ့အတူ ဒို့လဲ အပေါ်ထပ်ကို တက်ခဲ့မယ်လေ၊ အဲဒီကျတော့ မင်းက ကပ်လျက်ကအခန်းကို သွားပေါ့ ဟုတ်လား . . . လာဗျို့ ဝတ်ဆန်၊ မစ္စစ်ဂျင်းနက်ဝီလ်ဆင်၏ ဖယောင်းတိုင်အလင်းရောင်ဖြင့် ကျွန်ုပ်တို့သည် အပေါ်ထပ်သို့ တက်ခဲ့ကြ၏။ ကျွန်ုပ်တို့လည်း စောစောက မစ္စတာဟုမ်း ကြည့်ရှုခဲ့သည့် အိပ်ခန်းထဲသို့ ဝင်လိုက်ကြ၏။ မစ္စက်ဝီလ်ဆင်က သူမ၏ အသုံးအဆောင်ပစ္စည်းများကို သိမ်းဆည်းနေသည့်အခိုက်တွင် မစ္စတာဟုမ်းသည် ငှက်လှောင်အိမ်နှစ်ခုကို အုပ်ထားသည့်အဝတ်စ,အား မ,၍ အိပ်ပျော်နေသည့် ငှက်လေးများကို ကြည့်လိုက်၏။

"လူသားတွေရဲ့ ဒုစရိုက်အင်အားဟာ သူ့ရဲ့ဖန်တီး တီထွင်အားကောင်းရင် ကောင်းသလို တိုင်းတာလို့ မရနိုင်ပေဘူး"-ဟု မစ္စတာဟုမ်းက ပြောလိုက်၏။

မစ္စစ်ဝီလ်ဆင်သည် အခန်းတွင်းရှိ သူမ၏ပစ္စည်းများ သိမ်းဆည်းပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားချိန်တွင် ကျွန်ုပ်နှင့် မစ္စတာဟုမ်းသည် စောစောက ဂျင်းနက်နေခဲ့သည့် အခန်းထဲသို့ ဝင်၍သွားကြ၏။ အခန်းသည် သေးငယ်သော်လည်း အခန်းထဲတွင် စည်းစိမ်ကျကျ နေနိုင်မည့်ပရိဘောဂများ၊ အသုံးအဆောင်များ ရှိလေ၏၊ ငွေဖြင့်ပြုလုပ်ထားသည့် ဆီမီးအိမ်ကြောင့် တစ်ခန်းလုံး လင်းနေလေ၏။ ဒတ်ခ်မီးဖို၏အထက်တွင် ကပ်လျက် ငှက်လှောင်အိမ်တစ်လုံးရှိပြီး ထိုငှက်လှောင်အိမ်ထဲတွင် ကနေရီငှက်သုံးကောင် ရှိနေကာ ထိုငှက်များသည် ကျွန်ုပ်တို့ အခန်းထဲဝင်သွားချိန်၌ သီချင်းဆိုရပ်သွားပြီး သူတို့၏ ရွှေရောင်ခေါင်းကလေးများကို စောင်နေကြလေ၏။ ကျွန်ုပ်တို့လည်း ကုလားထိုင်များတွင် ထိုင်လိုက်ကြစဉ် မစ္စတာဟုမ်း က တိုးတိုးပြောလိုက်၏။

"ကျုပ်တို့ နာရီဝက်လောက် မှိန်းလိုက်ရရင် ကောင်းမယ် ဝတ်ဆန်ရေ့ကဲ. . . မီးငြိမ်းလိုက်ပါဗျာ"

ထိုအခါ ကျွန်ုပ်က စောဒက တက်လိုက်၏။

"ဒီမှာ ကိုယ့်လူ. . . အန္တရာယ်တစ်ခုခုရှိတယ်-ဆိုရင်တော့ ရှူသွင်းလို့ပဲ ဖြစ်ရမယ်"

"မှောင်ထဲမှာပေမယ့် အန္တရာယ်မရှိပါဘူးဗျ"

"ဒီမှာ. . ဟုမ်း၊ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောရင်ပိုမကောင်းဘူးလားဗျာ၊ ဒီငှက်တွေကို မကောင်းတဲ့ ရည်ရွယ်ချက်နဲ့ ထားတယ်ဆိုတာတော့ ရှင်းနေပါပြီ၊ ဒါပေမယ့် အလင်းထဲမှာ ရှိတယ်-ဆိုတဲ့ အန္တရာယ်က ဘာများလဲဗျ"

"ကိုယ့်ဟာကိုယ်တော့ တွေးထားပြီးသားပါပဲဗျာ၊ ဒါပေမယ့် စောင့်ကြည့်ရင် ပိုကောင်းမလားလို့ပါ၊ မီးဖိုရဲ့ထိပ်က မီးထည့်တဲ့အပေါက်ရဲ့ ပတ္တာဖုံးကို သတိထားပေတော့ဗျို့"

"ကြည့်ရတာတော့ ပုံမှန်တပ်ထားသလိုပါပဲဗျာ"

"ဟုတ်တယ်၊ ဒါပေမယ့် မီးဖိုရဲ့မီးထည့်တဲ့အပေါက်ကို သံဖြူအဖုံးနဲ့ ဖုံးထားတာကတော့ နည်းနည်း မထူးခြားဘူးလား"

ထိုအခါ ကျွန်ုပ်သည် တစ်စုံတစ်ခုကို တွေးမိပြီး အော်လိုက်၏။

"အလို-ဘုရားသခင်. . . မစ္စတာဟုမ်း၊ ဝီလ်ဆင်ဟာ မြေအောက်ခန်းထဲက မီးဖိုပိုက်တွေကို သုံးပြီး၊ ဟိုအိပ်ခန်းတွေထဲကို အဆိပ်ငွေ့တွေ သွင်း. . . သူ့ရဲ့အမျိုးတွေကို သတ်ပြီးတော့ ပစ္စည်းတွေကို အပိုင်စီးမယ်-လို့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဆိုလိုတာလား၊ ဒါကြောင့် သူ့အိပ်ခန်းထဲမှာ မီးဖိုတစ်ခုထည့်ထားတာ ကိုးဗျာ၊ သိပြီ. . . သိပြီ"

"အင်း . . . ခင်ဗျားလဲ သိပ်မဝေးပါဘူး၊ ဒါပေမယ့် သီယိုဘိုးဝီလ်ဆင်က ခင်ဗျားထက် ပိုပြီးပါးနပ်တယ်၊ လက်မြန်တယ်-လို့ ကျုပ်ထင်တယ်၊ အောင်မြင်တဲ့ လူသတ်သမားဖြစ်ဖို့ အရည်အချင်းနှစ်မျိုးနဲ့ ပြည့်စုံရတယ်ဗျ၊ အဲဒါတွေကတော့ ကရုဏာ ကင်းမဲ့မှုနဲ့ စိတ်ကူးကောင်းဖို့ လိုတယ်၊ သူက အဲဒီ အချက်နှစ်ချက်စလုံး ပြည့်စုံနေတယ်၊ ကဲ. . ကဲ. . မီးငြိမ်းပြီး၊ ခဏလေး မှိန်းရအောင်ဗျာ၊ ကျုပ်တွေးတာမှန်ရင်တော့ မနက်ဖြန် မိုးမလင်းခင် ကျုပ်တို့သတ္တိကို အစွမ်းကုန်ပြရမှာပေါ့"

ကျွန်ုပ်လည်း ပြန်၍လှဲလျောင်းလိုက်ရင်း စဉ်းစားနေမိ၏။ ကာနယ်မီဘေးရဲ့မိုရီန်း၏ ကိစ္စပြီးကတည်းက ကျွန်ုပ်သည် အင်္ကျီအိတ်ကပ်ထဲတွင် ခြောက်လုံးပြူးတစ်လက်ကို အမြဲသယ်ဆောင်ခဲ့၏။ မစ္စတာဟုမ်း၏စကားထဲမှ သတိလေးချက်ကို ပြန်လည်စဉ်းစားနေမိ၏။ သို့သော် ကျွန်ုပ်သည် ထင်ထားသည်ထက်ပို၍ ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်၏။ အတွေးများက ပို၍ရှုပ်ထွေးလာပြီး မကြာမြင့်မီပင် အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားလေတော့၏။

×××   ×××   ×××

ကျွန်ုပ်၏လက်မောင်းကို တစ်စုံတစ်ခုက လာရောက် ထိလိုက်သဖြင့် ကျွန်ုပ်လည်း လန့်၍နိုးသွားလေ၏။ မီးအိမ်ကိုလည်း ပြန်ထွန်းထားပြီးဖြစ်၏။ ကျွန်ုပ်အပေါ်တွင် မိုး၍နေသော မစ္စတာဟုမ်း၏ ရှည်လျားမည်းနက်သော အရိပ်က မျက်နှာကြက်တွင် ကျရောက်နေလေ၏။ သူက ခပ်တိုးတိုး ပြောလိုက်၏။

"အိပ်နေတာကို နှောင့်ယှက်ရတာ အားနာလှပါတယ်. . . ဝတ်ဆန်ရယ်. . . အချိန်ကျပြီဗျ"

"ကျွန်တော် ဘာလုပ်ရမလဲ"

"ငြိမ်ငြိမ်လေးထိုင်ပြီး နားထောင်နေဗျ၊ ပတ်ပါရိုနီ သီချင်းဆိုနေတယ်"

ဤညက ထိုကဲ့သို့ စောင့်ကြည့်ရခြင်းမျိုးကို ကျွန်ုပ်ဘဝတွင် တော်တော်နှင့် မမေ့နိုင်ပါ၊ မစ္စတာဟုမ်းက မီးအုပ်ဆောင်းကို စောင်းလိုက်သဖြင့် မီးရောင်သည် ပြတင်းပေါက်မှ မျက်နှာချင်းဆိုင် နံရံပေါ်သို့ ကျရောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုကြီးကလည်း တွဲလဲကျနေသော ငှက်လှောင်အိမ်နှင့်အတူ သင်းခနေသေး၏၊ နှင်းကျမှုကလည်း ပို၍ ထူထပ်လာပြီး မီးအိမ်၏အလင်းရောင်များက ပြတင်း မှန်ကိုဖြတ်သန်း၍ အပြင်ဘက် နှင်းထုများကြား၌ ပျောက်ကွယ်နေသေး၏၊

ကျွန်ုပ်၏စိတ်ထဲ၌ တစ်စုံတစ်ခုသော အန္တရာယ်ဖြစ်တော့မည်ကို ကြိုတင် ခံစားနေရ၏။ ပတ်ဝန်းကျင်အခြေအနေကလည်း ကနေရိငှက်လှောင်အိမ်မှ တက်သံကျသံနှင့် သီဆိုနေသောအသံ မပါရှိဘဲနှင့်ပင် ညှိုးငယ်မှုန်မှိုင်းနေလေတော့၏။

ထိုအခိုက် အသံတစ်သံ ထွက်ပေါ်လာလေ၏။ ထိုအသံသည် ... ချွန်သံမျိုးဖြစ်ပြီး လည်ချောင်းသံမျိုးနှင့် စတင်လာ၏။ ထို့နောက် အသံသည် တဖြည်းဖြည်း မြင့်လာပြီး ဝိုင်ဖန်ခွက်အသံနှင့်တူလာကာ အင်မတန် ... ငိုက်မြည်းချင်သော အသံမျိုးလည်းဖြစ်၏။ ကျွန်ုပ်လည်း အချိန်ကို လုံးဝမေ့လျော့သွားတော့၏။ ငှက်၏တေးဆိုမှုလည်း ရုတ်တရက် ရပ်သွားပြီးနောက် ဘာမျှမရှိသည့် တိတ်ဆိတ်မှုမျိုးသာ ဖြစ်နေလေတော့သည်။

ထိုစဉ်တွင် မီးဖို၏အဖုံးသည် တဖြည်းဖြည်း မြင့်တက်လာ၏။ ကျွန်ုပ်သည် ကြောက်တတ်သူ၊ ယုံလွယ်တတ်သူတစ်ဦး မဟုတ်ပါ။ သို့သော် ထိုင်နေသည့် ကုလားထိုင်၏လက်တန်းများကို ဆုပ်ကိုင်ရင်း တဖြည်းဖြည်း ထွက်လာသည့်အရာကိုသာ စိုက်ကြည့်နေမိပါတော့သည်။ ထိုအခိုက်တွင် ခြေလက်များလည်း လုံးဝ လှုပ်ရှား၍မရတော့ပါ။

ထို့နောက် မီးဖို၏အဖုံးသည် တစ်လက်မကျော်ကျော်မျှ စောင်းတက်လာပြီး ထိုအပေါက်မှ ဝါတာတာအရောင်ရှိသော တုတ်ချောင်းများနှင့်တူသည့် အရာများ ထွက်လာပြီး သူတို့သည် တစ်စုံတစ်ခုကို ဆုပ်ကိုင်မိရန် ကုတ်ခြစ်နေလေ၏။ ချက်ချင်းပင် ထိုအရာသည် တစ်ခုလုံးထွက်ပေါ်လာပြီး၊ မီးဖိုပေါ်တွင် မလှုပ်မယှက်နှင့် မတ်တတ်ရပ်နေသေး၏။ ကျွန်ုပ်သည် ကြောက်မက်ဖွယ်ကောင်းသည့် အပူပိုင်းဒေသ ပင့်ကူကြီးများကို တွေ့ခဲ့ဖူးပါသည်။ ထိုပင့်ကူကြီးများသည် **ငှက်များကို** စားသည့်သတ္တဝါများ ဖြစ်၏။ သို့သော် ယခုထွက်ပေါ်လာသည့် **ပင့်ကူ့ကဲ့သို့**သော သတ္တဝါကြီးမျိုးနှင့် နှိုင်းယှဉ်လိုက်ပါက ယခင်တွေ့ခဲ့ဖူးသော **အပူပိုင်းဒေသ** ပင့်ကူများသည် ဘာမျှမဟုတ်တော့ပေ။ ယခုမြင်ရသော **သတ္တဝါကြီး**မှာ အလွန်ပင် ကြီးမားလှ၏။ ကိုယ်လုံးကြီးမှာ ပြားပြီး သမင်းစားပန်းကန်ထက်ပင် ပို၍ကြီးသေး၏။ ကိုယ်လုံးသည် မာကျော၍ ညက်



www.burmeseclassic.com

www.burmeseclassic.com



သည်ပုံရ၏။ ထိုသတ္တဝါကြီး၏အဝါရောင်ရှိသော မြင့်မားသည့်ခြေထောက်များဖြင့် ဝန်းရံထားသော ကိုယ်လုံးသည် ရှေ့သို့ ခုန်အုပ်တော့မည့်အသွင်ကို ဆောင်နေလေ၏။

သတ္တဝါကြီး၏ခြေဆစ်များတွင် ကြမ်းရှသောအမွေးကြမ်းများ အဆုပ်လိုက် အဆုပ်လိုက် ရှိနေသည်ကလွဲ၍ တစ်ကိုယ်လုံးတွင် မည်သည့်အမွေးအမျှင်မှ မရှိပေ။ အောက်မေးရိုးကြီးများ၏အထက်တွင် ပြူးထွက်နေသည့် မျက်လုံးကြီးများမှာ အနီရောင် တောက်နေလေ၏။

"မလှုပ်နဲ့နော်. . . ဝတ်ဆန်"-ဟု မစ္စတာဟုမ်းက တိုးတိုး သတိပေးလိုက်၏။ သူ့အသံတွင် ကျွန်ုပ်တစ်ခါမျှ မကြားခဲ့ဖူးသည့် ကြောက်လန့်နေသည့် အသံမျိုးပါ ရောစွက်နေလေ၏။ သို့သော်လည်း ထိုအသံကား သတ္တဝါကြီးကို လှုံ့နှိုးလိုက်သလို ဖြစ်သွားလေ၏။ အကြောင်းမူကား တစ်ချက်တည်းနှင့် ထိုသတ္တဝါသည် မီးဖိုမှ ဝက်လှောင်အိမ်ထိပ်များသို့ ခုန်တက်သွားပြီး၊ နံရံကို ရောက်ရှိသည်တွင် အခန်းကို တစ်ပတ်လှည့်၍ မျက်နှာကြက်ပေါ်သို့ လျှင်မြန်စွာ တက်သွားလေရာ မျက်စေ့ဖြင့် မနည်းလိုက်၍ ကြည့်ယူရလေ၏။ ထိုအခိုက် မစ္စတာဟုမ်းသည် စိတ်ညို့ခံထားရသူတစ်ဦးကဲ့သို့ ရှေ့တိုးလာပြီး . . .

"အဲဒီသတ္တဝါကို သေအောင် သတ်ပစ်. . . ကြေအောင် ထုရိုက်ပစ်ဗျို့"-ဟု အော်လေ၏။ သူသည် ထိုကဲ့သို့ ပါးစပ်က အော်လည်းအော်၊ သူ့လက်ထဲက ဂေါက်ရိုက်တံဖြင့်လည်း နံရံပေါ်၌ ပြေးလွှားနေသည့် သတ္တဝါကြီးကို ဆင့်ကာ ဆင့်ကာ ရိုက်နှက်နေလေ၏။ ထိုအခါ နံရံမှ တုတ်၏ရိုက်ချက်ကြောင့် ကွာကျလာသည့် အင်္ဂတေပလပ်စတာအမှုန့်များကလည်း အခန်းထဲတွင် ပြည့်နေလေတော့၏။ ပင့်ကူကြီးလည်း တစ်ချက်တည်းနှင့် ခုန်ကျော်၍ အခန်းထဲမှ ထွက်သွားသည့်အချိန်တွင် ကျွန်ုပ်လည်း ကြမ်းပြင်ပေါ်သို့ လှဲချလိုက်ရ၏။ စားပွဲတစ်လုံးလည်း ကျိုးကျသွားတော့၏။ မစ္စတာဟုမ်းက ကျွန်ုပ်ကို ကာကွယ်ရန် သူ၏တုတ်ကို လွှဲကိုင်ကာ. . .

"အဲဒီမှာပဲ နေနော်"-ဟု အော်ရင်း သတ္တဝါကြီးအား တဖုန်းဖုန်းနှင့် ရိုက်ရိုက်နေလေတော့၏။ ချက်ချင်းပင် ထိုသတ္တဝါကြီးသည် တွဲလဲကျနေ၏။ နောက်မှ တဖြည်းဖြည်း လျှောကျလာ၏။ ကြမ်းပြင်ပေါ်တွင် အရိုးပိန်ခြေထောက်သုံးချောင်းကြား၌ ကွဲပြဲနေသော ကြက်ဥကဲ့သို့ အပုံလိုက်ကြီး ကျနေလေတော့၏။

www.burmeseclassic.com



"ဒီသတ္တဝါကြီး ခုန်အုပ်လိုက်တုန်းက ခင်ဗျားအပေါ် မကျော်... ကောင်းတာပေါ့ဗျာ"-ဟု ကျွန်ုပ်က ခြေရင်းရှိ အပုံကြီးကို ညွှန်ပြပြောလိုက်၏။ မစ္စတာဟုမ်းက ဘာမျှပြန်မပြောပါ။ ကျွန်ုပ် မော့ကြည့်လိုက်သောအခါ မစ္စတာဟုမ်း၏မျက်နှာကို နံရံကပ်မှန်ကြီးတစ်ခုတွင် တွေ့လိုက်ရ၏။ သူ့ပုံကြည့်ရသည်မှာ လွန်စွာဖြူဖျော့၍ အားအင်ကုန်ခမ်းနေပုံရပြီး သူ၏မျက်နှာသားမှာလည်း လွန်စွာပင် တင်းမာလျက် ရှိနေလေ၏။

"ခင်ဗျားအတွက်က အစိက ပိုပြီး စိုးရိမ်ရတာပါ။ ဒီအကောင်ကြီးမှာ အဖော် ရှိရမယ်ဗျ" ဟု သူက အေးအေးဆေးဆေးပင် ပြောလိုက်၏။

ကျွန်ုပ်လှည့်လိုက်သည်တွင် မြင်လိုက်ရသည့် မြင်ကွင်းကိုတော့ တစ်သက်တာပတ်လုံး သတိရနေမည်သာ ဖြစ်ပေ၏။

မစ္စတာဟုမ်းသည် မီးဖိုထိပ်မှ နှစ်ပေအကွာတွင် ရပ်နေဆဲဖြစ်၏။ မီးဖို၏ထိပ်တွင် နောက်ခြေထောက်များကို အားပြုလျက် ခုန်အုပ်တော့မည့် နောက်ထပ် ပင့်ကူကြီးတစ်ကောင်ကို တွေ့ရလေ၏။ ကျွန်ုပ်လှုပ်ရှားလိုက်သည်နှင့် တစ်ပြိုင်နက် ထိုသတ္တဝါကြီးက ခုန်အုပ်တော့မည်ကို သိနေသောကျွန်ုပ်သည် အိတ်ထဲမှ ခြောက်လုံးပြူးကို သတိထား၍ ထုတ်ယူလိုက်ပြီး၊ ထိုသတ္တဝါကို အနီးကပ်ချိန်၍ ပစ်ထည့်လိုက်လေတော့၏။ ယမ်းမီးခိုးငွေ့များအကြားမှ ကျွန်ုပ်တွေ့လိုက်ရသည်မှာ ထိုပင့်ကူကြီးသည် ရှုံ့ဝင်သွားပြီး၊ နောက်ပြန် စောက်ထိုးကျသွားကာ အဖုံးပွင့်နေသော မီးဖိုထဲသို့ ကျသွားလေတော့၏။ ကြမ်းတမ်းသော ကြိတ်ဝါးသံကြီးတစ်ခု ပေါ်ပေါက်လာပြီးနောက် အားလုံး ပြန်လည် တိတ်ဆိတ်သွားလေတော့၏။

"ဟိုသတ္တဝါကြီး ဗိုက်ထဲကို ကျသွားပြီ၊ ခင်ဗျား ဘာမှမဖြစ်ဘူးနော်. . . ဟုမ်း"-ဟု ကျွန်ုပ်က အော်ပြီး မေးလိုက်၏။ ကျွန်ုပ်၏လက်များမှာ အလွန်အမင်း တုန်လှုပ်နေပြီးဖြစ်၏။ မစ္စတာဟုမ်းသည် ကျွန်ုပ်ကို ကြည့်လိုက်ရာတွင် သူ့မျက်လုံးထဲ၌ ထူးဆန်းသည့် အလင်းရောင်တစ်ခုကို တွေ့လိုက်ရ၏။ သူက တည်ငြိမ်စွာဖြင့် . . .

"ကျေးဇူးပါပဲ. . . ကိုယ့်လူရာ. . . ကျုပ်သာ မသိဘဲ လှုပ်လိုက်မိလို့ကတော့. . . ဟင်. . . အဲဒါ. . . ဘာသံလဲဗျ"

အောက်ထပ်တွင် တံခါးပိတ်သံကြားလိုက်ရပြီး၊ ခဏမျှ ကြာသောအခါ ကျောက်လမ်းပေါ်တွင် ခပ်သုတ်သုတ် လမ်းလျှောက်သွားသံတစ်သံကို

www.burmeseclassic.com



ကြားရလေ၏။

"လိုက်ဟ. . . လိုက်ဟ" ဟု အော်ရင်း၊ မစ္စတာဟုမ်းသည် တံခါးပေါက်ကို ခုန်၍ထွက်လိုက်လေ၏။

"ခင်ဗျားရဲ့သေနတ်သံက ပွဲပြီးပြီ-လို့ သူ့ကိုသတိပေးလိုက်သလို ဖြစ်သွားတယ်၊ မလွှတ်စေနဲ့ဗျနော်"

သို့သော် ကျွန်ုပ်တို့ ကံမကောင်းပါ။ ကျွန်ုပ်တို့ လှေခါးထစ်များပေါ် သို့ အပြေးဆင်းပြီး၊ နှင်းတောထဲသို့ ပြေးလိုက်ကြသော်လည်း သီယိုဘိုးလ်ဝီလ်ဆင်က ကျွန်ုပ်တို့ထက် များစွာ အပြေးဦးသွားလေပြီ၊ သူသည် ထိုနယ်ကို ကျွမ်းကျင်သူလည်း ဖြစ်လေ၏။ ခဏမျှ သူ့ခြေသံကို ခပ်သဲ့သဲ့ကြားလိုက်ရသည်အထိ လမ်းကျဉ်းအတိုင်း မြစ်ဘက်သို့ ပြေးလိုက်ကြပါသေးသည်။ သို့သော် အတန်ကြာသောအခါ၌ ခြေသံများ ပျောက်ကွယ်သွားလေတော့၏။ ကျွန်ုပ်တို့လည်း တပ်ခေါက်ခဲ့ရတော့၏။

"အဲဒါတော့ သိပ်မနိုပ်ဘူး. . . ဝတ်ဆန်ရေ. . . ကျုပ်တို့တော့ ဒီလူကို မမိလိုက်တော့ဘူး၊ အင်း. . . ဒီကိစ္စကလဲ တရားဝင်ရာဇဝတ်မှုကို ကိုင်တွယ်ရမယ့် ရဲတွေရဲ့အလုပ်ပဲ၊ ဒါပေမယ့် နားထောင်စမ်း . . . ဝတ်ဆန်၊ အော်သံပဲဗျ၊ သေချာတယ်"

"ကျွန်တော့်နားထဲမှာတော့ တစ်ခုခုကို ကြားနေရသလိုပဲ"

"ဟုတ်တယ်၊ ကဲ. . . နှင်းတောထဲမှာ ရှာရတာကတော့ မျှော်လင့်ချက် မရှိဘူး၊ အိမ်ကြီးဆီပြန်ပြီး၊ သနားစရာကောင်းတဲ့ ကလေးမလေးကို နှစ်သိမ့်ကြရအောင်ဗျာ၊ သူ့ရဲ့ခံစားနေရတဲ့ ဒုက္ခတွေ ပြီးသွားပြီလို့"

"ဒါတွေဟာ အိပ်မက်ဆိုးကြီးထဲက သတ္တဝါတွေပဲဗျ၊ ပြီးတော့လဲ ဘာအမျိုးအစားလဲ-ဆိုတာ မသိရဘူး"

ကျွန်ုပ်က အိမ်ကြီးဆီသို့ ပြန်အလာ လမ်းတွင် ပြောလိုက်မိ၏။ သို့သော် မစ္စတာဟုမ်းကတော့ ဤသို့ မဟုတ်ပေ။

"ကျုပ်ကတော့ ဒီလိုမျိုး မထင်ဘူးဗျ၊ အဲဒါ ဂယ်လီယိုးဒီးစပိုဒ်ဒါ-လို့ခေါ်တဲ့ ပင့်ကူကြီးမျိုးပဲဗျ၊ ကျူးဘားသစ်တောတွေထဲမှာပဲ ရှိတယ်၊ တခြား နေရာတွေမှာ မရှိလို့ တော်ပါသေးရဲ့ဗျာ၊ ဒီအကောင်မျိုးတွေက ညမှလှုပ်ရှားတာဗျ၊ ပြီးတော့ ဒီကောင်တွေက သူတို့မေးရိုးနဲ့ ရိုက်ပြီး အကောင်ငယ်တွေရဲ့ကျောရိုးကို ရိုက်ချိုးနိုင်တယ်၊ သူ့ဦးလေး ပြန်ရောက်လာကတည်းက ကြွက်ကြီးတွေ မရှိ

www.burmeseclassic.com



တော့ဘူး-ဆိုတာ ခင်ဗျားမှတ်မိသေးလား၊ သီယိုဘိုးလ်ဝီလ်ဆင်က ဒီအကောင်တွေကို တစ်ပါတည်း ခေါ်လာခဲ့တာပဲဗျ၊ ပြီးတော့ ဒီပင့်ကူ စားတဲ့ ကျွန်ုဘာသည့်ငှက်ရဲ့ သီချင်းကို အတုခိုးပြီး ဆိုနိုင်အောင်-လို့ သူ့ရဲ့ ကနေရီငှက်တစ်ကောင်ကို လေ့ကျင့်ပေးဖို့ အကြံရခဲ့တာပဲ၊ မျက်နှာကြက်ပေါ်က အရာတွေဟာ ပင့်ကူနဲ့ ခြေထောက်တွေမှာ ကပ်နေတဲ့ မှိုင်းတွေပဲဗျ"

"ဒီအမှုကို ရှင်းတဲ့နေရာမှာ ကျုပ်လုပ်တာကိုင်တာ နှေးကွေးတယ်-ဆိုတာ ဝန်ခံပါတယ်၊ ဘာဖြစ်လို့လဲ-ဆိုတော့ စောစောကတည်းက အချက်အလက်တွေက ကျုပ်ရှေ့မှာရှိပြီးသားပါပဲ၊ ဒါပေမယ့် ပြဿနာတစ်ရပ်လုံးရဲ့ ဖွဲ့စည်းထားပုံက အခြေခံ အဆင့်ပဲဖြစ်နေလို့"

"ပြီးတော့ သီယိုဘိုးလ်ဝီလ်ဆင်နဲ့ ပတ်သက်ရင်တော့ ဒီလူဟာ အင်မတန်ကို ကြောက်စရာကောင်းလောက်အောင် ပါးနပ်တယ်၊ မြေတိုက်ထဲက မီးဖိုထဲမှာ ဒီအကောင်တွေကို ထားပြီးတဲ့နောက်မှာတော့ သူက အပေါ်ထပ်က အိပ်ခန်းနှစ်ခန်းကို ဆက်ရတာကတော့ ဘာများ ခဲယဉ်းတော့လို့လဲ၊ ငှက်လှောင်အိမ်တွေကို မီးဖိုပေါ်မှာ ဆွဲထားရင် အဲဒီငှက်ကလေးတွေရဲ့ သီချင်းသံကြောင့် ပင့်ကူကြီးတွေ တက်လာမယ်၊ ဒီနည်းဟာ သီယိုဘိုးလ်ရဲ့ သူလိုချင်တဲ့ ပစ္စည်းဥစ္စာတွေရဲ့ကြားမှာရှိတဲ့ လူတွေကို ဖယ်ရှားဖို့ရာ အကောင်းဆုံး နည်းလမ်းပေါ့"

"အဲဒီပင့်ကူကြီးတွေ ကိုက်ရင်ရော သေနိုင်သလားဗျ"-ဟု ကျွန်ုပ်က မေးလိုက်၏။

"ကျန်းမာရေးချို့တဲ့တဲ့လူဆိုရင်တော့ သေမှာပေါ့လေ၊ ဒါပေမယ့် ဒီနေရာမှာ ဟိုလူယုတ်မာက ပင့်ကူကိုက်တဲ့အထိ မဟုတ်ဘဲ၊ ပင့်ကူကြီးတွေကို မြင်ရရုံနဲ့ပဲ ကြောက်လန့်ပြီး၊ သေအောင်လုပ်လိုက်တာပဲ၊ စဉ်းစားကြည့်ပါလား ဟိုသားအမိဟာ နှစ်ယောက်စလုံးက နှလုံးရောဂါသည်တွေပဲ၊ ပြီးတော့ အိပ်မပျော်တဲ့ရောဂါလဲ ရှိတယ်-ဆိုတော့ ဒီလိုမြင်ကွင်းမျိုးကို ဘယ်ခံနိုင်ရည် ရှိပါ့မလဲ၊ ကျုပ်တို့လို ကျန်းမာရေးကောင်းနေတဲ့ လူတွေတောင် နမူနာ ကြုံတွေ့ရပြီးပြီ မဟုတ်လား၊ သူတို့လို လူမျိုးတွေကျတော့ သေနတ်နဲ့ ပစ်သတ်တာထက်တောင် သေချာသေးတယ်လေ"

"ကျွန်တော် နားမလည်တာ တစ်ခုတော့ ရှိတယ်ဗျာ၊ သူက ဘာကိစ္စနဲ့ စကော့တလန်ယာဒ်ကို သွားပြီး၊ အကူအညီ တောင်းရတာလဲ"

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com



"အော်. . . ဒီလူ. . . သတ္တိရှိတဲ့လူပဲဗျ၊ တူမဖြစ်သူဟာ ပင်ကိုက ကြောက်တတ်တဲ့ သဘာဝရှိတယ်၊ ဒီကြားထဲမှာ ကြောက်လန့်ပြီး၊ အိမ်ကထွက်သွားမယ်လုပ်တော့ သူက တူမကို ရှေးလူတွေ သတ်တဲ့နည်းအတိုင်းပဲ ချက်ချင်း သတ်ပစ်ဖို့ အစီအစဉ် လုပ်တော့တာပေါ့၊ တကယ်လို့ သူသတ်တာ အောင်မြင်သွားရင်လဲ ဘယ်သူက သီယိုဘိုးဝိလ်ဆင်ကို သံသယရှိဦးမှာလဲ၊ စကော့တလန်ယာဒ်ကိုလဲ သူအကူအညီတောင်းမထားဘူးလား၊ ရှားလော့ဟုမ်းရဲ့ အကူအညီကိုကော မတောင်းဘူးလား၊ မိန်းကလေးဟာ သူ့အမေနဲ့အကိုလိုပဲ. . . နှလုံးရောဂါနဲ့သေရတာ ဆိုပြီး၊ သူ့ကိုပဲ လူတွေက ဝိုင်းပြီးသနားကြတော့မှာပေ့ါဗျ"

"နောက်ပြီး . . . မီးဖိုအဖုံးတွေကို သော့ခလောက် ခတ်ထားတာ မှတ်မိသေးရဲ့လား၊ ကြည့်ချင်ရင် သော့ဖွင့်ပြမယ်-ဆိုတာကလဲ သက်သက်ဖြီးဖြန်းတာပဲဗျ၊ သူ့သော့ သူဝှက်ထားတာကို သူသိတယ်ဗျ၊ အဲဒီသော့ကိုမှ ဖျက်ကြည့်မိရင်တော့ အထဲမှာ ဘာတွေတွေ့ရမလဲ မပြောတတ်ဘူးဗျို့"

သီယိုဘိုးဝိလ်ဆင်၏သတင်းကို နောက်ထပ်မကြားရတော့ပေ။ သို့သော် နောက်နှစ်ရက်ခန့်အကြာတွင် လူတစ်ယောက်၏အလောင်းကို သိမ်းမြစ်ထဲမှ ဆယ်ယူရခဲ့၏။ အလောင်းမှာ ခြေလက်များကိုဖြတ်တောက်ထားသဖြင့် မှတ်မိနိုင်စရာ မရှိပေ။ သင်္ဘောတစ်စီး၏ပန်ကာက ခုတ်ဖြတ်သွားခြင်း ဖြစ်နိုင်ပေ၏၊

ရဲက သေဆုံးသူ၏အိတ်များထဲသို့ နှိုက်၍ရှာဖွေသော်လည်း မှတ်မိစရာ တစ်ခုတစ်လေကိုမျှ မတွေ့ရှိရပေ။ မှတ်စုစာအုပ်တစ်အုပ်တော့ တွေ့ပေ၏။ ၎င်းစာအုပ်တွင် ဖရင်ဂျီလာ ကနေရီယားငှက်များ၏သားပေါက်မျိုးကို မှတ်သားထားသော စာမျက်နှာများကို တွေ့ရှိရလေ၏။

မစ္စတာဟုမ်းက ထိုမှတ်တမ်းကို ဖတ်လိုက်ပြီးနောက် မှတ်ချက်ချလိုက်လေ၏။

"ပညာရှိတဲ့လူကတော့ များမွေးတယ်ဗျ၊ သူတို့နဲ့အတူ ရှိရမယ့်မခေါကိုလဲ သိတယ်၊ ပြီးတော့ သူတို့က သူတို့ဘဝ မဟုတ်တာကိုလဲ ဘယ်တော့မှ ကိုယ်စား မပြုဘူးလေ"

*The Adventure of* THE DEPPFORD HORROR



www.burmeseclassic.com

www.burmeseclassic.com



# အနီရောင်မုဆိုးမ

"ဝတ်ဆန်ရေ . . . ခင်ဗျားကောက်ချက်ချတာ မှန်တယ်ဗျို့၊ တငြီးငွေ့ဖျင်းတာနဲ့ဆင်းရဲတာဟာ ဆိုးဝါးတဲ့အကြမ်းဖက် ရာဇဝတ်မှုတွေရဲ့ သဘာဝကျတဲ့ အမာခံတွေပဲဗျို့"

စကားအဆက်အစပ်မရှိ ပြောချလိုက်သော မစ္စတာဟုမ်း၏ စကားကို ကျွန်ုပ်သည် တအံ့တသြဖြင့် ခေါင်းငြိမ့်သဘောတူလိုက်မိပါသည်။

"အတိအကျပဲပေါ့ဗျာ၊ တကယ်တော့ ကျုပ်က စဉ်းစားနေတာဗျ"

ကျွန်ုပ်လည်း မစ္စတာဟုမ်းကို တအံ့တသြကြည့်ရင်း စကားပြတ်သွား၏။ ပြီးမှ ဆက်ပြောလိုက်၏။

"အို . . . ဘုရားသခင် . . . မစ္စတာဟုမ်း၊ ဒါတော့ လွန်လွန်းပြီဗျာ၊ ကျွန်တော့ရင်ထဲက အတွေးကို ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ"

မစ္စတာဟုမ်းသည် သူ့ကုလားထိုင်ကို ပြန်မှီရုံထိုင်လိုက်ပြီး သူ့လက်ချောင်းထိပ်များကို စုကာ တွဲကျနေသော မျက်ခွံများအောက်မှနေ၍ ကျွန်ုပ်ကို ကြည့်ပြီး ပြောလိုက်၏။

"ဒီမေးခွန်းကို မဖြေဘဲနေခြင်းအားဖြင့် ကျုပ်ရဲ့ကန့်သတ်စွမ်းအားတွေကို တရားမျှတအောင် လုပ်ရလိမ့်မယ်၊ ခင်ဗျားမှာ မအောင်မြင်မှုတွေကိုဖုံးကွယ်ထားတတ်တဲ့ သဘာဝစွမ်းအင် အကျင့်တစ်မျိုး ရှိတယ်၊ ခင်ဗျားမှာ တကျနည်းကျကြောင်းကျိုး ဆက်စပ်မှုကိုတော့ လက်ခံတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကလည်း သူ၏အထက်စီးလေသံကို မကျေနပ်ဟန်ဖြင့် ပြန်မေးလိုက်၏။

"ကျွန်တော့်စိတ်ထဲမှာတော့ ဖြစ်စဉ်တွေကို ခင်ဗျားသိစေနိုင်လောက်တဲ့ တက္ကနည်းကျ ကြောင်းကျိုးဆက်စပ်မှုကိုတော့ ကျွန်တော်ဖြင့် မမြင်မိပါဘူးဗျာ"

"ဒါကတော့ သိပ်ကြီးကျယ်တဲ့ အခက်အခဲမျိုး မဟုတ်ပါဘူး၊ ခင်ဗျားကို ကျုပ်လေးငါးမိနစ်လောက် စောင့်ကြည့်နေလိုက်တာနဲ့ပဲ ခင်ဗျားရဲ့မျက်နှာပေါ်မှာ ဘာခံစားမှုမျိုးမှ မရှိဘူး၊ နောက်တော့ ခင်ဗျားရဲ့မျက်လုံးတွေက အခန်းကို လှည့်ပတ်ကြည့်ပြီး စာအုပ်စင်ပေါ် ရောက်တော့ **ဗစ်တာဟူးဂိုး ရေးတဲ့ လာမစ်ဆာရေးဘဲ**-ဆိုတဲ့စာအုပ်ကို ခင်ဗျား မနှစ်ကဖတ်တုန်းက ခင်ဗျားသိပ် စိတ်ဝင်စားသွားတယ်၊ ခင်ဗျားဟာ အတွေးအခေါ်တွေ များပြားလှတယ်၊ ခင်ဗျားရဲ့မျက်လုံးတွေက မှေးပြီး ခင်ဗျားရဲ့စိတ်ဟာ လူမှုဒုက္ခရဲ့ ရှုပ်ထွေးတဲ့ ဇာတ်လမ်းထဲမှာ မျောပါနေတာ ထင်ရှားတယ်လေ၊ နောက်တော့ ခင်ဗျားရဲ့ အကြည့်က ပြတင်းပေါက်ကို ရောက်သွားပြီး ဆီးနှင်းအချပ်လေးတွေရယ်၊ မီးခိုးရောင်ကောင်းကင်ကြီးရယ်၊ အေးစက်ပြီး ခဲနေတဲ့ ခေါင်မိုးတွေရယ်ကို ကြည့်နေတယ်၊ ပြီးတော့မှ တဖြည်းဖြည်းနဲ့ မီးလင်းဖိုရဲ့အပေါ်က ကျုပ်ဆီကို လာတဲ့စာတွေကို ဖောက်တဲ့ မောင်းချအေးဆီ ရောက်သွားတယ်၊ ခင်ဗျားက ရုတ်တရက် မျက်မှောင်ကြုတ်လိုက်ပြီးမှ မသိစိတ်နဲ့ ခေါင်းကို ခါယမ်းလိုက်တယ်၊ ဒါကို စိတ်ကူးဉာဏ်များ ဆက်စပ်ပေါင်းစည်းမှု-လို့ ခေါ်တယ်ဗျ၊ ဟူးဂိုးရဲ့တတိယ ဘန်းစား ဆင်းရဲသားလူတန်းစားရပ်ကွက်က ဆောင်းအအေးနဲ့ ဆင်းရဲမှု၊ ဒီအထက်ကတော့ ကျုပ်တို့ရဲ့ နွေးထွေးတဲ့ မီးပုံကြီး၊ ပြီးတော့ ဘာမှ မရှိတဲ့ ဓား သွား၊ ဒါတွေကိုကြည့်ပြီး တွေးပြီးတော့ ခင်ဗျားဟာ စိတ်မကောင်း ဖြစ်သွားတယ်၊ လူ့ဘဝရဲ့မပြောင်းလဲတဲ့ ကြေကွဲစရာ ဇာတ်လမ်းတွေဟာ အကြောင်းနဲ့ အကျိုးကို နားလည်လို့ဖြစ်ရတဲ့ စိတ်မကောင်းမှုမျိုးပေါ့၊ အဲဒီတော့မှ ကျုပ်က ခင်ဗျားနဲ့ သဘောထားချင်း တူလာတာဗျ"

ကျွန်ုပ်ကလည်း ဝန်ခံလိုက်ပါသည်။

"ဟုတ်ပါပြီ၊ ခင်ဗျားဟာ ကျွန်တော့်အတွေးတွေကို ထူးထူးခြားခြားကို သိရှိတဲ့ ဆင်ခြင်ဉာဏ်နဲ့ပြည့်စုံသူပါပဲ မစ္စတာဟုမ်းရယ်"

" အို . . . ဒါက အခြေခံလောက်ပဲရှိပါသေးတယ် ဟော်ဆန်ရာ"



www.burmeseclassic.com

www.burmeseclassic.com



၁၈၈၇-ခုနှစ် ကုန်ဆုံးခါနီးနေလေပြီ။ ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် စတင်ခဲ့သော နှင်းမုန်တိုင်းများကလည်း ပြီးဆုံးသွားလေပြီဖြစ်၏။ ဘေကာလမ်းမှ မစ္စတာဟုမ်း၏အိမ်ရှိ ပြတင်းများကို ကျော်လွန်၍ မြင်ရသည့်မြင်ကွင်းကား မီးခိုးရောင်ကောင်းကင်နှင့် ဆီးနှင်းများဖုံးနေသည့် အုတ်ကြွပ်အမိုးများသာ ဖြစ်ပေသည်။ ထိုနှစ်သည် မစ္စတာဟုမ်းအတွက် မမေ့နိုင်သည့်နှစ် ဖြစ်သော်လည်း ကျွန်ုပ်အတွက်မှာမူ ပို၍ပင်အရေးပါသောနှစ် ဖြစ်ပေသည်။ အကြောင်းမူကား ကျွန်ုပ်နှင့် မေရီမော့စ်တင်တို့ လက်ထပ်ခဲ့သည်မှာ နှစ်လမျှသာ ရှိသေးသောကြောင့် ဖြစ် လေ၏။

ကျွန်ုပ်သည် လစာတစ်ဝက်နှင့် စစ်တပ်ထွက်ဆရာဝန် လူပျိုကြီး ဘဝမှ အိမ်ထောင်ပြုလိုက်ရာ မစ္စတာဟုမ်း၏ တရားလွန်ဝေဖန်ပြစ်တင်မှုများ မပါရှိပါက ပြီးပြည့်စုံမည် မဟုတ်ပါလေ။ သို့သော် ကျွန်ုပ်တို့ဇနီးမောင်နှံသည် သူ့ကို အကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦး ဆုံတွေ့ အကြောင်းပါခဲ့ရသည်အတွက်ကြောင့် သူ့အား နားလည်ခွင့်လွှတ်ရုံမျှမက ကျေးဇူးပင် တင်ရှိနေပါတော့သည်။

ထိုနေ့မှာ ဒီဇင်ဘာလ ၃၀-ရက်နေ့ဖြစ်ပြီး မွန်းလွဲပိုင်း အချိန်လည်း ဖြစ်ပေ၏။ ကျွန်ုပ်သည် အလုပ်မှအပြန် မစ္စတာဟုမ်းထံသို့ ခေတ္တဝင်ရောက်ရင်း စကားစမြည်လည်း ပြောဆိုမည်၊ နောက်ထပ်စိတ်ပါဝင်စားဖွယ် အမှုအသစ်များ ရှိမရှိကိုလည်း မေးမြန်းလိုသောစိတ်ကူးဖြင့် ဝင်ရောက်ခဲ့ခြင်းဖြစ်၏။ သို့သော် မစ္စတာဟုမ်းကို တွေ့လိုက်ရသောအခါ သူ၏အသားအရေသည် ဖြူဖျော့နေပြီး တက်ကြွမှုလည်း မရှိပေ။ သူ၏ညဝတ်အင်္ကျီကြီးကိုလည်း ပခုံးမှာ သိုင်း၍ထား၏။ တစ်ခန်းလုံးကလည်း သူ၏ဆေးတံ၊ ဆေးအနံ့တို့ဖြင့် မွှန်၍ နေလေ၏။ သူသည် မကျေမနပ် လေသံမျိုးဖြင့် ——

"လုပ်ချင်လုပ်စရာ စုံစမ်းမှုလေးတွေပါပဲ ဝတ်ဆန်ရယ်၊ ရာဇဝတ္ထုဗေဒမှာ ဖန်တီးမှုအတတ်ပညာ-ဆိုတာ ဘာလဲ၊ ဘုတ်စတီးဝဲနစ် ကွယ်လွန်ပြီးကတည်းက ပျောက်ကွယ်သွားပါပြီ"

ထို့နောက် သူသည် တိတ်ဆိတ်သွားပြန်ပြီး သူ့ကုလားထိုင်တွင် ခွေလျက် နေတော့၏။ နောက်ထပ်လည်း ဘာစကားမှမပြောတော့ဘဲ ငြိမ်သက်နေလေ၏။ ကျွန်ုပ်လည်း တစ်စုံတစ်ရာကို သတိရ၍ ထမည်ပြုလိုက်သောအခါမှ သူက ကြည့်ပြီး ဝေဖန်လေ၏။

"ခင်ဗျားလဲ တန်ရာတန်ဖိုး ပေးနေရပြီထင်တယ်၊ ခင်ဗျားရဲ့ လက်ဝဲ



www.burmeseclassic.com

www.burmeseclassic.com



ဘက်မေးရိုးအခြေအနေကို ကြည့်ရတာ တယောက်ယောက်က ခင်ဗျားမှုတ်ဆိတ်ရိတ်ရင် ကြည့်တဲ့မှန်ကို နေရာရွှေ့ထားကယ်-လို့ ဖော်ပြနေတယ်၊ ပြီးတော့လဲ ခင်ဗျားဟာ အသုံးအစွဲ ကော်တော်လေး လက်ဖွာနေတယ်"

"ခင်ဗျား တော်တော်လေးကို မတရား ဆုံးဖြတ်နေပါလား"

"ဘာဖြစ်လို့လဲဆိုတော့ ဒီဆောင်းတွင်းမှာ တစ်ပွင့် ၅-ပဲတန်ဖိုး ပေးရတဲ့ပန်းဟာ ခင်ဗျားအင်္ကျီကြယ်သီးပေါက်မှာ မနေ့ကအထိ ထိုးထားတယ်-ဆိုတာ ထင်ရှားနေတယ်"

"ခင်ဗျား ဒီလောက်တောင် လွဲချော်မှန်း ကျွန်တော်ပထမဆုံးအကြိမ်သိရတာပဲဗျို့"-ဟု ကျွန်ုပ်ကလည်း မခံချင်သည့်စိတ်ဖြင့် ပြန်ပြောလိုက်လေ၏၊ ထိုအခါ သူသည် အားရပါးရ ရယ်မောလိုက်ပြီးတော့မှ ပြောလိုက်လေ၏။

" အော်. . ကိုယ့်လူရယ်၊ ကိုယ့်ကို ခွင့်လွှတ်စမ်းပါ၊ အသုံးမချတာကြာပြီဖြစ်တဲ့ အစွမ်းအစ ခွန်အားတွေကြောင့် ခင်ဗျားကို ခုလို မတရား ပြောမိတာပါဗျာ၊ အလို. . နားထောင်စမ်းဗျို့"

ထိုအခိုက် လေးလံသောခြေလှမ်းများက လှေခါးထစ်များပေါ်သို့ တက်နေသည့်အသံ ကြားရလေ၏။ မစ္စတာဟုမ်းက ကျွန်ုပ်အား ပြန်၍ ထိုင်ခိုင်းလေ၏။

"ခဏလေး နေစမ်းပါဦး၊ဝတ်ဆန်ရယ်၊ အဲဒါ ဂရက်ဆင်ရဲ့ခြေသံပဲ အမှုဟောင်း ပြန်ပေါ်ချင် ပေါ်မှာဗျ"

"ဂရက်ဆင်. . . ဟုတ်လား"

"မမှားနိုင်ပါဘူးဗျာ၊ လက်စ်ထရိတ်ရဲ့ခြေသံက ဒီလောက်မပြင်းဘူး မစ္စစ်ဟပ်ဆင်ကလဲ သိပါတယ်၊ သူခေါ်လာပါလိမ့်မယ်၊ အဲဒါ ဂရက်ဆင်ပါပဲ"

သူ့စကားအဆုံးတွင် တံခါးခေါက်သံကြားရပြီးနောက် နားရွက်ဖုံးသည်အထိ မာဖလာပတ်ထား၍ ဦးထုပ်အချွန်ကို ဆောင်းထားသူတစ်ဦးသည် အခန်းထဲသို့ ဝင်ရောက်လာလေ၏။ ဝင်လာသူသည် သူ့ဦးထုပ်ကို အနီးဆုံး ကုလားထိုင်ပေါ်သို့တင်လိုက်ပြီး ပတ်ထားသည့် မာဖလာကိုလည်း ချွတ်လိုက်၏။ ၎င်းတွင်မှ ပျော့ပျောင်းသည့်ဆံပင်နှင့် ရှည်လျားဖြူဖျော့သည့်မျက်နှာရှိသော စကော့တလန် ယာ့ဒ်စုံထောက် ပေါ်လာလေ၏။ မစ္စတာဟုမ်းက ကျွန်ုပ်ဘက်သို့ တစ်ချက် လှည့်ကြည့်ပြီး နှုတ်ဆက်လိုက်၏။

"ဟာ. . . ဂရက်ဆန်ပါလား၊ ဒီလိုရာသီဥတုမျိုးမှာ ထွက်လာရတယ်



www.burmeseclassic.com

www.burmeseclassic.com



-ဆိုတော့ ကိစ္စက အတော်လေးကို အရေးကြီးလို့ဖြစ်ရမယ် ကဲ-ဦးထုပ်ချွတ်ပြီး မီးဖိုနားကို လာပါလားဗျာ"

ထိုအခါ စုံထောက်ကြီးသည် ဦးခေါင်းကိုခါလိုက်ပြီး. . . .

"အချိန်ကုန်လို့ မဖြစ်ဘူးဗျ၊ ဒါဘီရှိုင်းယားကို သွားတဲ့ရထားက နာရီဝက်အတွင်း ထွက်တော့မယ်၊ အောက်မှာလဲ မြင်းရထား အဆင်သင့် စောင့်နေတယ်၊ အမှုကတော့ ကျွန်တော့်လိုအတွေ့အကြုံများတဲ့ အရာရှိတစ်ယောက်အဖို့ ဘာမှ အခက်အခဲ မရှိပေမယ့် ခင်ဗျားလိုက်မယ်ဆိုရင်တော့ ဝမ်းသာစရာပါပဲဗျာ"

"အမှုက စိတ်ဝင်စားစရာကောင်းရဲ့လား"

"လူသတ်မှုလေ. . . မစ္စတာဟုမ်းရဲ့၊ ဒေသခံရဲတွေဆီက သံကြိုးစာအရ-ဆိုရင်တော့ ထူးဆန်းတယ်၊ ဖြစ်ပုံက ခရိုင်အရာရှိ လော့ဒ်ဂျို့စ်လင်းကုင်းကို အန်းဝုဒ်ရဲတိုက်ကြီးထဲမှာ သတ်ထားတာ တွေ့ရတယ် စကော့တလန်ယာဒ်အနေနဲ့ ဒီအမှုမျိုးတွေက ရိုးနေပါပြီ၊ ဒါပေမယ့် ရဲသံကြိုးစာထဲမှာ ပါတဲ့စာအရ-ဆိုရင်တော့ ခင်ဗျားလဲ လိုက်ချင်မှာပဲ-လို့ တွေးမိတယ်၊ လိုက်မှာလား. . ."

ထိုအခါ မစ္စတာဟုမ်းသည် ရှေ့သို့ကုန်း၍ သူ့ဆေးတံကို ဆေးအိုးထဲသို့ထည့်ကာ မတ်တတ်ရပ်လိုက်၏

"လိုအပ်တာလေး နည်းနည်းပါးပါးလောက် ထည့်သွားဖို့တော့ အချိန်ခလေး ပေးပါဦး၊ ကဲ-ဝတ်ဆန်၊ ခင်ဗျားလဲ လိုက်ရမယ်၊ ဟင့်အင်း မငြင်းနဲ့နော်ခင်ဗျားရဲ့အကူအညီမပါဘဲ ကျုပ်က ဘာလုပ်ရမှာလဲ၊ ခင်ဗျားမိန်းမဆီကို စာတစ်စောင် ရေးထားခဲ့ပေါ့၊ မစ္စစ်ဟပ်ဆင်က သွားပေးပေးလိမ့်မယ်၊ မနက်ဖြန် ပြန်ရောက်မှာပဲ၊ ကိုင်း. . ဂရက်ဆန်ရေ. . ကျုပ်ကတော့ ခင်ဗျားလူပဲ လမ်းမှာ သွားရင်းနဲ့ အမှုအကြောင်း အသေးစိတ်ကလေးတွေကို ပြောပြပေါ့ဗျာ"

စိန့်ပန်ကရပ်ဘူတာရုံ၏ ပလက်ဖောင်းတွင် ကျွန်ုပ်တို့ တိုးဝှေ့၍ ဆေးလိပ်သောက်ခွင့်ရှိသည့် ပထမဆုံးတွဲလွတ်ပေါ်သို့ တက်နေချိန်တွင် ဂတ်ဗိုလ်၏ အလံက လှုပ်ယမ်းလျက်ရှိပေပြီ၊ မစ္စတာဟုမ်းသည် ခရီးသွားကော်ဇောသုံးခု ယူလာသဖြင့် ဆောင်းရာသီ ဖျော့တော့သော နေရောင်အောက်တွင် ရထားသွားနေစဉ် ကျွန်ုပ်တို့သည် တွဲထောင့်အသီးသီးတွင် ဇိမ်ကျကျ လိုက်ပါလာနိုင်ကြလေ၏။

"ကဲ . . . ဂရက်ဆန်ရေ၊ အသေးစိတ်လေးတွေ နားထောင်ရအောင်

www.burmeseclassic.com



ဘူး" -ဟု မစ္စတာဟုမ်းက ပြောလိုက်၏။ နားရွက်အုပ်များပါသည့် ဦးထုပ်ကြမ်း ဆောင်းထားသည့် သူ၏ရှည်လျားသည့်မျက်နှာသည် ဆန္ဒစောနေပြီး အပြာရောင်မီးခိုးများကလည်း သူ့ဆေးတံမှ ထွက်နေလေ၏။

"ကျွန်တော့်အနေနဲ့ကလဲ စောစောက ခင်ဗျားတို့ကို ပြောပြသလောက်ပဲ သိတာဗျ"

"ဒါနဲ့များ ခင်ဗျားစကားက ခရိုင်ရဲရဲ့ သံကြိုးစာဟာ ထူးသလေး ဆန်းသလေးနဲ့ ပြောနေတာကော. . . တဆိတ်လောက် ရှင်းစမ်းပါဦး"

"ကျွန်တော်က အကြောင်းတစ်ခုထဲအတွက် အဲဒီစကား နှစ်ရပ်လုံးကို သုံးလိုက်တာပါ၊ ဒေသခံရဲအရာရှိက ဆိုတယ်လေ၊ စကော့ဘလန်ယာ့ဒ်က လာတဲ့စုံထောက်အရာရှိဟာ ဒါဘီရှိုင်းယား ကောင်းတီရိုက်နဲ့ လောက်တီးယားကို ဖတ်ထားပါ-တဲ့၊ ကဲ. . . ဘယ်လောက်ထူးဆန်းတဲ့ အကြံပေးချက်လဲ -လို့"

"ကျုပ်ကတော့ သူအကြံပေးတာ မှန်တယ်-လို့ ထင်တယ်၊ ခင်ဗျားကော ဘာလုပ်ပြီးပြီလဲ. . ."

"ဂေဇက်တီးယားမှာ ပါတာကတော့ လော့ဒ်ကျိုစလင်ကုတ်ဟာ ခရိုင်မှာ ဩဇာညောင်းတဲ့ စီးပွားရေးသမားတစ်ဦး ဖြစ်တယ်-တဲ့၊ ဒုဗိုလ်အဆင့်ရှိတယ်တဲ့၊ သူဟာ အိမ်ထောင်ရှိပေမယ့် သားသမီးမရှိသေးဘူးတဲ့၊ ဒေသခံရှေးဟောင်း ယဉ်ကျေးမှု အသင်းအဖွဲ့တွေကိုလဲ ပေးကမ်းလှူဒါန်းလွန်းလို့ ကျော်ကြားတယ်-တဲ့၊ ကောင်တီရိုက်ဒ်မှာ ပါတာကတော့ ဟောဒီအတိုင်းပဲ"

သူသည် သူ့အိတ်ထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်ပြီး ဖတ်ပြလိုက်၏။ "အန်းဝါ့သ်ရဲတိုက်ကြီးကို တတိယမြောက် အက်ဒွပ်ဘုရင်လက်ထက်တွင် ဆောက်လုပ်သည်။ အာဂျင်ကုတ်တိုက်ပွဲကို ဂုဏ်ပြုရန်အတွက် ၁၅-ရာစုတွင် အသုံးပြုခဲ့သော အရောင်နှင့်မှန်များကို ပြတင်းများတွင် တပ်ဆင်ထားသည်။ ၁၅၇၄-ခုနှစ်တွင် 'ကုတ်' မိသားစုအား တော်ဝင်စောင့်ကြည့်သူများအဖွဲ့က ကက်သလစ်ဘာသာသို့ ယိမ်းယိုင်သည်-ဟု သက်သေမကောင်းဖြစ်၍ ပြစ်ဒဏ်ပေး၏။ ပြတိုက်အား တစ်နှစ်မှတစ်ကြိမ်သာ အများပြည်သူတို့ ကြည့်ရှုရန် ဖွင့်ပေး၏။ပြတိုက်တွင် စစ်ဘက်ဆိုင်ရာနှင့် အခြားရှေးဟောင်းပစ္စည်းများစွာ စုဆောင်းထားလျက်ရှိ၏။ ၎င်းပစ္စည်းများတွင် ခေါင်းဖြတ်စက် အာယေစား တစ်လုံး ပါဝင်ပြီး ၎င်းကို မူလရဲတိုက်ဆောက်လုပ်စဉ်က မြင်းသေတော်လှန်ရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးအတွင်းတွင် လိုင်းမ်ဒေသမှ လက်ရှိပိုင်ရှင်၏မိခင်ဘက်မှ ဘိုးဘွားဘီးဘင်တစ်ဦးကို ခေါင်း ဖြတ်ရန်ဖြစ်၏။ သို့သော် ခေါင်းဖြတ်သတ်ရန် ညွှန်ကြားထားသည့် ရာဇဝတ်သားမှာ ထွက်ပြေးလွတ်မြောက်သွားသဖြင့် အဆိုပါ ခေါင်းဖြတ်ဓားကို တစ်ကြိမ်တစ်ခါမျှ အသုံးချခြင်း မပြုရသေးပေ။ နောက်ပိုင်း နပိုလီယန်စစ်များ ဖြစ်ပွားပြီးနောက် အဆိုပါမိသားစုက ရှေးဟောင်း ပစ္စည်းတစ်ခုအဖြစ် ဝယ်ယူပြီး အန်းဂ့ါသ်သို့ ယူဆောင်လာခဲ့ခြင်းဖြစ်သည်-တဲ့။ ဟား! ဒေသခံရဲ့အရာရှိကလဲဗျာ ရှုံးများနေသလား မသိပါဘူးဗျာ၊ ကျွန်တော်တို့အတွက် အထောက်အကူ ရစရာ ဘာမှလဲ မပါဘူး"

"ဆုံးဖြတ်တာကို အသာထားလိုက်ပါဦးလေ၊ သူက အကြောင်းမဲ့ဘော့တိုက်တွန်းမှာ မဟုတ်ပါဘူး၊ အခုပဲကြည့်၊ မြေပြင်ပေါ်က ရွှံ့ခင်းပေါ်ကို မှောင်ရိပ်ကျိုးလာတာကို ခင်ဗျားသတိပြုသင့်တယ်၊ ရုပ်ဝတ္ထုမှန်သမျှဟာ ဝေဝေဝါးဝါးနဲ့ မပီမပြင် ဖြစ်နေပေမယ့် သူတို့ရဲ့ ရုပ်ဝတ္ထုနဲ့ထုထည်ကတော့ ဘာမှ မပြောင်းလဲဘူးလေ၊ ကျုပ်တို့အနေနဲ့ မမြင်ရတာဘဲရှိတယ်၊ ညနေဆည်းဆာဟာ ကျုပ်တို့ အတွက် သိစရာတွေ အများကြီးရှိနေတယ်ဗျ"

ထိုအခါ ဂရက်ဆန်သည် ကျွန်ုပ်ကို တစ်ချက်ကြည့်ပြီး ပြောလိုက်၏၊

"ဟုတ်တာပေါ့ မစ္စတာဟုမ်းရယ်၊ ခင်ဗျားက တယ်ပြီးတော့လဲ ကဗျာဆန်လိုက်ပါလား၊ ကိုင်း. . . ကျွန်တော်တော့ မေးလိုက်ဦးမယ်ဗျို့"

နောက်ထပ်သုံးနာရီအကြာမှ ကျွန်ုပ်တို့သည် ကြားဘူတာငယ်တစ်ခုတွင် ဆင်းလိုက်ကြလေ၏။ ထိုအချိန်တွင် နှင်းများ မကျတော့ပေ။ ရွာတန်းအဆုံးတွင် ဒါဘီရှိုင်းယားမြက်ခင်းများသည် ရှည်လျားစွာ တည်ရှိနေလေ၏၊ ထိုမြက်ခင်းများသည် လှသူကင်းဝေး၍ ကုန်းစောင်းများပေါ်တွင် ရှိလေ၏။ အဆိုပါမြက်ခင်းများသည် လရောင်အောက်တွင် ဖြူဖွေးလင်းလက်နေလေ၏။ ထိုအခိုက် ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်နှင့် ခြေခွင်နေသူတစ်ဦးသည် သိုးကျောင်းသားများ ခြုံလေ့ရှိသော ပိတ်စတစ်စကို ကိုယ်တွင်ပတ်ထားပြီး ရထားစကြီလမ်းအတိုင်း ကျွန်ုပ်တို့ထံ အပြေးအလွှား လာရောက်လေ၏။ သူက ခပ်သွက်သွက်ပင် နှုတ်ဆက်လိုက်၏။

"ဆရာတို့ဟာ စကော့တလန်ယာ့ဒ်က ထင်ပါတယ်၊ ကျွန်တော့်ဆီကို ပြန်ကြားလိုက်တဲ့ သံကြိုးစာကို ရပါတယ်၊ ဘူတာအပြင်မှာ မြင်းရထားစောင့်နေပါတယ်၊ ဟုတ်ကဲ့၊ ကျွန်တော်က ဒီဒေသရဲ့ ရဲအရာရှိဒေါ်လစ်ပါခင်ဗျာ၊

www.burmeseclassic.com



ဒါထက် ဒီကလူကြီးမင်းတွေက ဘယ်သူတွေများပါလိမ့်ခင်ဗျာ"-ဟု မေးလိုက်ရာ မစ္စတာ ဂရက်ဆန်က. . . .

"မစ္စတာရှားလော့ဟုမ်းရဲ့ ကျော်ကြားမှုဂုဏ်သတင်းက. . ."-ဟု ပြောမည်ပြုစဉ် သူ့စကားမဆုံးမီပင် ဒေသခံရဲအရာရှိဒေါလစ်က မလိုလားသည့်မျက်နှာထားမျိုးဖြင့် လှမ်းကြည့်ပြီး စကားဖြတ်၍ . .

"အို . . . ကျွန်တော်တော့ သူနာမည်ကို မကြားဖူးပါဘူး၊ ဒီအမှုက အရေးကြီးတဲ့အမှု ဖြစ်လေတော့ အပျော်တမ်းသမားတွေအတွက် နေရာ ရှိမှာ မဟုတ်ပါဘူး၊ အပြင်ဘက်မှာ မတ်တတ်ရပ်ပြီး ငြင်းခုံနေရတာ အေးလွန်းပါတယ်၊ ဒါပေမယ့် လန်ဒန်မြို့ကတောင် သူ့ကိုလက်ခံတယ်ဆိုရင်တော့ ကျွန်တော်အနေနဲ့က ဘာကောင်မို့လို့ ငြင်းရမှာလဲ၊ ဒီဘက်ကကြွပါခင်ဗျာ"

ဘူတာရုံ၏ရှေ့တွင် တံခါးပိတ်ထားသည့် မြင်းရထားတစ်စီး ရပ်ထား၏။ ခဏအတွင်းမှာပင် ကျွန်ုပ်တို့လူစုသည် ဘူတာဝင်းအတွင်းမှ ထွက်ခွာ၍ ရွာလယ်လမ်းမကြီးအတိုင်း မြင်းရထားဖြင့် တိတ်ဆိတ်စွာ ထွက်လာခဲ့ကြလေ၏။ လမ်းတွင် ဒေသခံရဲအရာရှိ ဒေါလစ်က ပြောပြလေ၏။

"ဆရာတို့အတွက် **ကွင်းနန်ဟက်**မှာ တည်းခိုဖို့ စီစဉ်ထားပါတယ်၊ ဒါပေမယ့် ပထမဆုံးတော့ ရဲတိုက်ကြီးကိုပဲ အရင်သွားကြရအောင်"

ထိုအခါ ဂရက်ဆန်က ပြောလိုက်၏။

"ဒီအမှုနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို နားထောင်ချင်တယ်ဗျာ၊ နောက်ပြီးတော့ ခင်ဗျားရဲ့သံကြိုးစာမှာပါတဲ့ ထူးခြားတဲ့ အကြံပေးချက်ရဲ့ အကြောင်းအရင်းကိုလဲ သိချင်ပါတယ်ဗျာ"

ဒေါလစ်က ခပ်ပြုံးပြုံးအမူအရာဖြင့် ပြောလေ၏။

"အချက်အလက် တွေကတော့ ရှင်းလှပါတယ်ဆရာရယ်၊ လော့ဒ်ဂျိုစ်လင်ကုတ် အသတ်ခံရတယ်၊ သတ်တဲ့လူကိုလဲ သိတယ်"

"ဟာ. . . ဟုတ်လား"

"အသတ်ခံရတဲ့သူနဲ့ ညီအစ်ကိုဝမ်းကွဲတော်စပ်တဲ့ ကပ္ပတိန် ဂျက်စ်ပါလိုသီယန်ဟာ ရေးကြီးသုတ်ပျာနဲ့ အိမ်ကပျောက်သွားပါတယ်။ ဒီမှာ လူမှုစုက သိရှိထားတာကတော့ ဂျက်စ်ပါလိုသီယန်ဟာ ညဉ့်မကောင်းဘူး၊ အရက်တို့၊ မြင်းပွဲတို့၊ မိန်းမကိစ္စတို့နဲ့ပတ်သက်ပြီး အမြဲနာမည်ပျက်ရှိတယ်ခင်ဗျ၊ နောက်ဆုံးတော့ ဂျက်စ်ပါဟာ သူ့ရဲ့ကျေးဇူးရှင်လဲဖြစ် အိမ်ထောင်ဦးစီးလဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ လောဒ်ကို သတ်လိုက်တယ်-ဆိုတာ ကျွန်တော်တို့အနေနဲ့ မအံ့ဩပါဘူး ခင်း. . . အိမ်ထောင်ဦးစီး-ဆိုတာလဲ သေသေချာချာ ရွေးချယ်ထားတဲ့ ခေါ်ဟာရပါပဲ"

"ဒီလောက်တောင် အမှုက ရှင်းနေရင်လဲ ဒီလမ်းညွှန်စာအုပ်က ဘာ အဓိပ္ပာယ်ရှိနေလို့လဲ"-ဟု ဂရက်ဆန်က မေးလိုက်ရာ ဒေါလစ်သည် ရှေ့သို့ကုန်း လိုက်ပြီးနောက် လေသံခပ်တိုးတိုးဖြင့်. . . .

"အဲဒါကို ဖတ်ပြီးပြီလား။ ဒါဆိုရင်တော့ ဒီအမှုကို ဆရာ စိတ်ဝင်စား မှာပါပဲ၊ လော့ဒ်ဂျိုးစလင်ကုတ်ကို သူပိုင်တဲ့ခေါင်းဖြတ်စက်ထဲထည့်ပြီး သတ် လိုက်တာခင်ဗျ"-ဟု ပြောလိုက်ရာ သူ့စကားကြောင့် ကျွန်ုပ်တို့ အနည်းငယ် ကျောစိမ့်သွားကြ၏။ နောက်ဆုံးတွင် ရှားလော့ဟုမ်းက ဝင်မေးလိုက်လေ၏။

"ဒါဖြင့် ခုလိုရက်စက်ကြမ်းကြုတ်တဲ့သတ်ဖြတ်မှုမှာ လူသတ်သမားရဲ့ ရည်ရွယ်ချက်ဟာ ဘာလဲ"

"သူတို့ဟာ ပြင်းပြင်းထန်ထန် စကားများကြလို့ နေမှာပေါ့၊ ကျွန်တော် ပြောခဲ့တယ်မဟုတ်လား၊ ဂျက်စ်ပါက ညဥ့်မကောင်းဘူးလေ၊ နောက်ပြီးတော့လဲ ရဲတိုက်ဆိုတာမျိုးက မတရားမှုတွေကို လူမသိအောင် လုပ်လို့ရတဲ့နေရာနဲ့ တူနေ တာကိုးဗျ"

ကျွန်ုပ်တို့၏မြင်းရထားသည် ရွာလယ်လမ်းမှ မှုန်မှိုင်းနေသော လမ်း သွယ်အတွင်းသို့ ချိုး၍ဝင်လိုက်၏။ ထိုလမ်းသွယ်များ ဝဲယာနှင့်ထူထပ်သည့် ကမ်းပါးများအကြားမှ လူသူမရှိသည့် မြက်ခင်းတောင်စောင်းများပေါ်သို့ တက် သွားလေ၏။ တောင်စောင်းထိပ်တွင် ဧရာမဆောက်အဦကြီးတစ်ခုရှိပြီး ၎င်း၏ တံတိုင်းများနှင့် မျှော်စင်ငယ်များမှာလည်း ညဥ့်ကောင်းကင်ကို နောက်ခံပြု၍ မိုးခိုးရောင်အသွင်ကို ဆောင်လျက်ရှိနေလေ၏။ မိနစ်အနည်းငယ်မျှ ကြာပြီး နောက် ကျွန်ုပ်တို့၏မြင်းရထားသည် အပြင်တံတိုင်း၏မုခ်ဝအောက်မှ ဖြတ်၍ ရဲတိုက်ဝင်း အတွင်းသို့ ဝင်ရောက်ကာ မြင်းရထားကို ရပ်လိုက်လေ၏။

ဒေါလစ်က တံခါးကိုခေါက်လိုက်ရာ ရဲတိုက်အတွင်းမှ ဘဏ္ဍာစိုး ဝတ်စုံကို ဝတ်ဆင်ထားသည့် အရပ်မြင့်မြင့် ခါးကုန်းကုန်း လူကြီးတစ်ဦးက ကြီးမားလေးလံသည့် သစ်ချသားတံခါးကြီးကို ဖွင့်ပေးလေ၏။ သူသည် သူ့ လက်ထဲမှ ဖယောင်းတိုင်ကို ခေါင်းပေါ်ကိုင်မြှောက်၍ ကျွန်ုပ်တို့ကို ကြည့်နေ၏။ ဖယောင်းတိုင်မီးအောက်တွင် သူ၏နီနေသော မျက်လုံးများနှင့် ကျုံးတိုးကျဲတဲ

www.burmeseclassic.com



မုဘ်ဆိတ်မွေးတို့ကို မြင်ရလေ၏။ သူက မေးခွန်းထုတ်လေ၏။

"ဘာလဲ. . . ခင်ဗျားတို့လေးယောက်က ကျုပ်တို့တစ်အိမ်သားလုံး ပူဆွေး သောကရောက်နေချိန်မှာ သခင်မကြီးကို ဒီနည်းမျိုးနဲ့တော့ ဒုက္ခထပ် မပေးသင့်ပါဘူးဗျာ"

"ရပါတယ် စတီဖင် . . သခင်မကြီး ခုဘယ်မှာလဲ"

ဖယောင်းတိုင်မီးညွန့်သည် ယိမ်းယိုင်သွား၏။ အဖိုးကြီး၏ တုံ့ပြန် စကားသံထဲတွင် ရှိုက်သံပါနေ၏။

"သခင်မကြီးဟာ ခုထိ သခင်ကြီးနားမှာပဲ နေရာမရွှေ့သေးပါဘူး၊ ကုလားထိုင်ကြီးပေါ်မှာထိုင်ပြီး သူ့ကို စိုက်ပဲစိုက်ကြည့်နေတာပါပဲ၊ မျက်လုံး တွေ ဖွင့်နေရက်နဲ့ အိပ်ပျော်နေသလိုပါပဲ"

"ခင်ဗျားတို့အလောင်းကို ဘာတွေ တို့ကြထိကြသေးလဲ"

"ဘာမှ မတို့မထိသေးပါဘူးခင်ဗျာ၊ ခြေရာလက်ရာမပျက်ဘဲ ထား ပါတယ်"

"ဒါဖြင့်ရင် ကျုပ်တို့ အခင်းဖြစ်ပွားခဲ့တဲ့ပြတိုက်ကို အရင်သွားကြစို့ လား၊ အဲဒီပြတိုက်အခန်းက ရဲတိုက်ရဲ့ ဟိုဘက်အခြမ်းမှာ ရှိတယ်"-ဟု ဒေါလစ် က ပြောလေ၏။

သူသည် လမ်းခင်းကျောက်တုံးများအကြားမှ ရှင်းလင်းနေသည့် လူ သွားလမ်းကလေးဆီသို့ သွားနေသဖြင့် မစ္စတာဟုမ်းက သူ့လက်ကို ကိုင်၍ မေးလိုက်၏။

"ဒါက ဘယ်လိုဖြစ်တာလဲ ဂရက်ဆန်ရဲ့၊ ပြတိုက်က ဟိုဘက်မှာ . . . ခင်ဗျားက မြင်းရထားကို ဝင်းထဲကဖြတ်မောင်းခိုင်းပြခဲ့တော့ လူတွေကို ကွဲ အုပ်ဖြတ်နှင်းအောင် ခိုင်းတာလား"

"အဲဒီတော့ကော ဘာဖြစ်လဲဗျ"

ထိုအခါ မစ္စတာဟုမ်းသည် လကိုကြည့်၍ လက်နှစ်ဖက်ကို မြှောက် လိုက်၏။

"နှင်းရယ်. . . လူရယ်. . . နှင်းရယ်၊ မင်းဟာ တို့ရဲ့အကောင်းဆုံး အဖော်ကို ဖျက်ဆီးလိုက်ပြီ"

"ကျွန်တော်ပြောထားတယ်လေ၊ လူသတ်မှုဟာ ပြတိုက်ထဲမှာ ဖြစ်ပါ ဘယ်-လို့ နှင်းက ဘာဖြစ်လို့လဲဗျ'-ဟု ဂရက်ဆန်က ပြောလိုက်ရာ မစ္စတာဟုမ်း



www.burmeseclassic.com

www.burmeseclassic.com



သည် စိတ်ပျက်သည့် ညည်းသံတစ်ချက် ပြုလိုက်ပြီး ကျွန်ုပ်တို့အားလုံးသည်းဒေါလစ်၏နောက်မှလိုက်၍ ဝင်းကိုဖြတ်ကာ မုခ်ဦးတံခါးဝတစ်ခုဆီသို့ ဦးတည်၍ သွားကြလေ၏။

ကျွန်ုပ်သည် ရှားလော့ဟုမ်းနှင့်တွဲ၍ လုပ်ကိုင်ခဲ့သမျှ ကာလတစ်လျှောက်လုံး ကြမ်းတမ်းရက်စက်လှသည့် မြင်ကွင်းများကို ကြုံခဲ့ရဖူးသော်လည်း ယခုအခါလောက် ကြောက်စရာကောင်းသည့် မြင်ကွင်းမျိုးကို မကြုံခဲ့ဖူးပါ။

မီးခိုးရောင်ရှိ ရှေးဂေါ်သစ်ပုံစံ အခန်းထဲ၌ အလောင်းကို တွေ့ရ၏။ အခန်းသည် သေးငယ်၏။ သံခွက်များထဲ၌ ဖယောင်းတိုင်များ စိုပြုထည့်၍ ထွန်းထားလေ၏။ နံရံများတွင် သံချပ်ကာအကျီများ၊ အလယ်ခေတ်သုံး လက်နက်များ၊ သားရေစက္ကူများ၊ လက်မတွင်သာ စွပ်ရသည့်သံကွင်းများ၊ ကျောက်ဆစ်လက်ရာများ၊ အဝကျယ်သည့်လူဖမ်းထောင်ချောက်များ ရှိလေ၏။ ကျွန်ုပ်မျက်လုံး တစ်ချက်ဝေ့ကြည့်ရုံဖြင့် ၎င်းပစ္စည်းများကို မြင်လိုက်ရ၏။အခန်း၏ အလယ်ဗဟိုရှိ ခုံနိမ့်တစ်ခုပေါ်တွင်ရှိသော ပစ္စည်းကိုကား ကျွန်ုပ် မျက်စေ့အကျဆုံး ဖြစ်လေသည်။ ထိုအရာဝတ္ထုမှာ ခေါင်းဖြတ်စက်တစ်လုံးဖြစ်၏။ အနီရောင်ဖျော့ဖျော့ ဆေးသုတ်ထား၏။ အရွယ်ပမာဏ ငယ်သည်မှတစ်ပါး ကျွန်ုပ်သဏ္ဍာန်အားလုံးသည် ပြင်သစ်တော်လှန်ရေးကာလက ရုပ်ပုံများတွင် မြင်တွေ့ရလေ့ရှိသော သမိုင်းဝင် ခေါင်းဖြတ်စက်ကြီးနှင့် တစ်သဝေမတိမ်း တူညီနေပေသည်။ မတ်တတ်တိုင်နှစ်တိုင်၏စပ်ကြားတွင်ကား ကတ္တီပါဂျက်ကက် အကျီကို ဝတ်ထားသည့် အရပ်မြင့် မြင့်ပိန်ပိန်ပါးပါး လူတစ်ယောက်၏အလောင်းရှိနေလေ၏။ အလောင်း၏ လက်များကို နောက်မှချည်နှောင်ထားပြီး ပိတ်ဖြူစတစ်စသာ သေဆုံးသူ၏ဦးခေါင်း သို့မဟုတ် ဦးခေါင်းရှိခဲ့သည့်နေရာတွင် ဖုံးအုပ်ထားလေ၏

ခေါင်းဖြတ်စက်၏ သံမဏိဓားသွားပေါ်တွင် ကျရောက်၍နေသော ဖယောင်းတိုင်များ၏ အလင်းရောင်ကြောင့် ဓားသွားသည် လင်းလက်နေ၏၊ မိန်းမတစ်ဦး၏ နီရွှေရောင်ရှိသော ဆံပင်များမှာ ရောထွေးနေလေ၏။ ထိုအမျိုးသမီးသည် ဦး ခေါင်းမရှိတော့သည့် ကြောက်ရွံ့ဖွယ်အလောင်းကြီးဘေးတွင် ထိုင်နေလေ၏၊ ထိုအမျိုးသမီးသည် ကျွန်ုပ်တို့ အခန်းသို့ရောက်သွားသည့်တိုင်အောင်ပင် သတိမမူမိဘဲ သူမထိုင်နေသည့် ကုလားထိုင်အမြင့်ပေါ်တွင် မလှုပ်မယှက် ထိုင်နေ လေ၏၊ သူမမျက်နှာ၏အသွေးအရောင်သည် ဆင်စွယ်ရောင်

www.burmeseclassic.com



မျက်နှာဖုံး စွပ်ထားသည်နှင့် တူနေပြီး ညှိုးနွဲ့တောက်ပသော မျက်လုံးနှစ်လုံးသည် အရိပ်များကို စိုက်ကြည့်နေလေ၏။

ကမ္ဘာ့တိုက်ကြီးသုံးတိုက်တွင် တွေ့ခဲ့ရဖူးသည့် မိန်းမများနှင့်မတူသော ထိုမိန်းမသည်ကား အန်းဝါသ်ရဲတိုက်ကြီး၏ အိမ်စိုးမလောက်ပင် မချောမောမလှပပေ။ အိမ်စိုးမမှာမူ သွေးအေးအေးနှင့်ပင် ထိုခေါင်းဖြတ်စက်ကို ကြည့်နေလေ၏။ ဒေါလစ်သည် ချောင်းဟန့်လိုက်၏။ ပြီးနောက် တုံးတိတိ ပြောလိုက်၏။

"သခင်မကြီး အနားယူဖို့ သင့်နေပါပြီ၊ ဒီမှာ စကော့တလန်ယာ့ဒ်ကရဲအရာကြီး မစ္စတာဂရက်ဆန်လဲ ရောက်လာပါပြီ၊ ဒီတော့ ကျွန်တော်တို့အနေနဲ့ ဒီအမှုကို တရားဥပဒေအတိုင်းဖြစ်အောင် ဆောင်ရွက်ပေးပါမယ်" ပထမဆုံးအကြိမ်အဖြစ် ဒေါလစ်သည် ကျွန်ုပ်အား ကြည့်လိုက်၏။ ဖယောင်းတိုင်မီးရောင်များက မသေချာသဖြင့် သူ၏မျက်လုံးများထဲတွင် သောကထက်ဟာသ လုပ်လိုသောအမူအရာက ပိုများသည်-ဟု လျှင်မြန်စွာ တွေးလိုက်မိ၏။ သူသည် ရှေ့စကား နောက်စကား အဆက်အစပ်မရှိဘဲ မေးလိုက်၏။

"စတီဖင်ဟာ ခင်ဗျားနဲ့အတူ မရှိဘူးလား၊ ဒါပေမယ့် သူက စာကြည့်တိုက်ထဲ ဝင်နေမှာပေါ့၊ သစ္စာရှိတဲ့စတီဖင်"

"သခင်ကြီး သေဆုံးရပုံက . . . "

ထိုမိန်းမသည် ထိုင်နေရာမှထလိုက်ပြီး နိမ့်ချည်မြင့်ချည် ဖြစ်နေသော သူ့ရင်ဘတ်ကို လက်ဖြင့်ဖိထား၏။ သူမ၏အနက်ရောင် ဇာဂါဝန်၏အောက်နားကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ရင်း

"သူ့ရဲ့ ရှုံ့ချချက်"-ဟု သူမသည် တိုးတိုးလေးပြောပြီး စိတ်ပျက်ဟန်ဖြင့် အခန်းထဲမှ ထွက်ခွာသွားလေ၏။ အခန်းတံခါး ပြန်ပိတ်သွားသောအခါ မစ္စတာဟုမ်းသည် ခေါင်းဖြတ်စက်အောက်တွင် ဒူးတစ်ဖက်ထောင်၍ ထိုင်လိုက်ပြီး သွေးများ စိုရွှဲနေသည့်အဝတ်ကို မကြည့်လိုက်၏။ ပြီးနောက် အေးအေးဆေးဆေးပင် ပြောလိုက်၏။

"အလို. . . ဘုရားသခင်၊ ဒီစက်အားနဲ့ တစ်ချက်ထဲ ခုတ်လိုက်တာ ခေါင်းကတော့ အခန်းတစ်ဖက်ကို လွင့်ထွက်သွားတာ ဖြစ်ရမယ်"

"ဟုတ်မှာပေါ့"

"ကျုပ်တော့ နားမလည်တော့ဘူးဗျာ၊ ခင်ဗျား ဒီအလောင်းရဲ့ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့နေရာကိုတော့ ခင်ဗျားသိမှာပေါ့"

"ကျွန်တော် မတွေ့သေးဘူးဗျ၊ အစကတည်းက ခေါင်းမရှိတာ"

မစ္စတာဟုမ်းသည် အတန်ကြာအောင်ပင် ဒူးထောက်လျက်ရှိနေပြီး ဒေသခံရဲအရာရှိ ဒေါလစ်ကို တိတ်ဆိတ်စွာ မော့ကြည့်နေ၏။ ပြီးမှ . . .

"ခင်ဗျားပြောတာတွေအားလုံးဟာ ယူဆော်ရကောင်း၏-ဆိုတာမျိုး တွေပဲ များနေပါလား၊ ဒီအမှုနဲ့ပတ်သက်ပြီးတော့ ခင်ဗျားရဲ့သဘောထားကို ကြားစမ်းပါရစေ"

"အမှုက ရှင်းပါတယ်၊ ပြီးခဲ့တဲ့ည တစ်ချိန်ချိန်ကပေါ့ဗျာ၊ ဒီလူနှစ် ယောက်ဟာ စကားများကြမယ်၊ နောက်တော့ တဖြည်းဖြည်းနဲ့ ကိုယ်ထိလက် ရောက်ဖြစ်လာမယ်၊ ငယ်တဲ့သူက အကြီးကို ခွန်အားသုံးပြီး ခေါင်းဖြတ်စက်ထဲ ထည့်သတ်လိုက်တယ်၊ လော့ဒ်ဟာ ခေါင်းဖြတ်စက်ထဲကို မရောက်ခင်အထိ အသက်ရှင်နေသေးတယ်-ဆိုတဲ့အချက်ကတော့ သိပ်ထင်ရှားတယ်၊ ဂျက်စ်ပါက လော့ဒ်ရဲ့ လက်တွေကို ကြိုးနဲ့ချည်ထားတာက သက်သေခံနေတယ်၊ ဒီနေ့ မနက်ကျမှ ဘဏ္ဍာစိုးကြီးစတီဖင်က အလောင်းကိုတွေ့ပြီး ကျွန်တော့်ဆီကို အခေါ်လွှတ်တယ်၊ ကျွန်တော်ကလဲ ထုံးစံအတိုင်း ဒီအမှုမှာ အလောင်းဟာ လော့ဒ်ရဲ့အလောင်းပဲ-လို့ သတ်မှတ်လိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ ကိုယ်ပေါ်မှာ တွေ့ရတဲ့ပစ္စည်းတွေဟာလဲ လော့ဒ်ရဲ့ပစ္စည်းတွေပဲ-လို့ သတ်မှတ် ထားတယ်၊ လူသတ်သမား ဘယ်လိုလွတ်မြောက်သွားတယ်-ဆိုတာကော သိချင် သေးသလား၊ ကျွန်တော် ပြောပြမယ်၊ မြင်းဇောင်းထဲမှာ ပျောက်နေတဲ့မြင်းမကို စီးပြီး ထွက်ပြေးသွားတာပါ"

ဤတွင် မစ္စတာဟုမ်းက မှတ်ချက်ချလိုက်၏။

"ရှင်းပါပေ့ဗျာ . . . ရှင်းပါပေ့၊ ခင်ဗျားပြောသွားတာထဲမှာ ကျုပ်နားလည်လိုက်တာကတော့ လူနှစ်ယောက်ဟာ မြင်းမြင်းထန်ထန် စကားများကြ တယ်ပေါ့၊ ဒါပေမယ့် ဘယ်ပစ္စည်းကိုမှ ရိုက်မချိုးဘူး၊ ပေါက်မခွဲဘူးနော်၊ နောက် တော့ လူသတ်သမားဟာ သူ့ရန်သူကိုလဲ သတ်ပြီးရော ညတွင်းချင်း မြင်းစောင်း ထဲက မြင်းမကိုစီးပြီး သူ့အဝတ်အစားသေတ္တာကို တစ်ဖက်ကကိုင်၊ သေဆုံးသူရဲ့ ဦးခေါင်းကို တစ်ဖက်ပိုက်သွားတာပေါ့လေ၊ တော်တော်လေး ထူးခြားတဲ့ လုပ် ဆောင်မှုပါပဲဗျာ"

ထိုအခါ ဒေါလစ်၏မျက်နှာတွင် ဒေါသရောင်လွှမ်းသွား၏။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဟုမ်းအား ခပ်လှောင်လှောင် ပြန်ပြောလိုက်၏။

"သူများရဲ့အားနည်းချက်ကို လက်ညှိုးထိုးပြရတာ သိပ်လွယ်တယ်ခနော်၊ မစ္စတာဟုမ်း. . . ခင်ဗျားရဲ့အတွေးအခေါ်ကိုလဲကြည့်စမ်းပါရစေဦး"

"ကျုပ်မှာက အခုလောလောဆယ် ဘာအတွေးအခေါ်မှ မရှိသေးဘူး၊ အချက်အလက်တွေကို စောင့်ဆိုင်းနေတုန်းပဲ ရှိပါသေးတယ်၊ ဒါနဲ့ စကားမစပ် ဒီမှာ နောက်ဆုံးနှင်းကျတာ ဘယ်တုန်းကလဲ"

"မနေ့ မွန်းလွဲပိုင်းတုန်းမှာပါ"

"ဒါဆိုရင်တော့ မျှော်လင့်ချက် ရှိသေးတယ်ဗျို့၊ ဒါပေမယ့် ဒီအခန်းမှာ ကျုပ်တို့အတွက် သဲလွန်စ ရစရာ တစ်စုံတစ်ရာ ရှိမရှိ ကြည့်ကြရအောင်ဗျာ"

နောက်ထပ်ဆယ်မိနစ်ခန့် ကျွန်ုပ်တို့သည် မတ်တတ်ရပ်၍ မစ္စတာဟုမ်းကို ကြည့်နေကြ၏။ ဂရက်ဆန်နှင့်ကျွန်ုပ်တို့သည် မစ္စတာဟုမ်းကို စိတ်ဝင်စားစွာ ကြည့်နေကြ၏။ ဒေါလစ်ကတော့ မကျေမနပ်နှင့် ကြည့်နေလေ၏။

မစ္စတာဟုမ်းသည် လေးဘက်ထောက်၍ တစ်ခန်းလုံးကို လျှောက်ကြည့်ပြီး တီးတိုးရေရွတ်လျက်ရှိ၏။ သူ့မှန်ဘီလူးကို အိတ်ထဲမှထုတ်ပြီး ကြမ်းပြင်ကိုသာမက စားပွဲများတွင်ရှိသည့်အရာများကိုပါ အနီးကပ်၍ အသေးစိတ်စစ်ဆေး ကြည့်ရှုလေ၏။

ထို့နောက် သူသည် မက်တတ်ရပ်လိုက်ပြီး အတွေးနှင့် ဆက်၍ မတ်တတ်ရပ်နေလေ၏။ သူသည် ဖယောင်းတိုင်မီးကို ကျောခိုင်းထားပြီး သူ့အရိပ်ကြီးက အနီရောင်ဆေးပြယ်နေသည့် ခေါင်းဖြတ်စက်ပေါ်သို့ ကန့်လန့်ဖြတ်ကျနေ၏။

သူက ရုတ်တရက် ပြောလိုက်၏။

"မဟုတ်ဘူး၊ ဒီလူသတ်မှုဟာ ကြိုတင် ကြံစည်ပြင်ဆင်ထားတာပဲ"

"ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ"

"ခေါင်းဖြတ်စက်ရဲ့ ချောင်နေတဲ့လက်ကိုင်ကို လောလောလတ်လတ် ဆီထည့်ထားတယ်၊ သားကောင်ကလဲ အဲဒီအချိန်မှာ သတိလက်လွတ် ဖြစ်နေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့လက်မှာချည်ထားတာက သတိရှိနေရင် ကြမ်းချက်လောက် ဆောင့်ရုန်းလိုက်တာနဲ့ ပြုတ်သွားနိုင်တာပဲ"

"ဒါဖြင့် ဒါကို ဘာဖြစ်လို့ချည်ထားတာလဲ"

"အင်း--ဟုတ်ပြီ သားကောင်ကို ခေါ်လာတုန်းက လက်တွေကို တုတ်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ခဲ့ပြီးသား၊ သတိလဲ မရှိဘူး"

ဤတွင် ဒေါလစ်က ကျယ်လောင်စွာဖြင့် ကြားဖြတ်၍ ပြောလိုက်၏၊

"အဲဒါတော့ ခင်ဗျားစိတ်ကူးမှားသွားပြီ၊ လက်ကိုချည်ထားတာက ပြတင်းပေါက်ခန်းဆီးက အစတစ်စပဲ"-ဟု ပြောလေ၏။ မစ္စတာဟုမ်းသည်း ခေါင်းကို ခါယမ်းလိုက်၏။

"အဲဒါတွေက နေထိလို့အရောင်လွင့်နေပြီ၊ ဒီဟာက အရောင်မလွင့် သေးဘူး၊ တံခါးခန်းဆီးကယူထားတာတော့ ဖြစ်နိုင်တယ်။ ဒါပေမယ့် ဒီအခန်း ထဲမှာ အဲဒါမျိုးမရှိဘူး၊ အင်း---နောက်ထပ် ကြည့်စရာသိစရာလဲ ဒီအခန်းထဲမှာ မရှိတော့ပါဘူးလေ"

ရဲအရာရှိနှစ်ဦးသည် ခေါင်းချင်းဆိုင်ပြီးနောက် ဂရက်ဆန်က မစ္စတာ ဟုမ်းကို ပြောလိုက်၏။

"အခုတော့ သန်းခေါင်ကျော်နေပြီ-ဆိုတော့ ရွာထဲက တည်းခိုခန်းကို သွားကြရင် ကောင်းမယ်ထင်တယ်၊ မနက်ဖြန်ကျတော့ ကိုယ့်နည်းနဲ့ကိုယ် သီးခြား စုံစမ်းမှုတွေ လုပ်ကြတာပေါ့၊ ဒီနေရာမှာတော့ ကျွန်တော်က ဒေါလစ်နဲ့ သဘောချင်း တိုက်ဆိုင်တယ်၊ ကျွန်တော်တို့ ဒီမှာသဘောတရားတွေ လုပ်နေ တုန်း လူသတ်သမားက ကမ်းခြေကို ရောက်သွားနိုင်တယ်လေ"

"တစ်ခုတော့ ကျုပ်က ရှင်းရှင်းသိချင်တယ် ဂရက်ဆန်၊ ဒီအမှုအတွက် ကျုပ်ကို ခင်ဗျားတို့ရဲအဖွဲ့က တရားဝင်ငှားရမ်းထားတာလား"

"မဟုတ်တာဘဲ မစ္စတာဟုမ်းရယ်"

"ကောင်းပြီ . . . ဒါဆိုရင် ကျုပ်နည်းနဲ့ကျုပ် ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ ဒါပေမယ့် ခြံဝင်းထဲမှာ ငါးမိနစ်လောက် ခဏစောင့်နေပါ၊ ဒေါက်တာ ဝတ်ဆန် နဲ့ ကျုပ် ခင်ဗျားတို့နဲ့အတူ လိုက်ပါ့မယ်"

ကျွန်ုပ်မှာ မစ္စတာဟုမ်းသွားရာနောက်သို့ လိုက်ရသည်မှာ ချမ်းအေး သလေသည်။ သူလည်း အမှုန်အမွှားများဖြင့် ရှုပ်ပွနေသောမြေမျက်နှာပြင်ကို ကြည့်ပြီး ပြောလိုက်၏။

"အရှုးတွေ၊ ကြည့်စမ်းပါဦး ဝတ်ဆန်ရယ်၊ စစ်တပ်ကြီးတစ်တပ်လုံး ဖြတ်သွားရင်တောင် ဒီလောက်မပျက်စီးနိုင်ဘူး၊ မြင်းရထားဘီးရာတွေကို သုံးနေ ရာမှာ တွေ့ရတယ်၊ ဟောဒါက ဒေါလစ်ရဲ့ဘွတ်ဖိနပ်ရာတွေနဲ့ သံခွာအစုံ အရာ တွေ၊ မြင်းထိန်းခြေရာ ထင်ပါရဲ့၊ ဟော. . . မိန်းမတစ်ယောက် ပြေးလာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ၊ လေဒီကျို့စလင်းရဲ့ ပထမဆုံးလန့်ခြင်းပဲ၊ ဟုတ်တယ်၊ သေချာတယ်၊ လေဒီပဲ၊ စတီဖင်က ဟိုမှာ ဘာလုပ်နေတာလဲ၊ သူ့ရဲ့လေးထောင့်ထိပ်ဦးပါတဲ့ ရှူးဖိနပ်တွေက မှားစရာမရှိပါဘူး၊ သူတံခါးဖွင့်ပေးတုန်းကလေ မြင်လိုက်တယ် မဟုတ်လား ဝတ်ဆန်၊ ဒါပေမယ့် . . . ဒါက ဘာလဲဗျ"

မီးအိမ်သည် ရပ်သွားပြီးနောက် တဖြည်းဖြည်း ရှေ့တိုးသွားလေ၏။

"ခြေရာတွေ. . . ခြေရာတွေ၊ အိမ်ရှေ့တံခါးက လာတာ၊ ကြည့်. . . ဟောဒီမှာလဲ မှိုနေပြန်ပြီ၊ ဖြစ်နိုင်တာကတော့ အရပ်ရှည်ရှည် လူတစ်ယောက်. . . သူ့ခြေရာကို ကြည့်ရတာ လေးလံတဲ့အရာတစ်ခုကို ထမ်းလာရတယ်၊ ခြေလှမ်းက စိတ်တယ်၊ ပြီးတော့ ဖနောင့်ရာထက် ခြေချောင်းရာတွေက ပိုပြီး ထင်ရှားနေတယ်၊ အလေးအပင်တစ်ခုကို ထမ်းလာရတဲ့ လူတစ်ယောက်ဟာ သူ့ဝန်ထုပ်ကို ရှေ့ကိုပဲ ပစ်ချလေ့ ရှိတယ်၊ သူပြန်လာတယ်၊ အင်း . . . ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကိုင်း--ကျုပ်တို့ အိပ်ကြဖို့ တော်ပြီဗျာ"

ရွာသို့အပြန် လမ်းခရီးတွင် မစ္စတာဟုမ်းသည် တိတ်ဆိတ်နေ၏။ သို့သော် ထမင်းဆိုင်တံခါးဝ၌ ဒေါလစ်နှင့် လမ်းခွဲကြသောအခါ မစ္စတာဟုမ်းက ဒေါလစ်ပခုံးပေါ်သို့ လက်တစ်ဖက် တင်လိုက်၏။

"ဒီရာဇဝတ်မှုကို ကျူးလွန်တဲ့လူဟာ အရပ်လဲမြင့်တယ်၊ ပိန်ပိန်ပါးပါးပဲ၊ အသက်ကတော့ ငါးဆယ်လောက်ရှိပြီ၊ ဘယ်ခြေဖဝါးက အတွင်းဝင်နေတယ်၊ တူရကီစီးကရက်ကို ကြိုက်တဲ့သူဖြစ်တယ်၊ စွပ်တံနဲ့စီးကရက် သောက်တတ်တယ်"

"တရားခံက ကပ္ပတိန်လိုသီယန်ပေါ့ဟုတ်လား၊ ကျွန်တော်တော့ ခြေထောက်တွေ စီးကရက်တွေ စွပ်တံတွေ မသိဘူး၊ ဒါပေမယ့် ကျန်တဲ့ရုပ်သွင်ဖော်ပြချက်ကတော့ အတိအကျပါပဲ၊ သူရုပ် ဘယ်လိုရှိတယ်-ဆိုတာ ခင်ဗျားကို ဘယ်သူက ပြောတာလဲ"

"ကျုပ် တစ်ခုပြန်မေးလိုက်မယ်၊ ကုတ်စ်တွေဟာ ကက်သလစ် မိသားစု ဖြစ်ခဲ့ဖူးသလား"

ဒေါလစ်သည် ဂရက်ဆန်ကိုကြည့်ပြီး သူ့နဖူးသူရိုက်လိုက်၏။

"ကက်သလစ်. . . အင်. . ခင်ဗျားက ပြောပြီ-ဆိုတော့. . ဟိုတုန်းကတော့ ဟုတ်တယ်-လို့ ထင်တယ်၊ ဒါပေမယ့် . . . .

"ခင်ဗျားညွှန်တဲ့ လမ်းညွှန်စာအုပ်ကို ခင်ဗျားပြန်ယူပါ၊ ဂွတ်နိုက်"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်နှင့်မစ္စတာဟုမ်းတို့ကို သားခင်ခဲ့ကြပြီးနောက် ရဲအရာရှိနှစ်ဦးတို့သည် သူတို့စုံစမ်းစရာရှိသည်များကို စုံစမ်းကြ၏။ သူတို့ထွက်ခွာသွားကြသည်ကို မစ္စတာဟုမ်းက ကြည့်ရင်း သူ့မျက်လုံး များသည် အရောင်တစ်ခု လက်-ကနဲ ဖြစ်သွား၏။

"ကျုပ်ဟာ နှစ်ပေါင်းများစွာ ခင်ဗျားအပေါ်မှာ မတရားခဲ့ဘူးလို့ ထင်တယ်'ဝတ်ဆန်ရေ"-ဟု မစ္စတာဟုမ်းသည် စကား အဆက်အစပ်မရှိဘဲ ပြောနေလေ၏။ ကျွန်ုပ်တို့သည် ရဲတိုက်ကြီးဆီသို့ ရောက်ရှိသည်တွင် အသက် ခပ်ကြီးကြီးအစေခံတစ်ဦး တံခါးကို ဖွင့်ပေးလေ၏။ ကျွန်ုပ်တို့က သူ့နောက်မှ လိုက်ပါသွားရင်း ခန်းမကြီးတစ်ခုထဲသို့ ရောက်ရှိသွားကြ၏။ ထိုအစေခံမှာ သူတို့၏ သခင်ကြီး သေဆုံးရမှုအတွက် နက်ရှိုင်းစွာ စိတ်ထိခိုက်နေပုံရလေ၏။

"ဒီမှာခင်ဗျားတို့အတွက် နေရာမရှိဘူးဗျ၊ အလို. . . ဘုရားသခင် ကျွန်တော်တို့ အေးအေးချမ်းချမ်း မနေရတော့ဘူးလားဗျ"

မစ္စတာဟုမ်းသည် လူတစ်ဖက်သားအား နှစ်သိမ့်ဖျောင်းဖျရာတွင် အင်မတန် ပါရမီထူးသူတစ်ဦးဖြစ်သဖြင့် တဖြည်းဖြည်းနှင့် အစေခံကြီးမှာ ပုံမှန်အခြေအနေသို့ ပြန်လည် ရောက်ရှိသွားပါတော့၏။

"ဒါဟာ အာဂျင်ကုတ်ပြတင်းပေါက်-လို့ ထင်တယ်"

အခန်းသည် သေးငယ်သော်လည်း ရောင်စုံမှန်များ တပ်ဆင်ထားပြီး ဆောင်းတွင်းနေရောင်ကြောင့် ရှေးဟောင်းကျောက်ကြမ်းခင်းပေါ်တွင် တောက်ပသည့်အရောင်များ ဖြစ်ပေါ်နေလေ၏။

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒါမျိုး အင်္ဂလန်နိုင်ငံမှာ နှစ်ခုပဲ ရှိပါတယ်"

"ခင်ဗျားက ဒီမိသားစုမှာ အမှုထမ်းလာတာ နှစ်ပေါင်း များစွာရှိပြီ မဟုတ်လား"

"သူတို့ဆီမှာ ကျုပ်တို့အမှုထမ်းလာတာ အင်း. . . ကျွန်တော်နဲ့ ကျွန်တော့်မျိုးရိုးတွေပါ အားလုံးပေါင်းလိုက်ရင် ရာစုနှစ်-နှစ်ခုလောက် ရှိပါပြီ၊ ကျွန်တော်တို့ကတော့ သူ့တို့ရဲ့အသုဘခေါင်းပေါ်က အဝတ်စလေးမှာ ကပ်နေတဲ့ ဖုံမှုန်လောက်ပဲ ရှိပါတယ်"

"သူတို့မှာလဲ စိတ်ဝင်စားစရာသမိုင်း ရှိတယ်ထင်တယ်"

"ရှိပါတယ် ဆရာ"

"ကျုပ်ကြားဖူးထားတာ တစ်ခုကတော့ ဒီနိမိတ်ဆိုးတဲ့ ခေါင်းဖြတ်စက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဟာ ခင်ဗျားရဲ့ ကွယ်လွန်သူသခင်ကြီးရဲ့ ဘိုးဘေးတချို့ကို ခေါင်းဖြတ်ဖို့ အသုံးလုပ်ထားတာဆို"

"ဟုတ်ပါတယ်၊ ရဲနီးစ်မြို့စားကြီးပေါ်ခင်ဗျာ၊ သူ့ရဲ့မြေကျွန်တွေက လုပ်တာပါ၊ သူ့ကို မုန်းကြတယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ မလေ့ထုံးစံဟောင်းတွေကို ကျင့်သုံးလို့တဲ့ဗျ"

"ဘယ်လို မလေ့မျိုးတွေတုန်း"

"မိန်းမတွေနဲ့ ပတ်သတ်တာပါပဲဆရာရယ်၊ စာကြည့်ခန်းထဲက စာအုပ်ကလဲ အတိအကျ ရှင်းမပြဘူးဗျ"

"အင်း--ကျုပ်တော့ စာကြည့်တိုက်ကို ကြည့်ချင်တယ်ဗျာ"

ထိုအခါ အစေခံကြီး၏မျက်လုံးများသည် ခန်းမ၏အဆုံးတွင်ရှိသည့် ဘဲခါးတစ်ချပ်ဆီသို့ ရောက်သွားလေ၏။

"စာကြည့်ခန်းကို ကြည့်မယ်! အဲဒီမှာ ဘာများလိုချင်တာ ရှိလို့လဲ စာအုပ်အဟောင်းအမြင်းတွေပဲ ရှိပါတယ်၊ သခင်မကလဲ မကြိုက်ဘူး၊ အောက်-ကြည့်ပါလေ. . . ကြည့်ပါ"

သူသည် ကျွန်ုပ်တို့အား ရှည်လျားသည့်အနိမ့်ပိုင်းအခန်းသို့ ခေါ်ဆောင်သွား၏။ နံရံများတွင် ကြမ်းပြင်မှ မျက်နှာကြက်အထိ စာအုပ်ကြီးများကို ခိုသားရာ ကြီးကျယ်ခမ်းနားလှသည့် ဂေါ့သစ်မီးဖိုတွင် လမ်းဆုံးလေ၏။ မစ္စတာ ဟုမ်းသည် ဂရုမစိုက်သလို လျှောက်နေရာမှ ဆေးပေါ့လိပ်ဘစ်လိပ်ကို မီးညှိလိုက်၏။

"အင်း. . . ဝတ်ဆန်ရေ၊ ကျုပ်တို့တော့ နောက်ပြန် ရောက်နေပြီထင်တယ်၊ ကျေးဇူးပဲ. . စတီဖင်ရေ၊ အခန်းက ကောင်းလိုက်တာ၊ ဒါပေမယ့် အိန္ဒိယကော်ဇောတွေ တွေ့လို့ အံ့သြနေမိတယ်ဗျ"

"အိန္ဒိယ မဟုတ်ပါဘူး၊ အဲဒါတွေက ရှေးဟောင်းပါရှန်ကော်ဇောတွေပါဗျ"

"ဟုတ်ပါတယ်၊ ဒါ အိန္ဒိယကော်ဇောပါ"

"ပါရှန်ကော်ဇောပါ-လို့ ပြောနေပါတယ်-ဆိုမှပဲ၊ ဟိုအမှတ်အသားတွေဟာ စာတွေထွင်းထားတာဗျ၊ ခင်ဗျားတို့လို လူကြီးလူကောင်းတွေ သိသင့်တာပေါ့၊ မှန်ပြောင်းမပါဘဲ မြင်ရလို့လား၊ ဒါဆိုလဲ ကြည့်လေ. . ."

သတင်းအစအနများကို စုဆောင်းရရှိပြီး၍ ကျွန်ုပ်တို့မတ်



www.burmeseclassic.com

www.burmeseclassic.com



ဘတ်ရပ်လိုက်သောအခါ မစ္စတာဟုမ်း၏ ဖြူဖျော့နေသောပါးများမှာ စိတ်လှုပ်ရှားမှုကြောင့် ရုတ်တရက် နီမြန်းလာလေသည်ကို တွေ့လိုက်ရ၍ စိတ်ရှုပ်သွားမိလေ၏။

သူက ခပ်အေးအေးပင် ပြောနေလေ၏။

"ကျုပ်မှားသွားတယ်ဗျ၊ အဲဒါ ပါရှန်ကော်ဇောတွေပဲ၊ လာပါဝတ်ဆန်ရေ့ . . . ကျုပ်တို့ ရွာထဲကိုပြန်ဖို့ အချိန်တော်ပြီ၊ မြို့ကိုလဲ ရထားနဲ့ပြန်တော့မယ်ဗျာ"

မိနစ်အနည်းငယ် ကြာပြီးနောက် ကျွန်ုပ်တို့သည် ရဲတိုက်ကြီးမှ ထွက်ခွာလာခဲ့ကြလေ၏။ သို့ရာတွင် အုံ့ဩဖွယ်ကောင်းသည်မှာ အမြင်ဘုံတိုင်းကို လွန်သည်နှင့်တစ်ပြိုင်နက် မစ္စတာဟုမ်းသည် မြင်းဇောင်းသို့သွားသည့် လမ်းကလေးအတိုင်း ခပ်သုတ်သုတ် ဦးဆောင်သွားနေလေ၏။

"ခင်ဗျားက ပျောက်နေတယ်-ဆိုတဲ့ မြင်းမအကြောင်းကို စုံစမ်းမလို့လား"-ဟု ကျွန်ုပ်ကမေးလိုက်လျှင် သူက ခေါင်းကိုခါပြလိုက် ၏။

"မြင်း . . . ဟုတ်လား၊ အဲဒါက ယာခင်းထဲက တစ်နေရာရာမှာ ကောင်းကောင်း ဖွက်ထားတာပါဗျ၊ စိတ်ချစမ်းပါ၊ ဂရုက်ဆန်ကတော့ တစ်ရွာလုံး အနံ့ လျှောက်သွားနေလေရဲ့၊ ကျုပ်ရှာနေတာ အဲဒါပဲဗျ"

မစ္စတာဟုမ်းသည် ပထမဆုံးတွေ့သည့် အိမ်လွတ်တစ်လုံးထဲသို့ ဝင်၍ ကောက်ရိုးတစ်ပွေ့တစ်ပိုက်နှင့် ထွက်လာလေ၏။

"ခင်ဗျားလဲ နောက်တစ်ပွေ့လောက် သွားယူချေဗျာ၊ ဝတ်ဆန်--ဒါဆိုရင် လုံလောက်ပါပြီ"

"ခင်ဗျားဟာက ဘာရည်ရွယ်ချက်လဲဗျ"

"အိမ်ရှေ့တံခါးကို လူမသိဘဲ ရောက်နိုင်ဖို့က အဓိကပေါ့ဗျာ"

မစ္စတာဟုမ်းသည် အိမ်ရှေ့တံခါးမကြီးကို သတိနှင့်ဖွင့်ပြီး အနားရှိ ဗီရိုတစ်လုံးထဲသို့ ဝင်ရောက်ကာ ကောက်ရိုးလက်နှစ်ပွေ့လုံးကို ကြမ်းပေါ် သို့ချသားလိုက်လေတော့၏။

"ဘေးတော့ကင်းပါတယ်ဗျာ၊ အင်း . . . စံအိမ်က ကျောက်သားနဲ့ဆောက်ထားတာပဲ၊ အင်း . . . ဒီမိုးကာပိတ်စကြီး နှစ်ခုကလဲ အထောက်အပံ့ဖြစ်ပါတယ်"

သူသည် ပြောရင်းဆိုရင်း မီးခြစ်ဆံတစ်ဆံကိုယူ၍ မီးခြစ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကောက်ရိုးပုံထဲသို့ ပစ်ချလိုက်လေ၏။ မီးညွန့်များသည် ကောက်ရိုးများမှ တစ်ဆင့် မိုးကာပိတ်စများသို့ ရောက်ရှိသည်တွင် မည်းမှောင်သည့် မီးခိုးလုံးများသည် အန်းဝါ့သ်ရဲတိုက်ကြီး၏ အဝတ်လဲခန်းမှစ၍ ခန်းမကြီးသို့ ရောက်လေတော့၏။ ဈော်ဘာကို မီးလောင်ခြင်းဖြစ်၍လည်း တရှိုးရှိုးဖြင့် အသံမြည်နေလေ၏။ ကျွန်ုပ်သည် အသက်ကိုလု၍ ရှူရင်း မျက်ရည်များကလည်း မျက်နှာပေါ်သို့ ကျရောက်လာလေ၏။

"အို. . . ဘုရားသခင်! မစ္စတာဟုမ်း--ကျွန်တော်တို့တော့ မွန်းနေတော့မှာပဲ"

သူ့လက်ချောင်းများက ကျွန်ုပ်၏လက်မောင်းကို လှမ်းဆုပ်ထားလေ၏။ "စောင့်နေဦးနော်"-ဟု သူကခပ်တိုးတိုးပြောလိုက်၏။ ထို့အခိုက်မှာပင် ပြေးလာသည့်ခြေသံများနှင့် ကြောက်လန့်တကြား အော်သံများ ထွက်ပေါ်လာလေ၏။

"မီးတို့. . . . မီး . . . မီး. . ."

ထိုအသံသည် စတီဖင်၏အသံမှန်း ကျွန်ုပ်တွက်မိပါသည်။

"မီး . . . မီး"-ဟု သူသည် နောက်တစ်ကြိမ် ထပ်အော်လိုက်၏။ ခန်းမကြီးကိုဖြတ်ပြေးစဉ် သူ့ခြေသံများကို ကြားနေရ၏။

"ကိုင်း . . . လာ. . . သွားစို့"-ဟု မစ္စတာဟုမ်းက တိုးတိုးပြောလိုက်၏။ ချက်ချင်း သူသည် အဝတ်လဲခန်းမှထွက်ကာ စာကြည့်ခန်းသို့ ဦးတည်၍ ပြေးလေ၏။ တံခါးသည် တစ်ဝက်ပွင့်နေသည်။ သို့သော် ကျွန်ုပ်တို့ဝင်ရောက်သွားချိန်တွင် မီးပုံကြီးပေါ်သို့ ကယောင်ကတမ်း လက်ဖြင့်ဖိ၍ မီးသတ်နေသူသည် ခေါင်းပင် လှည့်၍ မကြည့်နိုင်ပေ။

"မီး. . . မီး. . . အိမ်ကို မီးလောင်နေပြီ၊ အို-သခင်ကြီး . . . သခင်ကြီး . . . . သခင်ကြီးရယ် "

ထိုသူသည် အသံကုန် အော်ဟစ်နေ၏။ မစ္စတာဟုမ်း၏လက်က ထိုသူ၏ ပခုံးပေါ်သို့ ရောက်သွား၏။

"အဝတ်လဲခန်းထဲက ရေတစ်ပုံးလောက်နဲ့ လုံလောက်ပါတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့သခင်ကြီးကို ကျုပ်တို့ဆီလာဖို့ ပြောလိုက်ရင် ကောင်းမယ်"

ထိုအခါ ထိုလူကြီးသည် ထခုန်လိုက်ပြီး မီးဝင်းဝင်းတောက်နေသော မျက်လုံးများ၊ လင်းတခြေသည်းကဲ့သို့ ကောက်ကွေးနေသည့်လက်ချောင်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြည့်နေလေ၏။ ပြီးမှ အော်လိုက်၏။

"ပရိယာယ် . . . ခင်ဗျားတို့ ပရိယာယ်ကြောင့် ကျွန်တော် သခင်ကြီးကို သစ္စာဖောက်မိပြီ"

မစ္စတာဟုမ်းသည် ထိုသူကို ဖမ်းထားရင်း ပြောလိုက်၏။

"သူ့ကို . . . ဖမ်းထားစမ်းပါဝတ်ဆန်၊ မလွှတ်စေနဲ့၊ ဒီမှာ . . . ခင်ဗျားဟာ သစ္စာရှိတဲ့လူတစ်ယောက်ပါပဲ"

"ကျွန်တော်က သေတဲ့အထိ သစ္စာရှိတဲ့လူပါဗျ"-ဟု ပြောသော်လည်း သူ့အသံသည် အားနည်း၍ တိုးညှင်းနေလေ၏။

ထိုအခိုက် ကျွန်ုပ်သည် နောက်သို့ဆုတ်လိုက်မိ၏။ ရှေးဟောင်း မီးဖိုကြီး၏အစွန်းတစ်ဖက်သည် ပွင့်လာလေ၏။ ပွင့်လာသည့် အမှောင်ထုထဲတွင် အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး လူတစ်ယောက် မတ်တတ်ရပ်နေလေ၏။ သူ့တစ်ကိုယ်လုံးသည် ဖုန်မှုန့်တွေ လူးနေသဖြင့် ရုတ်တရက်ကြည့်လျှင် လူ-ဟု၍ပင် ထင်နိုင်ဖွယ်မရှိပါ။ သူသည် အသက်ငါးဆယ်ခန့်ရှိပြီး နှာခေါင်းချွန်ချွန် မျက်လုံးတောက်တောက်နှင့် မီးခိုးရောင်မျက်နှာရှိသူလည်း ဖြစ်၏။

မစ္စတာဟုမ်းက အလွန်ညင်သာစွာ ပြောလိုက်၏။

"ဖုန်မှုန့်ကြောင့် အနှောင့်အယှက်ဖြစ်ရတယ် ထင်ပါရဲ့၊ လော့ဒ်ဂျီ စလင် . . . ထိုင်ပါဦးခင်ဗျား"

လော့ဒ်ဂျီ့စလင်သည် ရှေ့သို့တဖြည်းဖြည်းတိုးလာပြီး လက်တင်ကုလားထိုင်တစ်လုံးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ပြီးမှ မေးလိုက်၏။

"ခင်ဗျားတို့က ရဲတွေပေါ့"

"မဟုတ်ပါဘူး၊ ကျုပ်တို့က အလွတ်စုံထောက်တွေပါ၊ ဒါပေမယ့် ဘရားဥပဒေအတွက်ပဲ ဆောင်ရွက်ပါတယ်"

ထိုအခါ ခါးသီးသော အပြုံးတစ်ရပ်ဖြင့် လော့ဒ်ဂျီ့စလင်သည် သူ၏ နှုတ်ခမ်းများကို ဟ,လိုက်၏။

"သိပ်နောက်ကျသွားပြီဗျာ"-ဟု သူက ပြောလိုက်လျှင် မစ္စတာဟုမ်းက စိုးရိမ်တကြီး မေးလိုက်၏။

"နေထိုင်များ မကောင်းလို့လားဗျ"

ထိုအခါ လော့ဒ်သည် လက်ကိုဖြန့်၍ လွှတ်နေသော ပုလင်းငယ်တစ်လုံးကို ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က နောက်ဆုံးအချိန်ကို ရောက်နေပါပြီ အချိန်လေး နည်းနည်းပဲ ကျန်ပါတော့တယ်"

"အို. . . ဝတ်ဆန်ရေ၊ သူ့ကို ဘာလုပ်လို့ ရဦးမလဲဗျာ ၊ ကြည့်စမ်းပါဦး"

မစ္စတာဟုမ်း၏စကားမဆုံးမီ ကျွန်ုပ်လည်း လော့ဒ်ဂျိစလင်၏ လက်ကောက်ဝတ်ကိုကိုင်၍ သွေးစမ်းလိုက်၏။ သူ့ မျက်နှာသည် အမည်းရောင်ပေါက်နေပြီး လက်ကောက်ဝတ်သွေးခုန်ပုံကလည်း နှေးကွေး၍ အားနည်းနေလေ၏။

"ဘာမှ လုပ်လို့မရတော့ပါဘူး မစ္စတာဟုမ်းရယ်"

ထိုအခါ လော့ဒ်ဂျိစလင်သည် ခါးကိုဆန့်လိုက်၏။

"အဖြစ်မှန်ကို ဘယ်လိုလုပ်ပြီးတွေ့သလဲ-ဆိုတာလေးတော့ နောက်ဆုံး ပြောပြသွားပါဦးဗျာ၊ ခင်ဗျားဟာ အရာရာကို ကြားနိုင် မြင်နိုင်တဲ့ ဉာဏ်ရှိလို့ ဖြစ်ရမယ်"

ဤတွင် မစ္စတာဟုမ်းလည်း ဝန်ခံရင်း ရှင်းပြလိုက်လေ၏။

"အစပိုင်းမှာတော့ အခက်အခဲတွေရှိတယ်-ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့် အဲဒါတွေက သူတို့ဘာသာ ကြေပျက်သွားပြီး အမှန်တရား အလင်းရောင်ဟာ ပေါ်လာပါတယ်၊ ပြဿနာတစ်ခုလုံးမှာ သော့ချက်နှစ်ချက်ပဲ ရှိပါတယ်၊ ခေါင်းဖြတ်စက်ကို အသုံးပြုတာရယ်၊ အသတ်ခံရတဲ့သူရဲ့ခေါင်း ပျောက်နေတာရယ်၊ အဲဒီနှစ်ချက်ပါ"

"ဒီခေတ်ကြီးမှာ ခေါင်းဖြတ်စက်ကို သုံးတယ်-ဆိုတာ သုံးသူအတွက် အရေးပါတဲ့သင်္ကေတနဲ့ နောက်ခံသမိုင်းကြောင်း ရှိရမယ်"

လော့ဒ်က ခေါင်းငြိမ့်လိုက်၏။

"ရဲနီးစ်အတွက် သူ့လူတွေက လုပ်တာပဲဗျာ၊ သူတို့မိန်းမတွေ သိက္ခာကျရလို့ လက်စားချေဖို့ပဲ၊ ကဲ. . . ဆက်ပြောစမ်းပါဦး. . . မြန်မြန်လေး"

"ဒုတိယသော့ချက်ဖြစ်တဲ့ ခေါင်းပြတ်ကြီးက ပျောက်နေတယ်၊ ဒီနိုင်ငံဟာ နယူးဂီနီနိုင်ငံမှ မဟုတ်ဘဲဗျာ၊ လူသတ်သမားဟာ သေသူရဲ့ဦးခေါင်းကို ဘာလုပ်ဖို့ ယူသွားမှာလဲဗျ၊ ဖြစ်နိုင်တာကတော့ သေတဲ့လူအစစ်အမှန်ကို မသိစေချင်လို့ပဲ ဖြစ်ရမယ်၊ အဲဒီခေါင်းကို ခင်ဗျား ဘာလုပ်လိုက်သေးလဲ"

"စတီဖင်နဲ့ကျုပ်နဲ့ သန်းခေါင်လောက်မှာ ခေါင်းပြတ်ကြီးကိုယူပြီး မြေ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းထဲက ဂူပေါက်ထဲမှာ ထည့်မြှုပ်လိုက်တယ်၊ အခမ်းအနားနဲ့ [illegible]

မစ္စတာဟုမ်းက ဆက်လက်၍ ပြောပြလေ၏။

"ကျန်တာတွေကတော့ လွယ်ပါတယ်၊ အဝတ်အစားတွေ အသုံး အဆောင်တွေကို ခင်ဗျားဟာတွေနဲ့ပြောင်းပြီး အသတ်ခံရတဲ့အလောင်းကို ခင်ဗျား ရဲ့အလောင်းလို့ ဒေသခံရဲတွေက ထင်အောင်လုပ်ထားတယ်၊ သေဆုံးသူရဲ့ ဦးခေါင်း ပျောက်ဆုံးနေတာကတော့ သေဆုံးသူနဲ့သတ်တဲ့လူဟာ အဝတ်အစား ချင်း လဲလှယ်ထားလို့ ဖြစ်ရမယ်၊ လဲလှယ်ထားတယ် ဆိုတာကလဲ မသေခင် လဲလှယ်ထားတယ် ဆိုတာ သွေးကွက်တွေက ပြသနေတယ်၊ သားကောင်ကိုကြို တင်ပြီး မလှုပ်ရှားနိုင်အောင် ဆေးခတ်ထားတယ်။ သူတို့နှစ်ယောက် အပြန် အလှန် သတ်ပုတ်ရမှုမျိုး မရှိဘူး၊ သားကောင်ကို ရဲတိုက်ရဲ့တစ်ဖက်နေပြီး ဟို တစ်ဖက်မှာရှိတဲ့ ပြတိုက်ကို သယ်ဆောင်သွားခဲ့တယ်၊ ကျုပ်ရဲ့တွေးလုံးကတော့ အသတ်ခံရသူဟာ လော့ဒ်ဂျို့စလင် မဖြစ်နိုင်ဘူး၊ ဒါပေမယ့် ဒီအပြင် ပျောက် နေတဲ့လူတစ်ယောက် မရှိဘူးလား၊ ဥပမာ လော့ဒ်နဲ့ညီဝမ်းကွဲတော်တဲ့ လူသတ် သမား-လို့ အများက သတ်မှတ်ထားတဲ့ကပ္ပတိန် ဂုက်စပါလိုသီယန်-ဆိုပါတော့"

ဤတွင် ကျွန်ုပ်က ကြားဖြတ်ပြီး မေးလိုက်၏။

"ပျောက်နေတဲ့ သူရဲ့ပုံပန်းသဏ္ဌာန်ကို ခင်ဗျား ဘယ်လိုလုပ်ပြီး ဒေါလစ်ကို ပြောနိုင်သလဲ"

"အဲဒါက သေသူရဲ့ခန္ဓာကိုယ်ကို ကြည့်ပြီးပြောနိုင်တာပေါ့ဗျ၊ ဒီလူနှစ် ယောက်ဟာ ယေဘုယျအားဖြင့် ကြည့်ရင် ခပ်ဆင်ဆင်တူရမယ်၊ နို့မဟုတ်ရင် ဒီလိုလှည့်စားပြီး အလဲအလှယ်လုပ်လို့ မရပေဘူးဗျ၊ ပြတိုက်ထဲက ပြာခွက်ထဲ မှာ စီးကရက်တိုတစ်ခု တွေ့တယ်၊ တူရကီစီးကရက်ပဲ၊ အစွပ်နဲ့တပ်ပြီး သောက် ထားတာ လတ်လတ်ဆတ်ဆတ်ကြီးပဲ၊ ဒီတော့ စီးကရက်ကို အလွန်အမင်း စွဲနေသူမို့လို့သာ ဒီလိုအခြေအနေမျိုးမှာ စီးကရက်ကို သောက်နိုင်တာပေါ့၊ နှင်း တောထဲမှာ တွေ့တဲ့ခြေရာတွေကတော့ တစ်စုံတစ်ယောက်ဟာ ရဲတိုက်ထဲက အလေးအပင်တစ်ခုကို ထမ်းပိုးပြီးလာတယ်၊ ပြန်တော့ ဝန်ထုပ်မပါတော့ဘူး၊ အဲဒီခြေရာတွေဟာ သိပ်ပြီးနက်ဝင်မနေဘူး-ဆိုတာကိုကြည့်ရင် သိနိုင်ပါတယ်၊ ဒါလောက်ဆိုရင် ဒီအမှုနဲ့ပတ်သက်တဲ့ အဓိကအချက်တွေကို ကျွန်ုပ်အနေနဲ့ ဒီလောက်ဆို ငုံမိပါပြီ"

ခေတ္တမျှ ကျွန်ုပ်တို့အားလုံး တိတ်ဆိတ်စွာ ထိုင်နေကြ၏ သေခါနီး



www.burmeseclassic.com

www.burmeseclassic.com



ဆဲဆဲ လူတစ်ဦး၏ အသက်ရှူသံကိုသာ ကြားနေရလေ၏။ နောက်ဆုံးတွင် လော့ဒ်ဂျိုလင်က ပြောလိုက်၏။

"ကျုပ်အနေနဲ့ကတော့ ရှင်းပြစရာမလိုတော့ပါဘူး၊ ဘာဖြစ်လို့လဲ-ဆိုတော့ ဘုရားသခင်သာ ကျုပ်ရဲ့နှလုံးသားအတွင်းဆုံး နေရာလပ်တွေကို သိနိုင်တာမို့ပါ။ သူ့ကိုပဲ ကျုပ်ရဲ့လုပ်ရပ်တွေအတွက် ဖြေရှင်းရတော့မယ်၊ ဒါပေမယ့် ကျုပ်ဘဝလမ်းဟာ ရုက်စရာပြစ်မှုကြီး ဖြစ်ပေမယ့် ကျုပ်ရဲ့နောက်ဆုံး မေတ္တာရပ်ခံချက်ကို ခွင့်ပြုဖို့တော့ ပြောရဦးမယ်ခင်ဗျာ"

"ကျုပ်ရဲ့ညီဝမ်းကွဲ ဂျက်စ်ပါလီယန်ဟာ စစ်တပ်ထဲကနေ နာမည်ပျက်နဲ့ ထွက်လိုက်ရပြီး အန်းဝဲ့သ်မှာ လာနေတယ်၊ 'သူ့မှာ ငွေကြေးအနေနဲ့ တစ်ပြားတစ်ချပ်မှ မရှိပေမယ့် ကျုပ်ကတော့ သူ့ကို ဆွေမျိုးသားချင်းအနေနဲ့ ငွေကြေးတင် မကပါဘူး ကျုပ်ရဲ့လူမှုရေး ဂုဏ်သိက္ခာတွေကိုပါ ဝေမျှပေးခဲ့ပါတယ်"

"ကုန်လွန်ခဲ့တဲ့ အချိန်တွေကို ပြန်ပြီးသုံးသပ်ကြည့်လိုက်တော့ သူဟာ သူ့ရဲ့အသုံးအဖြုန်းကို မထိန်းချုပ်နိုင်တာက ကျုပ်ရဲ့အားနည်းချက်၊ ပျော့ညံ့ချက်ပါပဲ၊ သူက အသုံးအဖြုန်းကြီးတယ်၊ အသောက်အစားကြူးတယ်၊ လောင်းကစားတယ်၊ ဒီထက် သိက္ခာကျစရာ ကြေကွဲစရာတွေလဲ လုပ်ပါသေးတယ်၊ ဒီတော့ ဒီကောင်ဟာ သူ့ရဲ့မိသားစု သူနေတဲ့အိမ်ကို ပြန်ပြီးသိက္ခာချတဲ့ အကောင်-ဆိုတာ သိလိုက်ရတယ်"

"ကျုပ်ရဲ့ဇနီးက ကျုပ်ထက် အသက်အတော်လေး ငယ်တယ်၊ ပြီးတော့လဲ သူ့အလှအပကြောင့်ရော၊ စပိန်သွေးပါတဲ့အတွက်ပါ ကျော်ကြားပါတယ် ဇာတ်လမ်းကတော့ ဇာတ်လမ်းဟောင်းကြီးပေါ့ဗျာ၊ နောက်ဆုံးမှာ အမှန်ကို ကျုပ် သိလိုက်ရတဲ့အချိန်ကတော့ ကျုပ်လုပ်စရာတစ်ခုထဲပဲ ကျန်ပါတော့တယ် အဲဒါကတော့ လက်စားချေဖို့ပါပဲ၊ ကျုပ်ရဲ့နာမည်ကိုသိက္ခာချပြီး ကျုပ်တို့ စံအိမ်ရဲ့သိက္ခာကို အလွဲသုံးစားပြုနေတဲ့ ဒီကောင်ကိုတော့ ကျုပ်လက်စားချေရမှာပေါ့"

"အဲဒီညက . . . လီသီယန်နဲ့ကျုပ်တို့ ဒီအခန်းထဲမှာပဲ ညစာစားပြီး ဝိုင်သောက်နေကြတယ်၊ သူသောက်မယ့်ဝိုင်ထဲကို ကျုပ်က ကြိုတင်ပြီး ဆေးခတ်ပြီးသားဗျ၊ ဆေးတန်ခိုးနဲ့သူ သတိမလစ်ခင် ကျုပ်က သူ့အကြောင်းကိုသိလို့ သူ့ကိုသတ်ဖို့ စီစဉ်ထားတဲ့အကြောင်း ပြောပြလိုက်တယ်၊ အဲဒီတော့ သူက ကျုပ်ကိုလှောင်ပြီး သူ့ကိုသတ်ရင် ကျုပ်ဟာ ကြိုးစင်တက်ရပြီး ကျုပ်မိန်းမဟာလဲ



www.burmeseclassic.com

တစ်သက်လုံး သိကြွာကျသွားမှာပေါ့-လို့ ပြောတယ်၊ ကျုပ်က ကျုပ်ရဲ့အစီအစဉ်ကို ပြောပြလိုက်တော့မှ သူမျက်နှာပေါ်က လျှောင်ပြုံးတွေ ပျောက်သွားပြီး ကြောက်တဲ့ စိတ်နဲ့ ဇောချွေးတွေ ပြန်လာတော့တာပါပဲ၊ ကျန်တဲ့အပိုင်းကတော့ ခင်ဗျားတို့ သိပြီးသားတွေပါလေ၊ သူသတိလဲလစ်ရော ကျုပ်ဟာ သူ့ရဲ့ အဝတ်အစားတွေနဲ့ လဲဝတ်လိုက်တယ်၊ နောက်ပြီးတော့ သူ့လက်နှစ်ဖက်ကို တံခါးကန့်လန့်ကာစ,နဲ့ ချည်လိုက်တယ်၊ နောက်တော့ သူ့ကို ဝင်းခြံထဲကဖြတ်ပြီး ပြတိုက်ထဲကို သယ်သွားတယ်၊ တစ်ခါတည်း ခေါင်းဖြတ်တဲ့စက်ထဲ ထည့်လိုက်တယ်၊ ကိစ္စဝိစ္စပြီးတော့ ကျုပ်လဲ စတီဖင်ကိုခေါ်ပြီး အမှန်အတိုင်း ပြောပြတယ်၊ သူကတော့ သခင်အပေါ်မှာ သစ္စာရှိဖို့ရာ လက်မနှေးဘူးလေ၊ ကျုပ်တို့ နှစ်ယောက်လဲ သူ့ခေါင်းကိုယူပြီး မြေအောက်ခန်းထဲက မိသားစု သင်္ချိုင်း နေရာမှာ မြေမြှုပ်လိုက်တယ်၊ ပြီးတော့ ဇောင်းထဲက မြင်းမတစ်ကောင်ကို ထုတ်၊ စတီဖင်က မြက်တောကိုဖြတ်ပြီး စီးသွားတယ်၊ ဆိုလိုတာကတော့ လူသတ်သမား ထွက်ပြေးတဲ့ပုံပေါ့လေ၊ ပြီးတော့မှ မြင်းကို သူ့နှမပိုင်တဲ့ ယာတောထဲမှာ ဝှက်ထားခဲ့တယ်၊ ကျန်တာကတော့ ကျုပ်အနေ နဲ့ ဒီဘဝက ထွက်ခွာဖို့ပါပဲ"

"ရှေးခေတ်က ကက်သလစ်ဘာသာဝင်တွေနေတဲ့ စံအိမ်တွေလိုပဲ၊ အန်းဝ့်သ်စံအိမ်မှာလဲပဲ ပရစ်စ်ဟိုး (Priest's Hole)-ဆိုတဲ့ လျှို့ဝှက် နေရာတစ်ခု ရှိတယ်၊ ကျုပ်က အဲဒီမှာ တစ်နေ့လုံး ပုန်းနေပြီး ညဘက်ကျမှ စာကြည့်ခန်းထဲလာပြီး စတီဖင်ကို နောက်ဆုံးညွှန်ကြားချက်တွေ ပေးရတာပါ"

ဤတွင် မစ္စတာဟုမ်းက ကြားဖြတ်၍ ပြောလိုက်၏။

"အဲဒါကြောင့်ပေါ့၊ ကော်ဇောပေါ်မှာ စီးကရက်ပြာငါးကွက်ထက် မနည်း တွေ့လိုက်ရတော့ ဒီအိမ်ထဲမှာ ခင်ဗျားရှိနေတယ်-ဆိုတဲ့ ကျုပ်ရဲ့သံသယဟာ ပိုပြီး ခိုင်မာသွားတာပေါ့၊ ဒါပေမယ့် ခင်ဗျားရဲ့နောက်ဆုံး ရည်ရွယ်ချက်က ဘာလဲ"

"လူတစ်ယောက်ဟာ အခြားလူတစ်ယောက်အပေါ်မှာ အကြီးကျယ်ဆုံး မှားယွင်းခဲ့တဲ့အတွက် လက်စားချေခြင်းအားဖြင့် ကျုပ်ဟာ ကျုပ်နာမည်ကို ကြွေးစင်တက်ရမယ့်အခြေအနေကလဲ ကာကွယ်ခဲ့ပြီးသားဖြစ်သွားပြီ၊ ကျုပ်ရဲ့အစေခံ စတီဖင်ရဲ့ သစ္စာစောင့်သိမှုကိုလဲ အားကိုးလို့ရတယ်၊ ကျုပ်ဇနီးလဲ အမှန်ကို သိပေမယ့် ကျုပ်ကို သစ္စာမဖောက်ရဲဘူးလေ၊ နို့မို့ရင် သူနဲ့ပိုသီယန် ခေါက်ပြန်ထားတဲ့ သစ္စာမဲ့မှုကို တစ်လောကလုံး သိသွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘဝဟာ ကျုပ်အတွက်တော့ ဘာမှမရှိတော့ဘူး၊ ဒါကြောင့် ကျုပ်ဟာ ဘစ်ရက်နှစ်ရက်အတွင်းမှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ သက်သေဖို့ ဆုံးဖြတ်လိုက်တာပါ၊ ကျုပ်ပုန်းအောင်းနေတဲ့နေရာကို ခင်ဗျားသိသွားတာကလဲ နာရီပိုင်းလောက်ပဲ ရှိပါသေးတယ်၊ စတီဖင်အတွက် ကျုပ်စာတစ်စောင်ထားခဲ့တယ်၊ သူ့ကို နောက်ဆုံးမေတ္တာရပ်ခံခဲ့ချင်တာကတော့ ကျုပ်ရဲ့အလောင်းကို ကျုပ်တို့မျိုးရိုး စဉ်ဆက်မြှုပ်နှံတဲ့နေရာမှာပဲ လျှို့ဝှက်ပြီးတော့ မြှုပ်ဖို့ပါပဲ"

"ကဲ-လူကြီးမင်းများခင်ဗျာ၊ ကျုပ်ရဲ့ဇာတ်လမ်းကတော့ ဒါပါပဲ၊ ကျုပ်ဟာ ကျုပ်တို့ဆွေစဉ်မျိုးစက်မှာ နောက်ဆုံးပုဂ္ဂိုလ်ပါပဲ၊ ကျုပ်သေပြီးနောက်ပိုင်း သိက္ခာမဲ့တဲ့နာမည် ထွက်မထွက်ဆိုတာကတော့ ခင်ဗျားတို့လက်ထဲမှာပါပဲ"

ရှားလော့ဟုမ်းသည် လော့ဒ်၏လက်ပေါ်တွင် သူ့လက်ကို တင်လိုက်၏။ ပြီးတော့မှ အေးအေးဆေးဆေး ပြောပြလေသည်။

"ကျုပ်နဲ့ ကျုပ်ရဲ့မိတ်ဆွေ ဒေါက်တာဝတ်ဆန်တို့ဟာ လုံးဝလွတ်လပ်တဲ့ အခြေအနေမှာ ရှိပါတယ်၊ ကျုပ်ကလဲ စတီဖင်ကို ခေါ်တော့မယ့်ဆဲဆဲပါ၊ ဘာ ဖြစ်လို့လဲ-ဆိုတော့ ဒီကုလားထိုင်ကို စတီဖင်က "ပရစ်ဟိုး"(Priest's Hole) ကို သယ်သွားပြီး လျှောတံခါးကို ပိတ်လိုက်ရင် ခင်ဗျားဟာ ပိုပြီး သက်သောင့်သက်သာ ဖြစ်မယ်ထင်ပါတယ်"

ကျွန်ုပ်တို့အားလုံး ရှေ့သို့ကုန်း၍ လော့ဒ်၏တုံ့ပြန်စကားကို နားထောင်ကြ၏။

"ပိုပြီး အဆင့်မြင့်တဲ့ခုံအဖွဲ့က ကျုပ်အမှုကို စီရင်ချက်ချမှာပေါ့လေ၊ သချိုင်းဂူကလဲ ကျုပ်ရဲ့လျှို့ဝှက်ချက်ကို ဝါးမြိုသွားပါလိမ့်မယ်၊ နှုတ်ဆက်လိုက်ပါတယ်၊ သေခါနီးလူတစ်ယောက်ရဲ့ ဆုတောင်းမေတ္တာက ခင်ဗျားတို့အပေါ်မှာ သက်ရောက်ပါစေ"

လန်ဒန်သို့ အပြန်ခရီးကား အေးလည်းအေးလှ၏။ စိတ်ဓါတ်ကျစရာလည်း ကောင်းလှ၏။ ညရောက်လာသည်နှင့်တစ်ပြိုင်နက် နှင်းကစ,တင်၍ ကျရောက်လာ၏။ မစ္စတာဟုမ်းကလည်း စကားမပြောတော့ဘဲ ရထားပြတင်းပေါက်ကိုသာ စိုက်၍ကြည့်နေတော့၏။ ရွာငယ်များမှာ ဟိုတစ်ကွက် သည်တစ်ကွက် အလင်းရောင်များနှင့် မှောင်ထဲတွင် တစ်ချက်တစ်ချက် ပေါ်လာသည့် ယာတော အိမ်များကို မြင်နေရ၏။

မစ္စတာဟုမ်းက ရုတ်တရက် ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဟောင်းက ကုန်စပြုနေပြီ၊ သန်းခေါင်ယံခေါင်းလောင်းသံတို့ စောင့်နေကြတဲ့ ဒီကျေးလက်က လူထုရဲ့နှလုံးသားထဲမှာတော့ အနာဂတ်ဟာ ပစ္စုပ္ပန်ထက် ပိုကောင်းလိမ့်မယ်လို့ မျှော်လင့်ထားကြတာပဲလေ၊ မျှော်လင့်ချက် ဆိုတာ အတိတ်အတွေ့အကြုံအရ ဘယ်လောက်ပဲ မသေချာမရေရာပေမယ့် ဘဝရဲ့အထုအထောင်း အနှိပ်အစက်တွေအတွက်တော့ ပျောက်စေဆေးတစ်ပါး ပါပဲလေ"

သူသည် နောက်ကျောပြန်မှီလိုက်ပြီး သူ့ဆေးတံထဲသို့ ဆေးဖြည့်နေ၏။ သူက ဆက်ပြောနေ၏။

"ဒါဘီရှိုင်းယားက ဒီထူးဆန်းတဲ့ဖြစ်ရပ်ကို ခင်ဗျားပြန်ရေးမယ်ဆိုရင် သင့်လျော်တဲ့ခေါင်းစဉ်ကတော့ **အနီရောင်မှုဆိုးမ**-ဆိုတဲ့ ခေါင်းစဉ်ပဲ၊ ခင်ဗျား ဟာ မိန်းမတွေကို စိတ်မဝင်စားမှန်း ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ခင်ဗျား ဟာ အဲဒီမိန်းမရဲ့ဆံပင်အရောင်ကိုတော့ သတိပြုမိမယ်ထင်တယ်"

ထိုအခါ မစ္စတာဟုမ်းက ခပ်တင်းတင်းအမူအရာမျိုးဖြင့်. . .

"ကျုပ်ကတော့ ပြင်သစ်တော်လှန်ရေးကာလတုန်းက ခေါင်းဖြတ်စက် ကြီးတစ်လုံးအတွက် လူအများရဲ့ တောင်းဆိုမှု ကြိုးပမ်းမှုကို ရည်ညွှန်းတယ်ဗျာ"

ဘေကာလမ်းသို့ ကျွန်ုပ်တို့ပြန်ရောက်သည့်တွင် ညဉ့်ကအတော် နက်နေပြီဖြစ်၏။ မစ္စတာဟုမ်းသည် မီးဖိုသို့သွားပြီး မီးအရှိန်ရရန် ချက်ချင်း ထိုးဆွလိုက်၏။ ပြီးနောက် ကြွက်စုတ်အရောင်ရှိသည့်အင်္ကျီရှည်ကြီးကို ကောက် ဝတ် လိုက်၏။ ကျွန်ုပ်က ပြောလိုက်၏။

BURMESE CLASSIC

"အခု. . . သန်းခေါင်နားနီးနေပြီဗျ၊ ၁၈၈၇-ခုနှစ်အကုန်မှာ ကျွန် တော့ဇနီးကို ကျွန်တော် နှုတ်ဆက်ဆုတောင်းလေး ပေးချင်တယ်၊ ကျွန်တော် သွားတော့မယ်၊ ကဲ . . . ကိုယ့်လူလဲ ပျော်ရွှင်တဲ့နှစ်သစ် ဖြစ်ပါစေဗျာ"

မစ္စတာဟုမ်းကလည်း တုံ့ပြန် နှုတ်ဆက်လိုက်လေ၏။

"ခင်ဗျားရဲ့ဆုမွန်ကောင်းတွေကို ကျုပ်က လှိုက်လှိုက်လှဲလှဲ တုံ့ပြန် လိုက်ပါတယ် ဝတ်ဆန်ရယ်၊ ခင်ဗျားရဲ့ဇနီးကိုလဲ ကျုပ်က နှုတ်ခွန်းဆက်လိုက်ပါ ကြောင်း၊ ခင်ဗျားတို့ဇနီးမောင်နှံတို့ ခေတ္တယာယီ ခွဲခွာမှုဖြစ်စေခဲ့တဲ့အတွက်လဲ တောင်းပန်လိုက်ပါကြောင်း ပြောပြပေးပါဗျာ"

ကျွန်ုပ်လည်း အိမ်ပေါ်မှဆင်း၍ လမ်းပေါ်သို့ရောက်ရှိသည့်တွင် အင်္ကျီကော်လာကို ထောင်မတ်ရန် ခေတ္တရပ်နားလိုက်၏။ ပြီးမှ လမ်းဆက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တော့မည့်ဆဲဆဲတွင် ကျွန်ုပ်၏နားထဲ၌ တယောသံတစ်သံကို ကြားလိုက်ရ၏။ အမှတ်တမဲ့ပင် ကျွန်ုပ်သည် အိမ်၏ညှော်ခန်းပြတင်းပေါက်သို့ မော့ကြည့်လိုက်ရာ မီးအိမ်၏အလင်းရောင်တွင် ပြတင်းခန်းဆီးကို နောက်ကျောပေးနေသော မစ္စတာဟုမ်း၏အရိပ်ကို တွေ့လိုက်ရ၏။ သူ၏ကိုယ်တစ်စောင်းပုံရိပ်ကို ကျွန်ုပ်ကောင်းစွာ မှတ်မိနေ၏။ တယောထိုးတံသည် တက်လိုက်ကျလိုက် ဖြစ်နေ၏။ သို့သော် သူထိုးနေသည့်သီချင်းကား အီတာလျံသီချင်းလည်း မဟုတ်၊ သူကိုယ်တိုင် စပ်ထားသည့်သီချင်းလည်း မဟုတ်ပါ။ သူ့သီချင်းကား . . . **"အခင်မင်ရဆုံးမိတ်ဆွေဟောင်းကို မေ့ပျောက်ပစ်ရမယ်ဆိုရင် သူ့ရဲ့အကြောင်းကို ဘယ်တော့မှ ပြန်ပြီး မစဉ်းစားရတော့ဘူးလား။ အခင်မင်ရဆုံး မိတ်ဆွေဟောင်းကို မေ့ပျောက်ပစ်ရမယ်ဆိုရင် အတိတ်ဆိုတာလည်း ရှိတော့မှာမဟုတ်ဘူး . . ."** ဟူသော တေးသွား ဖြစ်ပေသည်။

ထိုအခိုက် ဆီးနှင်းအပြားအချပ်လေးတစ်ခုသည် ကျွန်ုပ်၏ မျက်လုံးများထဲသို့ ဝင်သွားဟန်တူလေ၏။ အကြောင်းမူကား ကျွန်ုပ်ဘေးသို့ လှည့်ကြည့်လိုက်သောအခါ ဘေကာလမ်းတွင် ထွန်းထားသော ဓါတ်ငွေ့မီးအိမ်များသည် ထူးဆန်းစွာပင် မှုန်ဝါးဝါး ဖြစ်နေပုံရလေ၏။

*** *** ***

ကျွန်ုပ်၏တာဝန်ကား ပြီးဆုံးခဲ့လေပြီ။ ကျွန်ုပ်၏မှတ်စု စာအုပ်များကိုလည်း အနက်ရောင်သံဖြူ စာချုပ်သေတ္တာအတွင်းသို့ ပြန်သိမ်းထားလိုက်လေပြီ၊ နောက်ဆုံးအကြိမ်အဖြစ် ကျွန်ုပ်ရေးသားခဲ့ခြင်းလည်း ဖြစ်၏။

ကျွန်ုပ်တို့ယာတောအိမ်မှ အလှစိုက်မြက်ခင်းပြင်ကို စီး၍ မြင်ရသော ပြတင်းပေါက်မှနေ၍ ရှားလော့ဟုမ်းတစ်ယောက် သူ့၏ပျားအုံများအကြားတွင် လျှောက်သွားနေသည်ကို မြင်ရလေ၏။ သူ့ခေါင်းမှဆံပင်တို့သည် လုံးဝ ဖြူဆွတ်နေပြီဖြစ်၏။ သို့သော် အရပ်မြင့်မြင့်ပိန်ပိန်ပါးပါး ပုံစံကတော့ ထုံးစံအတိုင်း တွေ့မြင်နေကျကဲ့သို့ ခွန်အားရှိနေ၏။ သူ့ပါးပြင်များမှာလည်း ကျန်းမာသည့် အသွေးအရောင်များ လွှမ်းနေလေ၏။

ထိုဒေသတွင် သဘာဝမိခင်က နေရာချထားပေး၏။ ထိုဒေသတွင် ပင်လယ်လေညင်းရနံ့ သင်းနေလေသည်။ လေပြေလေညှင်းသည် နူးညံ့သည့်

www.burmeseclassic.com

www.burmeseclassic.com



ဆပ်ဆက်စိမ့်မြက်ခင်းများအကြားတွင် ပင်လယ်ရနံ့ကိုလည်း သယ်ဆောင်လာလေ၏။ ကျွန်ုပ်တို့၏ဘဝများကား အတက်အကျမရှိသော "ရေအိ"များ ဖြစ်နေတော့၏။ ယခင်တုန်းက မျက်နှာများနှင့် ယခင်မြင်ကွင်းများကား တစ်သက်တာအတွက် လုံးဝ ကွယ်ပျောက်သွားပြီဖြစ်၏။ သို့ပါသော်လည်း ကုလားထိုင်ကိုကျောမှီလျက် မျက်လုံးများကို မှိတ်ထားလျှင်မူကား အတိဘ်ပုံရိပ်တို့သည် တာဒင်မျှကြာအောင် ပစ္စုပ္ပန်တွင် ထင်ရှားစေရန် လှုပ်ရှားလာပြီး ကျွန်ုပ်၏မျက်စေ့ရှေ့တွင် ဘေကာလမ်းမှ အဝါရောင်နှင်းခဲများကို မြင်ယောင်လာမိပါသည်။ ထို့အပြင် ကျွန်ုပ်သိကျွမ်းခဲ့ဖူးသမျှ လူအားလုံးထက် အတော်ဆုံး၊ ဉာဏ်အကြီးဆုံး လူတစ်ယောက်ဖြစ်သော မစ္စတာရှားလော့ဟုမ်း၏ အသံကိုလည်း ပြန်လည် ကြားယောင်မိပါသည်။

"လာဗျို့ . . . ဝတ်ဆန် . . ပွဲကောင်းနေပြီ"

*The Adventure of* **THE RED WIDOW**

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com